www.burmeseclassic.com

စိုးမိုးစာပေ

# နတ်သမီး

## သိုသိပ်ခြင်းပြတင်း




www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နတ်သမီး

## သိုသိပ်ခြင်း ပြတင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၈၄၉၀၈၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၈၇၃၀၈၁၁
အဖုံးဒီဇိုင်း - သိန်းရွှေကြည်
ထုတ်ဝေသူ - ဒေါ်မိုးသိတာ (စိုးမိုးစာပေ)
(မြ-၀၃၇၅)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၇၊ တောဝါလမ်း
အလုံမြို့နယ်၊ ရန်ကုန်မြို့
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ
ပထမအကြိမ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

၈၉၅ . ၈၃
နတ်သမီး
သိုသိပ်ခြင်း ပြတင်း / နတ်သမီး ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၂၈၈ - စာ ၊ ၁၂ x ၁၈ စင်တီ။
(၁) သိုသိပ်ခြင်း ပြတင်း

## အခန်း (၁)

"နေနကွတ်တဲ့ အဲဒီနာမည်နဲ့ ကင်ပွန်းတပ်ပြီးကတည်းက နာမည်စီးပြီး မိမနိုင် ဖမနိုင် ဆိုးသွမ်းနေတာပေါ့၊ ဒါကို ဖအေကပါ ဆုံးမ ပဲ့ပြင်မှုမရှိတဲ့အပြင် အားပေးအားမြှောက်လုပ်နေတော့ ဒီကလေး က ထိန်းသိမ်းရပါတော့မလား"

"သားက ဒီလောက်ကြီးလည်း ဆိုးမိုက်ပေတေနေတာ မဟုတ် ပါဘူး မဆင့်ရယ်၊ လူငယ်သဘာဝ သွားလာသုံးဖြုန်း ရန်ဖြစ်ရုံလောက် ပဲ ရှိတာပါ၊ တချို့ လူငယ်တွေလို အရက်သောက်, ဆေးသုံး, လောင်း ကစားလုပ်, မိန်းမရှုပ်နေတာမှ မဟုတ်တာ"

"ဟဲ့ အဲဒါတွေလုပ်တာပါ ခွင့်ပြုနေလို့ကတော့ မင်းပါ ထောင် ထဲက ထွက်ရတော့မှာ မဟုတ်ဘူး။ အခုတောင် ဖအေရော သားရော



www.burmeseclassic.com

www.burmeseclassic.com



ရဲစခန်းကို အိမ်ဦးနဲ့ကြမ်းပြင် သွားလာနေကြတာ မဟုတ်ဘူးလား။ သွားရန်ဖြစ်တာ ဖအေက ဝင်ရိုက်လို့ နှစ်ယောက်လုံး အချုပ်ကျတာ၊ ကြားကြားဖူးပေါင်၊ နောက်တစ်ခါဆို အာမခံနဲ့ လိုက်ထုတ်ပေးလိမ့်မယ် မထင်နဲ့''

လေသံမာမာနှင့် ကြိမ်းမောင်းလိုက်သော်လည်း နေရောင်ခြည် မျက်နှာက မျက်နှာပိုးမသေပါ။ ဒီအစ်မက ပြောလို့သာပြောတာ တကယ် မလုပ်ဘူးဆိုတာ သိနေလို့နေမှာပေါ့။

ငယ်စဉ်တုန်းက ဆိုးနွဲ့အနိုင်ယူပြီး မိဘတွေထက် မိမိကို အတွယ်တာ ပိုခဲ့သည်။ မိဘတွေဆုံးသွားပြန်တော့ ဘယ်လိုမှ ခွဲထုတ်လို့ မရအောင် သံယောဇဉ်ကြီးခဲ့၏။

တက္ကသိုလ်ရောက်သည့်တိုင်အောင် ကျောင်းလိုက်အပ်ပေးခဲ့ရပြီး တိုင်စာအပို့ခံရသည့်အခါမှာလည်း အုပ်ထိန်းသူနေရာကနေ ဖြေရှင်းပေးခဲ့ရတာပါ။ ကိုယ့်မှာတော့ မိဘအမွေအနှစ် ပွဲရုံလုပ်ငန်းတွေကို တိုးတက်ကြီးပွားအောင်မြင်အောင် လုပ်ရင်းနှင့် မောင်လေးသုံးဖြုန်း ဆိုးပေသမျှလည်း မငြိုငြင်ရက်ခဲ့။

သူ့မှာ ဒီအစ်မတစ်ယောက်ပဲ အားကိုးစရာရှိတာဆိုပြီး ဝမ်းနည်းအားငယ်မှုမရှိအောင် ဖြည့်ဆည်းပေးဆပ်လို့လည်း မဆုံးနိုင်။ ဒီလိုနှင့် တက္ကသိုလ်ပထမနှစ်မှာ ယုယုနွယ်ဆိုသော မိန်းကလေးကို နိုးပြေးတော့ အဆင့်အတန်းတူတာ မဟုတ်တာ၊ သဘောတူတာ မဟုတ်တာတောင် ညှိနှိုင်း





စဉ်းစားချိန်မရဘဲ လူကြီးစုံရာနဲ့ တောင်းရမ်းလက်ထပ် မင်္ဂလာဆောင်ပေးခဲ့ရသည်။

ထိုမှုမက ယုယုနွယ်ကိုပါ ကျောင်းထားပေးခဲ့ရပြီး စားဝတ်နေရေး အိမ်ထောင်မှုကိစ္စအဝဝလည်း နှစ်ယောက်စာ ထပ်တိုး တာဝန်ယူလိုက်ရတဲ့အဖြစ်။

"နွယ့်မှာ ကိုယ်ဝန်ရှိနေပြီတဲ့ မမဆင့်၊ နွယ့်ကို ကျောင်းဆက်တက်နိုင်းလို့ မဖြစ်တော့ဘူးထင်တယ်၊ နွယ်ကတော့ ကျောင်းမှာ ကျွန်တော့်ကို စိတ်မချလို့ ကလေးကိုဖျက်ချပြီး ကျောင်းပဲတက်မယ် လုပ်နေတယ်"

"ဟဲ့ ယောက်ျားယူလို့ သန္ဓေတည်တာ၊ မလိုချင်ဘူးဆိုပြီး အလွယ်တကူ ဖျက်ချလို့ရမလား၊ ကလေးမယူချင် အစကတည်းက ယောက်ျားမယူနဲ့ပေါ့၊ မင်းကို စိတ်မချရအောင် မင်းကရော မိန်းမရတာတောင် ခြေမငြိမ်သေးဘူးလား၊ စိတ်ညစ်ပါတယ်နော်၊ မင်းမိန်းမကို ကလေးမွေးခိုင်း၊ မင်းလည်း ကျောင်းတစ်နှစ်အောက်လိုက်၊ နောက်မှ လင်မယားနှစ်ယောက် ကျောင်းအတူတူပြန်တက်ကြ ဟုတ်ပြီလား"

ကိုယ့်ဘာသာအစီအစဉ်ချပေးကောင်းတော့ နေနကွတ်လေး မွေးပြီးချိန်မှာ သူတို့လင်မယားက တက္ကသိုလ်ပြန်တက်ကြပြီး ကိုယ်က နာနီနဲ့တွဲ၍ ကလေးထိန်းဖြစ်သွားခဲ့ရသည်။

ဒါတွေကို ဒုက္ခလို့ မမြင်တတ်ခဲ့သည်က အစ်မကြီးအဖို့ရာ

www.burmeseclassic.com



မေတ္တာတွေကြောင့် ဖြစ်မည်။ ကျောင်းပြီးတော့လည်း နေရောင်ခြည်တို့ လင်မယားက ထိုကျေးဇူးတွေကို ပြန်မသိတတ်ခဲ့ကြပါ။

"မင်းတို့နှယ်ကွယ် ဘွဲ့ရပြီးတာတောင် အစ်မပွဲရုံအလုပ်ကို ကူလုပ်ဖို့ မစဉ်းစားကြသေးပါလား၊ ကလေးတစ်ယောက်လည်း ရနေပြီး ခုချိန်ထိ လတ်လျားလတ်လျား မိုနိုနေလို့ ဖြစ်မလား၊ ငါ့မှာ ကလေးထိန်းရ၊ ပွဲရုံစီမံရ၊ အိမ်စီမံရနဲ့၊ ငါ့ကိုလည်း သနားကြပါဦးဟဲ့"

"မမဆင့်ရယ် ကလေးထိန်းတာ, ဒီအလုပ်တွေလုပ်တာများ အထူးအဆန်းလုပ် ပြောနေတယ်၊ ကျွန်တော်ငယ်ငယ်ကရော မမဆင့် မထိန်းခဲ့ရဘူးလား၊ ပွဲရုံအလုပ်တွေရော မလုပ်ရဘူးလား၊ အိမ်မှာလည်း မမဆင့် ဘာပင်ပန်းလို့လဲ၊ အလုပ်သမားတွေကို ဟိုဟာဒီဟာ လက်ညှိုးထိုး စီမံပေးရုံပဲ ဥစ္စာ"

အသနားခံမိတာနှင့် အဲလိုပြန်ပြီး ဆင်ခြေပေး အပြစ်တင်ခံရတဲ့အဖြစ်။ အဲဒီတော့ သူတို့ရှေ့မှာ မညည်းညူရဲတော့ဘဲ ဝဋ်ရှိသမျှ ခံပေတော့လို့ ကွယ်ရာမှာသာ ကိုယ့်ကိုယ်ကိုယ် ဖြေသိမ့်နေခဲ့ရသည်။

ဟော အခု နောက်တစ်မီး လာပြန်ပြီ။

နေနကွတ်တဲ့။ ရှစ်တန်းနှစ်လောက်မှာ သူ့အမေ ယုယုနွယ် သားအိမ်ကင်ဆာနှင့် ဆုံးသွားတော့ ဖအေလုပ်သူက မိတဆိုးလေးရယ်လို့ အလိုလိုက် အကြိုက်ဆောင်ကာ ညီအစ်ကိုသူငယ်ချင်းပေါင်း ပေါင်းသည်။ သွားအတူ စားအတူ ကစားအတူတူနှင့် ရန်ဖြစ်လျှင်လည်း အားပေး





အားမြှောက်ပြုရုံတင်မက သူပါ ဖိုက်တာလုပ်၍ ဝင်နွှဲသေး၏။

"ကျွန်တော့်သားကို ထိလို့ကတော့ လုံးဝ သည်းမခံနိုင်ဘူး မမဆင့်၊ သူ့မှာ အမေရယ်လို့ အားကိုးစရာရှိတာ မဟုတ်ဘူး၊ ဒီအဖေနဲ့ ဒီအဒေါ်ပဲ ရှိတာ၊ ကျွန်တော်တို့က သူ့ဘက်က မရပ်တည်ရင် ဘယ်သူက ရပ်တည်မှာလဲ၊ ဖြစ်ချင်ရာဖြစ် လွှတ်ထားရင်လည်း မိမဆုံးမ ဖမဆုံးမ ကလေးလို့ အပြောခံရဦးမယ်၊ သူ့ကိစ္စတွေ ဝင်ဖြေရှင်းတယ်ဆိုတာ ဖအေတစ်ယောက်ရဲ့တာဝန်ပါ"

တဲ့။ အပြောကောင်းလွန်းသော နေရောင်ခြည်က သားက တုတ်ဆွဲလျှင် သူက ဓားနဲ့ခုတ်ကွလို့ အားပေးတတ်သူ။ ရဲစခန်း အချုပ်ခန်းရောက်လျှင်တော့ မမရှေ့ကယ်ပါဦးလို့ တမ်းတတတ်သူပါ။ မိမိမှာတော့ ဖအေကို ဆုံးမရမှာလား၊ သားကို ဆုံးမရမှာလား၊ ဘယ်သူ ကိုမှ မဆုံးမဘဲ မိမိကိုယ်ကို ဆုံးမပြီး မယ်သီလရှင်ဝတ်၊ တောထွက်ရ မလား။ အဲဒီလောက်ထိ ဝေခွဲရခက် ဆုံးဖြတ်ရခက်။

အခုလည်း အံကြိတ်ကြိမ်းမောင်းနေမိသူက အရှုံတစ်ယောက် လိုပင်။ နေရောင်ခြည်က ပြုံးစိစိဖြင့်။

"မမဆင့်က ကိုယ့်မောင်လေးနဲ့ တူလေးကို အဲလို ရက်ရက် စက်စက် ဥပေက္ခာမပြုဘူးဆိုတာ ကျွန်တော်သိပါတယ်ဗျာ၊ စိတ်ကုန်နေ ပြီဆိုပြီး လုပ်ရက်ရင်လည်း လုပ်ပေ့ါ၊ ကျွန်တော့်မှာလည်း အမိအဖမဲ့ သားမှာလည်း အမေဆိုတာ မရှိတော့ မမဆင့်ကို အားကိုးနေရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဒီအရွယ်ထိ အားကိုးလာတာ နည်းနည်းပါးပါး အားနာစမ်းပါဦး၊ နင့်ဒုက္ခကို ယေ်ကတည်းက ငါခံလာခဲ့ရတာ၊ အခု သားစဉ်မြေးဆက် ဖြစ်တော့မယ်၊ ပွဲရုံအလုပ်ကလေးကိုတောင် အချိန်ပြည့် ထိုင်မပေးချင်ဘူး၊ သားနောက် လိုက်ရဦးမှာ, သားကို စိတ်မချလို့နဲ့ မင်းသားက ကလေးအရွယ် မဟုတ်တော့ပါဘူး"

"ကလေးအရွယ် မဟုတ်လို့ ပိုစိုးရိမ်ရတာပေါ့ မမရယ်၊ တစ်ယောက် နှစ်ယောက်ဆို သားက မဖြုပေမယ့် အုပ်စုဖွဲ့ ချောင်းရိုက်တာမျိုးဆိုရင် သားခံသွားရမှာပေါ့၊ အခုခေတ်ကလေးတွေက ရန်စရှိရင် အရမ်းအောက်တန်းကျတာ"

"ဩော် ရန်ဖြစ်တာကို လိုက်ကူမယ့်အစား ရန်မဖြစ်အောင် ဆုံးမရမှာပေါ့၊ ထစ်ခနဲရှိ ရန်ဖြစ်လာပြန်ပြီ၊ နဖူးကွဲ ဒူးပြဲ ပြဿနာဖြစ်လာပြန်ပြီ၊ ဘယ်စားသောက်ဆိုင်, ဘယ်ဟိုတယ်မှာ လိုက်လျော်လိုက်၊ ကျောင်းက ကျောင်းခေါ်ချိန်မပြည့်လို့ လိုက်ပြီး လက်မှတ်ထိုးပေးလိုက်၊ ဖအေ့ခြေရာနင်းတာကတော့ တစ်ထပ်တည်းပဲ၊ ဟွန်း မပြောလိုက်ချင်ဘူး"

"မပြောချင်လို့သာ တော်တော့တယ် မမဆင့်ရာ၊ နားတွေကိုပူနေတာပဲ၊ ပွဲရုံက စောစောပြန်လာတဲ့နေ့လေး အေးအေးဆေးဆေး နားပါရစေ"

နေရောင်ခြည် ထိုသို့တောင်းဆိုလိုက်သည်နှင့် ဒေါ်ခင်ခင်ဆင့်





ပါးစပ်ပိတ်သွားရသည်။ ပွဲရုံအလုပ်အပေါ် နည်းနည်းပါးပါး စိတ်ဝင်စားမှု ရှိလာသော မောင်လေးကို မိမိကြောင့် စိတ်အနှောင့်အယှက် မဖြစ်စေချင်လို့ပါ။ ထိုအချိန်မှာပဲ –

"အန် အန်ကယ်ရောင်ခြည်၊ ဟိုဘက်လမ်းကကောင်တွေ နကွတ်ကားကို တားပြီး ဝိုင်းရိုက်လို့ ရန်ပွဲဖြစ်နေပြီ၊ မြန်မြန်ယှာပါ မြန်မြန်လေး"

"ဘာကွ၊ ငါ့သားကို ဝိုင်းရိုက်တယ် ဟုတ်လား၊ တောက်၊ တစ်ယောက်ချင်း မချရဲလို့ အုပ်စုနဲ့ဖွဲ့တာပေါ့၊ ဒါမျိုးသောကျောလို့ ဘယ်ရမလဲ"

နကွတ်သူငယ်ချင်း စိုးသူ လာပြောသည်နှင့် နေရောင်ခြည် ပုဆိုးတိုတိုပြင်ဝတ်ကာ ဂေါက်(ဖ်)ရိုက်တံတွေဆွဲ၍ ထွက်သွားသည်။ ဒေါ်ခင်ခင်ဆင့် မျက်လုံးမျက်ဆန်ပြူးလျက် –

"ဟဲ့ ဟဲ့ မောင်လေး ရောင်ခြည်၊ ဩော် ဒုက္ခပါပဲ၊ ဖျန်ဖြေမယ်မရှိဘူး၊ လူမိုက်အားဖေးဖေး မိုက်တာသွားလုပ်ဦးမယ်၊ ငါတော့ ဒီသားအဖနဲ့ သေချင်တော့တာပါပဲ"

ဝိုကြီးချက်မနှင့် အော်ဟစ်ကျန်ခဲ့သော ဒေါ်ခင်ခင်ဆင့်ကို နေရောင်ခြည် နောက်တစ်ချက် လှည့်ကြည့်မသွားပါ။ ဘယ်သူတွေ ထိပ်ပေါက်ခေါင်းကွဲဖြစ်ပြီး ဘယ်သူ ရဲစခန်းတွေ အချုပ်တွေ ရောက်မည်မသိ။

သေချာတာကတော့ သားအဖနှစ်ယောက် ကျောချင်းကပ်၍



www.burmeseclassic.com

www.burmeseclassic.com



ပြိုင်ဘက်အဖွဲ့ကို အရိုးကျေကျေ အရေခန်းခန်း တုံ့ပြန်တိုက်ခိုက်လို့ အပြိုင်အဆိုင် ဖြစ်နေပေလိမ့်မည်။

ဘယ်တော့မှ ပြုပြင်မရမည့် မိုက်ကန်းမှုများဖြင့်။

✿ ✿ ✿



BURMESE CLASSIC .com

## အခန်း (၂)

"ယိမ်ံ့ ယား"

"ဝုန်း ခွပ်"

ရန်ပွဲက နေရောင်ခြည်ရောက်လာမှ ဘက်ညီသွားကာ ပို၍ အရှိန်အဟုန်ပြင်းထန်လာ၏။ လေးယောက်တစ်ယောက်တုန်းက နေ နကွတ် အနည်းငယ်အထိနာနေသော်လည်း ပါပါးရောက်လာတော့ အားရှိ သွားကာ ခုန်ပျံတိုက်ခိုက်ရင်း လက်တွေခြေတွေပါ သွက်လက်လာ၏။

"ပါပါး၊ ဟိုကောင်တွေမှာ ဓားတွေပါတယ် ထင်တယ်၊ သတိ ထားနော်"

"အေးပါကွာ၊ သား သတိမလွှတ်စေနဲ့နော်၊ စွပ်ကျယ်အနက်နဲ့ ကောင် အရမ်းသွက်တယ်၊ အဲဒီကောင်ကို ဂရုစိုက်"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မပူနဲ့၊ ဒီကောင့်ကို အရေခွံနွှာပစ်လိုက်လို့ရတယ်"

ကြိမ်းမောင်းရင်းနှင့် သားအဖနှစ်ယောက်လုံး ခြေတွေလက်တွေ၊ ဒူးတွေတံတောင်တွေ တရစပ်လှုပ်ရှားပစ်လိုက်သည်၊ ထိုသို့ အရှိန်ပြင်လိုက်မှ တစ်ဖက်ကကောင်တွ အလဲလဲ အကွဲကွဲဖြစ်ကာ သူတို့ကားပေါ် တက်ပြေးကြသည်။ ကြာရှည်ယှဉ်ပြိုက်ဖို့ မလွယ်တူးဆိုတာ သိသွားကြသည် ထင်၏။

"တောက် ကြောက်တွေ၊ ချမယ်ဆိုလည်း သူသေကိုယ်သေ ဖိုက်တာမဟုတ်ဘူး၊ ထွက်ပြေးဖို့ စဉ်းစားထားတာများ စိန်ခေါ်နေသေးတယ်"

"အာ ဒီကောင်တွေ သားတစ်ယောက်တည်းဆိုပြီး လိုက်ဖဲ့တာ၊ စိုးသူတို့ကိုလည်း အားကိုးလို့မရဘူးဆိုတာ ဒီကောင်တွေ သိတယ်လေ၊ တော်ပါသေးတယ်၊ ဒီတစ်ခါ ရဲနဲ့မငြိရင် ကြီးကြီးအာဏာခံရ လွှတ်တာပေါ့"

"ဆန္ဒမစောနဲ့ဦး၊ သားနှုတ်ခမ်းမှာ ဖူးရောင်နေတာပဲ၊ ပါပါးလည်း မေးတစ်ချက်ထိသွားတယ်ကွ၊ ကြည့်စမ်းပါဦး"

"ဟာ ဟုတ်လားပဲ၊ နည်းနည်းကွဲသွားတယ်၊ လာပါ၊ အိမ်ရောက်ရင် ဆေးထည့်လိုက်လို့ဖြစ်တာပဲ"

နေနက္ခတ်ပြိုင်ကားလေးပေါ် သားအဖနှစ်ယောက်လုံး ကားမောင်းထွက်လာမှ လမ်းမှာ စိုးသူနှင့်တွေ့ရ၏။





ရန်ရှောင်ချင်တာလား ဦးနေရောင်ခြည်ခြေလှမ်းကို အမီမလိုက်နိုင်လို့ နောက်မှာကျန်ခဲ့တာလားတော့မသိ။

"စိုးသူ သွားပြီဟေ့၊ နောက်မှဆုံမယ်"

ကားပေါ်ကနေ လက်ပြအော်ဟစ်ခဲ့ပြီး အိမ်ပြန်ရောက်လာကြ၏။ သားအဖနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် တွဲ၍ ဧည့်ခန်းထဲ ဝင်လာခဲ့ကြသည်။

"စိုးသူတို့နဲ့ မပေါင်းသင်းရင် ကောင်းမယ်ထင်တယ်နော်သား၊ သား ရန်ဖြစ်တာ ဝင်မကူဘဲ အဲလို ဟိုရှောင်ဒီရှောင်လုပ်နေတာ ဘယ်ကောင်းမလဲ"

"အာ အဲလိုမဟုတ်ဘူး ပါပါး၊ ဒီနေ့က ဒီကောင်တွေကို သားက တမင်ညစ်ပြီး ကားပေါ် တင်မခေါ်လာခဲ့တာ၊ စိုးသူတို့က ကားမရှိတော့ လိုင်းကားတစ်ဆင့်, ခြေလျင်တစ်ဆင့် ပြန်လာကြတာလေ၊ အဲဒီတော့ သားက ဟိုဘက်လမ်းမှာ ညာဏ်လင်းတို့အဖွဲ့နဲ့ ငြိနေပြီ၊ စိုးသူကလည်း မိုးမင်းနဲ့ လမ်းခွဲပြန်လာပြီဆိုတော့ သူတစ်ယောက်တည်း ဝင်ကူရင် အခြေအနေမကောင်းတာသိလို့ ပါပါးကို ပြေးခေါ်တာ"

"ထားပါတော့၊ တခြားနေရာတွေဖြစ်ရင်ရော ဝင်ကူရဲလား"

"သားလို ကရာတေး ဘာညာမတတ်လို့ ဖျန်ဖြေတာ ဘာညာလောက်တော့ ရပါတယ်"

"ဟား ဘာမှအားကိုးလို့မရတဲ့ကောင်တွေကိုများ ပေါင်းသင်း



www.burmeseclassic.com

www.burmeseclassic.com



နေရလား သားရယ်၊ တိုက်ရဲ့ဖိုက်ရဲတဲ့သူကို ရွေးပေါင်းမှ၊ သား ဒီလို မျိုးဖြစ်ရင် အကူအညီရမှာပေါ့၊ ဒီနေ့လည်း ပါပါးသာ ရောက်မလာရင် မင်း ဒီထက် ပိုကွဲတယ်''

''ဟဲ့ ရောင်ခြည် ကလေးကို မကောင်းတဲ့အပေါင်းအသင်း ရွေးပေါင်းဖို့ တိုက်တွန်းနေရလား၊ ဘယ်လိုဖအေလည်း မသိပါဘူးတော်၊ အခု သွေးပူလေ့ကျင့်ချန်းလုပ်ပြီး ပြန်လာခဲ့ကြပြီပေါ့''

ဒေါ်ခင်ခင်ဆင့်အသံကြောင့် သားအဖနှစ်ယောက် ပခုံးတွန့် လျက် မျက်စပစ်လိုက်ကြသည်။ ဦးနေရောင်ခြည်က ဒဏ်ရာတွေကို လက်နှင့်ကွယ်လျက် –

''သားတစ်ယောက်တည်း အနိုင်ကျင့်ခံနေရတာ မမဆင့်ရဲ့ ကျွန်တော်သာ ရောက်မသွားရင် မလွယ်ဘူးလေ၊ သားသူငယ်ချင်းတွေက ကြောင်ပါးတွေ၊ အနားတောင် ကပ်မလာလို့ မပေါင်းသင်းသင့်ဘူးလို့ ပြောနေရတာပေါ့''

''သူငယ်ချင်းဆိုတိုင်း ရန်ဖြစ်တာကို နေရာတကာ ဝင်ပါရမှာ လား၊ တကယ့်တကယ် ပြဿနာတက်ရင် သူတို့မိဘမောင်ဘွား ညီ အစ်ကိုမောင်နှမတွေ စိတ်ဆင်းရဲရမှာစိုးလို့ ရှောင်တာနေမှာပေါ့၊ ဒါကို အတုမခိုးနိုင်ဘဲ လူမိုက်အားပေးပြောနေတာ အံ့ဩပါရဲ့ ရောင်ခြည်ရယ်''

''အာ မမဆင့်က ဘာမှ မသိဘဲနဲ့ ကိုယ့်အတွက် အနစ်နာခံ မပေးနိုင်တဲ့ သူငယ်ချင်းကို ဘာပေါင်းသင်းစရာလိုသေး တကယ်ဆို သားမှာ





အားကိုးလောက်တဲ့ သူငယ်ချင်းတွေ ရှိနေရင် ဒီလိုရန်ပွဲကို ကျွန်တော် တောင် ပါစရာမလိုဘူး။ အခုဟာ အပေါင်းအသင်းတွေကို အားကိုးမရလို့ ကျွန်တော်က မပါချင်ဘဲ ပါနေရတာ''

''ဒါဆိုလည်း မင်းသားအတွက် လူမိုက်အလိုရှိသည်လို့ သတင်း စာထဲက ကြော်ငြာလိုက်၊ မှတ်ချက် တိုက်ရဲခိုက်ရဲရမည်၊ သတ်ရဲဖြတ်ရဲ ရမည်လို့၊ ဟုတ်ပြီလား၊ အဲဒီဝန်ထမ်းလစာကို ငါပေးမယ်၊ မင်းကြည့်ရ တာ အကုသိုလ်တွေများပြီး ရင်တွေပူလွန်းလို့''

''မမကလည်း ပြောတော့မယ်''

''ကြီးကြီးက အပျိုကြီးပီပီ အရွဲ့တိုက်နေတာ၊ နောက် အဲလို အရွဲ့တိုက်မပြောရဲအောင် ယောကျ်ားပေးစားလိုက်တာ ကောင်းမယ် ထင်တယ်နော် ပါပါး''

''ဟဲ့ နေနကွတ်''

ဒေါ်ခင်ခင်ဆင့် အသားဆတ်ဆတ်တုန်မတတ် အော်ပစ်လိုက် သည်။ နေရောင်ခြည်ရော, နေနကွတ်ရော မျက်နှာပိုးမသေပါ။ ဖအေက မလေးစားတော့ သားကပါ ပမာမခန့် ပြောင်စရာနောက်စရာလို သဘော ထားနေတာ နေမှာပေါ့။

ဒေါ်သနင့် မျက်နှာတွေကို သေချာကြည့်မိမှ သားအဖနှစ် ယောက်မျက်နှာပေါ်က ဒဏ်ရာတွေကို မြင်သွားသည်။ ဒီလောက် ဒဏ်ရာ တွေကို နာတယ်လို့ မထင်ကြဘူးလားမသိ။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ နင်တို့မျက်နှာပေါ်က ဒဏ်ရာတွေကို ဆေးတွေ ဘာတွေ မထည့်ကြတော့ဘူးလား၊ ငါ့နှယ်နော်၊ ဒေါသထွက်မယ်ကြံရင် စိတ်မကောင်းစရာက ဖြစ်ရသေးတယ်"

"စိတ်မကောင်းရင်လည်း ဆေးသေတ္တာယူပြီး မမကိုယ်တိုင် ဆေးထည့်ပေးပေါ့ဗျာ၊ ကိုယ့်မောင်လေးနဲ့ ကိုယ့်တူလေးပဲဥစ္စာ"

"အောင်မယ်လေး နင်တို့ဒဏ်ရာတွေ ကြည့်လည်းမကြည့်ရဲဘူး၊ လုပ်လည်း မပေးနိုင်ဘူး။ ကိုယ်ဖြစ် ကိုယ်ခံကြ၊ မင်းတို့ လုပ်ချင်တာတွေလုပ်ကြ၊ ငါ ဘာမှမပြောတော့ဘူးဟေ့၊ မပြောတော့ဘူး"

ဒေါ်ခင်ခင်ဆင့် အော်ကာဟစ်ကာ ရှောင်ထွက်သွားသော်လည်း အိမ်အကူ မအေးရီနှင့် ဆေးသေတ္တာကိုတော့ ပေးခိုင်းလိုက်ပါသည်။

"နေလည်း နေနိုင်တာမဟုတ်ဘဲနဲ့၊ ကြီးကြီးက အရမ်းပွစိပွစိနိုင်တာပဲ၊ ယောက်ျားတစ်ယောက်လောက် အမြန်ရှာပေးစားရအောင် ပါပါးရာ"

"မလုပ်ပါနဲ့ကွာ၊ သူ အပျိုကြီးဖြစ်နေလို့ ငါတို့သားအဖ ဒီလိုနေရတာ၊ ယောက်ျားသာရ ကြည့်ပါလား။ ငါတို့ မြောင်းထဲရောက်သွားမှာ၊ အဲဒီကိစ္စတော့ စိတ်လျှော့ထား"

"သားက ကြီးကြီးကို မချစ်လို့ မဟုတ်ပါဘူး၊ အမြဲပေါက်ပေါက်ဖောက်နေတာကို သားက နားမခံနိုင်တာ"

"အဲလိုတော့ မငြိုငြင်ပါနဲ့သားရယ်၊ သားကြီးကြီးက အရမ်း





အနှံတာခံနိုင်တဲ့သူပါ၊ သူပြောနေတာတွေကလည်း ပါပါးတို့ကို ကောင်းစေချင်လို့ပဲကွ"

"အဲလို စေတနာနဲ့ဆိုတာသိရင်လည်း ပါပါးက လိမ်လိမ်မာမာနေပါလား"

"အောင်မာ မင်းက မိချောင်းမင်း ရေခင်းပြ၊ ဖအေကိုများ၊ မင်းကြောင့် ငါ ဒီလိုပိုဆိုးနေတာကွ သိရဲ့လား၊ မင်းကမှ ငါ့စံချိန်ကို ချိုးမယ့်ကောင်"

"အဖထက် သားတစ်လကြီးလေ၊ ကမ္ဘာ့ကောင်းနစ်မှတ်တမ်းဝင်အောင် ကြိုးစားနေရတာ လွှယ်မှတ်လို့"

"ခွေးကောင်"

ချစ်စနိုးနှင့် ဆဲလိုက်ရင်း တစ်ယောက်နှင့်တစ်ယောက် ဆေးအပြန်အလှန်ထည့်ပေးကာ ရယ်မောမိကြ၏။

ဘဝက ပျော်ပျော်နေတာပဲ ကောင်းသည်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"“မကောင်းဘူး၊ ငါ တစ်ခုခု ဆုံးဖြတ်ရတော့မယ်”

“ဟင် တစ်ယောက်တည်း ဘာတွေမကောင်းပြီး ဘာတွေ ဆုံးဖြတ်နေတာလဲ မမဆင့်”

“ဩော် ဘာ ဘာမှ မဟုတ်ပါဘူး ချိုချိုရယ်”

ပွဲရုံအဝင်အထွက်စာရင်းတွေ လုပ်ပေးနေသော ချိုချို့အသံ ကြားမှ မိမိ ဘာတွေဖြစ်၊ ဘာတွေတွေးနေမိသည်ကို သတိထားမိသည်။ နေရောင်ခြည်နှင့် နေနက္ခတ်ကြောင့် အလုပ်ထဲမှာတောင် အတွေးတွေ များပြီး အာရုံနောက်နေရပါလား။

ဒင်းတို့နှစ်ယောက်ကို ဘယ်လိုခြေငြိမ်အောင် လုပ်ရမလဲ။ မိန်းမ ပေးစားလိုက်လျှင် အထိန်းအကွပ်တော့ ရှိသွားနိုင်သည်။ နေနက္ခတ်က





ငယ်ရွယ်သူ ကျောင်းတက်နေဆဲမို့ မဖြစ်။

နေရောင်ခြည်နှင့်သင့်တော်တာဆိုလို့ စာရေးမချိုချိုကိုတော့ မျက်လုံးထဲမှာ မြင်သည်။ ဒီပွဲရုံမှာပင် လုပ်သက်ဆယ်နှစ်လောက် ရှိနေပြီး ရိုးသားကြိုးစားသည်၊ တည်ငြိမ်မှုရှိသည်။

ယောက်ျားသားအရှုပ်အရှင်းလည်း ကင်းလို့ အသက်သုံးဆယ် ကျော်အရွယ် အပျိုကြီး။ တခြားအနှောင်အတွယ်ကလည်း အမေအိုကြီး တစ်ယောက်သာ ရှိ၏။

ဒီအချိန်မှာ ဆင်းရဲချမ်းသာ ဂုဏ်အဆင့်အတန်းကို ရွေးနေလို့ မဖြစ်။ ဖအေကို အိမ်ထောင်သည်ဘဝနှင့် ထိန်းချုပ်နိုင်လျှင် အားပေး အားမြှောက်မရှိလို့ သားလည်း အပိုးကျိုး ခြေငြိမ်သွားနိုင်၏။

ဒါပေမဲ့ ဒီကိစ္စကို ချိုချိုက လက်ခံပါ့မလား။ နေရောင်ခြည်က ကလေးတစ်ယောက်အဖေ မုဆိုးဖိုမို့ ငြင်းချင်လည်း ငြင်းနိုင်တာပဲ။

မဟုတ်သေးပါဘူး။ ချိုချိုက မိမိစကားကို မြေဝယ်မကျ နား ထောင်ပြီး လေးစားတတ်တဲ့သူပါ။ ဂုဏ်အဆင့်အတန်းလည်း မြင့်မားနိုင် လို့ လက်ခံချင်လက်ခံမှာပေါ့။

အရေးကြီးတာက နေရောင်ခြည်။

ဟိုအရင် ယုယုနှင့်ယှဉ်ဆုံးပြီးခါစက မိမိလက်က လွတ်အောင် ခဏခဏ အိမ်ထောင်ပြုဖို့ တိုက်တွန်းဖူးသည်။

“သားကို မိထွေးကြောင့် မျက်နှာမငယ်, အားမငယ်စေချင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



မမဆင့်၊ ကျွန်တော့်စောင့်ရှောက်မှုအောက်မှာပဲ သားကို ပျော်ပျော်နေစေချင်တယ်၊ ကျွန်တော်လည်း နွယ့်ကို မမေ့နိုင်သေးလို့ပါ''

အဲလို စကားကြီးစကားကျယ်တွေနဲ့ ငြင်းမှုတာမှ နောက်ထပ်မတိုက်တွန်းဖြစ်ခဲ့တာ ဘယ်လောက်ကြာပြီလဲ။ အခုတော့ နေနကြွတ်လည်း အရွယ်ရောက် လက်လွှတ်လို့ရပြီမို့ နောက်တစ်ခါ စည်းရုံးကြည့်ရမည်။ ဒါဆို နေရောင်ခြည်ကို အရင်ပြောကြည့်မှ ဖြစ်မှာပေါ့။

ချိုချိုကို အရင်ပြောပြီး ချိုချိုက လက်ခံပါလျက် နေရောင်ခြည်က ဘူးခံငြင်းလိုက်လျှင် မိန်းကလေးဘက်က အရှက်ရစရာ ဖြစ်နိုင်သည်။

''ချိုချိုရေ စာရင်းတွေကို မမဆင့် မနက်ဖြန်မှ စစ်တော့မယ်ကွယ်၊ ချိုချိုလည်း လုပ်တာတေနေတာပဲ ကြည့်လုပ်ထားလိုက်ပါ''

''ဟင် မမဆင့်မှာ တခြားကိစ္စ ရှိလို့လားဟင်၊ ဒီနေ့ ကိုရောင်ခြည်ကလည်း ပွဲရုံမလာဘူး''

နေရောင်ခြည်မလာတာ ရန်ဖြစ်ထားတဲ့ ဒဏ်ရာတွေကြောင့်လို့ ပြောလိုက်လျှင် မကောင်းဖြစ်တော့မည်။

''အိမ်မှာ ကိစ္စလေးရှိလို့ပါကွယ်၊ မမဆင့်လည်း အိမ်ကိုပဲပြန်မှာ၊ တကယ်လို့ အရေးကြီးကိစ္စရှိရင် မမဆင့်ဆီ ဖုန်းဆက်လိုက်ပေါ့''

''ဟုတ်ကဲ့ အလုပ်ကိစ္စကိုတော့ နောက်ဆံမတင်းပါနဲ့ မမဆင့် စိတ်ချပါ၊ ဒီနေ့ အဝင်အထွက် ကုန်စာရင်းက ပြတ်သွားပါပြီ၊ စာရင်း





စစ်ကြည့်ဖို့ပဲ ကျန်တော့တာဆိုတော့ ချိုပဲ လုပ်လိုက်ပါမယ်''

''အေး အေး ကျေးဇူးပဲကွယ်၊ မမဆင့်သွားမယ်နော်''

ချိုချိုက အလိုက်တသိနှင့် ကားနားအထိ လိုက်ပို့၏။ မိမိမှာ အဲလိုနားလည်မှုရှိသော မိန်းကလေးအဖော် နီးနီးကပ်ကပ်ရှိလျှင် ဘယ်လောက်ကောင်းမလဲ။

အိမ်က အော့ကြောလန် ယောက်ျားသားနှစ်ယောက်က ဘာမှ တိုင်ပင်ညှိနှိုင်းလို့ မရ၊ ဆွေးနွေးလို့ မရ။

ကန့်လန့်တိုက်ကာ အမြဲပြဿနာရှာနေသည့်သူတွေမို့ မိမိမှာ အရွယ်ကျ အသက်တိုပေတော့မည်။

''ဟာ မမ ဘာလို့ ပွဲရုံက အစောကြီးပြန်လာတာလဲ''

ဧည့်ခန်းထဲအရောက်မှာ မျက်နှာတစ်ခုလုံး ဟိုနေရာ သည်နေရာ ပလာစတာတွေကပ်ထားသော နေရောင်ခြည်က အံ့သြသလို လှမ်းပြော၏။ ဘာအကြောင်းကိစ္စရှိရှိ ပွဲရုံကို ပစ်စလက်ခတ် လွှတ်မထားတတ်တာ သိနေလို့ဖြစ်မည်။

''မင်းတို့ကြောင့်ပေါ့ဟယ်၊ ငါ့မှာ အလုပ်လုပ်ရတာတောင် စိတ်ဖြောင့်ဖြောင့်မရှိဘူး''

''မမကလဲဗျာ ဒီနေ့ ကျွန်တော်လည်း အပြင်မထွက်ဘူး၊ သားလည်း အေးဆေးကျောင်းသွားတက်နေတာပါ၊ အိမ်ကို တက္ကသိုလ်က ပြန်လာပြီး ဆူပူနေတော့တာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ငါက ဆူချင်လို့ဆူ, ပူချင်လို့ပူနေတာလား။ မင်းတို့သားအဖကို ဘယ်လိုမှ ပြောဆိုဆုံးမ,မရလို့ ငါ အသက်တိုတော့မှာ သိလား"

"ကြည့်ပါလား၊ မမပြောလိုက်ရင် ကျွန်တော်တို့သားအဖက အမြဲပြဿနာရှာနေသလိုပဲ"

"မဟုတ်လို့လား၊ အေး ငါ ရှည်ရှည်ဝေးဝေး မပြောဘူး၊ မင်း အခု လက်ထပ်ပြီး အိမ်ခွဲနေ"

"ဗျာ ကျု ကျွန်တော်က ဘယ်သူ့ကို လက်ထပ်ရမှာလဲ"

"ပွဲရုံက စာရေးမချိုချိုနဲ့ မင်းကို လက်ထပ်ပေးမယ်၊ ပြည့်ပြည့်စုံစုံဖြစ်အောင်လည်း အမွေခွဲပေးမယ်"

"ဟာ မ မဖြစ်ဘူး၊ ကျွန်တော် လက်မထပ်ဘူး မမ၊ ဘာအမွေမှလည်း မယူဘူး။ သားနဲ့လည်း မခွဲနိုင်ဘူး"

နေရောင်ခြည် လက်တကာကာနှင့် ခါးခါးသီးသီး ငြင်းဆန်၏။ ဒေါ်ခင်ခင်ဆင့် စလင်းဘက်(ခ)အိတ်ကြီးကို ဆိုဖာခုံပေါ် ဘုန်းခနဲ ပစ်ချလိုက်ပြီး –

"မင်း ဘယ်အချိန်ထိ မှိန်းတွယ်ကပ်နေဦးမှာလဲ နေရောင်ခြည်၊ မိန်းမမယူချင်လည်း သားကို ပြောဆိုဆုံးမရင်းနဲ့ အေးအေးသက်သာနေပါတော့လား။ အလုပ်ကို လက်ကြောတင်းအောင်လုပ်ပြီး အနာဂတ်အတွက် မျှော်မှန်းချက်တွေ ရည်မှန်းချက်တွေ ထားပါတော့လား။ ပထမ





အရွယ်ကနေ ဒုတိယအရွယ်သာ ရောက်လာတယ်၊ တန်ဖိုးရှိတဲ့အချိန်တွေကို အလကား ဖြုန်းတီးပစ်နေတာပဲ"

"ကျွန်တော့်ကို အလုပ်လုပ်စေချင်တာလား။ လုပ်မယ်ဗျာ ပြီးရောမဟုတ်လား၊ အခုလည်း မလုပ်တာကျနေတာပဲ"

"အေး လုပ်တယ်လို့သာ အမည်ခံတာ၊ မင်း ဘာတစ်ခုလေးလေးနက်နက် ရှိလဲ၊ ပွဲရုံကို ခဏတစ်ဖြုတ် အပေါ်ယံ ဆားဖြူးပြီး သားနောက်ကိုပဲ ခြေရာခံလိုက်နေတာလေ"

"အဲဒါက သားကို စိတ်မချလို့ပေါ့ မမရ"

"အေး ငါကလည်း အဲဒါပြောတာပဲ၊ မင်းတို့နှစ်ယောက် အမြွှာပူးလို တပူးတွဲတွဲလုပ်နေလို့ကတော့ ဘယ်သူ့ကိုမှ ပြောဆိုဆုံးမလို့ရမှာ မဟုတ်ဘူး၊ အဲဒီတော့ မင်းမိန်းမယူမလား၊ နေနကြွတ်ကို မိန်းမပေးစားရမလား ဒါပဲပြော"

"သား မယူဘူးနော် ကြီးကြီး။ ပါပါးကိုသာ ပေးစားလိုက်"

"ဟာ ဟိတ်ကောင်နေနကြွတ်၊ မင်း မင်း ဘာပြောတာလဲ"

နေနကြွတ် အပြင်ကရောက်လာပြီး အလောတကြီး ဝင်ပြောတော့ စကားဝိုင်းက ပိုပြီး ပွဲဆူသွား၏။ နေနကြွတ်က သူ့ပါးစပ်ကို အလျှင်အမြန် လာပိတ်သော ပါပါးလက်ကို ပုတ်ချ၍ ခပ်ဝေးဝေးမှာ သွားထိုင်သည်။

"သား တကယ်ပြောတာ၊ သားက ရည်းစားပဲထားတာ၊ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



မယူချင်သေးဘူး။ အခုမှ အညွန့်တလူလူနဲ့ ပညာရှာနေတုန်း။ မိန်းမရပြီး အညွန့်ချိုးတော့ မခံနိုင်ဘူး"

"အောင်မာ၊ ငါ့ကိုတော့ မုဆိုးဖိုမို့ အညွန့်ကျိုးပြီးသားကြီးလို့ ပြောချင်တာလား။ မင်းကိုစောင့်ရှောက်နေတဲ့ အဖေကို ဘာဖြစ်ဖြစ် ကျိုးထိုးထိုး ခွေးစားစားပေါ့"

"ဟဲ့ ဖအေနဲ့သားပြောနေတဲ့ စကားတွေလားနော်၊ ငါ့နှယ် မပြောလိုက်ချင်ဘူး။ မင်း အဲလို လူမလေး ခွေးမခန့်စကားတွေ ပြောနေလို့ မင့်သားက မင်းကို မလေးစားတာ၊ ကဲ ငါပြောတာကို နားထောင်မှာလား၊ မထောင်ဘူးလား ဒါပဲပြော"

"ကျွန်တော် မိန်းမ,မယူချင်ဘူး မမ၊ ဘာလုပ်မှာလဲ အပိုတွေ၊ ပြီးရင် မမက၊ အပြစ်တင်ဦးမယ်၊ မိန်းမပါ တင်ကျွေးထားရတယ်လို့"

"အေး အဲလိုမဖြစ်အောင် မင်းကို အိမ်ခွဲပေးမယ်၊ စီးပွားခွဲပေးမယ် ပြောနေတာပေ့ါ၊ ကိုယ့်သားမယားကို ကိုယ့်ဘာသာလုပ်ကျွေး"

"တော်ပြီဗျာ၊ သူများသားသမီးကို အဲလိုတွေလည်း လုပ်မကျွေးနိုင်ဘူး။ မမလုပ်တာကို အေးဆေးထိုင်စားနေတာ ကောင်းတယ်၊ ပြီးတော့ သားမှာ အားကိုးလို့ရတဲ့ သူငယ်ချင်းကောင်း ရှိတာမဟုတ်ဘူး။ ကျွန်တော် မရှိရင် ကျွန်တော့်သား သူများအနိုင်ကျင့်ခံရလိမ့်မယ်"

"ဩော် တော်တော်ရည်ရွယ်ချက်ကြီးမားတဲ့ အဖေပါလား၊ သားအတွက် အရိုးကျေကျေ အရေခန်းခန်း ဆက်မိုက်မယ်ပေ့ါ၊ လုပ်ချင်





တာ လုပ်ကြပေ့ါ ငါ ဘာမှမပြောတော့ဘူး။ ဒီအိမ်မှာလည်း မနေတော့ဘူး။ မင်းတို့လုပ်ချင်တာလုပ် နေချင်သလိုသာ နေခဲ့ကြပေတော့"

ဒေါ်ခင်ခင်ဆင့် စိတ်ဆိုးမာန်ဆိုးဖြင့် စလင်းဘက်(ခ်)အိတ်ကောက်ယူပြီး အပေါ်ထပ်တက်လာခဲ့သည်။ ဥပေက္ခာမပြုနိုင်တာ ဘယ်လောက်တောင် ပင်ပန်းလိုက်လဲ။

မုန်းလို့ မဟုတ်ပေမယ့် မှတ်လောက်သားလောက်ဖြစ်အောင် တစ်နေရာရာကို ခရီးထွက်ဖို့ ဆုံးဖြတ်လိုက်သည်။

သူတို့ဘာသာ ဒီမှာ ဘာတွေလုပ်လုပ်, ဘာတွေဖြစ်နေနေ၊ အစ်မမေတ္တာ၊ အဒေါ်မေတ္တာ နားမလည်တဲ့ဟာတွေ။ နောင်ကြဉ်အောင်တော့ လုပ်ဦးမှ။

ဘယ်သွားရမလဲ၊ ဘယ်သွားရရင် ကောင်းမလဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၄)

"အဲဒါက ဘယ်သွားမလို့လဲ နီနီ၊ ဒီမှာ ပန်းတွေတင်ဖို့ စာရင်းလုပ်သွားဦးလေ"

"အာ လေးလေးကျော်ခင်ကလည်း ဘယ်အလုပ်သမားက စာရင်းလိမ်ညာတင်မှာလဲ၊ သူတို့ပေးတဲ့ အရေတွက်တိုင်းသာ ယူထားလိုက်ပါ၊ ညမှ နီ စစ်ပေးမယ်"

"ဘာညမှလဲ၊ ညကျတော့လည်း အစောကြီး အိပ်ရာဝင်ချင်ရတာနဲ့ ကာရာအိုကေဆိုချင်ရတာနဲ့ သူများချိန်းတွေ့တာ လိုက်ပို့ရတာနဲ့ အလုပ်ကောင်းကောင်း လုပ်ချင်တာမဟုတ်ဘူး။ အခုလည်း တင်မင်းနဲ့ မတွေ့ သမီးရည်းစားဖြစ်အောင် အောင်သွယ်ပေးဖို့ နင်သွားမှာ မဟုတ်လား"





"အာ ဦးလေးကျော်ခင်ကလည်း မဟုတ်ပါဘူး"

"အေး မဟုတ်ရင် လာလေ၊ စာရင်းတွေလုပ်၊ နင် အဲလို ကြိုက်ကြိုက်အောင်သွယ်ကောင်း မကျေနပ်တဲ့ ဟိုတာက်ဒီဘာက် မိဘမောင်ဘွားတွေသိရင် နင်တော့ အသက်နဲ့ကိုယ် ဘယ်နေ့ အိုးစားကွဲမလဲ မသိဘူး"

"အောင်မာ၊ နီ့ကို အဲလိုလာလုပ်ကြည့်ပါလား၊ နေဝန်းနီတဲ့ တစ်နီတည်းရှိတယ်၊ အဲဒီလို စိန်ခေါ်တဲ့အိမ်ကို မီးရှို့ပစ်မယ်မှတ်"

"အာ ဒီကောင်မလေး"

"မ မလုပ်နဲ့နော် ဦးလေးကျော်"

ဦးကျော်ခင် လက်ရွယ်ရုံရှိသေး နေဝန်းနီတို့က တစ်ပတ်ကျွမ်းပစ်၍ ခပ်ဝေးဝေးရောက်သွားသည်။ ဒီပညာတွေက ကိုယ်ကသင်ပေးထားတာမို့ ကုပ်ကဆွဲပြီး ကိုင်ပေါက်ပစ်လို့ရသော်လည်း ဦးကျော်ခင် ဒီလို မလုပ်ရက်။

မိဘမဲ့မို့ အနိုင်ကျင့်နှိပ်စက်တာမျိုး မဖြစ်ချင်ပါ။ ဆယ်နှစ်သမီး အရွယ်ကတည်းက မိဘတွေဆုံးလို့ ကိုယ့်လက်ပေါ်မှာ စောင့်ရှောက်ရင်း အရွယ်ရောက်လာသည့် ဒီကလေးကို သမီးရင်းလေးလို သူချစ်ခဲ့ပါသည်။

"တခြားလူတွေနဲ့ ငါ့သမီးလေးကို အပ်ခဲ့ရမှာ စိတ်မချဘူးကွာ၊ ဆွေမျိုးသားချင်းအရင်းတွေကို အားမကိုးချင်တာလည်း ပါတယ်၊ ပြီးတော့ ငါထားခဲ့တဲ့ လယ်ယာကိုင်းတွေကို တိုးပွားအောင်လည်း လုပ်ပေးကြမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး။ တကယ်လို့ ပျက်စီးသွားပြီဆိုရင်လည်း သမီးလေးကို ဂရုစိုက်ကြမှာ မဟုတ်ဘူး။ မင်းကိုတော့ ငါယုံတယ် ကျော်ခင်၊ ငါ့စီးပွားတွေ တိုးတက်အောင် လုပ်ပေးမယ်၊ ငါ့သမီးလေးကို ပညာတွေ တတ်မြောက်အောင်သင်ပေးပြီး ဂရုစိုက်မယ်လို့ပေါ့၊ အမိအဖ အုပ်ထိန်းသူမရှိလို့ဆိုပြီး အနှိမ်မခံရအောင်လည်း စောင့်ရှောက်ပေးပါကွာ”

သူငယ်ချင်းဖြစ်သူ ဦးဝင်းရွှေစကားတွေကို ခုချိန်ထိ နားထဲက မထွက်။ မသေခင် အတန်တန်ကတိတွေတောင်းပြီး ပိုင်ဆိုင်သမျှတွေကို သမီးလေး နေဝန်းနီနာမည်နှင့် တစ်ဝက်၊ သူ့ကိုတစ်ဝက် ခွဲဝေပေးသွားခဲ့တာ။

ထိုအချိန်က နေဝန်းနီ ဆယ်နှစ်သမီးအရွယ်ခန့်ဖြစ်မည်။

ကိုယ်တွေ လင်မယားနှစ်ယောက်က ကလေးမရနိုင်တာမို့ နေဝန်းနီလေးကို သွေးရင်းသားရင်း မွေးထုတ်ခဲ့ရသည့် သမီးလေးလို အချစ်ပိုခဲ့ကြသည်။

ပြောရရင် မအိနဲ့ အိမ်ထောင်ကျပြီး ရန်ကုန်လိုက်သွားဖို့ ပြင်ဆင်နေခဲ့တာပါ။

“အိအလုပ်လုပ်တဲ့ ရန်ကုန်ကအိမ်ကို ပြန်သွားချင်တယ် အစ်ကို၊ အရမ်းသဘောကောင်းတယ်၊ ဝန်ထမ်းတွေအပေါ် စာနာထောက်ထားမှုရှိတယ်၊ ဟိုမှာ အလုပ်လုပ်လာတာလည်း ကြာပြီဆိုတော့ သံယောဇဉ်လည်း ဖြစ်နေကြပြီ၊ အစ်ကိုက ကားမောင်းသင်ပြီး အဲဒီအိမ်မှာ





ဒရိုင်ဘာဝင်လုပ်ပေါ့၊ အိကို ပြန်လာခဲ့ဖို့ ခဏခဏ ဖုန်းဆက်ခေါ်တယ်၊ အိယောက်ျားပါလာလို့လည်း ငြိုငြင်ကြမှာ မဟုတ်ပါဘူး”

“အင်း လိုက်မှာပေါ့ အိရဲ့၊ ကိုယ့်ဘာသာ အဆက်အသွယ်မရှိဘဲ အလုပ်သွားရှာဖို့ လွယ်တဲ့နေရာမှ မဟုတ်တာ၊ အိကလည်း ရန်ကုန်မှာ အသားကျနေတော့ တောလုပ်တောကိုင်ကို လုပ်ချင်မှာမဟုတ်ဘူး၊ အိစိတ်ချမ်းသာအောင် အစ်ကိုလိုက်ခဲ့ပါ့မယ်၊ ဟိုရောက်ရင် အလုပ်ကြိုးစားပြီး ငွေရှာမှာပေါ့”

ရန်ကုန်ကို သွားချင်လာချင်သည့် စိတ်အရင်းခံကြောင့် ကိုယ့်ဘက်ကလည်း တက်တက်ကြွကြွပါပဲ။

တကယ်တမ်းကျတော့ တစ်လနဲ့လည်း မသွားဖြစ်၊ တစ်နှစ်နဲ့လည်း မသွားဖြစ်။ အိမှာ နေရာမှား သန္ဓေတည်မိတာကြောင့် ခဏခဏ ကလေးပျက်ကျပြီး သားအိမ်ကိုပါ ထုတ်ပစ်လိုက်ရသည်မို့ ကျန်းမာရေးအခြေအနေအရ မသွားဖြစ်ကြခြင်းပင်။

ထိုအချိန်က စီးပွားရေးအဆင်မပြေတော့ နေဝန်းနီအဖေဆီမှာ စာရင်းငှား ဝင်လုပ်ရသည်။ သူငယ်ချင်းမို့ ဦးဝင်းရွှေက အလုပ်လည်း ပေး၊ ငွေကြေးထောက်ပံ့မှုတွေလည်း ပေးခဲ့၏။

ကိုယ်တွေ လင်မယားအပေါ် ပြုခဲ့သည့်ကျေးဇူးတွေက မနည်းပါ။ ဒါကြောင့်လည်း နေဝန်းနီလေးကို အချစ်ပိုသည်၊ အလိုလိုက်သည်။ သူများ အနိုင်ကျင့်[illegible]မခံရအောင်လည်း ကိုယ်တတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com



ထားသည့် လက်ဝှေ့၊ ဂျူဒို၊ ကရာတေး ပညာစုံလည်း သင်ပေးခဲ့သည်။ လုပ်ငန်းဘက်မှာ ကျွမ်းကျင်နိုင်နင်းမှု၊ ကိုယ့်ကိုယ်ကိုယ် ရပ်တည်နိုင်မှုရှိအောင်လည်း စာရင်းအင်းကအစ လေ့လာနိုင်းသည်။

ဒါပေမဲ့ ကိုယ်တွေက လွဲမှားစွာ သုံးမသွန်သင်မိသလား မသိ။

ပညာစုံတတ်မြောက်ပြီး ရွာထဲမှာ ဆတ်ဆတ်ကြဲ ဘယ်သူ့မှ မကြောက်မရွံ့နေတတ်ပေမယ့် အလုပ်ကိုတော့ လုံးဝ စိတ်ဝင်စားမှု မရှိပေ။ ယောက်ျားမိန်းမ အောင်သွယ်သည့်နေရာမှာ တစ်ဖက်ကမ်းခပ်ပြီး သူမကိုယ်တိုင်တော့ ဒီနေ့ထိ ချစ်သူရည်းစားတစ်ယောက်မှ မထား။

"ဘာလုပ်မှာလဲ ဦးလေးကျော်ရာ၊ ကိုယ်အောင်သွယ်ပေးတဲ့ အတွဲတွေတောင် အဆင်ပြေတဲ့သူက နည်းနည်း၊ အဆင်မပြေတဲ့သူက များများဗျ၊ တချို့ဆို ကလေးတိုးလိုးတွဲလောင်းနဲ့ အရမ်းစိတ်ပျက်စရာကောင်းတာပဲ"

"အဲဒါများ ဘာလို့ အောင်သွယ်ပေးနေသေးလဲ၊ သူတို့ဘာသာ ရချင်ရ မရချင်နေ၊ ကိုယ့်ကြောင့် အဲလိုဖြစ်ကြတယ်ဆို ဘယ်ကောင်းမလဲ"

"ဩော် အဲဒါက လုပ်ပေးချင်လို့ လုပ်ပေးနေတာ မဟုတ်ပါဘူး၊ အခက်အခဲ ဖြစ်နေတယ်, မရရင် သေပါတော့မယ်, တချို့ကျတော့လည်း ကိုယ့်ရည်းစားကို ချစ်ပါလျက်နဲ့ မိဘတွေကြောင့် ဘာညာဆိုတော့ ဖန်တီးပေးရတာ၊ ခွင်ဆင်ပေးရတာပေါ့၊ သူများအကျိုးဆောင်ပေးရတာ





ကုသိုလ်ရပါတယ်"

ကိုယ်ပြောတော့လည်း သူကပြန်ပြီး လူတတ်ကြီးလုပ်နေတော့ ချစ်စနိုးနှင့် ခွင့်လွှတ်ရပြန်သည်။

"အိတို့ သူ့ကိုချစ်လို့ အလိုလိုက်ရင်း, အလျှော့ပေးရင်းနဲ့ သူ့ဘဝတက်လမ်းတွေကို ပိတ်မိသလို ဖြစ်နေပြီထင်တယ်နော်၊ မျက်စိပွင့် နားပွင့် ဗဟုသုတပညာစုံအောင် ရန်ကုန်ကိုပို့ထားရရင် ကောင်းမလားမသိဘူး၊ ရန်ကုန်မှာ ဘော်ဒါဆောင်တွေလည်း ငှားတယ်၊ အိမ်လုံးချင်း တိုက်ခန်းဝယ်နေနေ, ငှားနေနေ အဆင်ပြေတယ်"

"ကိုယ်တို့မှ လိုက်နေလို့ မရတာ၊ သူတစ်ယောက်တည်း ရန်ကုန်မြို့ကြီးမှာ စိတ်မချပါဘူးကွာ၊ သူ တစ်ခုခုဖြစ်ရင် ကိုယ်တို့မှာ တာဝန်ရှိတယ်၊ ဒီကနေပဲ အဝေးသင်တက်နိုင်း၊ ဘွဲ့ယူနိုင်းပြီး ဒီခြံလုပ်ငန်းတွေပဲ ဦးစီးနိုင်းတာပေါ့၊ အခုက မရင့်ကျက်သေးလို့ပါ၊ နောက်တော့ နားလည်သွားမှာပါကွာ"

လင်မယားနှစ်ယောက် တိုင်ပင်ဖြစ်တော့လည်း နေဝန်းနီအတွက်ပင်။ ချော့တစ်ခါ ခြောက်တစ်လှည့်၊ အိကဆူလျှင် ကိုယ်ကချော့၊ ကိုယ်ကမာန်လျှင် အိကဖေးမနှင့် တစ်ခါတစ်ခါကျတော့လည်း ပျော်စရာဘဝလေးပါ။

ဒါပေမဲ့ စိတ်ညစ်စရာကောင်းသည့်အချိန်တွေကလည်း အကြိမ်ကြိမ်။ ခုလိုနိုင်းသည့်အလုပ်ကို သေချာမလုပ်ဘဲ ဟိုဟိုဒီဒီ လျှောက်လျှား



www.burmeseclassic.com

www.burmeseclassic.com



လတ်လျား နေတာမျိုးပေါ့။

ရိုက်တော့မည်ဆိုလျှင် ဦးအောင်ပြေးပြီး နောက်နှမ့်ပြန်သောချင်လည်း ပြန်လာတတ်တာမျိုး။ ထိုနေ့မျိုးဆိုလျှင် လင်မယားနှစ်ယောက်အမောဆို့အောင် ရှာရိုးကိုးပေါက် ရှာပေတော့ပဲ။

အခုလည်း ဘယ်ပြေးဖို့ပြင်နေသည်မသိ။ ပြေးမှာစိုးလို့ ဒီအတိုင်း ရပ်နေရသည့်ဒုက္ခက မသေးလှ။

"အိ အိ အဲဒီကောင်မလေးကို မိအောင် ဖမ်းထားစမ်း၊ ဖမ်း"

"ဟား ဟား ဟား။ စိန်ပလိန်တိန် ဂိန် မုန့်ကြိုးလိမ်"

အမှတ်တမဲ့ဖြစ်ကာ သေချာဖမ်းမထားမိလိုက်သော မဒီလက်ထဲက နေဝန်းနီ လှလှပပ လွတ်ထွက်သွားသည်။ ကြိတ်မနိုင်ခဲမရ ဒေါသတွေဖြင့် လက်သီးလက်မောင်းတန်းလိုက်သော်လည်း။



## အခန်း (၅)

"ကိုယ့်ရှေ့တည့်တည့်မှာတောင် မိအောင်မဖမ်းလိုက်ဘူး အိရယ်၊ အခုချိန် လွတ်သွားရင် ညနေကျ ခေါင်းတောက်အောင် ရှာရတော့မယ်"

"အိလည်း ဘယ်သိပါ့မလဲ၊ အမှတ်တမဲ့ဆိုတော့ သူ့အားကို ဘယ်လိုလုပ် ထိန်းနိုင်မှာလဲ"

"ကဲ ပြောပါဦး၊ မင်းက ဘာတွေတွေးလာလို့လဲ"

"အိအလုပ်လုပ်ခဲ့တဲ့ ရန်ကုန်အိမ်က သူဌေးမက အိတို့ရွာကို အလည်လာချင်လို့တဲ့၊ ဖုန်းဆက်တယ်"

"အိမ်ကို ဖုန်းလာတာလား"

"ဟုတ်တယ်၊ အဲဒါကြောင့် ခြံထဲကို အိလာပြောတာပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



ပြောတာထက် တိုင်ပင်ကြည့်ရမလားလို့ပါ''

''ဘာများတိုင်ပင်မှာမို့လဲ၊ အိမ်ရောက်မှပြောလည်း ရရဲ့သားနဲ့၊ ပန်းခင်းထဲထိ ပင်ပန်းအောင် လိုက်လာတယ်၊ ကဲ လာပါကွာ၊ ရောက်လက်စနဲ့ မထူးပါဘူး၊ ကိုယ်လည်း ပန်းစည်းတင်တဲ့ကား ထွက်သွားပြီဆိုတော့ နားလို့ရပါပြီ''

လင်မယားနှစ်ယောက် ပျဉ်ထောင်အိမ်လေးဘက်ကို ထွက်လာပြီး ရှေ့က ခုံတန်းလေးမှာ ထိုင်လိုက်ကြသည်။ ဒီအဆောက်အအုံလေးက ကိုယ်တွေမိသားစု အပန်းဖြေအနားယူကြသည့် နေရာလေးပါ။ တခြားဘက်မှာ ပန်းခင်းစောင့်သည့်တဲတွေ ရှိသလို နားနေဆောင်တွေလည်း ရှိသည်။ အရမ်း စိမ်းစိုလန်းဆန်းမွှေးကြိုင်နေသည့် ပန်းခင်းကြီးကို ပိုင်ဆိုင်ထားတာ နေဝန်းနီအဖေ ဦးဝင်းရွှေကြောင့်။

''ကဲ ပြောပါဦး၊ မင်းအလုပ်ရှင်သူဌေးက ကိုယ်တို့တောကို ဘာသဘောနဲ့ အပန်းဖြေလာမှာတဲ့လဲ''

''ဘာကြောင့်လဲတော့ မသိဘူး၊ အရင်ခါတွေ ဖုန်းဆက်ဆက်နေကတည်းက အိတို့က ပန်းခင်းတွေ, သီးနှံစိုက်ခင်းတွေ လုပ်တယ်လို့ ပြောထားတာ မဟုတ်လား၊ အရမ်းအေးချမ်းတာပဲ၊ အရမ်းနေလို့ကောင်းတာပဲဆိုတော့ လာချင်နေတာနေမှာပေါ့၊ လာရင်တော့ ဧည့်ဝတ်ကျေအောင် ဆက်ဆံရမယ်၊ ကောင်းကောင်းပြုစုရမယ်''

''ဒါပေါ့၊ စေတနာသန့်သန့်နဲ့ ဂရုစိုက်ပေးရမှာပေါ့၊ ပိုက်ဆံ





ချမ်းသာတဲ့သူတွေက ပေလီတွေ ချောင်းသာတွေ သွားပြီး အပန်းမဖြေဘဲ ကိုယ်တို့ဆီလာမှာကိုပဲ အံ့ဩနေတာ''

''ဩော် ရိုးတဲ့နေရာတွေက ဆန်းနေတတ်တယ်ဆိုတာ ဒါမျိုးနေမှာပေါ့၊ အိတို့နေရာက ပကာသနကင်းတယ်လေ၊ အိကတော့ မမဆင့် အခုလို ရောက်လာမှာကို အရမ်းပျော်တာပဲ''

''အဲဒါထားပါဦး၊ မင်း ခုနက တိုင်ပင်မယ်ဆိုတာ ဘာလဲ''

''မမဆင့်ပြန်ရင် နီနီ့ကို ရန်ကုန်ထည့်လွှတ်ရမလားလို့ပါ''

''ဟင် အိမ် အိမ်ဖော်လုပ်ဖို့လား''

ဦးကျော်ခင် အထိတ်တလန့်ဖြစ်သွားတော့ မအိက ရယ်လိုက်ကာ –

''မဟုတ်ပါဘူး အစ်ကိုရယ်၊ ရန်ကုန်မှာ သင်တန်းတွေဘာတွေတက်, ပညာတွေတတ်အောင်လို့ပါ၊ ပြီးတော့ သူများသူစိမ်းတွေ အရိပ်အောက်မှာဆိုရင် ပုံစံတွေ, အကျင့်စရိုက်တွေလည်း ပြောင်းသွားနိုင်တာပေါ့၊ သူလည်း တစ်ခါတစ်ခါ ရန်ကုန်သွားချင်တယ်လို့ ပြောဖူးတာပဲ''

''မင်းကပြောနေ အိရယ်၊ နေဝန်းနီ ဘယ်သူ့ကိုမှ ဘာကိုမှ အကြောက်အရွံ့မရှိတာ သိရဲ့သားနဲ့၊ အဲဒီ မင်းရဲ့သူဌေးကို စိတ်ဒုက္ခပေးမိသလိုဖြစ်မှာ ကိုယ်တော့ အရမ်းစိုးရိမ်တယ်''

ဒီလိုဆိုပြန်တော့ မအိ တွေခနဲ စဉ်းစားမိပြန်သည်။ တကယ်ပဲ နေဝန်းနီက ကိုကျော်ခင်ပြောသလို ဘယ်သူ့ကိုမှ အကြောင်းကြားလန့်



www.burmeseclassic.com

www.burmeseclassic.com



မရှိပါ။ သရဲတစ္ဆေ ပြိတ္တာနဲ့လည်း ခြိမ်းခြောက်ပုံမရ။

သူမှန်တယ်ထင်လျှင် လူကြီးသူမကိုပေ..င် ပက်ခနဲ ပြန်ပြောတတ်သူ။ ဒါပေမဲ့ တမင်တကာ ရိုင်းစိုင်းနေတာမျိုးတော့မဟုတ်။

လူချစ်လူခင်ပေါများသလို တစ်ဖက်သားယဉ်ကျေးလောက်အောင် စကားပြောကောင်း၍ စည်းရုံးသိမ်းသွင်းတတ်သူပါ။ မတရားဘူးထင်လျှင် အဲဒီ ခံရသည့်ဘက်မှ ဘယ်သူဖြစ်ဖြစ် မားမားမတ်မတ် ရပ်တည်ပေးဖို့လည်း ဝန်မလေး။

"ဟုး အဲဒါတော့ နီနီ့အတွက် ရင်လေးစရာ အမှန်ပဲ အစ်ကိုရယ် ဒီအတိုင်း ရွာမှာလည်း မထားချင်ဘူး"

"ကိုယ်လည်း အခုမှ မားမှန်းသိတယ်၊ မိဘမဲ့လေးဆိုပြီး သူများအနိုင်ကျင့် စော်ကားမခံရအောင် ကျူးကျူးလျှားလျှားနေနိုင်းမိတာ။ အခုဆို မိန်းမ,ပီသတာ အစတောင်ရှာမရတော့ဘူး။ မိန်းမအဝတ်အစား ဝတ်နိုင်းလည်း ဟိုကယားတယ်, ဒီကယားတယ်နဲ့ ကုလိကုမာလုပ် ချွတ်ပစ်တာ၊ လောက်လေးခွ လက်မချဘဲ ဟိုပစ်ဒီပစ်၊ ဒီကြားထဲ ငါးက မျှားလိုက်သေးတယ်၊ ပန်းတင်တဲ့ကားလာရင်လည်း နောက်ကနိုးကြယ်၊ အမိုးပေါ် တက်တယ်ဗျာ"

ပြောရင်းနှင့်မိဘဆိုးလို့မရဘဲ နေဝန်းနီပုံစံကိုမြင်ယောင်ကာ လင်မယားနှစ်ယောက်လုံး ရယ်လိုက်မိသည်။

ဘယ်လိုနေနေ ဘာတွေလုပ်လုပ် မုန်းလို့လည်းမရပါ။ ဒါပေမဲ့





ရှေ့ရေးက ရှိသေးသည်။ ပညာအဆင့်အတန်းနှင့် ဘဝအခြေမြင့်အောင်လုပ်ပေးဖို့ တာဝန်တွေ မပြီးပြတ်သေး။

"အဲ့ စဉ်းစားမိသလောက်တော့ နီနီ့ကို မမဆင့်နဲ့ ဘယ်လိုဖြစ်ဖြစ် ထည့်ကြည့်လိုက်ချင်တယ်၊ နောက်မှာဖြစ်လာတဲ့ကိစ္စကို ထပ်စဉ်းစားကြတာပေါ့"

"မင်းသူဌေးက ဘယ်အချိန် လာမှာတဲ့လဲ"

"မနက် ထွက်လာမှာပဲ၊ နေ့လယ်လောက် ရောက်မှာပေါ့"

"ဟင် မြန်လှချည်လား"

"သူလည်း အကြောင်းကိစ္စရှိလို့ နေမယ်၊ တော်ရုံတန်ရုံဆိုဘယ်မှ ခရီးသိပ်ထွက်တတ်တာ မဟုတ်ဘူး၊ သူ့မှာလည်း မောင်တစ်ယောက်, တူတစ်ယောက်နဲ့ အရမ်းစိတ်ပင်ပန်းရတာ၊ နီနီ့ကိုတော့ သေချာမှ လွှတ်မှာပါ"

"အဲဒါဆိုလည်း နီနီ့ကို ခုကတည်းက ပြောထားမှပေါ့၊ ဒီကောင်မလေး အိမ်ကိုပြန်ရောက်ချင် ရောက်နေမှာ၊ ပြန်ရအောင်အဲ့ရယ်"

လင်မယားနှစ်ယောက် ဘုရားတင်ဖို့ ပန်းအနည်းငယ်ယူလျက် ဆိုင်ကယ်နှင့် ပြန်လာခဲ့ကြသည်။

✿



www.burmeseclassic.com

www.burmeseclassic.com



"အောက်မှာ သတ္တိရှိရင် ထိုကြည့်ပါလား။ နေဝန်းနီ အောင်သွယ်ကောင်းလို့ နိုးရာလိုက်ပြေးရအောင် ခင်ဗျားတို့သမီးက သူငယ်နှပ်စားမို့လား။ သမီးလင်ယူမှာစိုးရင် စဥ့်အိုးထဲမှာ အချဥ်သိပ်သလို ထည့်ထားပြီး ပိုင်းကောင်းကျောက်ဖိထားပေါ့"

"ဟဲ့ ထားတာပဲဟဲ့ ငါတို့သမီးကို မျက်စိအောက်က အပျောက်ခံတာ မဟုတ်ဘူး။ သူလည်း အိမ်ထဲက အိမ်ပြင်မထွက်ဘဲ မိဘအလိုကျနေခဲ့တာပဲ။ ညည်းသာ အိညှောင့် အိညှောင့်နဲ့ ဟိုပြောဒီပြော လာမပြောရင် ယောက်ျားနောက် နိုးရာလိုက်ဖို့ စိတ်ပါပါ့မလား"

"ဩော် ဒီကလာပြောလို့ မဖြစ်မနေ လင်နောက်လိုက်ရတယ်ပေါ့လေ၊ နေဝန်းနီကို တစ်ဖက်သတ် စွပ်စွဲပုတ်ခတ်လို့တော့ သည်းမခံဘူးနော်၊ ကိုယ့်သမီး လင်လိုချင်လို့ နန့်နန့်တက်နေတာလည်း ထည့်ပြော"

"မရှိင်းဗိုင်းနဲ့ကောင်မရဲ့၊ ကိုယ့်ဘာသာ မနေနိုင်မထိုင်နိုင်ဖြစ်နေရင် ကိုယ့်ဘာသာယူပါလား။ သူများသားသမီးကို အောင်သွယ်လုပ်စရာလားဟဲ့၊ မိမရှိ ဖမရှိ ကောင်မရဲ့၊ အလေနတောမရဲ့"

"အာ ဒိမိန်းမကြီး"

နေဝန်းနီ စိတ်မထိန်းနိုင်တော့ဘဲ နီးရာတုတ်တစ်ချောင်းဆွဲ၍ အာကျယ်ပါကျယ်ဖြစ်နေသော ဒေါ်ခွေးမကို လိုက်ရိုက်သည်၊ ဒေါ်ခွေးမ ငယ်သံပါအောင် အော်လျက် ပတ်ပြေး၏။





"အောင်မယ်လေး လုပ်ကြပါဦး၊ နေဝန်းနီ ဘီလူးစီးပြီး လိုက်ရိုက်နေလို့ပါ၊ ကယ်ကြပါဦး အရပ်ကတို့ရေ"

"အေးအေးဆေးဆေး ပြောလို့မရဘူး။ ခင်ဗျားကြီးကို သတ်ပြီး ထောင်ထဲဝင်မယ် သိလား၊ လူကိုလာပြီး မိမရှိ ဖမရှိ အလေနတောလို့ ပြောတာ မကျေနပ်ဘူး။ သတ်မယ် သေအောင်သတ်မယ်"

ထိုမြင်ကွင်းကို ဦးကျော်ခင်နှင့်မအိ မြင်တွေ့သွားကာ အိမ်ရှေ့မှာပင် ဆိုင်ကယ်ကို ထိုးရပ်ပြီး နေဝန်းနီနောက် အပြေးလိုက်ဆွဲရသည်။

"ဟဲ့ နီနီ၊ ညည်း ခြေလွန်လက်လွန်တွေဖြစ်မယ်နော်၊ ရပ်ကွက်လူကြီးဆီ သွားတိုင်လို့ အဖမ်းခံနေရဦးမယ်၊ လာ လာ အိမ်ကိုသွားမယ်"

"မသွားဘူး၊ အဲဒီမိန်းမကြီးကို ရအောင် လိုက်သတ်မှာ၊ ဖမ်းချင်ဖမ်း, ထောင်ကျချင် ကျပါစေ၊ နီ့ကို အဲလိုပြောတာ မကျေနပ်ဘူး"

"ကဲပါ စိတ်ကိုလျှော့ပါ၊ ကိုယ်က ဘာလို့ ပြဿနာကို မီးသွားမွှေးလဲ၊ အခု လောင်တော့ ကိုယ့်ကိုပါ ကူးစက်တာပေါ့၊ အဲဒါကြောင့် အဲလိုတွေ မလုပ်ပါနဲ့လို့ ခဏခဏ သတိပေးနေတာ"

"သူ့သမီး နိုးရာလိုက်တာ နီကြောင့်သက်သက်မှ မဟုတ်ဘဲ၊ ဟိုကောင်လေးပြောခိုင်းတာ ပြောပေးရုံပဲ၊ အဲဒါနဲ့ နီ့ကို စွပ်စွဲရလား"

"မပြေးသော်လည်း ကန်ရာက ရှိပြီးသားလေ၊ သူတို့ ပြောတဲ့ သူ့အလွန် မဟုတ်ဘူး။ ညည်းကိုက မနေတတ် မထိုင်တတ် ဝင်ခဲ့ပါတာကိုး၊ လာခဲ့၊ ပြဿနာ ပိုမကြီးအောင် အိမ်မှာငြိမ်ငြိမ်နေ"



www.burmeseclassic.com

www.burmeseclassic.com



ဂျစ်ကန်ကန် ပေကတ်ကတ်လုပ်နေသော နေဝန်းနီကို ဦးကျော်ခင်နှင့် မအိ တစ်ဖက်တစ်ချက်မှ ဆွဲရှုန်းလျက် အိမ်ဘက်ခေါ်လာခဲ့ရသည်။

နေဝန်းနီ ကျွန်းဆက်တီခုံကြီးပေါ် ထိုင်ချလိုက်သည့်အချိန်ထိ မကျေမချမ်း ဖြစ်နေဆဲပါ။

"ညည်း ဒီအတိုင်း ဆက်နေသွားလို့တော့ မဖြစ်တော့ဘူး နီနီ၊ ပါတို့မှာ စိတ်လည်းမောၿ ရင်လည်းမောနဲ့ ရောဂါတွေလည်း ရနေပြီ"

"နီက ဘာလုပ်လို့လဲ"

"ပြောလိုက်ရင် အပြစ်မရှိသလိုနဲ့၊ ဘာလုပ်သို့လဲ ဟုတ်လား၊ ကိုယ်လုပ်တာ ကိုယ်မသိဘူးလား၊ မိန်းကလေးပီပီသသ ဘာတစ်ခုမှ မရှိဘူး။ ကြီးကြီးငယ်ငယ် တွဲသတ်ဖို့ ရန်ဖြစ်ဖို့ ပြန်ပြောဖို့ ဝန်မလေးဘူး"

"နီ့ကို ပိုးစိုးပက်စက်ပြောတာ သည်းခံနေရမှာလား၊ လူကြီးက မှုမှုတတ လူကြီးစကားမပြောရင်တော့ သူသေကိုယ်သေ ပြန်လုပ်မှာပဲ"

"အေး အဲဒီလိုလုပ်တော့ ပြဿနာတက်ပြီပေါ့။ ရပ်ကွက်ထဲမှာ မိန်းကလေးတန်မဲ့ အော်ကျယ်အော်ကျယ် ရန်သတ်နေတာ မရှက်ဘူးလား၊ ပြောနေလည်း မောပါတယ်အေ၊ ညည်းကို ရန်ကုန်ပို့ပစ်တာ အေးပါတယ်"

"ဟင် ရန် ရန်ကုန်ဟုတ်လား"

"ဘာလဲ မသွားချင်ဘူးလား"





"သွားချင်တာပေါ့၊ သွားချင်တယ်၊ တကယ်ပြောတာနော် ဒေါ်လေးအိ"

နေဝန်းနီက လက်ညှိုးလေးထောင်ကာ သေချာအောင်မေး၏။ မအိက လေးတွဲ့သော သက်ပြင်းကြီးကိုချ၍ နေဝန်းနီပခုံးလေးကို ဖက်တွယ်လိုက်သည်။

"ဒေါ်လေးတို့နဲ့ ခွဲသွားရမှာကို ပျော်နေလား"

"အဲလိုမဟုတ်ပါဘူး ဒေါ်လေးအိကလည်း"

"အေး ဘယ်လိုပဲဖြစ်ဖြစ် ရန်ကုန်ရောက်ရင် ဒီမှာနေသလို နေလို့တော့ မရဘူး။ သူများအိမ်မှာနေရင် သူများမျက်နှာ ကြည့်နေတတ်ဖို့လိုတယ်"

"ဟင် ဘယ် သူများအိမ်မှာ နေရမှာလဲ၊ နီ့ဘာသာ အခန်းငှားနေပြီး သင်တန်းတွေဘာတွေ တက်မှာပေါ့"

"အဲလိုတွေနေမှာ စိတ်မချလို့ မပို့ခဲ့တာပေါ့အေ၊ အခုက ရန်ကုန်က ဒေါ်သည်လာရင် ထည့်လွှတ်လိုက်မှာ၊ အဲဒီအိမ်မှာ နေရမှာ၊ မနေနိုင်ဘူးဆိုပြီး ညည်း ထင်ရာလုပ်မယ်ဆိုရင်တော့ အခုကတည်းက မသွားနဲ့တော့"

"အာ ဒေါ်လေးတို့က အကျပ်ကိုင်ပြီဗျာ၊ သူများအိမ်မှာ သူများမျက်နှာကြည့်ပြီး မနေနိုင်ပါဘူး၊ ပြီးတော့ သူတို့အလုပ်တွေ ဘာတွေ ဝိုင်းကူလုပ်နိုင်းရင်လည်း နီက လုပ်ချင်တာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ညည်းစဉ်းစားလေ၊ တခြားမှာနေရင် ငါတို့က ဒီကနေ စိတ်ပူလို့သေမှာ၊ အဲဒီတော့ မျက်စိအောက်မှာပဲ ဘာဖြစ်ဖြစ် ထားရတော့မှာပဲ"

"ဟုတ်တယ် နီနီ၊ ညည်းကို စိတ်မချလို့ ဦးကျော်တို့ ဘယ်မှ မလွှတ်ဘဲ ထားခဲ့တာ၊ မျက်နှာလွှဲခဲပစ် မလုပ်ရက်ဘူး။ အခုလည်း ထည့်ချင်လို့တော့ မဟုတ်ဘူး။ ညည်းရှေ့ရေး စဉ်းစားပြီး မခွဲချင်လည်း ခွဲရမှာ၊ အဲဒီအိမ်မှာ ကောင်းကောင်းမွန်မွန်နေပြီး ပညာတွေတတ်မယ့် ညည်း ပြုပြင်ပြောင်းလဲလာမယ်ဆိုရင် ဦးကျော်တို့ စိတ်ချမ်းသာတာပေါ့"

အသံတုန်တုန် မျက်ရည်တွေလည်လျက် ပြောနေကြတာမို့ နေဝန်းနီ စိတ်မကောင်းဖြစ်သွားရသည်။ ဒီဦးလေးနှင့် အဒေါ်က မိဘတွေနဲ့မခြား မေတ္တာပေးနိုင်ကြသူတွေပါ။

သူမ ဘယ်လောက်ဆိုးဆိုးလည်း အနှံတာခံ၊ သည်းခံကြသည်။ ငယ်စဉ်ကတည်းက မငြိုမငြင်လည်း စောင့်ရှောက်ပေးခဲ့ကြ၏။

"ကဲပါ ဦးလေးကျော်နဲ့ ဒေါ်လေးအိရယ်၊ နီ အဆင်ပြေအောင် နေပါ့မယ်၊ မနေနိုင်တော့လည်း ဦးလေးကျော်တို့ဆီ ပြန်လာမှာပေါ့၊ ဒီမှာထက်တော့ ဘယ်သူ့ကိုမဆို သည်းခံပြီး နေကြည့်ပါ့မယ်"

"ဟင် တကယ်လား နီနီ"

"ဦးလေးကျော်တို့ မျက်နှာမပျက်စေရဘူးဆိုရင် ပြီးရော မဟုတ်လား"





"မနေနိုင်ဘူးဆိုပြီး တခြားကို ထွက်မသွားဘူးလို့လည်း ကတိပေး"

"ပေးတယ်ဗျာ၊ အရမ်းချုပ်ချယ်လို့ မွန်းကျပ်ပြီး မနေနိုင်ရင် ပြန်လာပါမယ်ဆို၊ ဒါနဲ့ အဲဒီညွှန့်သည်က ဘယ်နေ့လာမှာလဲ"

"မနက်ဖြန်"

"မနက်ဖြန်"

သံယောင်လိုက်ရင်း နေဝန်းနီ မျက်နှာလေး ပြုံးယောင်သမ်းသွား၏။

ဘာပဲဖြစ်ဖြစ် အတွေ့အကြုံသစ်ရတာပေါ့လေ။ မဟာရန်ကုန်မြို့တော်ကြီးက ဘယ်လိုမျိုးလဲ မှန်းမျှော်ကြည့်ရင်း၊ မနက်ဖြန်ဆိုတာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"မမဆင့် တန်းတန်းမတ်မတ် ရောက်လာသားပဲ၊ အိက စိတ်ပူနေတာ"

"ညည်းက လိပ်စာတိတိကျကျ ပေးထားတော့ ဆိုင်ကယ်ကယ်ရီသမားကို ပြလိုက်တာနဲ့ မြိုင်မဟာပန်းခြံပဲ သိတယ်ဆိုပြီး လိုက်ပို့တာ၊ ဘယ့်နှယ် လေကောင်းလေသန့်ရှူပြီး ကျန်းမာရေးကောင်းလို့လား မသိဘူး၊ ဝလို့လှလို့ပါလား အိရဲ့"

"ဟုတ်ကဲ့ မမဆင့်၊ အေးအေးဆေးဆေး အနားယူပါဦးနော်၊ ခြံကထွက်တဲ့ သစ်သီးဖျော်ရည်လေးလည်း သောက်ပါ၊ ဟဲ့ နေဝန်းနီ၊ မမဆင့်လက်ဆွဲအိတ်တွေ ဒီကိုယူလာနော်"

"ဟုတ်ကဲ့ ဒေါ်လေး"





လက်ဆွဲအိတ်တစ်လုံး ခြင်းတစ်ခြင်းဆွဲ၍ နေဝန်းနီ ကျားကျားလျားလျား ဝင်လာသည်။ မိန်းကလေးဆိုသော်လည်း နှုတ်ခမ်းနီ ပါးနီဆိုးမထား။ ဆံပင်ကလည်း အရှည်မဟုတ်။

ရန်ကုန်မှာဆို အီမိုကေခေါ်မလား မသိ။ တစ်ခြမ်းက တိုတိုတစ်ခြမ်းက ရှည်ရှည်။ အနက်ရောင်ပြောင်နေတာလည်း မဟုတ်ဘဲ နီကြင်ကြင်။ အဝတ်အစားက ပိုဆိုးသည်။

တီရှပ်နှင့် ဘောင်းဘီက တိုတိုပွပွ။ ခြုံကြည့်လိုက်လျှင် မိန်းမတစ်ယောက်ရဲ့ ဂုဏ်အင်္ဂါလက္ခဏာ ရှာမတွေ့မိသလိုပင်။

ဒါပေမဲ့ မျက်နှာလေးက ဖူးဖူးစင်စင်လေးနှင့် ဝင်းဖန့်နေအောင် လှရက်လွန်းသည်။ မျက်လုံးလေးတွေက ပြူးပြင်ထားတာ မဟုတ်ဘဲ သဘာဝအတိုင်း ပေါ်လွင်နေ၏။

"သူလေးက ဘယ်သူလဲ အိ"

"မမဆင့်ကို အိပြောဖူးတယ်လေ၊ အိယောကျ်ားရဲ့သူငယ်ချင်းကျန်ခဲ့တဲ့ သမီးလေးပါ၊ နေဝန်းနီတဲ့၊ အခု အိတို့က စောင့်ရှောက်ပေးနေရတာပေါ့၊ အိတို့ အခုလို တိုက်နဲ့တာနဲ့ လုပ်ငန်းတွေနဲ့နေနိုင်ကာလည်း သူ့အဖေကျေးဇူးတွေကြောင့်လေ"

"ပန်းခင်းအပြင် ဘာလုပ်ငန်းတွေ ရှိသေးလို့လဲ"

"သီးနှံစိုက်ပျိုးရေးခြံ ရှိတယ်၊ မွေးမြူရေးခြံလည်း ရှိတယ်၊ အခု အိတို့လက်ထက်မှာ ပစ္စည်းတွေတင်တဲ့ ကုန်ကားနှစ်စီးပါ ဝယ်နိုင်ပြီ

မမဆင့်ရဲ့၊ ဒါတွေကလည်း အိတ်တို့မှာ သားသမီးမရှိတော့ သူ့အတွက် ချည်းပါပဲ''

''ဪ ဒါဆို သူက တောသူဒွေးမလေးပေါ့''

''တောသူဒွေးမဟုတ်ပါဘူး အန်တီရဲ့၊ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကြီးမှာ တောတွေ့ရွာတွေဆိုတာ မရှိတော့ဘူး၊ ခေတ်နဲ့အညီ အရာအားလုံးကို တစ်ပြေးညီ သိခွင့်မြင်ခွင့်ရှိလာတဲ့ မြို့တွေ နယ်တွေ ဖြစ်ကုန်ပါပြီ''

''ဪ အေး အေး ဟုတ်ပါပြီ မြို့သူဒွေးပေါ့ သူဒွေးမလေး''

ပက်ခနဲ ဝင်ပြောလိုက်သော နေဝန်းနီကို ဒေါ်ခင်ခင်ဆင့် အလိုက်သင့် ပြန်ပြောလိုက်ရ၏။ ကိုယ်က မြို့ကလာပြီး ခေတ်နောက်ကျ ကျန်ခဲ့လို့ မဖြစ်ပါ။

မအိကတော့ အတွင်းကျိတ် ပေါင်တွင်းကြောလိမ်ခွဲလိုက်ကာ

''လူကြီးက ဒါဆိုရင် ဟုတ်ကဲ့လို့ပဲ ပြောစမ်းပါ၊ သွား သွား မစန်းတို့ ထမင်းဟင်းချက်တဲ့နေရာ ပိုင်းကူလုပ်ချည်စမ်း၊ ဒီနေ့ ညည့်သည် ကို ထမင်းကျွေးရမှာမို့ မြန်မြန်ချက်လို့''

''အန်တီကြီး၊ ဒီကိုရောက်တုန်းရောက်ခိုက် ကြက်သားဟင်း ကာလသားချက်လေး စားမလားဟင်၊ နီ ကြက်တစ်ကောင် ခေါက်လိုက်မယ်''

''ဘာလဲဟဲ့၊ ကြက်ကိုခေါက်မယ်ဆိုတာ''





''သူ့ကိုယ်တိုင် သတ်မယ်လို့ပြောတာ မမဆင့်ရေ၊ ကဲ သွားစမ်း ပါ နေဝန်းနီရဲ့၊ နင့်ဦးလေးလာရင် ငါရိုက်ပစ်အောင်ကို တိုင်လိုက်မယ် နော်''

''ဟဲ ဟဲ မလုပ်လိုက်ပါနဲ့၊ ဒေါ်လေးကလည်း စိတ်ကြီးပဲ၊ ညည့်သည်အားနာနေမှာစိုးလို့ ပြောပေးတာပါ၊ သွားပြီ သွားပြီ''

ပြုံးဖြဲဖြဲနှင့် ခုန်ပေါက်ထွက်သွားသော နေဝန်းနီကို မအိက မျက်စောင်းထိုး၍ တဟားဟား အံကြိတ်ပြလိုက်ပေမယ့် ဒေါ်ခင်ခင်ဆင့် က သဘောတွေကျကာ ရယ်နေသည်။

''အသွက်ကလေးပါလား အိရဲ့၊ ပြောမနာ ဆိုမနာ သွေးရင်း သားရင်းတွေလို ဖြစ်နေကြပြီ ထင်တယ်၊ အိတို့ကိုလည်း ခင်တွယ်တဲ့ပုံ ပဲ''

''ခင်တွယ်ရုံမကဘူး မိဘတွေထက်ကို နွဲ့ဆိုးဆိုးလွန်းလို့ ခက် နေတာ မမဆင့်ရေ၊ ကိုယ်တွေက မိဘမဲ့လေးဆိုပြီး အလိုလိုက်ခဲ့တော့ မလေးစားတော့ဘူးလေ၊ သူပြောချင်တာပြော, သူလုပ်ချင်တာ လုပ်တာ''

''အင်း အိရင်ဖွင့်ရင် မမဆင့်လည်း ဖွင့်ရဦးမယ်၊ ခုခေတ် ကလေးတွေကိုက အဲလိုတွေလား မသိပါဘူး၊ အိမ်ကသားအဖလည်း ပြောမနိုင် ဆိုမနိုင်ဘဲ၊ မမဆင့်လည်း မှတ်လောက်သားလောက် ဖြစ် အောင် ထားပစ်ခဲ့ဦးမှဆိုပြီး ထွက်လာခဲ့တာ၊ သံယောဇဉ်ကမလွယ်ဘူး ကွယ်၊ ဘာတွေဖြစ်နေကြမလဲလို့ တွေးပြီး လမ်းမှာကတည်းက နောက်ဆံ

www.burmeseclassic.com



တင်းနေပြန်ရော''

''ရောက်မှတော့ စိတ်ချလက်ချ နေပါတော့ မမဆင့်ရယ်၊ လူ့ဘဝမှာ သူမရှိလို့ မဖြစ်ဘူး၊ ကိုယ်မရှိလို့ မဖြစ်ဘူးဆိုတာမျိုး မရှိပါဘူး၊ ကိုယ်ကပူနေရင် သူတို့က ပိုရောင့်တက်တယ်''

''အရင်ကနဲ့မတူဘူး၊ အိမ်ထောင်ကျပြီးမှ အိ ရင့်ကျက်လာပါလား၊ ဒီလို လူကောင်းသူကောင်းလေးကို စွန့်လွှတ်လိုက်ရတာ မမဆင့်စိတ်မကောင်းဘူးကွယ်၊ ဒါပေမဲ့ အိမ်ထောင်ကျကောင်းပြီး ဒီလို အခြေအနေနဲ့ မြင်ရတော့ စိတ်ချမ်းသာရပါတယ်၊ ဒါနဲ့ အိယောကျ်ား မတွေ့ပါလား''

''ဟုတ်ကဲ့၊ ဒီနေ့ သစ်သီးသွားပို့တဲ့ကား ပြန်ရောက်လို့ ကုန်သည်တွေဆီက ငွေသွားရှင်းတယ်၊ မမဆင့်ရောက်နေမယ်ဆိုတာသိလို့ စောစောပြန်လာမှာပါ၊ ရင်အေးအောင် သစ်သီးဖျော်ရည်လေး သောက်လိုက်ပါဦး မမဆင့်''

မအိ လက်ကမ်းပေးသည့် သစ်သီးဖျော်ရည်ခွက်လေးကို ဒေါ်ခင်ခင်ဆင့် ယူသောက်လိုက်သည်။ ရေခဲထည့်ထားတာမို့ ရင်ထဲမှာ အေးဆင်း၍ အရသာရှိလှသည်။

နေဝန်းနီဆိုသော မိန်းကလေးပြောသလို တောရွာလို့ခေါ်ဝေါ်လို့ မရတော့ပါ။ ရေမီးအစုံ ခြံဝင်းကျယ်တိုက်အိမ်ကြီးနှင့် နေနိုင်တာ နည်းတဲ့အဆင့်အတန်းလား။





စီးပွားရေးလုပ်ငန်းတွေနှင့် စီးစရာဆိုင်ကယ်၊ ကား အားလုံးရှိနေတာ အိတို့ ကံကောင်းသည်။ မိမိတို့အိမ်မှာ အိမ်အကူဝန်ထမ်းလုပ်သွားသည့်ဘဝမျိုးနှင့် တခြားစီ။

အိမ်ရှင်တွေအပေါ် ရိုးသားဖြောင့်မတ်သစ္စာရှိခဲ့လို့ ဒီလိုဘဝမျိုးနှင့် နေရတာနေမှာပေါ့။

''ကောင်းလိုက်တာကွယ်၊ အသီးအနှံတွေက လတ်လတ်ဆတ်ဆတ်မို့ ထင်တယ်၊ ဒီမှာ ကြာကြာနေရင် အသက်ရှည်လောက်တယ်''

''နေပါ မမဆင့်ရယ်၊ အိတို့ မငြိုမငြင် ပြုစုပါ့မယ်၊ နောက်နေ့တွေ သစ်သီးခြံနဲ့ ပန်းခင်းတွေထဲ လိုက်ပို့မယ်၊ မမဆင့်ပြန်ချင်မှာတောင် မဟုတ်ဘူး''

''အင်း မပြန်လို့လည်း မဖြစ်ပါဘူးကွယ်၊ ဝဋ်ကြွေးတွေက ရှိသေးတယ်လေ၊ ပွဲရုံကလည်း ကိုယ်မရှိ မဖြစ်ဘူး၊ နေရောင်ခြည်က အခုထက်ထိ မျက်နှာလွှဲ အားကိုးလို့မရတာ ဘယ်လိုလုပ်မလဲ''

''ဟို ကိုရောင်ခြည်သားလေး ဘယ်အရွယ်ရောက်နေပြီလဲ မမဆင့်''

''ခုနကောင်မလေး အရွယ်လောက် ရှိမယ်၊ ဒီနှစ် နောက်ဆုံးနှစ်ဖြေပြီးတယ်လေ၊ ရိုးရိုးဘွဲ့လက်မှတ်နဲ့ ဘာမှလုပ်စားလို့လည်း မရဘူး၊ အခုခေတ်က ဘွဲ့လက်မှတ်ကိုင်ထားလည်း လူရာမဝင်တာ၊ သင်တန်းတွေ ဘာတွေတက်၊ ထူးချွန်ပြောင်မြောက်အောင် လုပ်နိုင်မှ''



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါတော့ ဟုတ်တယ် မမဆင့်၊ ဒီခေတ်က စာတတ်ရုံနဲ့ မရဘူး၊ ပညာပါတတ်မှ ဖြစ်တာ၊ နေဝန်းနီကိုလည်း အဲဒါ ပြောနေရတာပေါ့၊ အဝေးသင်နဲ့ ဘွဲ့တော့ ရပါရဲ့၊ ဘာမှကို သုံးစားမရတာ''

ရန်ကုန်ထည့်လိုက်ချင်တယ်လို့ ပြောရမှာ ပြောမထွက်ဖြစ်နေသည်။ မောင်နဲ့တူကြောင့် စိတ်အပန်းပြေရောက်လာသည့် လူကို အမောဆို့အောင် အကူအညီတောင်းမိသလို ဖြစ်မှာစိုးရိမ်၏။

နောက်မှ အေးအေးဆေးဆေး ဆွေးနွေးကြည့်တာ ကောင်းလိမ့်မည်ထင်သည်။

မခေါ်နိုင်ပါဘူးလို့ ပြောလည်း မတတ်နိုင်ဘူးပေါ့။

ဟင်း နေဝန်းနီ အလိုက်ကန်းဆိုးသိမှပဲ။

✿ ✿ ✿



## အခန်း (၄)

အရောင်စုံ အမျိုးစုံသော ပန်းခင်းကြီးက သင်းပျံ့မွှေးကြိုင်လျက် တစ်မျှော်တစ်ခေါ်။

မြောင်းပေါင်လေးတွေပေါ်က ဖြတ်လျှောက်ရင်းနှင့် ငေးမောလို့မဆုံး ဖြစ်နေပြီး ဒီနေရာလေးမှာပင် ထိုင်ချလိုက်ချင်သည်။

မိမိတို့ဆီမှာ မြင်တွေ့ဖို့ ခဲယဉ်းလှသည့် တန်ဖိုးကြီးခံစားမှုအရသာမျိုးပါ။

''အလုပ်သမားတွေ များသားပဲနော် အိ''

''ဟုတ်ကဲ့၊ ပန်းပင်တွေကို ဂရုစိုက်စောင့်ရှောက်စိုက်ပျိုးတဲ့သူ၊ ပန်းခူးတဲ့သူ၊ နေ့ဝင်ချိန် ခြံစောင့်တဲ့သူနဲ့ဆိုရင် ဝန်ထမ်းငါးဆယ်လောက်ရှိတယ် မမဆင့်ရဲ့၊ သစ်သီးခြံဘက်လည်း ဒီဝန်ထမ်းတွေကိုပဲ အားကိုး



www.burmeseclassic.com

www.burmeseclassic.com



ရတာယ်လေ၊ သူတို့အတွက်လည်း အလုပ်မပြတ်တော့ ဝင်ငွေကောင်းတာပေါ့''

''အေးကွယ်၊ ရန်ကုန်မှာ ငွေရှာရတာ အပြိုင်အဆိုင် အတက်အကျနဲ့ စိတ်ရောလူရော ပင်ပန်းတယ်၊ ဒီလို အေးအေးချမ်းချမ်း လုပ်စားရမှ အသက်ရှည်မှာ၊ အရောင်းအဝယ်ရော ကောင်းရဲ့လား ဒီ''

''ဟုတ်ကဲ့၊ အခုခင်ပြေပြီပါတယ်၊ ရာသီပေါ်သီးနှံတွေထဲက နိုင်ငံခြားထိ တင်ပို့လို့ရအောင် အောင်မြင်မှု ရှိပါတယ်၊ ဒီပန်းတွေကလည်း တစ်နိုင်ငံလုံးထိ ဟင်ပို့နိုင်အောင် အရှည်အသွေးမြှင့်ထားတယ်လေ''

''အင်း ဒီတို့ တော်တော်အောင်မြင်နေကြပြီပဲ၊ ဝမ်းသာတယ်ကွယ်၊ စိုက်ပျိုးရေးနဲ့စီးပွားရှာတာ အရမ်း အကျိုးလိုက်တဲ့အလုပ်ပါ၊ ဟဲ့ ဟဲ့ ဟိုကောင်မလေးက ဘာကြီးတွေ ယူမ်းလာတာလဲ''

မျက်မှန်ကို မ,တင်ပြီး ဒေါ်ခင်ခင်ဆင့် စိတ်ဝင်တစား လက်ညှိုးထိုးပြရာကို လှည့်ကြည့်လိုက်တော့ ဖရဲသီးနှစ်လုံးကို ပခုံးတစ်ဖက်စီထမ်းလာသည့် နေဝန်းနီကို တွေ့လိုက်ရသည်။

ဂျင်းဘောင်းဘီအရှည်ကို ဒူးအောက်နားထိ ခေါက်ဝတ်ထားသော နေဝန်းနီပုံစံက တလွှားလွှား။

''ရန်ကုန်က အန်တီကြီး၊ လာဗျို့ ဖရဲသီးစားရအောင်၊ လတ်လတ်ဆတ်ဆတ် ချိုမှချို''

နေဝန်းနီအော်သံကြောင့် ဒေါ်ခင်ခင်ဆင့်နှင့်အဒိ နားနေဆောင်





ဘက် ပြန်လာခဲ့ကြသည်။

''ဖရဲသီးကြီးက အကြီးကြီးပါလား၊ ဓားမရှိတဲ့ ဘယ်လိုခွဲမှာလဲ၊ အိမ်ကျမှ စားရမှာလား''

''အိမ်ကျမှ စားရမှာမဟုတ်ဘူး၊ အခု စားရမှာ၊ ဓားမပါလည်း ခွဲလို့ရတယ် ကြည့်နေ၊ ဒီးယား(စ်)''

''ခွမ်း''

''ဟဲ့ ပလုတ်တုတ်''

စားပွဲရှည်ပေါ်တင်ထားသော ဖရဲသီးကို နေဝန်းနီ လက်ဝါးစောင်းနှင့် မာန်သွင်းကာ ခွဲချလိုက်တာမို့ ဒေါ်ခင်ခင်ဆင့် လန့်ဖျပ်ကာ အော်လိုက်မိသည်။ အာဂကောင်မလေးပါလား။

မှော်တွေသွင်းကာ ခွဲလိုက်သလား မသိ၊ ဖရဲသီးက အစိတ်စိတ် အမြွာမြွာ ကွဲအက်သွားသည်။

ပြီးတော့ ဒေါ်ခင်ခင်ဆင့်လက်ထဲ တစ်စိတ်ထည့်ပြီး သူမကိုယ်တိုင်လည်း အားရပါးရ တရှမ်းရှမ်းနှင့် ကိုက်စား၏။ ကြည့်နေရင်းနှင့် သွားရည်တောင် ယိုချင်သလိုလို။

''စားကြည့်လေ အန်တီကြီး၊ အရမ်းချိုပါတယ်ဆို''

''အေး အေးပါကွယ်''

''ဖရဲသီးမကြိုက်ရင်လည်း ပြောနော်၊ တခြားအသီးတွေ သွားခူးပေးမယ်''



www.burmeseclassic.com

www.burmeseclassic.com



"နေပါစေကွယ်၊ ကြိုက်ပါတယ်၊ အောင်မယ်လေး ချိုသားပဲဟဲ့ စားလို့ကောင်းလိုက်တာ၊ ကျေးဇူးတင်တယ်နော်"

ရေမဆေး ဘာမဆေး ဒီအတိုင်းခွဲကျွေးတာကို မအိ ကြားထဲက အားနာနေသော်လည်း ဒေါ်ခင်ခင်ဆင့်က သဘောတွေကျနေသည်။

နေဝန်းနီစားတာကို ကြည့်ပြီး အားရပါးရ ပေပေရေရေပင် စားနေ၏။

"အိုကေတယ် မဟုတ်လား အန်တီကြီး"

"အိုကေပါတယ်ကွယ် အိုကေပါတယ်"

"ဒေါ်လေးအိ ခြံထဲမှာ ချက်ပြုတ်စားပြီး ညနေမှ ပြန်ရအောင်လေ"

"ဟဲ့ ညည်းသည်ကို ခြံထဲမှာ ဖြစ်သလိုချက်ပြုတ်ကျွေးလို့ ဖြစ်မလား၊ နင့်ဦးလေးကို မြို့ဈေးသွားပြီး အသားဝယ်ခိုင်းထားတယ်၊ ပြန်လာရင် ဖွယ်ဖွယ်ရာရာ ချက်ကျွေးရမှာပေါ့"

"ဩော် ဒုက္ခများအောင်ကွယ်၊ မြို့မှာ အသားဟင်းတွေ စားရလို့ ငြီးငွေ့နေတာ၊ ဒီက အသီးအရွက် လတ်လတ်ဆတ်ဆတ်လေး စားရရင် တော်ပါပြီ"

"ဟာ အန်တီကြီးပြောမှ သတိရတယ်၊ နီ ငါးမျှားပြီး ငါးချက်ကျွေးမယ်၊ အန်တီကြီး လျှာလည်သွားစေရမယ်၊ သိလား"

"ဟဲ့ ဟဲ့ နေဝန်းနီ"





မအိ လှမ်းအော်တာကို နေဝန်းနီ ဂရုမစိုက်ပါ။ ငါးမျှားတံတွေဆွဲလျက် တစ်ဟုန်ထိုး ပြေးထွက်သွားသည်။

ဒေါ်ခင်ခင်ဆင့်လည်း မျက်လုံးမျက်ဆန် ပြူးသွားကာ –

"အဲ အဲဒါ ဘယ်သွားတာလဲ ဟင်"

"ငါးသွားမျှားတာလေ၊ မမဆင့်ကို ချက်ကျွေးမလို့တဲ့"

"ဟင် အဲလိုအလုပ်တွေလည်း လုပ်တတ်တယ်ပေါ့၊ သူက ယောကျ်ားလေးစိတ်ပေါက်နေတာလား အိရယ်"

"မဟုတ်ပါဘူး မမအိရဲ့၊ သူ့ကို မိဘမဲ့လေးဆိုပြီး အနိုင်မခံရအောင်, အားမငယ်တတ်အောင် ကိုကျော်ခင်က ပညာစုံသင်ပေး၊ ကျားကျားလျားလျားနေတတ်အောင် သွန်သင်ဆုံးမနဲ့ အဲလိုပုံစံ ပေါက်သွားတာပဲ၊ သူ မလုပ်ရဲတာ, မလုပ်တတ်တာ မရှိဘူး။ ကောင်းတာကို ပြောတာမဟုတ်ဘူးနော်၊ မကောင်းတာကို ပြောတာ"

"ညည်းတို့နှယ်အေ၊ လမ်းကြောင်းမှားအောင် လုပ်ပစ်ရလား။ မိန်းကလေးအသွေးအရည်လို တစ်စက်မှ နူးနူးညံ့ညံ့ မရှိဘူး။ ဒါပေမဲ့ ချစ်တော့ချစ်စရာလေးနော်၊ မျက်နှာလေးက ဖွေးသန့်နေတာပဲ"

"အဲလိုလှနေလို့ အန္တရာယ်များမှာစိုးပြီး ပုံစံပေးမှားသွားတာလေ မမဆင့်ရဲ့၊ အခု ဘယ်သူမှ အကြောက်အလန့် မရှိတော့ဘူး။ အဲ သူ့မှာ ထူးခြားတာတစ်ခု ရှိတယ်"

"ဘာများလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အောင်သွယ်တော့ ကောင်းသလားမမေးနဲ့၊ သူကြားဝင်လိုက်တဲ့ အတွဲက မရဘူးဆိုတာ မရှိဘူး၊ အမြန်ဆုံး လက်ထပ်ဖြစ်သွားတာချည်းပဲ"

"ဟင် သူ့ပညာက အဲလောက်စွမ်းသလား"

ဒေါ်ခင်ခင်ဆင့် စိတ်ဝင်တစားမေးတော့ မအိ ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်။ ရန်ကုန်ခေါ်ချင်ခေါ် မခေါ်ချင်နေ ဇာတ်စုံခင်းပြဖို့ ဆုံးဖြတ်လိုက်၏။

"မယုံရင် မမဆင့် အခုအိမ်ထောင်ပြုချင်တယ် ပြောကြည့်ပါလား၊ သူတစ်ယောက်ယောက်နဲ့ ဝင်လုံးပြီး ချက်ချင်း လက်ထပ်ပွဲကျင်းပသွားစေရမယ်"

"အောင်မယ်လေးအေး ငါ့တော့ မလုပ်ပါနဲ့၊ ဒီအသက်အရွယ်ထိ မောင်နဲ့တူလေးကြောင့် ရည်းစားထားချိန်တောင် မရခဲ့ပါဘူး။ စိတ်တွေကုန်လွန်းလို့ တကယ်ပြောတာ"

"ဟင်း ဟင်း၊ အလကားစတာပါ မမဆင့်ရယ်၊ နေဝန်းနီ အောင်သွယ်ကောင်းတယ်ဆိုတာ ကြွားချင်လို့ပါ"

ဒါကိုတော့ ဒေါ်ခင်ခင်ဆင့် စိတ်ဝင်စားသည်။ မိန်းမယူဖို့ ဘူးခံငြင်းနေသည့် နေရောင်ခြည်ကို ဒီလိုလူမျိုးနှင့် တွေ့ပေးလိုက်လို့ကတော့ မြန်မြန်လက်ထပ်ပေးပါတွေ ဘာတွေ ဖြစ်သွားနိုင်သည်။

ဒါမှ နေရောင်ခြည်အတွက် စိတ်အေးရမှာ၊ နေနကွတ်လည်း





အားပေးအားမြှောက်ခဲ့သူ မရှိတော့လို့ ဒီထက်အခြေအနေ ကောင်းနိုင်၏။

ဒါပေမဲ့ စရိုက်ကြမ်းလွန်းတာကိုတော့ မကြိုက်။

"အန်တီကြီးရေ ငါးရလာပြီ၊ ချက်ကျွေးမယ်ဗျို့"

တစ်နာရီလောက်အကြာမှာ ငါးတွေကို လျှော်ကြိုးတစ်ချောင်းနှင့်သီလျက် နေဝန်းနီ ပြန်ရောက်လာသည်။

ကချို့ငါးတွေက အသက်မသေသေးဘဲ တဖျပ်ဖျပ်။

"အဲဒါကြီးတွေ ဘယ်လိုလုပ်မှာလဲဟယ်၊ ငရံ့ကြီးတော့မှာပဲ"

"ခုတ်ပိုင်းသစ်လိုက်ရင် သူ့အလိုလို သေသွားမှာပါ၊ လတ်လတ်ဆတ်ဆတ်ဆိုတော့ ချိုမှချို၊ အရသာကောင်းကောင်းလေး ချက်ကျွေးမယ်"

"အောင်မယ်လေးဟယ်၊ အဲလို အသက်ရှင်နေတာမြင်ပြီး ငါ မစားချင်ပါဘူး။ အသီးအရွက်လေးပဲ ကြော်ချင်ကြော်၊ ချက်ချင်ချက်လိုက်ပါ"

"ဟုတ်သားပဲ နီနီရယ်၊ နင်ကလေ ဩသည်ကို ဘာတွေပြောပြီး ဘာတွေလုပ်ပြနေမှန်းမသိဘူး။ အရမ်းအားနာစရာကောင်းတာပဲ"

"အာ မစားရသေးလို့ အန်တီကြီး ဒီလိုပြောနေတာပါ၊ စားပြီးရင်တော့ နောက်တစ်ခါငါးသွားမျှားပါဦး လုပ်နေမယ်၊ ဟုတ်တယ်မဟုတ်လား အန်တီကြီး"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဟုတ်တယ်ပဲ ထားလိုက်ပါ၊ အဲဒီငါးက ဘယ်သွားချက်မှာလဲ"

"ဒီနားနေဆောင်နောက်မှာ မီးဖိုခန်းရှိတယ်လေ၊ ချက်ဖို့ပြုတ်ဖို့ အိုးခွက်ပန်းကန်ပစ္စည်းပစ္စယ အကုန်အစုံရှိတယ်၊ နီတို့က တစ်ခါတလေ ဒီကိုလာပြီး အဲလိုချက်ပြုတ်စားနေကျပဲ၊ ခဏလေးနော် အန်တီကြီး၊ သုံးနှစ် အဲ သုံးမိနစ်စောင့်"

ပြောင်ချော်ချော်ဖြင့် ငါးတွေယူပြီး နေဝန်းနီ နောက်ဘက်အခန်းလေးထဲ ဝင်သွားသည်။ သီချင်းတအေးအေးနှင့် ခုတ်သံထစ်သံ အိုးခွက်ပန်းကန်သံတွေလည်း ကြားရ၏။

ဖြုန်းဆိုပြန်ထွက်လာကာ ခြံဘက်ကိုလည်း အသီးအရွက်တွေ ခပ်သုတ်သုတ်သွားခူးပြန်၏။ ဘယ်သူ့ကိုမှ မခိုင်းဘဲ သူမတစ်ယောက်တည်း အလုပ်ရှုပ်နေသည်။

ထိုအချိန်မှာ ဆိုင်ကယ်သံကြားလိုက်ရပြီး ဦးကျော်ခင် ပြန်ရောက်လာ၏။

"အစ်ကို ဘာရခဲ့လဲ"

"အမဲသားရော, ဝက်သားရောပါတယ်၊ အိမ်မှာ မင်းတို့မတွေ့တာနဲ့ ဒီယူလာခဲ့တာ၊ ဒီကအစ်မကြီး ဆာနေတော့မယ်၊ မြန်မြန်ချက်လိုက်လေ အီ"

"နေပါစေကွယ်၊ အသက်ကြီးလာတော့ ခြေလေးချောင်းသား





မစားဘဲ ဖြတ်ထားတာပါ၊ တကူးတက သွားဝယ်ရတယ်လို့ အားနာစရာကောင်းလိုက်တာ"

"ဘာလို့ အားနာရမှာလဲ မမဆင့်ရယ်၊ ကိုယ့်အိမ်အတွက်လည်း ဝယ်နေရတာပဲ ဥစ္စာ၊ မမဆင့်တစ်ယောက်စာအတွက် အိတ္တိ ထူးပြီး ဘာမှအပိုမကုန်ပါဘူး"

"ဟင် ဟိုကောင်မလေးချက်တဲ့ ဟင်းနံ့လေးက မွှေးလို့ပါလား အီရဲ့၊ ထမင်းဟင်းလည်း ချက်တတ်တော့ မဆိုးပါဘူး"

"အရမ်းမချီးမွမ်းပါနဲ့၊ စိတ်ပါတဲ့အချိန်လောက် တစ်ခါတစ်ရံ ထလုပ်တာပါ၊ ငါးမျှားထွက်သလောက်, ငုက်ပစ်ထွက်သလောက် စိတ်ပါတာ မဟုတ်ပါဘူး၊ အဲဒီကောင်မလေးက ရန်ကုန်လိုက်ချင်လို့ မမဆင့်ကို ဖားနေတာ"

"ဟမ် ဘယ်လိုကွဲ"

ဒေါ်ခင်ခင်ဆင့် နားမလည်သလိုပြန်မေးတော့ လင်မယားနှစ်ယောက်အကြည့်ဆုံသွား၏။ တိုက်ဆိုင်တုန်းပြောပြီး ကြောက်လို့ မခေါ်သွားလည်း မတတ်နိုင်။

မလိမ့်တပတ်လုပ်ပြီးထည့်လိုက်မှ အားနာစရာတွေ ဖြစ်နေရမှာ။

"သူ ရန်ကုန်သွားချင်တယ် ပြောနေတာတော့ ကြာပါပြီ၊ အီတို့က စိတ်မချလို့ မျက်ကွယ်ရာကို ဘယ်မှမလွှတ်ရက်တာ၊ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



မမဆင့် ရောက်လာတာနဲ့ ထည့်လွှတ်ရမလား စဉ်းစားမိတာပါ၊ ဒါပေမဲ့ မမဆင့်မှာလည်း အပူဒုက္ခတွေနဲ့ဆိုတော့ သူ့ကို ပြောမနိုင် ဆိုမနိုင်နဲ့ တစ်ပူပေါ် နှစ်ပူဆင့်ဖြစ်မှာစိုးလို့"

"ဪ ဒါများကွယ်၊ သူလိုက်ချင်တယ်ဆိုရင် ထည့်လွှတ်လိုက်ပါ၊ မမဆင့်အိမ်မှာလည်း တစ်ယောက်စာ ပိုလို့ အပန်းမကြီးပါဘူး၊ အိတ်နဲ့လည်း အဆက်အသွယ်မပြတ်ဘူးပေါ့ကွယ်"

"ဟုတ်ကဲ့၊ မမဆင့်ဆီက ဒီလိုစကားကြားရတာ အိ ဝမ်းသာလိုက်တာ၊ အိတို့မှာ သူ ပညာတွေတတ်ဖို့, စိတ်ဓာတ်ရင့်ကျက်ပြီး လုပ်ငန်းတွေအပေါ် စိတ်ဝင်စားမှုရှိလာဖို့ လုပ်ပေးရမယ့်တာဝန်ဝတ္တရားတွေ ရှိနေပါသေးတယ်၊ ဒီမှာ ကလေးဆိုးလိုနေလာပေမယ့် သူများအိမ်မှာဆိုရင် အနေအစား အဆင့်အတန်းရှိရှိ ဆင်ခြင်သွားမယ်လို့ ထင်မိတယ်"

"ဟုတ်ပါတယ် ခင်ဗျာ၊ ဒီမှာ မပြောရက်မဆိုရက်နဲ့ ကလေးစိတ်က မပျောက်တော့ဘူး၊ တကယ်လို့ ဟိုမှာ ပြောဆိုမရရင်လည်း ပြန်ပို့ပါ ခင်ဗျာ၊ သူ့အတွက်နဲ့ စိတ်ဆင်းရဲသောကရောက်တာမျိုးတော့ မဖြစ်စေချင်ပါဘူး"

အားလုံး စကားကောင်းနေကြဆဲမှာ နေဝန်းနီက ထမင်းပွဲ ဟင်းပွဲတွေ စားပွဲပေါ်လာချသည်။ ထမင်းဟင်းတွေက အငွေ့တထောင်းထောင်း ပူပူလောလောလေးဖြစ်ကာ စားချင်စဖွယ် ဟင်းနံ့လေး တသင်းသင်းနှင့်။





"ငါးဟင်းကို ဆီလည်ရေလည် နယ်စားဖတ်စားလေး ချက်လိုက်တယ်၊ နံနံပင်လေးလည်း အုပ်ထား ဘ၊ မြည်းကြည့်ပါဦး အန်တီကြီး၊ ဘူးညွန့်က ကြက်သွန်ဖြူတစ်ပြားရိုက်လေးနဲ့ ကြော်ချက်လေး၊ အစပ်မပါလို့ ငါးဟင်းထဲကို ငရုတ်သီးစိမ်း အတောင့်လိုက်ချိုးထည့်ထားတယ်၊ စားတတ်ပါ့မလား မသိဘူး၊ အတို့အမြှုပ်ကတော့ အစုံပဲနော်၊ ကြိုက်တာသာစား"

လူကြီးတွေပန်းကန်ထဲကို ဟင်းတွေဦးချပြီး ပါးစပ်ကလည်း မနားတမ်း ပေါက်ပေါက်ဖောက်သည်။ ဒေါ်ခင်ခင်ဆင့်မှာ ခုနက ငါးအရှင်လတ်လတ်တွေကိုမြင်ပြီး ထမင်းစားရမှာ လက်တွန့်နေ၏။ ဒါကို မအိက သဘောပေါက်ကာ –

"မမဆင့် မစားနိုင်ရင် ဘဲဥ ကြက်ဥကြော်ပေးမယ်လေ၊ ခြံထဲမှာ သွားယူလိုက်ရုံပဲ"

"နေ နေပါစေကွယ်၊ စားနိုင်ပါတယ်"

ညည့်သည်မို့ ကြေးလည်းမများချင်။ စေတနာနှင့် အပင်ပန်းခံချက်ကျွေးတာ မသတိသလိုလုပ်နေလို့ ဖြစ်ပါ့မလား။

အိုး စားလို့ အရသာရှိလှပါလား။ ငါးရဲ့အရသာက သဘာဝအတိုင်း ချိုချိုလေး။

ဘူးညွန့်ကြော်ချက်လေးကလည်း သန့်ရှင်းလတ်ဆတ်၍ ကိုယ်စားဖူးတာတွေနှင့် လုံးဝမတူ။



www.burmeseclassic.com

တစ်လုပ်လောက်စားကြည့်ပြီး အရသာတွေ့သွားတော့ အား မနာတမ်း ခေါင်းမဖော်ဘဲ စားပစ်လိုက်၏။

ဒီကောင်မလေး အစွမ်းအစ မဆိုးပါလား။

❀ ❀ ❀



## အခန်း (၈)

"မဆိုးဘူးဆိုပေမယ့် ကောင်းတာလည်း မဟုတ်တော့ ဒုက္ခ ပေးမိသလို ဖြစ်မှာတော့ စိုးရိမ်တယ်၊ တကယ်လို့ မမဆင့် သူ့ကို ခေါ်မထားနိုင်ရင် အိတ်ဒွိကို ဖုန်းလှမ်းဆက်ပါ မမဆင့်၊ အိတ်ဒွိ အမြန်ဆုံး လာခေါ်ပါ့မယ်"

"စိတ်လိုက်မာန်ပါနဲ့ တခြားနေရာတွေကို ထွက်သွားမှာစိုးလို့ပါ၊ သူက အရမ်းစွန့်စားချင်တဲ့စိတ်, စပ်စုချင်စိတ်က ရှိတော့ ပုန်ကန်တာ တွေ, ဆန့်ကျင်တာတွေ မလုပ်ဘူးဆိုလို့ မပြောနိုင်ဘူး။ အကြောက်အလန့် မရှိတာက တခြားနေရာမှာနေတာ စိတ်ချရပေမယ့် မိန်းကလေးက မိန်းကလေးပဲလေ၊ သူ့ဘဝလေး အမှားအယွင်း, အစွန်းအသင်း မဖြစ်စေ ချင်လို့ပါ"

www.burmeseclassic.com



"မင်းတို့စေတနာနဲ့ ဖြစ်ချင်တာတွေကို မမဆင့် နားလည်ပါတယ်ကွယ်၊ ဟိုကိုရောက်ပြီဆိုရင်တော့ မမဆင့်တာဝန် ထားပါ။ သွားရေးလာရေး လွယ်ကူ့ ဖုန်းအဆက်အသွယ်လည်း လုပ်လို့ရနေတော့ ဘာဖြစ်ဖြစ် အကျိုးအကြောင်းတော့ သိနေရမှာပဲ၊ မမဆင့်လည်း တိုင်ပင်စရာမိန်းမဖော်လေးရတယ်လို့ အောက်မေ့ပါတယ်"

လူကြီးတွေ ဆွေးနွေးတိုင်ပင်နေကြသည့်အချိန်မှာ နေဝန်းနီကလောက်လေးခွတစ်ချောင်းနှင့် ဟိုချိန်ဒီချိန်။

ကိုယ့်ရွာကိုခွဲရမှာ ရန်ကုန်ကိုလိုက်ရမှာကို စိတ်လှုပ်ရှားခြင်းမရှိ၊ အလေးအနက်မရှိတာ ဘယ်လိုအကျင့်စရိုက်လဲ မသိ။

"ဟဲ့ ဒီမှာ လူကြီးတွေ စကားပြောနေတာ နင် ဘယ်လိုဖြစ်နေတာလဲ၊ လေးလေးစားစား နားထောင်မှပေါ့"

"နားက ထောင်နေတာပဲလေ ဒေါ်လေးရဲ့၊ ဟိုမှာ ချိုးကောင်တွေမြင်တော့ လက်ကလည်း ယားနေတာ"

"ဪ တော်တော်ပဲ လက်ယားနေတယ်၊ ဟုတ်လား၊ ကဲဟယ် လက်ပဘားဦး"

"အား ဒေါ်လေး၊ ရန်ကုန်မသွားခင် ခေါင်းကဘုထွက်တော့မယ်၊ ခွဲရမယ့်တူမလေးကို အကြင်နာမရှိဘူး၊ နာလိုက်တာ"

"ဟုတ်သားပဲကွာ မင်းကလည်း ကလေးကို သွားခါနီးလာခါနီးမလုပ်စမ်းပါနဲ့၊ ကဲ သမီး ဟိုရောက်ရင် အန်တီကြီးပြောတာဆိုတာ





နားထောင်နော်၊ ဒီမှာလို ကိုယ်နေချင်သလို နေလို့မရဘူး၊ အလုပ်လုပ်စရာရှိရင်လည်း ကူလုပ်၊ ကိုယ်ဝါသနာပါတဲ့ သင်တန်းတွေကိုလည်း ကောင်းကောင်းမွန်မွန်တက်၊ ကိုယ့်မှာ လုပ်ငန်းတွေရှိတော့ စာရင်းကိုင်သင်တန်းနဲ့ စိုက်ပျိုးရေး မွေးမြူရေးသင်တန်းတွေဆိုရင် အဆင်ပြေမယ်"

ဦးကျော်ခင်စကားကို နေဝန်းနီ ရှုံ့ရှုံ့မဲ့မဲ့ အော်ဂလီဆန်သလိုလုပ်ပြီး –

"အဲဒါတွေ အရေးကြီးသလား ဦးလေးရယ်၊ ဘာသင်တန်းမှ တက်စရာမလိုတဲ့ အောင်မြင်နေတာပဲ ဥပမာ၊ နီက ဂီတာတီးသင်တန်းတို့ သီချင်းဆိုပြိုင်ပွဲတို့ အဲဒါတွေ လုပ်ချင်တာ"

"ဘာ အလေနတောရည်ရွယ်ချက်နဲ့ဆိုရင် ညည်း မသွားရဘူးနော်၊ ပေါက်ကရတွေလုပ်ဖို့ မစဉ်းစားနဲ့"

"ဦးလေးတို့က တကယ်ဖုံးဝေးတာပဲ၊ အနုပညာနဲ့ အောင်မြင်သွားရင် နိုင်ငံနဲ့ချီပြီး ကျော်ကြားမှာ၊ အဲဒီဘက်မှာ နည်းနည်းအစပျိုးပြီး ကိုယ့်ဘာသာ စီးရီးထုတ်, ဗီစီဒီရိုက်၊ ဂွဒ်ပြီပေါ့ ဦးလေးရ"

"အနုပညာ ဟုတ်လား၊ ညည်းလို စရိုက်ကြမ်းကြမ်းနဲ့တော့ ဆော်တော်လိုက်ဖက်ပါတယ်၊ ကဲ စကားအပိုတွေ မပြောချင်ဘူး၊ ကောင်းကောင်းသွားပြီး ကောင်းကောင်းပြန်လာခဲ့၊ သဘောမတွေ့လို့ကတော့ ကုပ်ဆွဲပြီး ပြန်ခေါ်မယ်လို့ အောက်မေ့၊ ကြားလား"

"ဟွန်း ကြိမ်းမောင်းနေတာနဲ့ သွားတောင်မသွားချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကဲပါကွယ်၊ မင်းတို့လည်း တော်ကြပါတော့၊ ဟိုရောက်မှ ငါ့ဘာသာ ကြည့်စီစဉ်ပါ့မယ်၊ နေဝန်းနီကရော အဝတ်အစားတွေ ဘာတွေ ထည့်ပြီးပြီလား"

"သွားမယ့်နေ့မှ လေးငါးစုံ အိတ်ထဲကောက်ထည့်လိုက်လို့ ဖြစ်ပါတယ်၊ နီက ဝန်ထုပ်ဝန်ပိုး သိပ်မကြိုက်ဘူး၊ ဒါပေမဲ့ အစားအသောက်တော့ မက်တယ်၊ ဟိုမှာ ချိုးကောင်တို့, စာကလေးတို့ စားရဖို့ သိပ်မလွယ်ဘူး မဟုတ်လား၊ အခု အဲဒါတွေ ထောင်ဖမ်းပြီး ကင်ထားလိုက်ရင် ရန်ကုန်ယူသွားလို့ ရပြီပေါ့၊ နီ အဲဒါလေး အရင်လုပ်ရှားလိုက်ဦးမယ်"

"ဟဲ့ ဟဲ့ နီနီ၊ နေဝန်းနီ၊ ငါ့နှယ်နော်၊ ဒီကောင်မလေးနဲ့တော့ ခက်တော့တာပဲ"

နေဝန်းနီက ထုံးစံအတိုင်း ဘယ်သူ့မှ ဂရုမစိုက်ဘဲ ထွက်သွားပြန်သည်။

ဦးကျော်ခင်နှင့်မအိ သက်ပြင်းတွေချနေကြသော်လည်း ဒေါ်ခင်ခင်ဆင့်ကတော့ ဘာသိဘာသာပင် ခေါင်းတညိတ်ညိတ်လုပ်၍ ပြုံးနေလိုက်၏။ သွက်လက်ရဲတင်းပေမယ့် ချစ်စရာလေးပါ။

ဒီကောင်မလေးကို ကြိုးကိုင်ပြီး ဟိုသားအဖကို ချေမှုန်းနိုင်မည်။ မိမိကို အမြဲအနိုင်ကျင့်နေသော သားအဖ။ အခု ရန်ကုန်မှာ ဘယ်လိုများ နေနေကြပါလိမ့်။





အိမ်ကိုများ ဖောက်ထိုးထားနေသလား၊ ပွဲရုံကို ရောင်းစားလိုက်ကြလေသလား။

ဒါမှမဟုတ် မိမိရဲ့မေတ္တာတွေကို နားလည်ပြီး –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"ဟား မမဆင့်တို့ကတော့ ထွက်သွားပြီကတည်းက ဘာအဆက်အသွယ်မှ မလုပ်ဘူးဟေ့၊ မောင်နဲ့တူကို ချစ်တယ်လို့သာ ပါးစပ်က တွင်တွင်ပြောနေတာ၊ အခုကျတော့ နေနိုင်လိုက်တာ၊ ဘယ်သွားမယ်, ဘာလုပ်မယ်ဆိုတာတော့ ပြောမှပေါ့"

"ပါပါးက ကြီးကြီးကို စိုးရိမ်နေတာလား၊ ကလေးမှမဟုတ်တာ၊ ဘာစိတ်ပူစရာရှိလဲ။ ကြီးကြီးကြည့်ရတာ လောကီကို စိတ်ကုန်လို့ မယ်သီလရှင်ဝတ်မယ့်ပုံလည်း မပေါ်ပါဘူး၊ အင်း အသက်ကြီးမှ ကံပေါ်ပြီး ယောက်ျားနောက်များ လိုက်သလား"

"ဟိတ်ကောင် ငါ့အစ်မကိုများ"

ဦးနေရောင်ခြည် အကျယ်ကြီးအော်၍ လက်သီးလက်မောင်း





တန်းသည်။ နေနက္ခတ်က ဟက်ခနဲရယ်လိုက်ကာ –

"အပိုတွေမလုပ်ပါနဲ့ ပါပါးရာ၊ ပါပါးလည်း ကြီးကြီးကို စိတ်ပူလို့မဟုတ်ပါဘူး၊ ပွဲရုံအလုပ်တွေ မလုပ်ချင်ဘဲ မနိုင်မနင်း လုပ်နေရလို့မဟုတ်လား"

"ဟိတ်ကောင် အဲဒါကြောင့်မဟုတ်ဘူးကွ၊ ငါ့အစ်မ ငါနဲ့ တစ်ခါမှ ခွဲမနေတာမဟုတ်ဘူး၊ အခု စိတ်ညစ်ညစ်နဲ့ ထွက်သွားတာ၊ အပျော်ခရီးဆိုလည်း ငါတို့မပါဘဲ ဘယ်အချိန်တုန်းက သွားဖူးလဲ"

"ပါပါးရာ၊ အခု ကြီးကြီးမရှိတာ ဘယ်လောက်နားပူသက်သာလဲ၊ အိမ်မှာရှိနေရင် အမြဲပူညံပူညံနဲ့"

"အဲဒါက စေတနာနဲ့ ပြောနေတာတွေပါကွာ၊ မင်းရော မင်းကြီးကြီးမေတ္တာကို နားမလည်ဘူးလား"

"ပါပါးကရော"

"ငါလည်း မင်းအရွယ်တုန်းက နားမလည်ဘူး၊ အခု နားလည်ချင်တဲ့အချိန်ရောက်တော့လည်း မင်းကြောင့် စိတ်ချမ်းသာအောင် လုပ်မပေးနိုင်ဘူး"

"ဟာ သားကို လွှဲမချနဲ့လေ၊ သားက ဘာလုပ်နေလို့လဲ၊ ကဲပါ ကြီးကြီးမရှိတော့ အိမ်မှာ စားရသောက်ရတာလည်း မကောင်းဘူး၊ ဟိုတယ်သွားစားရအောင် ပါပါးရာ၊ မကောင်းဘူးလား"

"သဘောကွာ၊ ငါလည်း စားလို့သောက်လို့ အဆင်မပြေတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အတော်ပဲ''

သားအဖနှစ်ယောက် တက်ညီလက်ညီ စိတ်တူကိုယ်တူနှင့် ဟိုတယ်မှာ ညစာသွားစားကြသည်။ ကိုယ်ရှာသည့်ငွေ မဟုတ်တာမို့ နှမြောတွန့်တိုမှု မရှိကြပါ။

ဒေါ်ခင်ခင်ဆင့်မရှိချိန်မို့လည်း ဘီယာပုလင်းတွေပါ စားပွဲပေါ် ရောက်နေ၏။

''သား သောက်ချင်ရင် တစ်ခွက်တစ်ဖလား ချလေကွာ၊ ဆူမယ့်,ပြောမယ့် မင်းကြီးကြီး မရှိပါဘူး''

''ပါပါး မြှောက်ပေးတာနော်၊ သား ချပြီ''

ဦးနေရောင်ခြည်ထည့်ပေးထားသော ဘီယာခွက်ကို နေနက္ခတ် တစ်ကျိုက်တည်း မော့သောက်ချလိုက်၏။ ချိုရှရှ ခါးသက်သက်နှင့် အဝင်တော့မဆိုးပါ။

''ကြီးကြီးပေးစားချင်တယ်ဆိုတဲ့ အန်တီချိုကို ပါပါး ဘယ်လို သဘောရလဲ၊ အခု အလုပ်အတူတူလုပ်နေရတာရော စိတ်မဝင်စားဘူး လား''

''မဝင်စားပါဘူးကွာ၊ ငါက ဘာမှ မတတ်တဲ့ကောင်ဆိုပြီး ဟိုဟာ ဒီဟာ ဆရာလုပ်နေတာ မကြိုက်ပါဘူး''

''သူက လုပ်သက်ရင့် ဝါရင့်သမ္မာရင့် ဖြစ်နေပြီ၊ နားမလည် တော့ မိန်းမသား ဆရာလုပ်တာ ခံရမှာပေါ့၊ ပြောလို့သာ ပြောတာ





သားလည်း ပါပါးကို မိန်းမ,မယူစေချင်ဘူး၊ ပါပါး မိန်းမယူလိုက်ရင် သားကိစ္စတွေ ဘယ်သူက ဖြေရှင်းပေးမှာလဲ''

''ဟုတ်တယ်၊ ပါပါးလည်း အဲဒါကြောင့် မိန်းမတွေကို စိတ်မဝင် စားမိအောင်နေတာ၊ ပြီးတော့ သားကို မိထွေးကြောင့် စိတ်ဆင်းရဲရတာ မျိုးလည်း မဖြစ်စေချင်ဘူး၊ ပါပါးတို့သားအဖ ဒီအတိုင်း လွတ်လွတ်လပ် လပ်ပျော်နေရတာ ကောင်းပါတယ်ကွာ၊ မဟုတ်ဘူးလား''

''ဟုတ်တယ်၊ သားက အဲဒါကြောင့် ပါပါးကိုချစ်တာ''

သားအဖနှစ်ယောက် အာလေးလျှာလေးဖြင့် ကျသင့်ငွေရှင်းပြီး ပြန်လာခဲ့ကြသည်။ အသိကင်းလွတ်အောင် မူးနေကြတာမဟုတ်ပေမယ့် ယိုင်တိယိုင်ထိုးမို့ ကားကို ဖြည်းဖြည်းသာ မောင်းလာခဲ့ကြ၏။ ထိုအချိန် မှာ ဆိုင်ကယ်နှစ်စီးက သူတို့ကားကို ကျော်တက်ရန် ရှေ့ကနေ ပိတ်ရပ် လိုက်သည်။

''ဟာ ကိုယ့်သေတွင်း ကိုယ်တူးနေတာလား၊ ကားက လူ တိုက်မိရင် သေတယ်နော်''

''လူစွာလာလုပ်တာ ထင်တယ်၊ ဘာကောင်တွေလဲ၊ မင်းတို့ ဆိုင်ကယ်ဖယ်လေကွာ''

''ဟိတ်ကောင် နေနက္ခတ်၊ စကားတွေ လျှောက်ပြောမနေနဲ့၊ မင်းနဲ့ စာရင်းရှင်းချင်လို့ လိုက်လာတာ၊ ကားအောက်ဆင်းလိုက်စမ်း''

''ဘာကွ''



www.burmeseclassic.com

www.burmeseclassic.com



စိန်ခေါ်လျှင် ဘွာမခတ်တတ်သလို မခံချင်စိတ်နှင့် နေနကွတ်ဖြုန်းခနဲ ကားပေါ်က ဆင်းလိုက်၏။ သားကို စိုးရိမ်စိတ်နှင့် ဦးနေရောင်ခြည်လည်း ဆင်းလိုက်လာသည်။

"မင်းတို့ကလည်း ဘလိုင်းကြီးပါလားကွာ၊ သက်သက်မဲ့ပြဿနာ မရှာချင်ကြပါနဲ့"

"ခင်ဗျားသားက အရင်ပြဿနာရှာထားတာဗျ ခင်ဗျားလည်း ကျုပ်တို့ကို နှာထားတာပဲလေ၊ မမှတ်မိတော့ဘူးလား"

"ရှုးချင်ယောင်ဆောင်နေတာ ရှင်းပြမနေနဲ့ ချကွာ"

လူလေးယောက် လက်နက်လေးမျိုးနှင့် ပြေးဝင်လာသည်။ သားအဖနှစ်ယောက် တိုင်ပင်ညှိနှိုင်းချိန် မရလိုက်။ ဘယ်အချိန်က ရန်ငြိုးရန်စမှန်းမသိဘဲ သူတစ်ပြန် ကိုယ်တစ်ပြန်ဖြင့် ရန်ပွဲက အရှိန်တက်သွားသည်။

လဲသူလဲ ကွဲသူကွဲ ဖြစ်နေချိန်မှာ ပတ္တရောင်လှည့်နေသည့် ရဲကားက သူတို့ရန်ပွဲအနီး ထိုးဆိုက်လာကာ အားလုံးကို လက်ထိပ်ခတ်၍ ဖမ်းဆီးလိုက်သည်။

သူဝဲ့သားအဖနှစ်ယောက် လက်ထဲမှာ ဘာလက်နက်မှ ရှာမတွေ့သော်လည်း အချုပ်ခန်းထဲကို ရောရောရှုရှု ရောက်သွားကြသည်။

"ဟား ကြီးကြီးက မရှိဘူး၊ ကြီးကြီး အာမခံလာမထုတ်ရင် အချုပ်ခန်းထဲ ညအိပ်ရတော့မယ်ထင်တယ် ပါပါးရာ"





"အခုမှ တမ်းတနေလား၊ အိပ်ဖူးတော့လည်း အတွေ့အကြုံရတာပေါ့ကွာ"

"ပါပါးက ဘယ်လိုကြီးပြောနေတာလဲ ကြီးကြီးပြန်မလာမချင်း ဒီထဲမှာ သားမနေနိုင်ပါဘူး၊ ကြံစမ်းပါဦး ပါပါးရာ၊ ဘယ်လိုလုပ်ကြမလဲ ပါပါးမိတ်ဆွေတွေ ဘာတွေထဲက အကူအညီတောင်းကြည့်လို့ မရနိုင်ဘူးလား"

"မင်းကကွာ၊ ဒီလိုကိစ္စ အကူအညီတောင်းရင် ငါ ဘယ်လိုကောင်ဆိုတာ သိပြီး သိက္ခာကျမှာပေ့ါ၊ အဲဒါကြောင့် မမက ဘယ်သူမှ မသိအောင် ခပ်ကျိတ်ကျိတ် အာမခံနဲ့ ထုတ်ပေးခဲ့တာ၊ မသိတော့ဘူးကွာ၊ ငါလည်း ခေါင်းတွေ ပူထူနေပြီ"

"ဟား ကျိုးပြီပါပါးရာ၊ ရေလည် ဒေါက်ပြုတ်တယ်"

သားအဖြစ်ကို စိတ်မချမ်းသာပေမယ့် ကိုယ်လည်း ဒီအထဲကို ရောက်နေတာ၊ ဘယ်ဂိုလုပ်ရတော့မလဲ။ အရင်ကဆို မမက သူတို့ကို အချုပ်ခန်းထဲ မထည့်ခင် အချိန်မီ အာမခံနှင့် ကယ်ထုတ်သွားတာပါ။

အခုတော့ မမဆင့် ပြန်ရောက်မလာလျှင် –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

"ငါသာ ပြန်ရောက်မလာရင် နင်တို့ ဘယ်လိုလုပ်ကြမလဲ ဟဲ့၊ ဟင်း တစ်သက်လုံး အဲဒီထဲမှာ နေကြမှာလား၊ ငါမှာ ပြန်ရောက် ရောက်ချင်း အမောတောင် မပြေနိုင်ဘူး၊ ရင်ဆို့သွားတာပဲဟဲ့၊ ရင်ဆို့ သွားတာပဲ၊ မျက်နှာတွေလည်း ကြည့်လိုက်စမ်းပါဦး၊ သားအဖနှစ်ယောက် လုံး ဒဏ်ရာဒဏ်ချက်တွေနဲ့၊ နင်တို့မရှက်ကြဘူးလား၊ မိဘမျိုးရိုး ဂုဏ် သိက္ခာမှ မထောက်၊ တယ်လေ ငါ မပြောလိုက်ချင်ဘူး"

မပြောလိုက်ချင်ဘူးဆိုတာက နောက်ထပ်ပြောဖို့ စကားလုံးအစ ဆိုတာ ဒေါ်ခင်ခင်ဆင့်မျက်နှာ ကြည့်လိုက်တာနှင့် သိနေသည်။ ငြိမ်းသည် မိန်းကလေးရှေ့မှာမို့ ဦးနေရောင်ခြည် မျက်နှာပူသလို ဖြစ်နေကာ–

"ကဲ မပြောချင်ဘူးဆိုလည်း မပြောပါနဲ့ မမရာ၊ မပြန်ရောက်





မလာလို့ ဟိုထဲမှာ နှစ်ရက်လောက် နေခဲ့ရတာ၊ ကျွန်တော်တို့သားအဖ တော်တော်အားကုန်နေပြီ၊ မမလည်း ပင်ပန်းလာတာ မဟုတ်လား၊ ငြိမ်းသည်လည်း ပါလာတာဆိုတော့ နားလိုက်ပါဦး"

"ဘာကိုနားရမှာလဲ၊ လူကသာ နားချင်နားရမယ် စိတ်ကတော့ ခရီးထွက်သွားတာတောင် မနားနိုင်ဘူး၊ ဘာတွေများ ဖြစ်နေကြမလဲလို့ အမြဲနောက်ဆံတင်းနေခဲ့ရတာ၊ အခုတော့ ထင်တဲ့အတိုင်းပဲ သားအဖ နှစ်ယောက်လုံး အရက်မူးရန်သတ်လို့ အချုပ်ကျရတယ်လို့၊ အရက် မသောက်တတ်တဲ့ ကလေးကိုတောင် ငါမရှိတုန်း မြှောက်ပင့်ပြီး အကျင့် လုပ် တိုက်လိုက်တာ မဟုတ်လား၊ နင် ဘယ်လိုမအေမျိုးလဲ နေရောင်ခြည် ရဲ့"

"တော်ပါတော့ကြီးကြီးရာ၊ ပါပါးကို အရမ်းကြီး အပြစ်မတင်ပါ နဲ့ သားလည်း သောက်ချင်လို့သောက်လိုက်တာ အပြစ်ရှိပါတယ်၊ ဒါပေမဲ့ ဒီတစ်ခါ ရန်သတ်တာ ကျွန်တော်တို့က အရင်ရန်စတာ မဟုတ်ဘူး၊ ဒီကောင်တွေ ဘလိုင်းကြီးဝင်ဆော်တာ၊ သားတို့ကလည်း နည်းနည်းမူး နေလို့ ခံလိုက်ရတာပါ၊ မဟုတ်လို့ကတော့ သားတို့သားအဖ ကျောချင်း ကပ်လိုက်တာနဲ့ ဒီကောင်တွေလောက်ကတော့ ပွဲသိမ်းပဲ"

ရင့်ကျော်ကျော်ပြောနေသော နေနက္ခတ်စကားတွေကို နေဝန်းနီ ခပ်ချဉ်ချဉ်နှင့် ရှုံ့မဲ့ပစ်လိုက်သည်။ ဒါကို နေနက္ခတ်က မြင်ဖြစ်အောင် မြင်ကာ မျက်လုံးပြူး၍ လက်သီးရွယ်ပြ၏။ နေဝန်းနီကလည်း ငြိမ်းသည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုပေမယ့် အကျောမခံပါ။

လက်သီးဆုပ်သေးသေးလေးကို ပြန်ထောင်ပြရင်း နှာခေါင်းကို လက်မနှင့် ပွတ်ဆွဲ၍ စိန်ခေါ်လိုက်သည်။ ဂျင်းဘောင်းဘီ တီရှပ်နှင့် ယောကျ်ားစိတ်ပေါက်နေဟန်တူသော ကောင်မလေးကို ညှိုသည်က ညှိုသည်လို ကြန္ဓရရမနေတာမို့ နေနကွတ် တော်တော်တင်းသွားသည်။

ကြီးကြီးက ဘယ်လိုဇရှတ်သုတ်ခကိုများ အိမ်ခေါ်လာပါလိမ့်။

"ကဲ မင်းတို့က လူစွမ်းကောင်းတွေဆိုတော့ ပွဲသိမ်းချင်လည်း သိမ်းကြပေါ့၊ အခု ညှိုသည်ရှေ့မှာဆိုတော့ ဆက်လည်းမပြောချင်တော့ဘူး၊ မင်းတို့ကို မိတ်ဆက်ပေးမယ်၊ သူက ငါ့ရဲ့အထူးညှိုသည် နေဝန်းနီ"

"ဗျာ နေဝန်းနီ"

"အေးလေ၊ ဘာဖြစ်လို့လဲ၊ ဘာအံ့ဩစရာ ရှိလို့လဲ"

"ဘာမှ မဟုတ်ပါဘူး။ ကျွန်တော်တို့သားအဖနဲ့ နာမည်ဆင်နေလို့"

"ဩော် အေး ဟုတ်သားပဲ၊ ဟိုမှာ နီနီလို့ခေါ်သံ ကြားရတာပဲများတော့ ငါတောင် သတိမထားမိဘူး။ ငါ့အိမ်မှာ အရင်က နေနှစ်စင်းရှိတယ်၊ အခု နေတစ်စင်း ထပ်ရောက်လာပြီဆိုတော့ ပိုပြီး အပူအားကောင်းသွားတာပေါ့"

"ဟင် သူက ဒီမှာနေမလို့လား၊ ခဏအလည်လိုက်လာတာ မဟုတ်ဘူးလား ကြီးကြီး"





"ခဏမဟုတ်ဘူး အကြာကြီးနေမှာ၊ သူ ဒီမှာ သင်တန်းတွေ အကုန်တက်လိမ့်မယ်၊ တခြားလုပ်ချင်တာတွေလည်း လုပ်လိမ့်မယ်၊ နေနကွတ် မင်းက နေဝန်းနီလိုအပ်တာ ကူညီပေးလိုက်ပါ"

"အာ ရှုပ်ရှုပ်ယှက်ယှက်၊ သားကို ဘာတာဝန်မှ မပေးနဲ့နော်၊ ဘာမှ လုပ်မပေးနိုင်ဘူး"

နေနကွတ် ခေါင်းတခါခါနှင့် ခါးခါးသီးသီး ငြင်းဆန်သည်။ လျှာထိုးဦးထုပ် နောက်ပြန်ဆောင်း၍ ပေစောင်းစောင်းကောင်မလေးကို နေနကွတ် အမြင်ကတ်နေ၏။ ကြီးကြီးက သူ့ဘက်က ဆိုဖာခုံမှာ ဖွေ့ခနဲ ပြောင်းထိုင်လိုက်ပြီး –

"နေနကွတ် ခုနက စကားကို ပြန်ပြင်ပြောစမ်း၊ မင်းတို့ဆီမှာ ငါ ဘာဖြစ်ချင်ပါတယ်, ဘာလုပ်ပေးပါလို့ ဘယ်နှခါ တောင်းဆိုဖူးလဲ၊ လိုက်လျောနိုင်းဖူးလဲ၊ ခုကိစ္စကရော မင်းလို အမြဲတမ်း လမ်းထွက်နေတဲ့ သူ့အတွက် ဘာတွေအပန်းကြီးသွားလို့လဲ၊ ငါက မင်းတို့သုံးဖို့ ဖြုန်းဖို့ ငွေရှာနေတယ်၊ ငါ့ဆန္ဒကိုကျ ဒါလေးတောင် လုပ်မပေးချင်ဘူးလား"

"အဲဒါတော့ ဟုတ်သားပဲ သားရယ်၊ ဘာသင်တန်းတက်ချင်တယ်, ဘာလုပ်ချင်တယ်ဆိုတာ လိုက်အပ်ပေးရုံပဲ ဥစ္စာ၊ ကိုယ့်အိမ်ရောက်လာတဲ့ညှိုသည်ကို အဲလိုတော့ မလုပ်သင့်ဘူးကွ၊ သားလည်း သင်တန်းတစ်ခုခု တက်မလို့ဆို၊ အဖော်ရတာပေါ့ သားရယ်"

"ဟို သားက"



www.burmeseclassic.com

www.burmeseclassic.com



"ဒီတစ်ခါတော့ ကြီးကြီးစကားကို ဂုဏ်ထောင်ပေးလိုက်ပါ သားရယ်၊ ပါပါးတိုက်တွန်းတာကိုလည်း လက်ခံပေးပါ"

ဒီတစ်ခါတော့ ကိုယ့်ဘက်ကလိုက်ပြောပေးနေသော မောင်လေးကို ကျေးဇူးတင်သောမျက်လုံးများဖြင့် ဒေါ်ခင်ခင်ဆင့် ကြည့်လိုက်သည်။ တစ်ခါတစ်ရံ ဒီလိုလေးလည်း ရှိဦးမှပေါ့။

"မစောရေ နေဝန်းနီအတွက် အခန်းပြင်ပေးလိုက်ပါကွယ်၊ အိပ်ယာတွေလည်း သယ်သွား၊ ဪ နီနီ လိုအပ်တာရှိရင် မစောကို ပြောနော်၊ ကိုယ့်အိမ်လိုပဲ သဘောထား၊ ဘာမှအားမနာနဲ့ သိလား"

"ဟုတ်ကဲ့၊ ဟို နီယူလာတဲ့ စာကလေးနဲ့ချိုးတွေကို သေချာ သိမ်းပေးပါနော်"

"ဪ အေး အေး၊ ပြီးမှ မစောကို သိမ်းခိုင်းပေးမယ်နော်"

နောက်ဆုံးမတင်းအောင်ပြောလိုက်မှ မစောနောက်က နေဝန်း လိုက်သွားသည်။ နေရောင်ခြည်က ဒေါ်ခင်ခင်ဆင့်လက်ထဲ ထည့်သွား သောအထုပ်ကို စိတ်ဝင်တစားကြည့်ကာ –

"ဟိုကောင်မလေး ဘာတွေပြောသွားတာလဲ မမ၊ အဲဒါတွေ ရော ဘာတွေလဲ"

"ချိုးကောင်နဲ့ စာကလေးတွေလေ၊ သူကိုယ်တိုင် ထောင်ဖမ်း မပုပ်မသိုးအောင် နေပူလှန်း ကြပ်ကင်ပြီးယူလာတာ"

"ဗျာ၊ သူက အဲဒါတွေစားတယ်"





"အေးဟဲ့၊ ငါးစားကြည့်တော့လည်း ကောင်းသား၊ ငါးမျှားပြီး ချက်ကျွေးတာလည်း ချိုနေတာပဲ"

"ဟာ ကြီးကြီးရာ၊ ဘယ်လိုကောင်မလေး ခေါ်လာတာလဲ၊ ဆောက ခေါ်လာတယ်ပြောပြီး ရင်ဖုံးနဲ့ ဆံတောက်နဲ့လည်း မဟုတ်ဘူး။ နိုင်ငံခြားကားထဲက ကောင်းဘွိုင် နွားကျောင်းထွက်တဲ့ ဒီဇိုင်းနဲ့၊ မိန်းမ မဟုတ် ယောကျ်ားမဟုတ်"

ရွှံ့ရွှံ့မဲ့မဲ့ နေနက္ခတ်စကားကြောင့် ဒေါ်ခင်ခင်ဆင့် ရယ်လိုက်မိ သည်။

"မိန်းမစစ်စစ်ပါ သားရယ်၊ အကြောင်းသိရင် ခင်စရာကောင်း ပါတယ်"

"ဟား ဘယ်လိုကြီးမသိပါဘူးဗျာ၊ လုံးဝ ထောင့်မကျိုးဘူး"

"လူတစ်ဖက်သားကို ပေါင်းမကြည့်ရသေးဘဲ ပစ်စလက်ခတ် မပြောပါနဲ့ကွယ်၊ သူက သူ့ရွာမှာ ပြည့်စုံထည်ဝါတဲ့ သူဌေးနော်၊ ဒါပေမဲ့ သားပြောသလို နည်းနည်းထောင့်မကျိုးချင်ဘူး၊ ကိုယ်က အိမ်ရှင်ပဲ၊ အလျှော့ပေး သည်းခံလိုက်ပါ"

"အဲဒီအတွက်တော့ ဆောရီးပဲ ကြီးကြီး၊ မိန်းကလေးဖြစ်နေလို့ ရင်းရင်းနှီးနှီးလည်း ပေါင်းဖြစ်မှာမဟုတ်ဘူး"

"အေးလေ၊ မင်းသဘောပါပဲ၊ ဒါပေမဲ့ ကိုယ်က အိမ်ရှင်ဖြစ်နေ လို့ ပြဿနာတော့ မရှာမိစေနဲ့နော်၊ နောက်မှ ကြီးကြီးကို အဆိုးမဆိုနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကြိမ်းမောင်းရင်းဖြင့် ဒေါ်ခင်ခင်ဆင့် သက်ပြင်းချမိ၏။ ဘယ်အချိန်တုန်းက ကိုယ့်စကားကို နားထောင်ပြီး ကြောက်ရွံ့ဖူးလို့လဲ။ နေဝန်းနီနှင့် အဆင်မှ ပြေပါ့မလား။

စကားပြောကောင်းသည်၊ လူချစ်လူခင်များသည်ဆိုသော နေဝန်းနီရဲ့ အဂွမ်းအစကရော ဒီနေရာမှာ အသုံးဝင်ပါ့မလား။

မနက်ဖြန်တွေကို စောင့်ကြည့်ရင်း –

✿ ✿ ✿



အခန်း (၁၁)

“ဒေါက် ဒေါက်၊ ဟိတ် အိပ်ရာမထသေးဘူးလား၊ ကြီးကြီးက မနက်စာစားဖို့ ဆင်းခဲ့တဲ့ မြန်မြန်လုပ်”

“အင် ဘာလဲဟ”

တဒုန်းဒုန်း တံခါးထုသံနှင့် ကျယ်ကျယ်လောင်လောင် အသံကြောင့် နေဝန်းနီ အိပ်ချင်မူးတူး မျက်လုံးတွေကို ပွတ်သပ်လိုက်ရ၏။ ညက အိပ်ရာအပြောင်းအလဲမှာ တစ်ညလုံး အိပ်လို့မရ။ မိုးလင်းခါနီးမှ အိပ်ပျော်သွားတာမို့ မျက်လုံးတွေ ကျိန်းဖန်စပ်ကာ အိပ်ရာက မထချင်သေးပါ။

“ဟိတ် မထသေးဘူးလားလို့ ပြောနေတယ်၊ သူများအိမ်လာပြီး စည်းသည်လို အနေအစား မရှိဘူး၊ အားနာရမှန်းလည်း မသိ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

စိတ်က ထောင်းခနဲ တင်းသွားကာ ဖြုန်းခနဲ တံခါးသွားဖွင့်လိုက်သည်။ သူများအိမ်မှာမို့ ဆင်ခြင်သင့်သည်ဆိုတာ သိပေမယ့် မနေ့ကတည်းက ဒီလူကို အမြင်ကတ်နေတာ။

"ဒီမှာ စကားကို ဆင်ခြင်ပြော၊ ကိုယ်က ဧည့်သည်မို့ ငြိမ်နေတာ၊ သည်းခံတတ်လို့တော့ မထင်နဲ့"

"ဘာကွ၊ မင်းကများ မာရေကျောရေနဲ့၊ အေး ငါကလည်း ဧည့်သည်ဆိုပြီး ညှာတာအားနာတတ်တဲ့ကောင် မဟုတ်ဘူး။ ကြီးကြီးခေါ်နိုင်းလို့ မကောင်းတတ်လို့ လာခေါ်ပေးတာ၊ ကိုယ့်ကိုယ်ကိုယ်လည်း ပြန်ကြည့်ဦး၊ မှံမဟုတ် ပတ်မဟုတ်, ဖိုသီဖတ်သီနဲ့"

"ဟင်"

နေနကွာတ်ပြောမှ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်တော့ အဝါရောင်တီရှပ်က အပေါ်ကြယ်သီးတစ်လုံး ပြုတ်နေသည်။ ညအိပ်ဝတ်စုံ မရှိတာမို့ ဝတ်ထားသည့်အဝတ်အစားတွေက ကြေမွလို့။

"သွား သွား၊ အန်တီကြီးကို ဆင်းလာခဲ့မယ်လို့ ပြောလိုက်၊ ဘာမှန်းမသိ လူကြည့်ပြောနေတယ်"

"ကျိန်း"

"ဟာ ဒီကောင်မလေး"

ပြင်းထန်သောမျက်စောင်းနှင့် ကျိန်းခနဲ အခန်းတံခါးပိတ်ကာ





နင်လွှတ်တာမို့ တံခါးကို နောက်ပြန်ခဲ့ပြီးမှ အောက်ထပ်ဆင်းလာခဲ့သည်။ ကြီးကြီးက မျက်ခုံးတစ်ချက်ပင့်ပြီး –

"ဘာတဲ့လဲ"

"လာခဲ့မယ်တဲ့၊ ကြီးကြီးကောင်မလေး စကားပြောမချေမင်နဲ့ သား ကြည့်မရဘူးနော်"

"အစတော့ ဒီလိုပါပဲ သားရယ်၊ သူက စကားပြောမတတ်ပေမယ့် စိတ်ရင်းကောင်းပါတယ်၊ နောက်တော့ သားခင်သွားမှာပါ"

ထိုင်ခုံမှာ မကျေမနပ် ဆောင့်ခနဲ ဝင်ထိုင်ပြီးချိန်မှာပဲ နေဝန်းနီ ထမင်းစားခန်းထဲ ဝင်လာသည်။ ဘယ်လောက်မှလည်း မကြာလိုက်ပါလား။

မျက်နှာပေါ်မှာ ဘာမှ လိမ်းခြယ်ထားခြင်းမရှိ။ ခုနက တွေ့ခဲ့သော အဝတ်အစားနဲ့ ဆံပင်ကိုလည်း ကောင်းကောင်းဖြီးခဲ့ဟန် မတူ။ သွားတိုက်၊ မျက်နှာသစ်တာရော သေချာမှ လုပ်ခဲ့ပါရဲ့လား။

"ညက အိပ်ရာပြောင်းနဲ့ အိပ်မပျော်လို့ မိုးလင်းသွားတယ် ထင်တယ်၊ ဟုတ်လား နီနီ၊ ရွာမှာ စောစောထတတ်တာ အန်တီကြီး သိနေတာပဲ"

"ဟုတ်ကဲ့၊ ဦးလေးနဲ့ဒေါ်လေးကိုလည်း သတိရလို့ အိပ်မပျော်တာပါ၊ နောက်နေ့တော့ စောစောထပါ့မယ်၊ အလုပ်လုပ်စရာရှိရင်လည်း နိုင်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"အိက မှာလိုက်လို့လား၊ ဘယ့်နှယ် အိမ်အလုပ်တွေ ကူနိုင်ရ မှာလဲကွယ်၊ ပျင်းတဲ့အခါ ပွဲရုံကိုတော့ လိုက်ချင်လိုက်ကလား၊ ဒီရက်တွေတော့ နေနက္ခတ်နဲ့ သင်တန်းတွေဘာတွေတက်ဖို့ တိုင်ပင်ရင်း အိမ်မှာနေလိုက် ဦးပေါ့"

ဒေါ်ခင်ခင်ဆင့်ပြောတော့ မျက်လုံးက စွေ့ခနဲ နေနက္ခတ်ဆီ ရောက်သွား၏။ နေနက္ခတ်က ဘာကိုမှ ဂရုမစိုက်ဟန်ဖြင့် အစားအ သောက်ပင် မပျက်။ ဒီလူကို အပေါ်စီးက ဆက်ဆံလို့ အဆင်မပြေနိုင်။

နေနက္ခတ်တဲ့။ သူကလည်း နေတစ်ဆူပဲ။ အောက်ကျို့ခံတတ် သည့် ရာဇဝင် ရှိဟန်မတူ။

"နေနက္ခတ်ကို နည်းနည်းတော့ သည်းခံပေါင်းသင်းပေးပါ ကွယ်၊ သူကလည်း နီနီ့လိုပဲ ပေါင်းသင်းရခက်ပေမယ့် စိတ်ရင်းကောင်း ပါတယ်၊ အခုလောလောဆယ်မှာ အန်တီကြီးတို့ လူကြီးနှစ်ယောက်က အလုပ်တာဝန်တွေနဲ့ဆိုတော့ နီနီက သူ့ကိုပဲ အဖော်လုပ်ပေးရမှာ၊ နီနီ ဘာလုပ်ချင်တယ်ဆိုလည်း သူပဲ လိုက်လုပ်ပေးနိုင်မှာလေ၊ သူငယ်ချင်း ဖြစ်သွားကြရင် သူက အကူအညီတွေ အများကြီးပေးမှာပါ"

ဒေါ်ခင်ခင်ဆင့် ပြောထားခဲ့သလိုဆိုရင် နေနက္ခတ်က သူမ အတွက် အရေးပါနေသည့် လူပေါ့။ ဒါမျိုးဆိုလည်း ရောနှောပတ်သက်ပစ် လိုက်ရဖို့ မခဲယဉ်းပါ။

လူရည်လည်သွားမှ အပေါင်းအသင်းအဖြစ်က စွန့်လွှတ်လိုက်





သည်း လွယ်လွယ်လေး။

"အဟီး"

"ဘာလဲဟာ"

လူကို တည့်တည့်ကြည့်ပြီး ဟီးခနဲ သွားဖြဲရယ်ပြတာမို့ နေ နက္ခတ် ကြောင်စီစီပင် ဖြစ်သွားရ၏။ ခုနကပဲ နှုတ်ခမ်းလေးထော်လန် နေအောင် ရန်တွေ့ခဲ့တာ မဟုတ်လား။

"ကဲ နေရောင်ခြည်၊ စားစရာရှိတာ မြန်မြန်စား၊ ငါနဲ့ ပွဲရုံ လိုက်ရမယ်"

"အာ မမကလည်း မမ့ပြန်မလာခင် ကျွန်တော်ချည်း ပွဲရုံ သွားနေရတာ၊ မျက်နှာမှာလည်း ဒဏ်ရာတွေနဲ့၊ မမပဲ သွားလိုက်ပါဗျာ နော်"

"မရဘူး မင်းက ပွဲရုံသွားတယ်လို့သာ ပြောတာ၊ ဘာအလုပ်မှ ပြီးပြတ်အောင် သေချာအောင် လုပ်ထားတာမရှိဘူး။ ချိုချိုကိုလည်း မတိုင်ပင်ဘဲ ဈေးနှုန်းတွေကို မင်းဖြတ်ချင်သလိုဖြတ် ဝယ်ထားတာဆို၊ ကုန်သည်တွေကလည်း ဖုန်းဆက်တိုင်တယ်၊ ဈေးနည်းရတဲ့သူက ရ၊ ဈေးများရတဲ့သူက ရ၊ ဈေးကို တန်းတူညီနိုင်းမပေးဘူးတဲ့၊ ကိုယ်ပြန် ရောင်းရင် ဘယ်လိုရောင်းမလဲ၊ မင်းပြောစမ်းပါဦး"

"မမ့ရာ၊ ကျွန်တော်လည်း လုပ်တတ်သလို လုပ်ထားတာပါ၊ တချို့ကုန်သည်တွေက ကိုယ်ဖြတ်ပေးတဲ့ဈေးအတိုင်းယူတယ်၊ တချို့က



www.burmeseclassic.com

www.burmeseclassic.com



ပိုပေးပါဦး၊ စပါးအထွက်နှုန်း၊ ပဲအထွက်နှုန်း မကောင်းလို့ပါ၊ နိုင်ငံခြား တင်ဖို့ စံချိန်မီအရည်အသွေးကောင်းတာတွေ ယူလာပါတယ် ဘာညာ ဆိုတော့လည်း ပိုပေးရတာပေါ့''

''အေး အဲလို အပြောကောင်းတိုင်း ပိုပေးတော့ နောက်ဆို တောင်းစားဖို့သာ ပြင်ထား နေရောင်ခြည်၊ ဟွန်း တော်တော်ကြီးမှားဦး မယ်၊ ကဲပါ ပွဲရုံမလိုက်လို့ မရဘူး၊ အခု ထ၊ ဩော် နီနီက နေနကွတ်နဲ့ နေခဲ့ပြီး ဘာလုပ်ချင်တယ်ဆိုတာ တိုင်ပင်ကြနော်၊ အန်တီကြီးတို့ သွား လိုက်ဦးမယ်''

''ဟုတ်ကဲ့''

ပြောင်ချော်ချော် ဟုတ်ကဲ့ဆိုရင်း၊ ဒေါ်ခင်ခင်ဆင့်နှင့် ဦးနေ ရောင်ခြည် ထွက်သွားချိန်မှာ နေနကွတ်ကို သွားတွေပေါ်အောင် ဟီးခနဲ ရယ်ပြပြန်၏။

''ဘာဖြစ်နေတာလဲ၊ အရူးကျနေတာပဲ''

''မိတ်ဆွေဖြစ်အောင် ရယ်ပြနေတာလေ၊ ဒါလေးတောင် မသိ ဘူးလား၊ တုံးလိုက်တာ''

''အောင်မာ ဘာတုံးတာလဲ၊ မျက်လုံးပြူးပြလိုက်၊ လက်သီး ထောင်ပြလိုက်၊ ဣန္ဒြေမရတဲ့မင်းနဲ့ မိတ်ဆွေမဖြစ်ချင်ဘူး''

''တစ်အိမ်တည်း နေတာ၊ အဲလိုတော့ လေစိမ်းမတိုက်နဲ့လေ၊ တစ်ယောက်အကူအညီလိုတာ တစ်ယောက်ပေးရင်း ခင်ခင်မင်မင်ပဲ





နေရအောင်ပါ''

''ဟား မင်းမှအပြောကောင်း၊ ငါက မင်းဆီက ဘာအကူ အညီ ယူရမှာလဲ၊ ငါ့အတွက် မလိုဘူး''

''ထမင်းပဲ အကုန်စား၊ စကား အကုန်မပြောနဲ့၊ နင် မိန်း ကလေးတစ်ယောက်ကို အရမ်းကြွေနေပြီး လိုက်လို့မရ အခက်အခဲ ဖြစ်နေပြီးဆိုရင် ပုတ်သင်ညိုလို ခေါင်းတညိတ်ညိတ် လက်ခံလာအောင် ငါအောင်သွယ်ပေးနိုင်တယ်''

''ဘာ ဟား ဟား နင်က''

လက်ညှိုးထိုးကာ လှောင်ရယ်တော့ လက်ညှိုးကြီးကို ကိုက်ဝါး ပစ်ချင်လောက်အောင် ဒေါသဖြစ်သွားပေမယ့် ပြဿနာမဖြစ်ချင်၍ မချို သွားဖြဲ ရယ်ကျဲကျဲ လုပ်လိုက်ရ၏။

''နင် မယုံရင် နင်ကြိုက်တဲ့မိန်းကလေးကို လက်ညှိုးထိုးလိုက်၊ သုံးနှစ် အဲ သုံးပတ် သုံးလ အဲဒါပဲစောင့်''

''အဲဒါ နင့်ဝါသနာလား''

''ဘာ''

''အောင်သွယ်တာတ်တာ နင့်ဝါသနာလားလို့''

''ချစ်သူစုံတွဲတွေ အဆင်ပြေပြေ ချစ်နိုင်အောင် ပါရမီဖြည့်ပေး တာပါ''

''ကြိုးကျယ်လိုက်တာ၊ အကျိုးဆောင်ခတောင်းရင်တော့ မပေး



www.burmeseclassic.com

www.burmeseclassic.com



နိုင်ဘူးနော်''

''အဲလို မတောင်းပါဘူး၊ အပေးအယူလေးပါပဲ၊ ငါ့ကိစ္စလေးတွေကို နင်စိတ်ပါလက်ပါ ကူညီပေးဖို့''

''သင်တန်းတက်ဖို့ကိစ္စတွေ ပြောတာမဟုတ်လား။ မင်းက ဘာသင်တန်းတက်ဖို့ စိတ်ကူးထားလို့လဲ၊ ဒီလောက်တော့ လိုက်အပ်ပေးနိုင်ပါတယ်''

''ဂီတာတီးသင်တန်း''

''ဘာ မင်း ဘာပြောလိုက်တယ်၊ ငါ နားကြားမှားတာလားလို့''

နေနက္ခတ် တကယ်ပင် အံ့သြသွားခဲ့တာ။ ရန်ကုန်ထိတက်လာသည့် ဒီကောင်မလေးရဲ့ ရည်ရွယ်ချက်က ကြီးကြီးမားမားလည်း မဟုတ်။ သူမကတော့ ထိုင်ခုံကိုကျောကပ်မှီပြီး ပေါ့ပေါ့ပါးပါးပင်။

''ဂီတာတီးသင်တန်းတစ်ခုတည်းတော့ မဟုတ်ပါဘူး။ သီချင်းဆိုတာလည်း ဝါသနာပါတယ်၊ ဒီမှာရှိတဲ့ ဆိုကြမယ် ပျော်ကြမယ်, ဂီတတံခါးလေး ဖွင့်ပါဦး, သံစဉ်လမ်းက လင်းလက်ကြယ်, ဘာညာ အစုံကွာ၊ အဲဒါတွေအားလုံး ဝင်ပြိုင်ချင်တယ်၊ လျှောက်လွှာယူဖို့ ဖောင်တင်ဖို့ အဲဒီနေရာတွေ လိုက်ပို့''

''ဟား မင်း၊ အရှုပ်ထုတ်ပဲ နေဝန်းနီ၊ ငါက အားအားယားယား အဲဒါတွေ လိုက်လုပ်ပေးရမှာလား''

''ကျွတ် အနုပညာကို မခံစားတတ်လိုက်တာ၊ နို့တို့ရွာမှာ အဲဒီ





လိုနေရာကနေ အောင်မြင်မှုရပြီး အဆိုတော်ဖြစ်သွားတဲ့သူတွေတောင်ရှိတယ်''

''မင်းကိုယ်မင်း အဲလိုဖြစ်လာနိုင်တယ်လို့ ယုံကြည်မှုရှိတယ်, မျှော်လင့်ထားတယ်ပေါ့''

''အင်း ဘယ်လိုပြောရမလဲ၊ အဲလိုမဖြစ်လည်း ဝမ်းမနည်းပါဘူး။ အတွေ့အကြုံလည်း ရ, ပျော်လည်းပျော်ရတာပေါ့''

''အဲလို ရည်ရွယ်ချက်ကြီးကြီးမားမားနဲ့ ရန်ကုန်ရောက်လာတာလား''

''ဟင်း ဟင်း ရွာမှာပျင်းလို့ ပြီးတော့လေ ကိုယ်အောင်သွယ်ပေးလိုက်တဲ့ လူတွေရဲ့ မိဘမောင်ဘွားအန္တရာယ်ကလည်း နည်းနည်းရှောင်ချင်တာနဲ့၊ ဟဲ ဟဲ လွန် လွန်သွားလို့''

''အံ့သြပါရဲ့ကွာ''

ကိုယ့်ထက်ရှုပ်နိုင်သော ဗရုတ်သုတ်ခ နေဝန်းနီကို နေနက္ခတ် ဆလံတချင်လာသည်။ စပ်ဖြဲဖြဲမျက်နှာလေးကို သေချာကြည့်မိတော့ ကလေးတစ်ယောက်လို အပြစ်ကင်းလျက် ဝင်းဝင်းဖန့်ဖန့် ဖြူစင်လို့ပါ။ ဆံပင် ဖရိုဖရဲ အဝတ်အစား ဖိုသီဖတ်သီကတော့ မျက်လုံးထဲမှာ ဘယ်လိုမှ ထောင့်မကျိုး။

မိန်းကလေးက ဘာလို့ မိန်းမပီပီသသ မနေတာလဲ။

''ထားလိုက်ပါတော့ နင်ဖြစ်ချင်တာတွေ ငါ စုံစမ်းပေးမယ်''



www.burmeseclassic.com

www.burmeseclassic.com



“ဟဲ့ ဒါ ဘယ်လဲ၊ ငါလည်း လိုက်မယ်လေ”

“အခု ဘာမှ မစုံစမ်းရသေးဘဲ ဘာလို့ တကောက်ကောက် လိုက်နေမှာလဲ၊ ငါလည်း ငါ့ကိစ္စရှိသေးတယ်၊ ဒိုးပြီ”

“ဟာ နေနကွတ် နေနကွတ်”

သူမအသံစူးစူးလေး နောက်က ကပ်ပါလာသော်လည်း ပြန် စောင်းမခတ်ဘဲ ဖွတ်အတင်း ကားပေါ်တက်၍ မောင်းထွက်လာခဲ့သည်။ အရှုပ်ထုတ်ကို လွှယ်ပိုးသွားလို့ ဘယ်ဖြစ်ပါ့မလဲ။

နေရစ်ခဲ့တော့ နေဝန်းနီ။

✿ ✿ ✿



အခန်း (၁၂)

“ဟား ဟား၊ အဲဒါနဲ့ ငိုမဲ့မဲ့လေး ကျန်ရစ်ခဲ့ရောလား”

“မိလိုက်ရင်တော့ မင်းကို လက်သီးစာကျွေးမယ်ထင်တယ်နော်၊ ဆော်တော် အားကောင်းမောင်းသန်ပဲလား”

မြင်ခဲ့သမျှ ပြန်ပြောပြတော့ စိုးသူနှင့် မိုးမင်း ခွက်ထိုးခွက်လန် ရယ်၍ လှောင်ပြောင်လို့မဆုံး။ သူလည်း ရောယောင်ရယ်မိကာ –

“အေးကွာ၊ နေရှင်းထိုင်ရှင်း ဘယ်လိုကြိုဟ်ဆိုးဝင်လဲ မသိပါဘူး။ တကယ် လက်လန်တယ်”

“ရုပ်ကလေးက လှတာပတာ၊ အလန်းလေး မဟုတ်လား”

“ရှုက်ကြမ်းရေကျို ထင်ပါတယ်ကွာ၊ ယောက်ျားလေးအဝတ် အစားတွေ ဝတ်ပြီး ဖရိုဖရဲနဲ့၊ မိန်းကလေးသာဖြစ်တာ ဆံပင်တော်င



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းမဖြီးတတ်တူးထင်တယ်၊ သနပ်ခါးလည်း မလိမ်း၊ နှုတ်ခမ်းနီ ပါးနီလည်းမလုပ်၊ တကယ့် တောဂေါ်လီ''

စိုးသူတို့မျက်လုံးထဲ မြင်ယောင်အောင်ပြောရင်း နေနကွတ် ထပ်ရယ်မိပြန်၏။ သူ့ပတ်ဝန်းကျင်မှာ နေဝန်းနီလိုမိန်းကလေးမှ မရှိတာ အထူးအဆန်းဖြစ်နေသလို ရယ်စရာတစ်ခုလို့ပင် သတ်မှတ်သည်။

''ဒါနဲ့ အောင်သွယ်ကောင်းတာ တကယ်လား၊ ဘယ်လောက် စွမ်းလဲ သိရအောင် မင်း ကပ်လို့တောင်မရတဲ့ ပုလဲကိစ္စကို လုပ်နိုင်းလိုက် ပါလား''

''အာ ငါတောင် သူ့မောင်တွေကြောင့် ကပ်လို့မရတာ၊ နေဝန်းနီ ဘလိုင်းကြီးသွားရောတာ ဘယ်သူက လက်ခံမှာလဲ၊ ပုလဲအစ်ကိုတွေ မောင်တွေက အရမ်းအကင်းပါးတာကွ''

''အေးလေ၊ သူတို့ ဘယ်လိုဖြစ်ဖြစ်ပါ၊ မိန်းကလေးချင်း ပတ်သက်တာ သူ့မောင်တွေ ဘာပြောလို့ရမှာလဲ၊ နေဝန်းနီအရည်အချင်း သိချင်ရင် အဲလိုသာ စမ်းကြည့်လိုက်''

''မင်း ပုလဲကို တကယ်ကြွေတယ်ဆိုရင် လုပ်နိုင်းလိုက်စမ်းပါ ကွာ၊ မရတော့လည်း အရင်းပေါ့၊ ဘာလဲ သိသွားရင် ပုလဲမောင်တွေ ကွိုင်ရှာမှာစိုးလို့လား''

''ယောက်ျားချင်း မကြောက်တတ်တာ မင်းတို့သိပါတယ်၊ ဟို တစ်ခါ ငါ့ကားကို တားပြီးဝင်ဆော်တုန်းက ငါပြန်တွယ်ခဲ့တာပဲ၊ မင်း





တောင် ပါပါးကို သွားခေါ်သေးတယ်လေ၊ အေး အဲဒီပြဿနာကို ပုလဲက ငါက အရင်စတယ်ထင်ပြီး တင်းနေတာကွ၊ ငါလည်း မဖြေရှင်းချင် တော့ဘူး။ သူ့မောင်တွေ ပြောစကားပဲ ယုံမှာပေါ့''

''အဲလိုကိစ္စဆိုတာ ကြားခံမရှိရင် မပြေလည်နိုင်ဘူး၊ မင်း ဒီလိုလုပ်နေရင် ပုလဲကရော ဘယ်လိုအဖြေပြန်ပေးမလဲ၊ သူ့မောင်တွေ ကလည်း ပုလဲကို မျက်လုံးဒေါက်ထောက်ကြည့်နေတာ၊ ပုလဲ အနေကျပ် မှာပဲ''

''ဟူး တခြားမိန်းကလေးတွေနဲ့ တွဲရတာ လွယ်သလောက် ပုလဲအတွက် အချိန်ပေးနေရတာ သူ့မောင်တွေကြောင့်ကွ''

''ပြီးပြီးသားတွေ လွှမ်းမနေနဲ့၊ မင်းက ပုလဲမောင်တွေနဲ့ အရင် ငြိပြီးမှ ပုလဲကိုလိုက်တာဆိုတော့ သူတို့ဘက်ကလည်း ကျော့တယ်ထင်ပြီး နေမှာပဲ''

စိုးသူတို့ထင်မြင်ချက်က မမှားနိုင်။ ပုလဲမောင်တွေနှင့် ကျောင်း တော်က ရန်စရှိခဲ့ပြီး အကြိတ်အနယ်ပြဿနာတွေ တက်ခဲ့ဖူး၏။ အဲဒီကမှ ပုလဲနက်ဆိုသော ညီမတစ်ယောက်ရှိတာကို သိကာ ဖွတ်အတင်း ရော နှောတွယ်ကပ်ခဲ့တာ ဖြစ်သည်။

အစက ပုလဲရဲ့မောင် ဥက္ကာလင်းတို့ မသိကြ၊ နောက်မှ ပုလဲကို မြန်မြန်ချစ်စကားပြော မြန်မြန်အဖြေတောင်းနေချိန်မှာ ဥက္ကာလင်းတို့ သိသွားခဲ့ပြီး ဆုံးခန်းမတိုင်သော ပြဿနာတွေ တက်ခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



တွေ့ရာသချိုင်း ဓားမဆိုင်းဆိုသလို ကြုံသလို အဖွဲ့ခံရရင်း ပုလဲဆီက အဖြေလည်း အခုထိ တောင်းချိန်မရ။

"ဘာတွေ စဉ်းစားနေတာလဲ နကြွတ်၊ မင်းလည်း နေဝန်းနီ တောင်းဆိုထားတာတွေ စုံစမ်းပေးရမှာပဲ မဟုတ်လား၊ အပေးအယူ ညီမျှပါတယ်"

"အေး ဒါဆို အရှုပ်ထုတ် သီချင်းဆိုပြိုင်ချင်တဲ့ကိစ္စ၊ မင်း တို့လည်း ဝိုင်းစုံစမ်းပေးဦး"

"ဘာစုံစမ်းစရာလိုလဲ၊ ဖောင်ယူရမယ့်နေရာ ဖောင်သွားဝယ် ပြီး ဖောင်တင်ထားလိုက်ပေါ့၊ သူတို့ အကြောင်းကြားတဲ့အခါ သီချင်း သွားတိုက်၊ အစမ်းလေ့ကျင့်ပြီးလို့ အသံအောင်တယ်၊ ဖြစ်တယ်ဆို ဝင်ပြိုင် ခွင့်ရပြီပဲ"

"ဘယ်လိုဟာလေးလဲကွာ၊ သူဝါသနာပါတာကလည်း"

"အေး သူများဆီက အကူအညီ အလကားမယူတတ်တဲ့ စိတ် ကလေးတော့ ချီးကျူးတယ်၊ ပုလဲနက်ကိစ္စ အဆင်ပြေသွားရင် စေတနာ ပါပါနဲ့ကို ကူညီပေးလိုက်ဦးမယ်"

"ဉာဏ်သင်းတို့ကို ဖြမ့်ဖို့အကွက်ရသွားလို့လား"

"သူတို့ညီမ ငါ့ဘက်ပါသွားရင် ဒီကောင်မတွေ ထိုင်ငိုပေါ့ နေနကြွတ်ပါကွာ၊ ပုလဲနက်ပန်းကို ဖက်၊ လက်မ,ထောင်ပြီးကို အဲဒီကောင် တွေရှေ့က ဖြတ်လျှောက်ချင်တာ"





"ဟား ဟား၊ အောင်မြင်ချင်ရင် နေဝန်းနီကို အားကိုးလိုက်၊ မင်းမှာအစာကျေ ရင်ချောင်လာလိမ့်မယ်"

သူငယ်ချင်းသုံးယောက်က ဘယ်တော့မဆို ပျော်ပျော်ရွှင်ရွှင် ပေါ့ပေါ့ပါးပါးပင်။ အမြဲတမ်း တွဲဖြစ်တာမျိုး မဟုတ်ပေမယ့် ခဏခဏ တော့ ဆုံဖြစ်ကြ၏။ စိုးသူနှင့် မိုးမင်းက ရည်ရွယ်ချက်အနည်းငယ်နှင့် အလုပ်ရှာနေကြသော်လည်း နေနကြွတ်က အဒေါ်အပျိုကြီး ရှာဖွေသမျှ လက်ဝါးဖြန့်တောင်းကာ သုံးဖြုန်းနေရတာတောင် မတင်းတိမ်ချင်။

အဒေါ်ငြိုငြင်လျှင် ပါပါးရှိသည်။

ပါပါးက ငယ်စဉ်ကတည်းက မှားမှားမှန်မှန် သူ့ဘက်ကပဲ ရပ်တည်ခဲ့တာ။

ဒါကြောင့် ကြီးကြီးထက် ပါပါးကို ပိုချစ်ခဲ့သည်။ မေမေ့ကို မတမ်းတမိအောင် ဖြည့်ဆည်းအလိုလိုက်ခဲ့သည်မို့ ပါပါးက သူ့ဘဝ အတွက် အရေးပါသောလူတစ်ယောက် ဖြစ်ခဲ့၏။

အခု အသည်းအသန် ကြိုးစားနေမိသော ပုလဲနက်ကရော သူ့အတွက် အရေးပါလား မပါလား။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

"အဲဒီပုလဲနက်က မီဒီယာတစ်ခုမှာ စကားပြန်လုပ်ဖို့ ကိုးရီးယား စကားပြောသင်တန်း တက်နေတယ်၊ နင် ရင်းနှီးအောင်လုပ်မယ်ဆိုရင် တော့ အဲဒီသင်တန်းတက်မှ ဖြစ်မှာ"

"အာ အဲ အဲဒီသင်တန်းတွေ ငါ ဝါသနာမပါဘူး။ မတက် ချင်ဘူး၊ တခြားနည်း စဉ်းစားပေး"

"နင် ဈေးဆစ်မနေနဲ့ နေဝန်းနီ၊ ပုလဲနက်နဲ့ အနီးကပ်ပေါင်း သင်းဖို့က ဒီတစ်နည်းပဲ ရှိတယ်၊ တခြားအချိန်တွေဆို သူ့မောင်တွေက ပုလဲနက်ရဲ့ သက်တော်စောင့်တွေပဲ"

"ငါ ငါက သီချင်းဆိုပြိုင်ဦးမှာပါဆို"

"ဟ အခု ပြိုင်ချင်တိုင်း ဝင်ပြိုင်လို့ ရတာမှမဟုတ်တာ





ခေါင်တင်ထားတာ ပြန်ကျဖို့တောင် လေးငါးလလောက် စောင့်ရဦးမှာ၊ ဒီကြားထဲမှာ ဂီတာတီးသင်တန်းတက်ဖို့ စုံစမ်းပေးမယ်၊ အဲဒါက တစ်ချိန် ဆိုရင် ကိုးရီးယားစကားပြောသင်တန်းကို တစ်ချိန်တက်ပေါ့"

"ဟာ ညစ်လိုက်တာ ညစ်လိုက်တာ"

နေဝန်းနီ ကဆုန်ပေါက်၍ ထအော်၏။ စာတွေကို ဂရုစိုက် လေ့လာရမှာ ဝါသနာမပါပါ။ ဘွဲ့လေးတစ်ခုတောင် ဖျစ်ဖျစ်ညှစ်ညှစ် ယူထားတာ။

ပြတ်မကျရုံ အောင်မှတ်လေးနှင့် အဆင့်ဆင့်အတန်းတက်လာ ခဲ့သော်လည်း သီချင်းကိုတော့ အချိန်နေရာမရွေး မပျင်းမရိ အော်ဆို နေတတ်တာ။

"အခု ဘာလဲ ကိုးရီးယားစကား မတက်လို့ မရဘူးလား"

"မရဘူး"

"အဲဒါဆို အဲဒီသင်တန်းကြေး ဘာညာကိစ္စ၊ နင်အကုန်ခံ"

"ဘာ"

"မအော်နဲ့လေ၊ ဖြစ်သင့်တာကို ပြောပြတာ၊ ငါတက်ချင်လို့ တက်တာမှ မဟုတ်ဘဲ"

"အေး ထားပါတော့၊ ငါ့ဘက်ကလည်း နင့်ကို ပြန်တောင်း ရမှာပဲ"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မနေ့က နင် သီချင်းဆိုပြိုင်မယ့်ကိစ္စ သွားစုံစမ်းတာ ကား အသွားအပြန်ဆီဖိုး, ဟိုမှာထိုင်သောက်ခဲ့တဲ့ အအေးဖိုး ကျသင့်ငွေတွေ နင် အကုန်ရှင်း"

"ဟယ် အဲဒါတွေ ငါက ပေးရမှာလား"

"ပေးရမှာပေါ့၊ နင့်လိုပဲ ငါလည်း အကုန်မခံနိုင်ဘူး။ ဖောင်တွေ ဝယ်ရင်လည်း နင့်ဘာသာရှင်း"

ကတ်ဖိုးကတ်ဖဲ့နိုင်လှသော နေနကြွတ်ကို အမြင်ကတ် ရွတ်ရ မိသော်လည်း သူပြောတာ တရားနည်းလမ်းကျသည်မို့ သူမ ငြိမ်နေလိုက် ရသည်။ သူ့အလှည့်ရှိလျှင် ကိုယ့်အလှည့်လည်း ရှိရမှာပေါ့။ ထိုနေ့မှာပင် ကိုးရီးယားသင်တန်းတက်ဖို့ကိစ္စ လုပ်ရမှာမို့ သူ့ကားနှင့်လိုက်ခဲ့ပြီး သင်တန်းအပ်ရလေ၏။

ထိုအချိန်မှာ သင်တန်းခန်းမထဲ ဝင်သွားသော ကောင်မလေး တစ်ယောက်ကို နေနကြွတ်က လက်ညှိုးထိုးပြကာ –

"ဟိုမှာတွေ့လား၊ အပြာရောင်ဝမ်းဆက်လေးနဲ့ ဒေါက်မြင့်ဖိနပ် အနက်လေး စီးထားတာ၊ အဲဒါ ပုလဲနက်ပဲ၊ နင် အခုနေ သွားရော တော့ ယောက်ျားလျှာစိတ်ပေါက်နေတဲ့သူက ဖွန်လာကြောင်တယ်ထင်မှာ"

"ဟမ်"

အနက်ရောင်ဂျင်းဘောင်းဘီနှင့် တီရှပ်အဖြူ ဝတ်လာသော သူမက ဘယ်လိုမှ မိန်းမစစ်စစ်လို့ ပြောလို့မရနိုင်။





သားရေပျော့အနက်ရောင်အိတ်ကို ကြိုးရှည်ရှည်ထားကာ ဇလွယ်သိုင်းလွယ်ထားပြီး ဘွတ်ဖိနပ်စီးထားတာမို့ ယောက်ျားလျာလို့ပဲ ပြောတော့မှာပေါ့။

"ဟဲ့ ငါ့ကိုအဲလို မထင်အောင် ငါက ဘယ်လိုဝတ်ရမှာလဲ"

"မိန်းကလေးပဲဟာ မိန်းကလေးလို ဝတ်ပေါ့၊ နင် ယောက်ျား စိတ် တကယ်မပေါက်ဘူး မဟုတ်လား"

"မပေါက်ပါဘူး၊ ဘာလို့ပေါက်ရမှာလဲ၊ ငါ့ဘာသာ ဒါမျိုးဝတ်ရ တာ လွတ်လွတ်လပ်လပ်, ပေါ့ပေါ့ပါးပါးရှိလို့ ဝတ်တာ"

"ပြီးရော၊ ဒါဆို ပလာဇာသွားမယ်"

"ဘာသွားလုပ်မှာလဲ"

"မိန်းမအဝတ်အစား သွားဝယ်မယ်လေ၊ နင့်မှာ တစ်ထည်မှ ပါမလာဘူး မဟုတ်လား"

"အေး ပါမလာဘူး၊ ဟို အဲဒါတွေဝယ်ဖို့လည်း ပိုက်ဆံ ပါမလာ ဘူး"

"ငါ့မှာ ပါတယ်၊ အိမ်ရောက်မှ အကြွေးဆပ်ပေါ့"

"အံမယ် မဆပ်နိုင်ပါဘူး"

နေဝန်းနီက ခေါင်းလေးကိုမော့ကာ ဆိုးခနဲဆတ်ခနဲ တုံ့ပြန် သည်။ နေနကြွတ်က နားမလည်နိုင်ဖြစ်သွားကာ –

"ဘာလို့ မဆပ်ရမှာလဲ၊ စေတနာနဲ့လည်း ပိုက်ဆံစိုက်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ရသေးတယ်''

''ငါ လိုလားတောင့်တမှုရှိလို့ နင်ဝယ်ပေးတာ မဟုတ်ဘူးလေ၊ နင့်ကောင်မလေးအတွက် အသုံးဝင်စေချင်လို့ မဟုတ်လား၊ ငါက မိန်းမ အင်္ကျီဝတ်ဖို့ သိပ်စိတ်ပါတာ မဟုတ်ဘူး၊ အဲလိုလုပ်မှ ဖြစ်မယ်ဆိုရင်တော့ နင်ဝယ်ပေးပေါ့''

သူမက အပိုင်ကွက်တွေ့သွားသလို မော်မော်ကြွားကြွားလေး ပြော၏။ နေနကွတ် ခပ်ချဉ်ချဉ်ဖြစ်သွားသော်လည်း ဘာမှမတတ်နိုင်။

ပုလဲနက်မောင်တွေက နေဝန်းနီရဲ့ ဒီပုံစံကို တွေ့သွားပါက ကုပ်ကဆွဲပြီး လွှင့်ပစ်လိုက်လို့ အစရှာမရ ဖြစ်သွားနိုင်သည်။ ပုလဲနက်မောင်တွေကို အနိုင်ရဖို့ သူ ဒီလောက်တော့ ရင်းရပေတော့မည်။

လုပ်ထားဦးပေါ့ နေဝန်းနီရယ်။

✿ ✿ ✿



## အခန်း (၁၄)

''ဟာ ဒုက္ခပါပဲ၊ ဘာဝတ်ဝတ် အဆင်မပြေဘူး ထင်တယ်၊ ကျပ်ကျပ်ကပ်ကပ်နဲ့ အသက်ရှူတောင် ကျပ်တယ်''

သူမ ဘာဝတ်လို့ ဘာရွေးရမှန်း မသိ။ ဟိုလျှောက်ဒီလျှောက် ဖြစ်နေတာကို စိတ်မရှည်သော နေနကွတ်က ဟိုအင်္ကျီ ဒီအင်္ကျီတွေ ဆွဲဆွဲဖြုတ်ပြီး ဒါယူဒါဝတ်နှင့် အကုန်ပစ်ပေးသမျှ သယ်ပိုးပြန်ခဲ့ရတာ မနည်းမနော။

နေနကွတ် ငွေတွေ ဘယ်လောက်ကုန်သွားမှန်း မသိပေမယ့် အိမ်ရောက်လို့ ဝတ်ကြည့်နေစဉ်မှာ ဘာတစ်ခုမှ စိတ်တိုင်းမကျ။

ဝတ်လိုက် ချွတ်လိုက် ရှုံ့မဲ့လိုက်ဖြင့် အိပ်ရာခုတင်ပေါ်မှာ အဝတ်အစားတွေ အပုံလိုက် ရှုပ်ပွနေ၏။ ရှင်းဖို့ လင်းဖို့လည်း စိတ်မပါ



www.burmeseclassic.com

www.burmeseclassic.com



တာမို့ ခရမ်းရောင်အပျော့သား ကိုယ်ကျပ်လေး ဝတ်ကြည့်ပြီးချိန်မှာ မချွတ်နိုင်တော့ဘဲ ဒီအတိုင်းကြီး ခုတင်ပေါ် ပစ်လှဲချလိုက်သည်။

ရွာမှာ ဆိုင်ကယ်တစ်စီးနှင့် ရွာရိုးကိုးပေါက် တစ်နေကုန် ပတ်နေတာထက်တောင် ပိုပင်ပန်း၏။

"ဒေါက် ဒေါက်၊ နီနီ သမီးလေး။ အန်တီကြီး စကားပြောစရာ ရှိလို့ ဝင်လာခဲ့မယ်နော်"

"ရှန် ဟုတ် ဟုတ်ကဲ့"

ဖြုန်းခနဲ ခုန်ထလိုက်ရင်း ဘာကိုဘယ်လို ရှင်းလင်းရမှန်းမသိ ဖြစ်သွားသည်။ အဝတ်ပုံကြီးကို ပွေ့ပိုက်ပြီး ဘယ်လိုဖွက်ထားလို့ ထားရ မှန်းမသိ ပျာယာခတ်နေဆဲ။

"ဟယ် နီနီ ဘယ်လိုဖြစ်နေတာလဲ"

"ဟင် ဘာ ဘာမှမဟုတ်ပါဘူး"

ရုက်ကိုးရုက်ကန်း ထူပူစွာ ပွေ့ပိုက်ထားသော အဝတ်တွေကို ခုတင်ပေါ် ပြန်ပစ်ချကာ ကိုယ့်ကိုယ်ကိုယ် ဟိုဖုံးဒီဖိဖြင့် မလုံမလဲ ဖြစ်နေမိသည်။

"ဟယ် နီနီရယ် လှလိုက်တာကွယ်၊ ဒီအဝတ်အစားတွေ ဘယ် အချိန်က ဝယ်လာတာလဲ၊ ရွာကပါလာတာ မဟုတ်ဘူး မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့၊ ဒီ ဒီနေ့မှ ဝယ်လိုက်တာ"

"ဩော် ဒီလို မိန်းမအင်္ကျီတွေ ဝတ်ချင်တာများ အန်တီကြီး



ကို စောစောက ပြောရောပေါ့ကွယ်၊ အန်တီကြီး ဝယ်ပေးမှာပေါ့။ အခုရော မစောကို ခေါ်သွားတာလား နီနီ"

"ရှန် မ မဟုတ်ဘူး။ နေနေကွတ်နဲ့"

"နေနေကွတ်လိုက်ပို့တာ ဆိုပါတော့၊ အဲဒါကြောင့် ပြောတာပေါ့။ ဒီကောင်လေး စိတ်ရင်းမဆိုးပါဘူးလို့၊ ဟင်း ဟင်း။ နီနီက မိန်းကလေး အင်္ကျီ မဝတ်မှုဘူးလို့သာပြောတာ၊ နောက်ဆုံးပေါ် အဆင်လှတာလေး တွေ ရွေးတတ်သားပဲကွဲ့၊ အဲဒီကို လှမ်းပြောဦးမှထင်တယ်၊ နီနီ မိန်းမ အင်္ကျီတွေ ဝတ်နေပြီလို့"

"မ မပြောပါနဲ့ အန်တီကြီးရယ်၊ နီ ရှက်လို့ပါ"

"အိုး မိန်းကလေးက မိန်းမအင်္ကျီဝတ်တာ ရှက်စရာလား၊ အသားလေးက ဖြူဝင်းနေတော့ ဘာဝတ်ဝတ် လိုက်မှာပဲ၊ အန်တီကြီးကို နောက်တစ်စုံလောက် ဝတ်ပြပါလားကွယ်"

ဒေါ်ခင်ခင်ဆင့်က ဆင်စွယ်ရောင်ဝတ်စုံတစ်ထည် သူမလက်ထဲ ထည့်ပေး၏။

သူမ ခါးခါးသီးသီးပင် ဆွဲယူပြီး ခုတင်ပေါ် ပစ်တင်လိုက် သည်။

"ဟင့်အင်း နီ နီနဲ့မလိုက်ဘူးထင်တယ်၊ ဝတ်ရတာ တစ်မျိုးကြီး ပဲ၊ မွန်းကျပ်ကျပ်ကြီး"

"ဘယ့်နှယ်၊ ကိုယ်ကြိုက်လို့ ကိုယ်ဝယ်လာတာ မဟုတ်ဘူး

www.burmeseclassic.com

www.burmeseclassic.com



လား''

''မဟုတ်ဘူး၊ နေနကွတ်က ကောင်းတယ်ဆိုပြီး''

''ဩော် တူလေးရွေးပေးတာလား၊ ဒီကောင် ဘယ်ဆိုးလို့လဲ နီနီနဲ့ လိုက်ဖက်တာလေးတွေ ရွေးတတ်သားပဲ၊ ဒါနဲ့ နေနကွတ်က မိန်းကလေးတစ်ယောက်ကို အဝတ်အစားလိုက်ဝယ်ပေးလောက်အောင် သဘောမကောင်းနိုင်ဘူး၊ ဘာအကြောင်းရှိလို့လဲ နီနီ''

''ရှုန် မရှိပါဘူး၊ ဟို''

''အမှန်အတိုင်းပြောပါကွယ်၊ ကိုယ့်တူကိုယ့်သားအကြောင်း သိနေလို့ပါ''

''သူ သူ ကြိုက်နေတဲ့ကောင်မလေးနဲ့ အောင်သွယ်ပေးဖို့''

''ဟင် ဘယ့်နှယ်၊ ဩော် သဘောပေါက်ပြီ သဘောပေါက်ပြီ''

ဒေါ်ခင်ခင်ဆင့် ဟက်ဟက်ပက်ပက် ရယ်ချရင်းနှင့် လာရင်းကိစ္စကို သတိရသွား၏။ ဒီကောင်မလေး အောင်သွယ်ကောင်းတာ မိမိလည်း သိထားတာပဲ။

''ကဲ အဲဒီအဝတ်တွေ ထားလိုက်ဦး၊ နီနီ့ကို အန်တီကြီး ပြောစရာရှိတယ်''

အဝတ်ပုံကြီး ဘေးနားရွှေ့ပြီး ဒေါ်ခင်ခင်ဆင့် အိပ်ရာခုတင်ပေါ် တက်ထိုင်သည်။ သူမလည်း မနေတတ်မထိုင်တတ်ဖြင့် ဒေါ်ခင်ခင်ဆင့် ဘေးနားမှာ ဝင်ထိုင်လိုက်ရသည်။ ဒေါ်ခင်ခင်ဆင့်က သူမဆံနွယ်လေးတွေ





ကို ပွတ်သပ်ကိုင်တွယ်ကြည့်နေရင်းဖြင့် –

''နီနီ ဒီအိမ်ရောက်လာတာ အန်တီကြီးကတော့ တိုင်ပင်ဖော် တိုင်ပင်ဖက် ဆွေမျိုးသားချင်းတစ်ယောက် ရတယ်လို့ သဘောထားတယ် ကွယ်၊ နို့ဘက်က တိုင်ပင်စရာရှိရင်လည်း အန်တီကြီးကို ပွင့်ပွင့်လင်းလင်းပြော၊ သိလား''

''ဟုတ်ကဲ့ အန်တီကြီး''

''အေး အခု အန်တီကြီးက မောင်လေးနေရောင်ခြည်ကို အိမ်ထောင်ချပေးချင်တာကွဲ့''

''ဩော် သူ့မှာ ရည်းစားရှိလို့လား၊ မုဆိုးဖိုဆိုတာလည်း လွတ်လပ်တဲ့သူပဲ၊ ပေးစားလိုက်ပေါ့ အန်တီကြီးရဲ့''

''အန်တီကြီးက ပေးစားချင်ပါတယ်၊ သူ့မှာက ရည်းစား ဘာညာ ရှိတာမဟုတ်ဘူး၊ အန်တီကြီးသဘောတူတာက ပွဲရုံက စာရေးမချိုချိုနဲ့လေ''

''ဦးရောင်ခြည်က လက်မခံဘူးလား''

''အဲဒါ ခက်နေတာပေါ့ နီရယ်၊ သူက သူ့သားကို စိတ်မချဖြစ်ပြီး ဘယ်မိန်းမနဲ့မှ ပေးစားလို့မရဘူး ဖြစ်နေတာ''

''ဒါတော့လည်း ဟုတ်တာပဲ၊ သားကို မိထွေးနဲ့ ပြဿနာတက်မှာ, မတည့်မှာ စိုးရိမ်မှာပေါ့''

''အဲလိုစိုးရိမ်တာမျိုး မဟုတ်ပါဘူးကွယ်၊ သူက သွားအနား



www.burmeseclassic.com

www.burmeseclassic.com



မှာ ကိုယ်ရုံတော်တပ်မှူး စစ်သူကြီးလို သက်တော်စောင့်လို စောင့်ရှောက်ချင်တာလေ၊ ဒါ မိဘမေတ္တာဆိုတာ အန်တီကြီး နားလည်ပါတယ်၊ ဒါပေမဲ့ သားကလည်း ဖအေအားကိုးနဲ့ ရန်သတ်ရမှာ၊ မိုက်ကန်းရမှာ ဝန်မလေး၊ ဖအေကလည်း သားကို အနိုင်မခံ အရှုံးမပေးအောင် မြှောက်ပင့်ပေးရင်းနဲ့ လူမိုက်အလုပ်တွေလုပ်၊ ရဲစခန်း ခဏခဏရောက်ပြီး ဂုဏ်သိက္ခာတွေကျ၊ ဒါဟာ မိဘကောင်း သားသမီးကောင်း မဟုတ်ဘူး၊ မေတ္တာအစစ်အမှန် မဟုတ်ဘူး နီနီ''

ဒေါ်ခင်ခင်ဆင့်ပြောတာ နေဝန်းနီ သဘောပေါက်သလို ဖြစ်သွားသည်။ သားအဖနှစ်ယောက်ကို ခွဲထုတ်ချင်တာမျိုးလား။

''ဒါဆို ဦးရောင်ခြည် မိန်းမ မယူချင်ရင် နေနက္ခတ်ကို မိန်းမပေးစားလို့ရော မဖြစ်ဘူးလား၊ သူ့မှာ ရည်းစားတွေ ရှိချင်ရှိနေမှာပေါ့''

''တူလေးက ငယ်ပါသေးတယ်ကွယ်၊ ဖအေက လမ်းကြောင်းမှား သွန်သင်ဆုံးမ,ထားလို့ အိမ်ထောင်ပြုလောက်အောင်လည်း မရင့်ကျက်သေးပါဘူး၊ ဟို အန်တီက မောင်လေးကို အိမ်ထောင်ပြုစေချင်တယ်ဆိုတာကလည်း သူ့အနာဂတ်ကို မိသားစုတာဝန်နဲ့ အလေးအနက် ရှိလာစေချင်လို့ပါ''

''ဟင် အန်တီကလည်း မိန်းမတစ်ယောက်ရဲ့ သားတစ်ယောက်ရလို့ မုဆိုးဖိုတောင် ဖြစ်နေပြီ ပြီးတော့ အသက်အရွယ်လည်း ကြည့်ပါဦး အန်တီကြီး တွေးပူစရာမလိုတော့ပါဘူး''





နေဝန်းနီစကားကို ဒေါ်ခင်ခင်ဆင့် ခေါင်းတညိတ်ညိတ်လုပ်၍ ထောက်ခံလိုက်ကာ –

''မှန်တယ် နီနီ၊ တကယ်ဆို တွေးမပူသင့်တဲ့အရွယ် ရောက်နေပါပြီ၊ ဒါပေမဲ့ ခုချိန်ထိ ဘဝကို အလေးအနက်မတွေးဘဲ အစ်မကို မှီခိုနေတာ၊ နီနီ စဉ်းစားကြည့်ပါဦး၊ အသက်နှစ်ဆယ်အရွယ် သားနဲ့အပြိုင် ရန်သတ်တယ်၊ ကစားကွင်းတွေသွားတယ်၊ အပျော်ရှာတယ်၊ အချုပ်ခန်းရောက်တယ်၊ လုပ်ငန်းကိစ္စတွေမှာ စိတ်ဝင်စားမှုမရှိလို့ တလွဲတချော်တွေ ဖြစ်တယ်''

''ဟုတ်ပဲ့၊ ဒါတော့ ဘယ်ကောင်းပါ့မလဲ''

''အေး အန်တီကြီးကလည်း အဲဒါပြောတာပေါ့၊ လုပ်ငန်းတွေပေးမယ်, အမွေတွေ ခွဲပေးမယ်ဆိုတာလည်း မဟုတ်၊ ဘဝကို ဖြစ်သလို ကြုံသလိုနေပြီး ရေသာခို မှီခိုချင်နေတာ ဘယ်လိုလုပ်မလဲ''

''အင်း အဲဒါဆိုရင်တော့ မိန်းမပေးစားသင့်တယ် အန်တီကြီး၊ အဲဒီစာရေးမ မချိုချိုကရော လက်ခံပါ့မလား''

''သူကတော့ အန်တီကြီးပြောပြရင် အဆင်ပြေနိုင်ပါတယ်၊ ခက်တာက နေရောင်ခြည်ပဲ၊ သားကိစ္စကလွဲရင် ကျန်တာတွေ စိတ်မဝင်စားဘူး၊ အခုလည်း ပွဲရုံကို ဖွတ်အတင်းခေါ်လို့သာ လိုက်နေတာ၊ အိမ်ပြန်ချင်စိတ်က များနေတယ်၊ သူငယ်ချင်းတွေက အားကိုးလို့ရတာ မဟုတ်ဘူး၊ ရန်သတ်လို့ သူ့သားရှုံးရင် မမကြောင့်တဲ့လေ''



www.burmeseclassic.com

www.burmeseclassic.com



သားအပေါ် မေတ္တာကြီးမားလွန်းသော ဦးနေရောင်ခြည်ကို လေးစားရမလား၊ ရှုတ်ချရမလား တွေးနေမိစဉ်မှာ ဦးလေးကျော်နှင့် ဒေါ်လေးတို့ကို မျက်လုံးထဲမှာ မြင်ယောင်လာသည်။

ဦးလေးနှင့်ဒေါ်လေးလည်း သူမအတွက် စိတ်သောကရောက်ခဲ့ရှာပေလိမ့်မည်။ စိုးရိမ်သောကတွေနှင့် ဆုံးမသွန်သင်ခဲ့သမျှ သူမရော ဘာတစ်ခု လိုက်လျောနာခံဖူးလို့လဲ။

နောင်တဆိုတာမျိုး မဟုတ်ပေမယ့် ဦးလေးတို့နှင့် ကိုယ်ချင်းစာကာ ဒေါ်ခင်ခင်ဆင့်ကို နားလည်သွားခဲ့သည်။

"အန်တီကြီး ဘာဖြစ်ချင်လဲ၊ နီ ဘာလုပ်ပေးရမလဲ"

"နေရောင်ခြည်နဲ့ ချိုချို အဆင်ပြေအောင် ကူညီပေးပါလား ကွယ်"

"အောင်သွယ်နိုင်းနေတာလားဟတ်" – 

"အင် အဲ အဲလိုပဲ ပြောပါတော့ကွယ်"

"ဟို နီ ကြိုး ကြိုးစားကြည့်မယ်လေ အန်တီကြီး ဒီလိုပုံစံဆို ပွဲရုံဘက်ကိုလည်း အချိန်ပေးရတော့မှာ၊ နီက ဒီဘက်မှာလည်း လက်ခံထားတဲ့ကိစ္စလေးတွေရှိတော့ ဟင်း ဟင်း"

လုပ်ငန်းကြီးတွေလုပ်နေသလို ပုံစံမျိုးမို့ ကိုယ့်ကိုယ်ကိုယ်ပင် သဘောကျသွားမိသည်။ ဦးရောင်ခြည်နှင့် နေနကွတ်ကိစ္စသာ အောင်မြင်လျှင် ရန်ကုန်မှာ အောင်သွယ်တော်သင်တန်းဖွင့်ပြီး စီးပွားရှာရမလား





မသိ။

ဒီအလုပ်က ကုသိုလ်လည်းရ ဝမ်းလည်းဝ။

ဟား အချိန်သုံးချိန်ခွဲပြီး သူမ မအားမလပ်ဖြစ်တော့မှာပါလား။ ရန်ကုန်မြေမှာ တစ်ပွဲတစ်လမ်းတော့ အကဲစမ်းကြည့်ရဦးမည်။

နေနကွတ်က အရင်အဆင်ပြေမလား။

ဦးနေရောင်ခြည်က အရင်အဆင်ပြေမလား။

သူမ သီချင်းဆိုပြိုင်ဖို့က အရင်ဖြစ်သွားမလား။

လောလောဆယ်တော့ ကိုးရိုးယားစကားပြောသင်တန်းတက်ဖို့ သူမစိတ်တွေ မွန်းကျပ်မောဟိုက်ကာ။

✿ ✿ ✿



www.burmeseclassic.com

# အခန်း (၁၅)

"ဟူး မ မဖြစ်ဘူးထင်တယ်၊ ထဘီစကပ်ကြီးက ကျပ်ထုတ်နေတာပဲ၊ အင်္ကျီကလည်း ကိုယ်မှာကပ်လို့ ကောက်ညှင်းထုပ်ကြီးလိုပဲ ငါ မဝတ်တော့ဘူးဟာ၊ တီရှပ်နဲ့ဘောင်းဘီ သွားလဲမယ်"

"ဟား ဟား ဟား"

နေဝန်းနီ ထွန့်ထွန့်လူး ဆတ်ဆတ်ခါနေတာကို ကြည့်၍ နေနက္ခတ် ဘာမှပြန်မပြောနိုင်သေးဘဲ ဝါးလုံးကွဲရယ်ချလိုက်သည်။ နေဝန်းနီက တွန့်လိမ်နေရာမှ ဒိုင်းခနဲ မျက်စောင်းပစ်ထိုး၏။

"နင်က ဘာရယ်နေတာလဲ၊ ဒီမှာ မနေတတ်လို့ပါ ဆိုမှ"

"လှပါတယ်၊ ကြည့်ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ"

နေနက္ခတ် တကယ်အတည်ပြောလိုက်တာပါ၊ အပေါ်ထပ်က





ဆင်းလာပြီး အစဦးဆုံးမြင်တွေ့လိုက်ရစဉ်မှာ သူ ငေးခနဲတောင် ဖြစ်သွားသေးသည်။ သူရွေးချယ်ပေးထားသော ကျောက်စိမ်းရောင် ဝမ်းဆက်လေးက ဖြူဝင်းနုဖတ်နေသည့် သူမအသားအရေနှင့် လိုက်ဖက်ကာ မျက်နှာလေးမှာ မှုန်ဖွေးဖွေးလေး ပယ်(ဗ်)ရိုက်ထားတာမို့ စတိုင်လ်ကျ ထင်ပေါ်သွား၏။

ဒေါက်မြင့်ဖိနပ်ကတော့ ဘယ်လိုမှ စီးကျင့်မကျဖွာ ခလာခလာ ခလုတ်တိုက် ပြိုလဲနေသည်မို့ ခပ်ပါးပါးသာ ပြောင်းစီးရလေသည်။

"ဟဲ့ ဘာကြည့်နေတာလဲ၊ နင့်ကိစ္စ ငါမလုပ်ပေးချင်တော့ဘူး၊ နင်လည်း ငါ့ကိစ္စမလုပ်ပေးချင် မလုပ်ပေးနဲ့တော့၊ တကယ်စိတ်ကျဉ်းကျပ်တယ်"

"နင်ကလည်းဟာ၊ နောက်တော့ ကျင့်သားရသွားမှာပါ၊ အမြဲတမ်း ထဘီစကပ်တွေ၊ ကိုယ်ကျပ်တွေ ဝတ်နေရမှာမှာမဟုတ်တာ၊ မိန်းကလေးတွေ ဝတ်တဲ့ ဘောင်းဘီတွေလည်းရှိတယ်၊ နည်းနည်းပွတဲ့ အင်္ကျီတွေလည်း ရှိပါတယ်၊ ဒါမျိုးကတော့ မိန်းကလေးတစ်ယောက်ရဲ့ ကိုယ်လုံးအလှကို ပေါ်လွင်တာပေါ့"

"ဘာ အဲလိုကြီး အခုပေါ်နေလား၊ အဲ အဲလိုဆို မဝတ်တော့ဘူး၊ ပြန်ချွတ်မယ်"

"ကဲပါဟာ၊ နောက်နေ့မှ တစ်မျိုးဝတ်ချင်ဝတ်ပါ၊ အခုတော့ သင်တန်းစတက်ရမယ့်နေ့ အရမ်းနောက်ကျလို့ မကောင်းဘူး၊ ကြည့်



www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com



သင်တန်းရှေ့ထိ ငါလိုက်ပို့လို့ မရဘူးနော်၊ နင်နဲ့ငါနဲ့ ပတ်သက်မှုရှိတာ သိရင် နင် ရောလို့အဆင်ပြေမှာ မဟုတ်ဘူး၊ တက္ကစီငှားပေးလိုက်မယ် အပြန်ကျရင် အဲဒီနားက ကော်ဖီဆိုင်မှာ ငါစောင့်နေမယ်၊ သိလား လာ လာ ကားပေါ်တက်၊ လမ်းထိပ်ထိရောက်အောင် လိုက်ပို့ပြီး ကားငှားပေးလိုက်မယ်''

''ဟဲ့ ဟဲ့ သြော်''

နေနက္ခတ်က ကားပေါ် ဆွဲရုန်းတင်တာမို့ သူမ ဒရွတ်တိုက် ဝရုန်းသုန်းကား ကားပေါ်ပစ်ကျသွားရသည်။

ကားပေါ်ရောက်တော့လည်း နေနက္ခတ်က သူမကို လှည့်ကြည့် လှည့်ကြည့်ဖြင့် ပြုံးဖြဲဖြဲ။

''ကဲ တက္ကစီခလည်း ပေးလိုက်ပြီ၊ အောင်မြင်ပါစေနော်''

တက္ကစီကားပေါ် တင်ပေးလိုက်တော့လည်း ဖရိုဖရဲနှင့် အသက် ရှူရပ်မတတ်။ ဒီလိုပုံစံမျိုးနှင့် သင်တန်းရှိရာ လှေကားထစ်တွေကို ဘယ်လိုတက်ရပါ့မလဲ။

''ဟား ကိုယ့်ဒုက္ခ ကိုယ်ရှာမိတာ၊ သေစမ်းဟာ''

ကိုယ့်ခေါင်းကိုယ်ပြန်ထုရင်း လှေကားထစ်တွေကို ဖြည်းဖြည်း ချင်း တက်နေရသည်။ ခြေလှမ်းကျဲကျဲနှင့် တလွှားလွှား မသွားရတာ စိတ်အပင်ပန်းဆုံးဖြစ်၏။

''အံ့ အံ့မယ်လေး ဘုရားသခင်''





''ဟဲ့ ဟဲ့၊ ဘာဖြစ်တာလဲ''

စကော့ထဘီက ခြေလှမ်းမြန်မြန်လှမ်းလို့မရတာမို့ ရှပ်တိုက်သွား ရင်း တုံ့ခနဲ တုံ့ခနဲ လှမ်းနေရချိန်မှာ ထိုင်ခုံအစွန်းနှင့် တိုက်မိပြီး သင် တန်းသူတစ်ယောက်အပေါ် ဟပ်ထိုးလဲကျသွားသည်။

ကပျာကယာ ပြုံးပြကာ ကုန်းရုန်းထပြီး မော့ကြည့်လိုက်တော့

''ဟင် ပုလဲနက် ပုလဲနက်''

''ဟမ် မင်းက တို့နာမည်သိနေတယ်၊ မင်းက ဒီနေ့မှ တက်တဲ့ သင်တန်းသူအသစ် မဟုတ်လား''

''ဟုတ် ဟုတ်ပါတယ်၊ ဟိုလေ တစ်ယောက်ယောက်က မင်း ကို အဲလိုခေါ်သံကြားလိုက်သလားလို့ပါ၊ မင်းနာမည် ပုလဲနက် ဟုတ်ပါ တယ်နော်''

''ဟုတ်ပါတယ် မင်းနာမည်ကရော''

''နေ ဝန်း ဦး၊ ဒီနားမှာ ထိုင်မယ်နော်''

တစ်လုံးချင်းပြောပြီး ဟဲခနဲ ရယ်ပြလိုက်၏။ ပုလဲနက်က သူမကို ခြေဆုံးခေါင်းဆုံးကြည့်ကာ –

''မင်းက ဘာဖြစ်လာတာလဲ''

''ဟင် ဘာကိုလဲ''

''မသိဘူးလေ၊ ကိုယ့်ကိုယ်ကိုယ် ခဏခဏ ငုံ့ကြည့်ပြီး မလုံမလဲ ဖြစ်နေလားလို့၊ ကြည့်ရတာတစ်မျိုးပဲ''



www.burmeseclassic.com

www.burmeseclassic.com



"အဲ အဲဒါက ဒီလို၊ ထဘီစကပ်က အရမ်းကျပ်နေလို့"

"အာ မကျပ်ပါဘူး၊ ဖစ်ဆိုက်ပါပဲ၊ ကိုယ်လုံးလေးကလှတော့ ကြည့်လို့ကောင်းသားနဲ့"

"တ တကယ်လား၊ အဲလိုချီးမွမ်းတာ ကျေးဇူးတင်တယ် သိလား၊ ဟိုလေ တို့က သင်တန်းတက်တာ နောက်ကျတော့ နည်းနည်း ပါးပါး ရှင်းပြပါလားဟင်"

"သင်တန်းစဉ်သုံးက ဒီနေ့မှ စတာပါ၊ အားလုံး အတူတူသင်မှာ ပဲ၊ အားမငယ်ပါနဲ့၊ ဒါနဲ့ မင်းက ဘယ်မှာ စကားပြန်လုပ်ဖို့ သင်တန်း လာတက်တာလဲ"

"အမ် ဟိုလေ၊ ဘယ် ဘယ်မှာလုပ်ဖို့ မဟုတ်ဘူး၊ ဝါသနာပါလို့ ဆိုပါတော့၊ တို့က ကိုးရီးယားတွေ အရမ်းကြိုက်တာ၊ တချို့ကားတွေက မြန်မာစာတန်းမထိုးတော့ ကိုယ့်ဘာသာ ဘာသာပြန်ပြီး ကြည့်လို့ရတာ ပေါ့၊ အဲ အဲလို ဟင်း ဟ်င်း"

တအားသွားဖြဲရယ်ပြနေသော ကောင်မလေးကို ပုလဲနက် ခင်မိသလိုလို ဖြစ်သွား၏။ စကားပြောပုံဆိုပုံလေးက ပွင့်ပွင့်လင်းလင်း လေးပါ။ မျက်နှာလေးက ဖွေးဖွေးသန့်သန့်လေးနှင့် ကလေးလေးတစ် ယောက်လို အပြစ်ကင်းက ချစ်စရာကောင်းသည်။

နေဝန်းနီတဲ့။

အင်း နေဝန်းနီဆိုမှ နေနက္ခတ်ကို သတိရမိသွားသလိုပင်။





ဉာဏ်လင်းတို့နှင့် နောက်ဆုံးအကြိမ် အကြီးအကျယ် ပြဿနာ တက်ပြီးကတည်းက ခပ်ဝေးဝေးမှာသာ တစ်ခါတစ်ရံ တွေ့ရတော့တာ။ မိမိစိတ်ဆိုးနေတာကိုလည်း သိလို့ဖြစ်မှာပေါ့လေ။

ဉာဏ်လင်းတို့ မျက်ခြည်ပြတ်မခံ အလစ်မပေးတာကြောင့် လည်း ဖြစ်နိုင်တာပဲ။

တကယ်ဆို ကိုယ့်ကို တကယ်ချစ်လျှင် ထိပ်တိုက်တွေ့တောင် ပြဿနာမဖြစ်အောင် ရှောင်ပေးပါလို့ သူမ,ပြောသည့်စကားကို နေနက္ခတ် က နားမထောင်ခဲ့တာ။

"ငါတို့ချင်းက ကျောင်းတော်က ရန်စရှိတယ်၊ နင့်ကို ငါတို့ ညီမမှန်းသိလို့ သက်သက်ကျောဖို့ နင့်ကိုချဉ်းကပ်နေတာ၊ အဟုတ်မှတ် ပြီး ပြန်ကြိုက်လို့ကတော့ နင် သေပြီသာမှတ်"

"ယောက်ျားလေးတွေ ပေါပါတယ်၊ တခြားကောင်တွေ ဘယ်သူ့ ကြိုက်ကြိုက် ငါတို့မပြောဘူး၊ မျက်စိမှိတ်နေပေးလို့ရတယ်၊ အောင်သွယ် ပေးဆိုရင်တောင် ပေးဦးမယ်၊ နေနက္ခတ်နဲ့ ဘာညာဆိုလို့ကတော့ အဲဒီနေရာမှာတင် နှစ်လောင်းပြိုင်ဖြစ်သွားမယ်မှတ်၊ ဒီကောင်က နင့်ကို ယောက်ျားပီပီ ပတ်သက်ဖို့ကြိုးစားနေတာ မဟုတ်ဘူး၊ ငါတို့ကိုဖြချင်လို့ နင့်အပေါ် ကောက်ကျစ်ဖို့ ခွင်ဆင်နေတာ၊ နင် နားလည်လား"

မောင်လေးနှင့်အစ်ကိုဝမ်းကွဲက ထိုသို့ပြောပြီး ခြိမ်းခြောက်ထား တာမို့ နေနက္ခတ်ကို ချစ်အဖြေပေးဖို့ အခွင့်မသာခဲ့ပါ။



www.burmeseclassic.com

အမှန်အတိုင်း ဝန်ခံရလျှင် နေနကွတ်လှ ဂျစ်ကန်ကန် လူဆိုးလေးကို ရင်ထဲမှာ ဟိတ်တခိုးချစ်နေခဲ့သော်လည်း စိတ်တူကိုယ်တူပြစ်ဖို့ အပြေပေးရမှာကော့ ကြောက်နေခဲ့သည်။

"ပ ပုလဲနက်"

"ဟင်"

အတွေးလွန်နေဆဲ လက်တို့ခေါ်လိုက်တာမို့ ပုလဲနက် လန့်ဖျပ်သွားရသည်။

"ပို့ တို့ကို မခင်ချင်ဘူးလားဟင်၊ တို့ ဒီနားလာထိုင်တာရော မကြိုက်ဘူးလား"

"မ မဟုတ်ပါဘူး၊ ဒါက တို့ တစ်ဦးတည်းပိုင်တဲ့နေရာမှ မဟုတ်တာ၊ ဘယ်သင်တန်းသူ သင်တန်းသားဖြစ်ဖြစ် ထိုင်လို့ရပါတယ်"

"ဪ် အင်း အဲလိုတွေးပေးတာ ကျေးဇူးပဲနော်၊ တို့နဲ့ ပုလဲနက်နဲ့က ရေစက်ရှိလို့ ဒီလို ဗရုတ်သုတ်ခ ဆုံလိုက်ရတာ ထင်တယ်"

"ဟင်၊ ဟင်၊ ဟုတ်မှာပေါ့၊ ဒါနဲ့ မင်းက ရန်ကုန်သူမဟုတ်ဘူး ထင်တယ်နော်၊ စကားပြောလေသံက တစ်မျိုးပဲ"

"ဟုတ်တယ်၊ တို့က နယ်ကလာတာ၊ အဲဒါကြောင့် လေသံက ရန်ကုန်သူတွေလို နူးညံ့ပြေပြစ်မှု မရှိတာပေါ့"

"အဆောင်မှာနေတာလား၊ တိုက်ခန်းငှားနေတာလား"

"မဟုတ်ဘူး၊ အ အဒေါ်တစ်ယောက်အိမ်မှာနေတာ၊ အဲ ဟိုမှာ





ဘရာလာပြီထင်တယ်၊ နောက်နေ့မှ သင်တန်းစောစောလာပြီး စကားပြောရအောင်နော်"

နေဝန်းနီက သူမရည်ရွယ်ချက်နှင့် သူမ နောက်နေ့အတွက်ပါ ချိန်းသတ်လိုက်သည်။ ပုလဲနက်က နှစ်လိုစွာပြုံး၍ ခေါင်းညိတ်ပြ၏။ ဒီနေ့အတွက်က ဒီလောက်နှင့် အဆုံးသတ်လိုက်ရသော်လည်း နောက်နေ့တွေလည်း အဆင်ပြေနိုင်တာ နိမိတ်ကောင်းတစ်ခုပင်။

သူမအစွမ်းအစကို နေနကွတ် နည်းနည်းမြို့သွားမှာပါ။

✿ ✿ ✿

www.burmeseclassic.com

အခန်း (၁၆)

"ဒီလောက်လေးများ စာဖွဲ့လို့ နင့်ကိုယ်နင် အစွမ်းအစရှိလှ ပြီဆိုပြီး ကြွားနေတာပေါ့လေ၊ မိန်းကလေးချင်း စကားတစ်ခွန်းနှစ်ခွန်း နဲ့ မိတ်ဆွေဖွဲ့တာလောက်တော့ လူတိုင်းလုပ်နိုင်တယ်"

"ဟဲ့ ဒါ အစပျိုးရုံပဲ ရှိသေးတယ်လေ၊ ဖွတ်အတင်း ဖွ ကြောင်သလို ရောလို့ဖြစ်မလား၊ အထာလေးနဲ့ ဆက်ရန်ရှိသေးသည် ပေါ့၊ နေနက္ခတ်က ဒါတွေပြောနိုင်းလို့ပါ ဆိုရင်တော့ သူ့စိတ်က ဘယ် လိုမှန်းမသိဘဲ အကောခံရရင် ဘယ်လိုလုပ်မလဲ"

"ဘာလို့ကောမှာလဲ၊ နေနက္ခတ်နာမည်ပြောလိုက်တာနဲ့ နင့်ကို ဖျပ်ဖျပ်ခါလာလိမ့်မယ်"

"အောင်မယ်လေးဟယ်၊ သူ့ကိုယ်သူ အထင်ကြီးနေလိုက်တာ"





နှာခေါင်းရှုံ့ အောဲ့ခနဲလုပ်ရင်း ရှေ့မှာရှိတဲ့ အအေးခွက်ကို ငွပ်ခနဲ အကုန်မော့သောက်ချလိုက်၏။ ဖိုးသူနှင့်မိုးမင်းက ကျိတ်ရယ်လျက် နေဝန်းနီစတိုင်လ်ကို သဘောကျနေကြ၏။

ဆိုင်ထဲဝင်လာတော့ ဘေးဝဲယာမကြည့်တဲ့ ထဘီစကာဒ်ကြီးကို ဒူးအောက်ရောက်သည်အထိ မလာကာ သူတို့စားပွဲဝိုင်းမှာ ရှုံ့မဲ့လျက် ဖြုန်းခနဲ ဝင်ထိုင်သည်။

စကားပြောတော့လည်း အထိန်းအကွပ်မဲ့ ကျယ်ကျယ်လောင် လောင်၊ အစားအသောက်ကျတော့လည်း ခုနသောက်လိုက်သည့် အအေး ခွက်က ဒုတိယခွက်။ အခုလည်း သောက်ပြီးသွားသည့် ဖန်ခွက်ကို ဖင်ပြန်ခေါင်းပြန် ကြည့်ပြီး ဆတ်ခနဲပြန်ချကာ –

"ဟဲ့ လုပ်ပါဦး၊ စတော်ဘယ်ရီလေးတစ်ခွက် မှာပေးစမ်းပါ၊ ရင်တွေပူလွန်းလို့"

"ဟ နှစ်ခွက်တောင်ရှိနေပြီ၊ ဘယ်လိုဖြစ်နေတာလဲ"

"နင့်ကောင်မနဲ့ စကားပြောလာရတာ၊ အာခေါင်လည်း ခြောက်၊ ရင်လည်းပူတာပေါ့ဟဲ့"

"အပိုတွေမလုပ်ပါနဲ့ဟာ၊ ငါတို့ဆို အအေးတစ်ခွက်ကို ဘယ် တော့မှ ကုန်အောင်မသောက်ဘူး၊ တစ်ဝက်လောက်ချန်တာ စတိုင်လ်၊ အဲဒါမှ အဆင့်အတန်းရှိတာ"

"ဟယ် နင်တို့ အဲလိုလုပ်တာကမှ အပိုအလုပ်တွေ၊ ဘာ



www.burmeseclassic.com

www.burmeseclassic.com



စကိုင်လိုလဲ၊ ဘာအဆင့်အတန်းရှိတာလဲ၊ ပိုက်ဆံကျတော့ တန်ရာတန်ကြေးက ကြီးလိုက်တာ၊ ပဲများရင် များတယ်ပြောတာမဟုတ်ဘူး၊ ရွာမှာဆို ဖရဲသီးဖျော်ရည်ဖြစ်ဖြစ် စတော်ဘယ်ရီ၊ သခွား၊ သဘော်သီး၊ ဘာပဲသောက်ချင်သောက်ချင် အဝပဲ''

''အေး အဲဒါ နင်တို့တောအထာပဲ၊ ငါတို့မြို့ကတော့ အဆင့်အတန်းနဲ့ လျော်ညီတဲ့ အပြုအမူပဲ လုပ်ကြတယ်''

''ကဲ တော်ကြပါတော့ကွာ၊ သူ မဝသေးလို့ ဖြစ်မှာပေါ့၊ ထပ်မှာပေးလိုက် ပြီးတာပဲ''

''မဟုတ်တာ။ ငါ အကုန်အကျခံရမှာဆိုပြီး သူ တမင်သက်သက် အိုဗာလုပ်နေတာ၊ မင်းတို့ သူ့အကြောင်းမသိဘဲ ငါ့လာမပေါက်နဲ့''

နေနှကွတ် အော်လိုက်တော့ စိုးသူတို့ ငြိမ်သက်သွားကြသည်။

နေဝန်းနီက နေနှကွတ်ပြောထားသလို ရှက်ကြမ်းရောကျ သာမန်ကာလျှံကာ ရုပ်ရည်ရူပကာ မဟုတ်တာမို့ စေတနာသဒ္ဒါပိုနေကြ ခြင်းပါ။

နည်းနည်း စရိုက်ကြမ်းသလို ဖြစ်နေတာကလွဲပြီး ဖူးဖူးစင်စင် ချစ်စရာလေးပါ။

နေဝန်းနီက ဖူးဖူးရွရွ နှုတ်ခမ်းလေးကို စူထော်ပစ်လိုက်ပြီး–

''အေး နင်မတိုက်ချင်လည်း ရပါယ်နော်၊ မနက်ဖြန်ကစပြီး ပုလဲနက်ရှိနေတဲ့ ဒီသင်တန်းကို လာမတက်ရုံဘဲ''





''ဟာ နင် အဲလိုလုပ်လို့ မဖြစ်ဘူး၊ ချာတိတ် စတော်ဘယ်ရီ ဘစ်ခွက်ပေးပါကွာ၊ ရေခဲများများထည့်ခဲ့ ရင်ပူနေလို့တဲ့''

ဒါတောင် သဒ္ဓါပေါက်လို့မဟုတ်၊ အငှေ့လေးက ပါသေးသည်။ သူမကလည်း အမြင်ကတ်ကတ်နှင့်ပင် မော့သောက်ပစ်လိုက်သည်။

''နောက်လည်း ဒီထက်ပိုပြီး လှူဒါန်းနိုင်ပါစေ၊ ကဲ ငါ နင့်ကားနဲ့ ပြန်မလိုက်နိုင်သေးဘူး၊ အန်တီကြီးက ပွဲရုံလာခဲ့ဦးလို့ မှာထားလို့ တက္ကစီ ငှားပေးလိုက်''

''ဘာ''

''မဘာနဲ့လေ၊ နင်က နင့်ကားနဲ့ ပွဲရုံလိုက်ပို့မှာမို့လား၊ ငါ့ဘာသာ မနက်ကတည်းက အန်တီကြီးကားနဲ့ ပွဲရုံလိုက်သွားရင် တက္ကစီခ ဘယ်ကုန်ပါ့မလဲ''

''တောက် နင့်ပိုက်ဆံ မကုန်ရတိုင်း နင် အိုဗာတွေ များလွန်းနေပြီနော် နေဝန်းနီ၊ အေး ငါ့အလှည့်ကျရင်လည်း တွေ့မယ်''

နောက်ဆုံး စကားလုံးကို ရင်ထဲကပဲ ကြိမ်းဝါးလိုက်ပြီး သူမ စိတ်ကျေနပ်အောင် တက္ကစီ ငှားပေးလိုက်ရသည်။

''ဘိုင့်ဘိုင် နေနှကွတ်၊ အိမ်ရောက်မှ ဆုံမယ်နော်''

သူမ ပြောင်စပ်စပ်မျက်နှာပေးနှင့် ဝါတာ့ပြခဲ့တော့ နေနှကွတ် ဆွေ့ဆွေ့ခုန်ကာ ကျန်ခဲ့သည်။

မိန်းမ,လိုချင်တာပဲ ဒီလောက်တော့ရင်းပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေးကြီး နေမင်းရာဇာပွဲရုံကိုမောင်း"

ကားသမားဦးလေးကြီးကို အော်ပြောပြီး လေကလေးချွန်ကာ ပျော်ရွှင်နေမိ၏။ နေနကွတ်က အရမ်းရယ်စရာကောင်းတဲ့ကောင်။

ပွဲရုံကိုရောက်တော့ အန်တီကြီးက ဝမ်းသာအားရ ထွက်ကြိုသည်။ ဦးနေရောင်ခြည်က အသက်သုံးဆယ်ဝန်းကျင် အမျိုးသမီးတစ်ယောက်နားမှာ ဖိုင်ကိုကိုင်ကာ ဘာတွေပြောနေကြသည်မသိ။

"ရောက်လာတာ အတော်ပဲကွယ်၊ နေရောင်ခြည်ဘေးနားက တစ်ယောက်က ချိုချိုပဲ"

"ဟင် သူတို့ချင်း အဆင်ပြေသလိုပါပဲ အန်တီရဲ့၊ အလုပ် အတူတူ တွဲလုပ်နေတာပဲ"

"အဲဒါ တမင်တကာ တပူးတွဲတွဲဖြစ်အောင် နိုင်းနေရတာပါ ကွယ်၊ ကိုယ်တော်က ပြန်ချင်နေပြီလေ၊ သူ့သားတော် ဘယ်သူတွေနဲ့ ရန်ဖြစ်နေမလဲဆိုပြီး နောက်ဆံတင်းနေတာ"

"အဲဒါပြောတာပေါ့၊ အလုပ်မလုပ်ချင်လို့ ဆင်ခြေပေးနေတာပဲ လားတော့ မသိဘူး၊ သူ့သားက သူမရှိ မဖြစ်ဘူးတဲ့၊ ဟိုကလည်း ဖအေအားကိုးနဲ့ တွင်းတူးမိုက်မယ့်အကောင်၊ နှစ်ယောက်လုံး အိမ်ထောင်တွေကျပြီး ဘဝကို လေးလေးနက်နက် တွေးတတ်ကြရင် ကောင်းမှာပဲ"

"သိပ်လည်း စိတ်မပူပါနဲ့၊ အချိန်ခဏစောင့်ပြီးရင် သူဟာနဲ့သူ အဆင်ပြေသွားကြမှာပါ၊ နို့ကို မမချိုနဲ့ မိတ်ဆက်ပေးလေ"





"အေး အေး၊ ဟုတ်သားပဲ၊ ချိုရေ လာပါဦးကွယ်"

ဒေါ်ခင်ခင်ဆင့် အသံပြုတော့ ဦးနေရောင်ခြည်ပါ သူမကို မြင်သွားပြီး အနားလာရပ်သည်။

"ဟော ပွဲရုံကို အလည်လာတာလား နေဝန်းနီ၊ သားကို လိုက်ပို့နိုင်းတာလား"

"မဟုတ်ပါဘူး၊ နို့ဘာသာ တက္ကစီငှားပြီးလာတာ၊ အန်ကယ့်သားက သူငယ်ချင်းတွေနဲ့ ဗရုတ်နေရလို့ မအားဘူးလေ"

"ဟင် သား အိမ်ပြန်မရောက်သေးဘူးလား၊ အဲဒါ ခက်တာပဲ၊ နေဝင်မိုးချုပ်မှပြန်ရင် ပြဿနာရှာချင်တဲ့ကောင်တွေက သွေးဆူဆူနဲ့ အဆင်သင့်စောင့်နေကြတာ၊ ကျွန်တော်ပြန်တော့မယ် မမရာ၊ တစ်ခုခုဆို ကျွန်တော် အိမ်မှာရှိနေမှ ဖြစ်မှာ"

"ဟဲ့ သြော်၊ နေရောင်ခြည်"

ဖြတ်ထွက်သွားသော ဦးနေရောင်ခြည်ကို ဒေါ်ခင်ခင်ဆင့် တားချိန်မရလိုက်ပါ။ အော်လိုက်တာကို ကြားမှာဖြစ်တာတောင် မကြားချင်ယောင်ဆောင်ပြီး ဂရုမစိုက်ဘဲ ထွက်သွားခဲ့တာ မဟုတ်လား။

"သြော် နေရောင်ခြည် ဆတ်စလူးခါတာနဲ့ ချိုကို မိတ်ဆက်ပေးဖို့တောင် မေ့သွားပြီ၊ သူလေးက နေဝန်းနီတဲ့ကွဲ့ မှတ်ထား၊ နောက်လည်း ပွဲရုံ ခဏခဏလာမှာဆိုတော့ မှတ်ထား"

"ဟုတ်ကဲ့၊ မမဆင့်နဲ့ နယ်က အလည်ပါလာတယ်ဆိုတဲ့



www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီ မဟုတ်လား၊ မမဆင့်ပြောပြနေလို့ နာမည်က ရင်းနှီးနေပါပြီ"

"ဟုတ်လား၊ နီလည်း မမချိုနာမည်ကို ကြားရပါများလို့ ရင်းနှီးပြီးသားပါ"

"ဟင် မမချိုကို ရင်းနှီးပြီးသား၊ ဘယ်သူက ပြောလို့လဲ"

"ဦးရောင်ခြည်ပေါ့၊ ချိုက အရမ်းကျက်သရေရှိပြီး အရမ်း အလုပ်ကြိုးစားပြီး စည်းကမ်းရှိတာတဲ့၊ ထမင်းစားတဲ့အချိန် ညနေခင်းထဲမှာ ထိုင်ကြတဲ့အချိန် စကားကြုံတိုင်း ချီးမွမ်းနေတာ"

"ဟုတ် ဟုတ်လား မမဆင့်"

မချိုချို စိတ်တွေလှုပ်ရှားပြီး အသံတုန်သွားတာ သတိထားမိ၏။ နေဝန်းနီ မျက်စိမှိတ်ပြတော့ ဒေါ်ခင်ခင်ဆင့်က အထာပေါက်သွားကာ

"ဟုတ်တယ် ချိုရဲ့၊ ချို့ကို လစာတိုးပေးစေချင်လို့ ခဏခဏ သတိပေးပြောနေလား မသိပါဘူးကွယ်"

"အဲဒါဖြစ်နိုင်တယ် အန်တီ၊ မအေအိုကြီးကို လုပ်ကျွေးနေတဲ့ မမချိုကို သနားကရုဏာ ဖြစ်နေလို့ လစာတိုးပေးစေချင်တာနေမှာပေါ့"

"မဖြစ်နိုင်ဘူးထင်တယ်၊ ကိုရောင်ခြည်က ချို့ကို တစ်ခါမှ နူးနူးညံ့ညံ့ ဆက်ဆံမှုတော မရှိဘူး၊ သူလုပ်နေတာ မှားလို့ ပြောမိရင်တောင် လေသံတင်းတင်းမာမာနဲ့ အော်လားငေါက်လား လုပ်ချင်တာ"

"ဒါကတော့ မမချိုရယ်၊ တကယ်တမ်းဆို သူကအလုပ်ရှင်ပဲလေ၊ သူတဘ်တာ,မတတ်တာထက် အလုပ်သမားက ပြန်ဆရာလုပ်သလို





ဖြစ်တော့ ရှက်ရမ်းရမ်းတာနေမှာပါ၊ ကိုယ်က ချိုချိုသာသာနဲ့ စည်းရုံးနိုင်ရင် အလုပ်ကိုလည်း စိတ်ဝင်စားမှုရှိလာမယ်၊ နားလည်မှုလည်း ရှိလာလိမ့်မယ်"

"အင်း အဲလိုဖြစ်နိုင်တယ်နော်၊ မမချိုကလည်း တစ်ခါတလေ သူ မတတ်တာတွေ များလွန်းတော့ သူ အလုပ်ရှင်ဆိုတာတောင် ခဏ မေ့သွားပြီး မလေးမစား ပြောမိဆိုမိသလို ဖြစ်သွားတာပါ"

"အဲဒါကြောင့်ဖြစ်မှာ တစ်ခါတလေ ပွဲရုံကပြန်လာတဲ့ ဦးရောင်ခြည် မျက်နှာညှိုးနေပါတယ်လို့၊ အဲလို မမချိုပြောလိုက်တဲ့နေ့ဆို မမချိုလောက် သူ ဘာကြောင့်မတော်ရ မတတ်ရတာလဲလို့တွေးပြီး စိတ်မကောင်းဖြစ်နေတာ နေမှာပေါ့"

"ဟင် အဲလိုလား"

မမချိုမျက်နှာ ဖဝေဖဝါအတွေးများဖြင့် ငေးငေးငိုင်ငိုင်လေး ဖြစ်သွား၏၊ နေဝန်းနီ ပစ်လိုက်သော စကားလုံးတွေက ဟတ်ထိသွားတာ ဖြစ်နိုင်သည်။ ဒေါ်ခင်ခင်ဆင့်က မျက်နှာပူသလို ရှောင်ထွက်သွားတော့ မမချိုလက်ကလေးကို နေဝန်းနီ ဆုပ်ကိုင်လိုက်ကာ –

"ဘာပဲဖြစ်ဖြစ် ဦးရောင်ခြည်ကို လေးလေးစားစား ဆက်ဆံလိုက်ပါ၊ သူ့မှာ လုပ်ငန်းနဲ့ပတ်သက်ပြီး ကျွမ်းကျင်မှုမရှိတော့ အားငယ်မှာပဲ သူဌေးဆိုတဲ့ ဂုဏ်၊ ဒေါက်ပြားသားဆိုတဲ့ မာနနဲ့ မမချိုဘဝလေးကို တနာပေမယ့် တင်းဟင်းမာမာဆက်ဆံနေတာ ဖြစ်မယ်၊ နီထင်



www.burmeseclassic.com

www.burmeseclassic.com



မမချိုကို စိတ်ဝင်စားနေသလားပဲ''

''ဟင် အဲ အဲဒါတော့ မဖြစ်နိုင်ပါဘူး''

''ဦးနေရောင်ခြည်က သားတစ်ယောက်အဖေ မဆိုးဖို့မို့လား''

''မဟုတ်ပါဘူး။ အားကိုးဖို့ဆိုရင် ရွေးချယ်သင့်တဲ့ လူပါ၊ ဒါပေမဲ့ အလုပ်ရှင်နဲ့အလုပ်သမား အဆင့်အတန်းချင်းက မိုးနဲ့မြေလို ကွာပါတယ် တော်ကြာ မမဆင့်သိသွားရင် အလုပ်ထုတ်ခံနေပါဦးမယ်ကွယ်''

ရှက်သွေးလေးဖြန်းကာ အသံတုန်တုန်လေးနှင့် ပြောနေတာက မမချိုဘက်က စိတ်ဝင်စားမှုရှိတာ သိသာနေသည်။

မျှော်လင့်ချက်ကုန်ခန်းချိန် ရောက်နေသည့် အပျိုကြီး ရင်ခုန်နေ ရှာပေါ့။

''မမချိုက အန်တီကြီးငြိုငြင်မှာ စိုးရိမ်နေတယ်ထင်တယ် အန်တီကြီး ပြောနေတဲ့စကားသံ နားထောင်ကြည့်ရတာ သဘောတူတဲ့ ပုံပါ၊ သူ့မောင် စိတ်ဝင်စားမှုရှိတာလည်း သိနေသလိုပဲ၊ ချို့အကြောင်း ချည်းပြောနေတာ မရိုးတော့ဘူးတဲ့၊ တစ်ယောက်နဲ့တစ်ယောက် နားလည် မှုရှိပြီး ဖြစ်သွားကြရင်လည်း ကောင်းသားပဲတဲ့လေ''

''မ မမဆင့်က အဲလိုပြောတယ်''

''ဟုတ်ပါတယ်ဆို၊ အဲဒါကြောင့် မမချိုက ဦးရောင်ခြည်ကို ကောင်းကောင်းမွန်မွန် ပြေပြေလည်လည် ဆက်ဆံကြည့်လိုက်ပါ၊ ဦး ရောင်ခြည်လည်း ပြောင်းလဲလာမှာ အသေအချာပဲ''





သူမ ရဲရဲကြီး အာမခံတော့ မမချို ရှက်ပြုံးလေးနှင့် မျက်နှာ လေး ငုံ့လျိုးသွားသည်။ အပျိုကြီး အတွေးပေါင်းစုံနှင့် စိတ်ကူးယဉ်နေပေ တော့မည်။ တွန်းအားတစ်ခုကြောင့် ရင်ခုန်သံ အစပျိုးလာပြီမို့ အရာရာ ဆက်ဆံရေးတွေလည်း ပြောင်းလဲလာမှာပါ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ဒီနေ့ ချိုချို့ပုံစံကြည့်ရတာ တစ်မျိုးထူးခြားနေသည်ဟု ထင်
သည်။ အပြာရောင်ဖောင်းချိတ်အဆင် ပါတိတ်ဝမ်းဆက်ဝတ်ထား
မျက်နှာမှာ သနပ်ခါးလေးက မှုန်ဖွေးဖွေး။ —

ခေါင်းလျှော်လာဟန်တူသည့် ကျောလယ်လောက်ရှိသေ
ဆံနွယ်တစ်ထွေးကြီးက ခပ်ဝဲဝဲလွင့်ခါနေကာ –

"ကိုရောင်ခြည် ဒီနေ့ အဝင်အထွက်အော်ဒါ နှစ်ခုရှိတယ်
ပစ္စည်းတွေက စစ်ဆေးပြီးသားဆိုတော့ လက်လွှဲအိတ်စပို့(စ်)လုပ်
အဆင်ပြေတယ်၊ ငွေအမောက်(တ်)ကို အီးမေးထုတ်ပေးပါနော်"

ချိုသာငြိမ့်ညောင်းသော အသံမျိုးကို ဒီတစ်ခါ ပထမဦး
အကြိမ် ကြားဖူးတာ ဖြစ်သည်။ ကိုယ်က မမဆင့်ရဲ့မောင် အလုပ်





နေရာမှာ ရှိပေမယ့် ဘာမှ နားမလည်တာကို အထင်သေး ရွတ်ချလိုဟန်
တွေနှင့် စကားပြောတာကအစ မာရေကျောရေ မလေးစားတတ်ခဲ့ပါ။

ကိုယ်ကလည်း အလုပ်သမားက ဒီလိုပုံမျိုးချိုးတာကို နည်း
နည်းမှ သည်းမခံတတ်။ အကွက်ရလျှင် ပြန်ချိုးနှိမ်၍ မျက်နှာသာမပေး
ခဲ့။ အခုတော့ သူမက ကျိုးနွံပြနေတာမို့ အားနာမိသလိုလို၊ ဘာလိုလို။

"ချိုချို၊ ဟို ကိုယ့်ကို ရေ့ဆိုင်က အအေးတစ်ခွက်လောက်
မှာနိုင်းပေးပါလားဟင်၊ ဒီနေ့ ရာသီဥတုက ပူသလိုပဲ"

"အင်း ဟုတ်တယ်၊ ဒီနေ့ နည်းနည်းပူတယ်၊ အလုပ်တွေ
ဖိလုပ်နေတော့လည်း ပင်ပန်းတာပေါ့၊ စာရင်းလက်ကျန်တွေ ချိုလုပ်ပေး
ပို့မယ်၊ နားနားနေနေ ဆိုင်မှာသွားသောက်ချင် သောက်လိုက်လေ"

"သြော် မသွားတော့ပါဘူး။ ချိုလည်းသောက်ရအောင် နှစ်ခွက်
မှာလိုက်ကွာ၊ စာရင်းအတူတူလုပ်ရင်း သောက်ကြတာပေါ့၊ ချိုတစ်
ယောက်တည်းဆို ပင်ပန်းနေလိမ့်မယ်"

"ဟုတ် ဟုတ်ကဲ့"

ချို ရင်ထဲ လှုပ်လှုပ်ခတ်ခတ်နှင့် ကြည်နူးသွားမိသည်။ နေဝန်းနီ
ပြောသွားတာ မှန်နေပါလား။ မိမိတက်က အချိုးပြောင်း ဆက်ဆံကြည့်
တာနှင့် နေရောင်ခြည် ပြောင်းလဲလာသည်။

ချိုသာနူးညံ့နေသော အသံလေးနှင့် မိမိကို အရိပ်တကြည့်ကြည့်
ရှိနေတာကိုလည်း ရှက်သွေးလေးဖြန်းလျက် ရင်မိုရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလူကြီး မိမိကို စိတ်ဝင်စားနေတာ တကယ်ပဲလား။

အသက်အရွယ်က ဆယ်နှစ်ဝန်းကျင်လောက် ကွာပေမယ့် နေ ရောင်ခြည်က မိမိထက် နုပျိုနေသလိုပါ။ သားတစ်ယောက်အဖေ မုဆိုး ဆိုသော်လည်း အားကိုးထိုက်သည့် အနေအထားမျိုးမို့ အိမ်ထောင်ဖက် အဖြစ် ရွေးချယ်လျှင် အဆင်ပြေနိုင်သည်။

"ဘာတွေ တွေးနေတာလဲ ချို"

"ရှင် ဘာ ဘာမှမဟုတ်ပါဘူး၊ ချို အအေးသွားမှာလိုက် မယ်နော်"

အတွေးလွန်သွားပြီမို့ ရှက်ကိုးရှက်ကန်း ထပြေးလာခဲ့ရ အအေးမှာပြီး ရုံးခန်းထဲ ပြန်ဝင်ရမှာတောင် ရင်ဖိုသလိုလို။

"ဟယ် ချိုချို၊ ရုံးခန်းပေါက်မှာ ဘာရပ်လုပ်နေတာလဲ"

"ဟင် မမဆင့်၊ ဘာ ဘာမှ မလုပ်ပါဘူး"

"ဘာမှမဟုတ်ဘူးဆိုလည်း ရုံးခန်းထဲ မြန်မြန်ဝင်ပြီး စာရင် တွေ လုပ်လေကွယ်၊ ကွန်တိန်နာတွေက ညနေသုံးနာရီထွက်မှာ"

"ဟုတ် ဟုတ်ကဲ့"

ချို ကတုန်ကယင်နှင့် အသံတွေပါ တုန်ပြာနေသည်။ ဘယ်လို ခံစားမှုမျိုးပါလဲ။ တစ်ခါမှ ဒီလိုမဖြစ်ဖူးပါ။

"မမချို အအေးရပါပြီ"

"ဟင် ဪ အေး ရုံးခန်းထဲ ပို့လိုက်ပါ"





"ဟဲ့ အအေးက နှစ်ခွက်တောင်၊ နေရောင်ခြည်က နှစ်ခွက် သုံး သောက်မှာတဲ့လား"

"မ မဟုတ်ပါဘူး။ စာရင်းအတူတူလုပ်အောင် ချို့အတွက်လည်း မှာလိုက်ပါ ဆိုလို့ပါ"

"နေရောင်ခြည်တို့ တယ်အလိုက်သိနေပါလား၊ ချိုချိုနိုင်း ကောင်းအောင် ဖားနေတာဖြစ်မယ်၊ အလုပ်တွေ ချို့ဆီပုံပေးပြီး အိမ်ပြန် ပြေးမလို့လား မသိဘူး၊ အဲလိုလုပ်လို့ကတော့ နှုတ်ခမ်းရှု စိတ်ကောက်ပြ လိုက် ချိုရေ၊ အဲဒီကောင် အရမ်းရေသာနိုချင်တာ"

ဒေါ်ခင်ခင်ဆင့်က မြှောက်ပင့်ပေးသလိုနှင့် ပို၍ နီးစပ်အောင် ဘွန်းအားပေးခဲ့၏။ ချိုကတော့ ဒါတွေမသိပါ။

ရုံးခန်းထဲ ဝင်လာပြီး နေရောင်ခြည်မျက်နှာကို မကြည့်ဝံ့ ကြည့်ဝံ့ဖြင့် မျက်လုံးပေကလတ် ပေကလတ် ဖြစ်နေသည်။

"သောက်လေ ချို၊ အလုပ်လည်း လုပ်၊ အအေးလည်းသောက်၊ သိပ်စိတ်မဖိစီးတော့ဘူးပေါ့"

"အင်း ကိုရောင်ခြည်လည်း ဒီနေ့ အိမ်အစောကြီး မပြန်နဲ့နော်၊ ချိုနဲ့ အလုပ်တွေပြီးအောင်လုပ်ပြီးမှပြန်"

"ချိုက မပြန်စေချင်လို့လား"

"ရှင် ဟို ချို ညက အမေနေမကောင်းလို့ အိပ်ရေးပျက်ထား တော့ ပင်ပန်းနေလို့ပါ၊ နှစ်ယောက်အတူတူလုပ်လို့ အလုပ်စောစောပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားရင် ချိုလည်း ပမသင့်ဘဲ ခွင့်တောင်းပြီး ပြန်လို့ရတာပေါ့''

''ဒါဆို ချိုပြောသလိုပဲ လုပ်လိုက်ပါ့မယ် အပြန် ချို လိုင်းကား တိုးစီးရင် ပိုပင်ပန်းနေမယ်၊ ကိုယ် အိမ်အထိ လိုက်ပို့ပါမယ်ချို''

''တ တကယ်ပြောတာလား''

''အေးပေါ့၊ ကိုယ်က ဘာညာစရာရှိလဲ၊ အမေကို ပြုစုဖို့ဆိုရင် အလုပ်တစ်ဖက်နဲ့ ချိုလည်း အားရှိဖို့လိုတယ်၊ ကိုယ်က ကားနဲ့လိုက်ပို့ရတာ အပန်းမကြီးပါဘူး''

ချို ရင်ခွင်တွေ တဆက်ဆက် လှုပ်ရှားရင်ခုန်မြန်နေသည်။ နေရောင်ခြည် ရင်ထဲတော့ ဘယ်လိုနေမည်မသိ။

ဒီနေ့တစ်နေ့လုံး အလုပ်လုပ်ရတာ ပင်ပန်းတယ်လို့လည်း မထင်မိ။ တစ်ယောက်နှင့်တစ်ယောက် ခိုးကြည့်ရင်းဖြင့်လည်း အကြည့်ချင်းဆုံကိုင်း ရင်လှိုက်ဖိုရသည်။

တခြားလူတွေ သဘ်ထားပိလျှင်တော့ အပျိုကြီးနှင့် မုဆိုးဖို အချစ်နာလန်ထကာ ဗိုင်းချပ်(စ်)ပိုးတွေ ကူးစက်ပြီဟု။

✿ ✿ ✿



အခန်း (၁၀)

''ဒီနေ့ သင်တန်းဆင်းချိန် စောတယ်၊ တို့နဲ့ အအေးလိုက်သောက်ပါလား ပုလဲ''

''ဟင့်အင်း မသောက်တော့ဘူး။ ဆယ်မိနစ်လောက်နေရင် တို့မောင်လေးတွေ လာကြိုတော့မှာ''

''တစ်ခါတလေ လာမကြိုနဲ့လို့ ပြောလိုက်ပေါ့ကွာ၊ ပုလဲကို ကြည့်လိုက်ရင် အသွားအပြန် အပို့အကြိုနဲ့ လွတ်လပ်မှုကို မရှိဘူး''

''ဟုတ်တယ်၊ သူတို့က တို့ကို နေနကွတ်နဲ့ စိတ်မချဖြစ်နေကြတာ''

''နေနကွတ်''

မသိသလို သံယောင်လိုက်မေးရင်း နေဝန်းနီ စိတ်ဝင်စားဟန်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးလေးပြူးပြလိုက်ရ၏။ ပုလဲနက်က သက်ပြင်းငွေ့ငွေ့ချရင်း အဆင်းအတက် လှေကားထစ်လေးမှာ ခြေပစ်လက်ပစ်ထိုင်ချလိုက်သည်။

"နေနက္ခတ်နဲ့ ဘယ်လိုပတ်သက်မှု ရှိလို့လဲ"

ပုလဲနက်ဘေးမှာ ကပ်ထိုင်ချရင်း မေးတော့ ပုလဲနက်က ဒူးလေးနှစ်ဖက်ကို မွေ့ပိုက်ထားကာ –

"တို့မှာ မောင်လေးနဲ့ အစ်ကိုဝမ်းကွဲတစ်ယောက်ရှိတယ်၊ သူတို့နဲ့ နေနက္ခတ်နဲ့က ဘယ်လိုရာဇဝင်ကြွေးတွေနဲ့ သံသရာရှည်နေလဲ မသိပါဘူး။ သူတို့ကိုကျော်ချင်လို့ နေနက္ခတ်က တို့ကို ကြိုက်ချင်ယောင်ဆောင်တာလို့ မောင်တွေက စွပ်စွဲတယ်"

"ဟင် နေနက္ခတ်က မဟုတ်ပါဘူး၊ ရှင်းမပြဘူးလား"

"အစကတော့ သူ့ကိုယုံလို့ ပြောပါတယ်၊ အဖြေလည်း တောင်းတယ်၊ တို့လည်း သူ့ကို လေ့လာချင်သေးတာနဲ့ အဖြေတန်းမပေးဘူး။ မောင်လေးတို့နဲ့ ပြဿနာမဖြစ်အောင်, ထိပ်တိုက်မဆုံအောင် ရှောင်ပါလို့ သတိပေးခဲ့တယ်၊ ဒါပေမဲ့ ဘယ်လိုက ဘယ်လိုဆုံပြီး ပြဿနာတက်ကြတယ်တော့ မသိဘူး၊ နေနက္ခတ်ကို တို့မယုံရဲတော့ဘူး"

"နေနက္ခတ်ဘက်က ရှောင်လွှဲမရလို့ ထိပ်တိုက်ဆုံနေရတာဖြစ်ချင်ဖြစ်နိုင်တာပဲလေ၊ ကိုယ့်ကို တုတ်နဲ့ရိုက်တာ ခေါင်းငုံ့သည်းခံနေလိုက်ရင် ခေါင်းကွဲရုံရှိမှာပေါ့။ မတတ်သာလို့ ခုခံကာကွယ်ရတာဆိုရင် ပုလဲက နေနက္ခတ်ကို နားလည်ပေးသင့်တာပေါ့"





"နားလည်ပေးချိန်လည်း မရပါဘူးကွာ၊ တို့မောင်တွေက တို့ကို အလစ်မပေးဘဲ စောင့်ကြည့်နေကြတာ၊ တို့မှာ တခြားအပေါင်းအသင်းတွေလည်း မရှိတော့ နေနက္ခတ် လိုက်ပြီးနှောင့်ယှက်မှာစိုးလို့တဲ့"

"ဒါဆိုရင်တော့ တို့ကိုအားကိုးလိုက်တော့ ပုလဲ၊ တို့က နေနက္ခတ်ရန်က လွတ်အောင် စောင့်ရှောက်ပေးနိုင်တယ်၊ ပုလဲမောင်တွေကိုသာ တို့နဲ့ပတ်သက်ပြီး ယုံကြည်အောင် ပြောကြည့်လိုက်၊ သူတို့လည်း စိတ်ချသွားမှာပါ"

"အင်း အဲလိုပြောကြည့်လိုက်မယ်၊ သူတို့လည်း တို့ကို စိတ်မချတာနဲ့ မအားမလပ်တဲ့ကြားက လာလာကြိုနေကြတာ၊ အစ်ကိုဝမ်းကွဲက ဗီဒီယိုအခွေဆိုင်ဖွင့်ထားတယ်၊ မောင်လေးက သင်္ဘောလိုက်ဖို့ သင်တန်းတက်နေတာ"

ပုလဲနက်က နေဝန်းနီကိုယုံကြည်ပြီး သေချာရှင်းပြနေသည်။ ထိုအချိန်မှာ အနက်ရောင်ပရာဒိုကားလေး ထိုးဆိုက်လာသည်။

ထိုကားလေးနားကို ပုလဲနက်နှင့်နေဝန်းနီ ထလာခဲ့ကြ၏။ အသားညိုညို ကိုယ်တောင့်တောင့်တွေနှင့် ပုလဲနက်မောင်တွေရှေ့မှာ နေဝန်းနီ မျက်နှာကို အတတ်နိုင်ဆုံး ပြုံးဖြဲထားရသည်။

"မောင်လေး၊ သူက နေဝန်းနီတဲ့၊ မမသင်တန်းဖော် သူငယ်ချင်းပေါ့၊ နေဝန်းနီလည်း မှတ်ထားနော်၊ တို့မောင်လေး ဉာဏ်လင်းနဲ့ ဒီအစ်ကိုက တို့အစ်ကိုဝမ်းကွဲ နေမင်းသူ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ နေဝင်းနီပါရှင်၊ နီနီလို့ ခေါ်လို့ရပါတယ်၊ ဟိုလေ နီက နို့မွေးနေ့မို့ ပုလဲကို မုန့်စားဖို့ခေါ်နေတာ၊ ပုလဲက သူ့မောင်တွေ မပါရင် လိုက်လို့မရဘူး ပြောနေလို့ ဒီက မောင်လေးတို့လည်း လိုက်ခဲ့ပါလားဟင်၊ ကြိုတုန်း ဒါနလေးမြောက်သွားအောင်ပေါ့"

"ဗျာ ကျွန်တော်တို့က သိပ်အချိန်မရဘူးဗျ၊ နောက်မှပေါ့"

"မွေးနေ့က တိုက်ဆိုင်ခဲတယ်လေ၊ နောက်တစ်ခါမှဆိုရင် နောက်တစ်နှစ် ထပ်စောင့်နေရဦးမယ်၊ လာပါ ဘယ်လောက်မှ မကြာပါဘူး။ နီ ကုသိုလ်ရချင်လို့ပါ"

နေဝန်းနီ လက်ဆွဲခေါ်မလိုဖြစ်နေတော့ ဉာဏ်လင်းတို့ အားတုံ့အားနာဖြစ်သွားကြသည်။ နေဝန်းနီက ပုလဲပခုံးလေးကို ဖက်၍ လမ်းတစ်ဖက်ခြမ်းက စားသောက်ဆိုင်ထဲ ဝင်သွားပြီမို့ ဉာဏ်လင်းတို့ ကြောင်တောင်တောင်နှင့် လိုက်လာခဲ့ရသည်။

"ကဲ စားချင်တာ သောက်ချင်တာ မှာကြနော်၊ ဘာမှ အားမနာနဲ့ ဘီယာတွေ ဘာတွေ သောက်ချင်ရင်လည်းသောက်ပါ၊ နီ နားလည်ပါတယ်"

စားပွဲဝိုင်းတစ်ခုမှာ ထိုင်မိကြသည်နှင့် နေဝန်းနီက အာဝဇ္ဇန်းရွှင်ရွှင် ပဋိသန္ထာရစကားတွေနှင့် ဖောရောလုပ်သည်။

မိန်းကလေးတစ်ယောက် ဖော်ရွေလွန်းတာကို ဉာဏ်လင်းတို့ကလည်း အားနာတတ်ပုံ မပေါ်ပါ။ ဘီယာတစ်ဂျားမှာကာ အမြည်းပေါင်းစုံ





နှင့် အပီဆွဲသည်။

ပုလဲနှက် အားနာနေကာ ဂျူ့(စ်) တစ်ခွက်သာ သောက်သည်။ နေဝန်းနီက ကိုယ့်ပိုက်ဆံကုန်ရမှာ မဟုတ်တာမို့ သဒ္ဒါတွေပေါက်နေကာ သူမကိုယ်တိုင်လည်း စားဖူးတာတွေရော၊ မစားဖူးတာတွေရော တစ်ဝတစ်ပြဲ ဗိုက်ပေါက်မတတ် အစာအိမ်ကိုချဲ့ကာ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

"ရော့ ဘောက်ချာ၊ ငါ့ကို ငွေငါးသောင်းပြန်ဆပ်စမ်း"

"ဘာ ငါက ဘာလို့ ငွေငါးသောင်းဆပ်ရမှာလဲ၊ ငါ ဘယ်အချိန်တုန်းက နင့်ဆီက ချေးငှားသုံးဖူးလို့လဲ"

မျက်နှာထားတင်းတင်းနှင့် အတည်ပေါက် ပိုက်ဆံတောင်းနေသော နေဝန်းနီကို နေနကွတ်အော်ပစ်လိုက်သည်။ နေဝန်းနီက မချိုမချဉ် မျက်နှာပေးနှင့် စားပွဲပေါ်က ဘောက်ချာစာရွက်လေး၊ သူ့လက်ထဲ တောက် ထည့်ကာ -

"ဘောက်ချာ သေချာမဖတ်ဘဲ ငါ့ကို လေသံကျယ်ကျယ် မပစ်နဲ့ အဲဒါ နင့်ယောက်ဖတွေ မျိုဆို့သွားတာ"

"ဘာ ဘယ်က ငါ့ယောက်ဖလဲ၊ ဟာ လေးသောင်းရှစ်ထောင်





တောင်၊ အဲ အဲဒါတွေက"

"နင်ကလည်း ဒီငွေလေးနဲ့ သွေးပျက်သွားလိုက်တာ၊ ပုလဲနက်ကို ဘတ်ဖို့၊ သူ့မောင်တွေရဲ့ ယုံကြည်မှုရဖို့က ပိုအရေးကြီးတယ်ဟ၊ သူတို့က သင်တန်းအသွားအပြန် လိုက်ပို့ပြီး မျက်လုံးလေးလုံးနဲ့ စောင့်ကြည့်နေတာ၊ ငါက ပုလဲနက်နဲ့ ခင်ရုံပဲခင်ပြီး ဘယ်လိုမှ ခေါ်ထုတ်လို့ရမှာမဟုတ်ဘူး"

"အေးပါ ထားပါတော့၊ လုပ်သင့်လုပ်ထိုက်တာလုပ်လို့ ငါ အပြစ်တင်တာ မဟုတ်ဘူး။ စားသောက်ဆိုင်ငွေ ဒီလောက်ကြီး ဖြုန်းပစ်ခဲ့ရလား။ ငါ နှစ်သောင်းပဲ ပေးနိုင်မယ်၊ ကျန်တာ နင့်ဘာသာစိုက်"

"အောင်မာ၊ ငါက ဘာလို့ စိုက်ရမှာလဲ၊ မိန်းမတစ်ယောက်ရဖို့ နင် ဈေးဆစ်မနေနဲ့ နကွတ်၊ ကူညီပေးတာကို ကျေးဇူးတင်တတ်ရင် လက်ဆောင်တောင် ဝယ်ပေးသင့်တယ်၊ လာဘ်ထိုးတယ်လို့ ငါ သဘောမထားပါဘူး။ ဟင်း ဟင်း"

ပခုံးကိုတွန့်၍ မထီတရီလုပ်နေတာက ဆွဲထိုးချင်စရာ။ မချိုမချဉ် မျက်နှာကို ကုတ်ဖဲ့ဆွဲချင်လောက်အောင်လည်း အသည်းတွေယားနှင့် နေနကွတ် မျက်နှာတစ်ခုလုံး နီမြန်းမြန်းတောင် ဖြစ်နေသည်။

"ပြောပြီးသားနော်၊ ငါ စိတ်ပျက်စိတ်ကုန်အောင် မလုပ်နဲ့၊ ငါ့အကြောင်း တစ်စီတောင် ပါတာမဟုတ်ဘူး။ ငါ့လက်ထဲက ငွေငါးသောင်း ရောက်တာနဲ့၊ မနက်ဖြန် ပုလဲနက်နဲ့ တွေ့အောင် လုပ်ပေးနိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်''

''ဘာ နင် တကယ်ပြောတာလား''

''နေ့ဝန်းနီပါ၊ မပိုင်ရင် ခြင်တောင်မရိုက်ဘူး၊ အသားနာမှာ စိုးလို့ ဟင်း ဟင်း''

လိုချင်တာရဖို့ သွားဖြီးပြနေတာမျိုး မဟုတ်။ နိုင်ကွက်တစ်ရ ကို အပိုင်ကိုင်ပြီး မထီမဲ့မြင် လက်ပိုက်ပြီး ခပ်ကျောကျောနှင့် ပြုံးနေတာ

''ကောင်းပြီလေ၊ မနက်ဖြန် ပုလဲနက်နဲ့ မတွေ့ရဘူးဆိုရင် ငါ့ငွေငါးသောင်းကို နှစ်ဆပြန်လျော်ရမယ်''

''ရတယ်လေ၊ အလျော်အစားနဲ့ပေါ့၊ ခေါ်လာနိုင်ရင်ရော နင် ငါ့ကို ဘာထပ်ပေးမလဲ''

''ဘာ''

''ဖြည်းဖြည်းအော်ပါဟဲ့၊ နင်ကသည်လောက်စိတ်ကြီးပဲ၊ မနက်ဖြန် အအေးဆိုင်ကို ခေါ်လာခဲ့မှာဆိုတော့ အအေးတစ်ခွက်လောက်တိုက်ရင် တော်ပါပြီ''

''အေး အေးပါ၊ နင်လုပ်ထားဦးပေါ့ နေ့ဝန်းနီရယ်၊ ပုလဲဆိုက အဖြေရမှ''

''ဘာ ဘာလုပ်မှာလဲ၊ အခုကတည်းက ရပ်တန်းက ရပ်ယ လိုက်လို့ ရတယ်နော်''

''ဆော ဆောရီးပါဟာ၊ ငါက အလကားစတာပါ၊ ပုလဲအခြေ





ပေးတဲ့နေ့ ပလာဇာမှာ နင်လိုချင်တာ ဝယ်ပေးမယ်လို့ ပြောမလို့ပါ၊ ဟင်း ဟင်း အရမ်းစိတ်ကြီးတာပဲ''

''ဖယ်စမ်းပါ''

သူမခေါင်းကို ဖားသလို ယားသလို လာပုတ်နေတာမို့ နေ နကွတ်လက်ကို ပြန်းခနဲ ဖယ်ထုတ်ပစ်လိုက်သည်။ ဒီအထာမျိုးနဲ့ လာနှပ်လို့ တယ်ရမလဲ။ ကိုယ့်အလှည့်ရောက်ရင်လည်း ဒီကောင် နွာ မယ်ဆိုတာ သိပြီးသား။

''ဟဲ့ ငါ သီချင်းဆိုဖို့ကိစ္စရော နင်စုံစမ်းပြီးပြီလား''

''စုံစမ်းပြီးသားပါ၊ ကုမ္ပဏီတွေမှာ အခုဖောင်သွားဝယ် အခုရ တယ်''

''ဟယ် ဒါများ ငါ့ကို ကြိုပြောသာမဟုတ်ဘူး၊ အခု သွားယူ မယ်လေ''

''အာ နင် သင်တန်းတက်ဖို့ မမီဘဲ နေမှာပေါ့''

''မမီရောလားဟယ်၊ ဖောင်ယူတာပဲ ဘယ်လောက်ကြာမှာမို့လဲ၊ နင်က နင့်ကိစ္စ မပြီးပြတ်သေးလို့ ငါ့ကို ကြိုမပြောတာပေါ့လေ၊ မရဘူး အခုသွားမယ်''

''အေး ကားဆီဖိုးနဲ့ လမ်းမှာ စားတာသောက်တာ နင်ခံရမှာ နော်''

''ကဲပါ လာစမ်းပါဟယ်၊ အပိုလုပ်ပြောမနေပါနဲ့၊ ငါက နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့တယ်ထင်ပြီး နင်လည်း ငါ့ကိုပြန်ဖွဲ့မှာပဲ မဟုတ်လား၊ မတရားမလုပ်ရင် ပြီးတာပဲ၊ လာ''

''ဟ အဝတ်အစား မလဲတော့ဘူးလား''

''အခု ပြိုင်ပွဲဝင်မှာမှ မဟုတ်ဘဲ၊ ပဲများဖို့ မလိုပါဘူး''

နေဝန်းနီက ဆိုးခနဲ ဆတ်ခနဲ စိတ်မြန်လက်မြန်ပင် ရှေ့က ထွက်သွားသည်။ ဒူးဖုံးရုံ အိမ်နေရင်းဝတ်သည့် ဘောင်းဘီတိုနှင့် အပြာရောင်စပို့ရှပ်က ခမ်းနားတာမျိုး မဟုတ်သော်လည်း သူမကိုယ်ပေါ်မှာ တောက်ပလိုက်ဖက်လို့ပါ။ အနည်းငယ် ရှည်လာသော ဆံနွယ်တွေကို ဖြီးသင်တတ်လာပြီမို့ စတိုင်(လ်)ကျကျ ကြည့်ကောင်းနေ၏။ မျက်နှာလေးကလည်း အရင်လို မျက်နှာပြောင်ကြီးမဟုတ်တော့ဘဲ ပယ်(စ်)ရိုက်ကာ ပြင်ဆင်တတ်လာပြီမို့ သင်တန်းတက်နိုင်းလိုက်သည့် အကျိုးကျေးဇူးကြောင့် ဖြစ်မည်လို့ တွေးမိသည်။ သင်တန်းက မိန်းကလေးတွေ သူ့ထက်ငါ အပြိုင်အဆိုင် အလှအပ ဒီဇိုင်းထွင်တတ်ကြသည်။

''ဟဲ့ ကားပေါ်တက် ကားမမောင်းဘဲ လူကို အရှုံးမှတ်ပြီး ကြည့်နေရလား''

''အေး နင့်ကို စိတ္တဇဆေးရုံ ပို့ပေးရမလားလို့ စဉ်းစားနေတာ''

''သေနာ၊ မဟုတ်တရုတ်အတွေးနဲ့ ငါ့ကို တစ်ပတ်ရိုက်မယ် မကြံနဲ့နော်၊ မြို့လယ်ကောင်မှာ ကယ်ကြပါဦးလို့ အော်လိုက်တာနဲ့





နင်လိုလူ အမှုန့်ကြေသွားမယ်''

''အောင်မာ၊ တောသူမ လာပြီးကြိမ်းမောင်းနေတယ်၊ နေနှင့်ဦး၊ တစ်နေ့နေ့ နင့်ကို မာဆတ်ပို့ပစ်မယ်''

''လုပ်ကြည့်စမ်းပါ၊ နေဝန်းနီတဲ့ တစ်နီတည်းရှိတယ်''

''တော်ပါဟာ''

စကားနိုင်လုလည်း ဘယ်တော့မှ အရှုံးမပေးတတ်သော နေဝန်းနီကို တုဖက်ပြောနေရတာ မောလာပြီမို့ ကိုယ်ကပဲ စကားစဖြတ်ပြီး ဝူးခနဲ ကားစက်နှိုး၍ ထွက်လာခဲ့ရသည်။

နေဝန်းနီ ဖလစ်ဖလစ်ပြောတာက ကြီးကြီး ပေါက်ပေါက်ဖောက်သလောက်တော့ နားဝင်မဆိုး၊ အပျင်းပြေရုံမက ပျော်စရာကောင်းသလိုလိုပင်။

ကားပေါ်မှာလည်း သူမက အငြိမ်မနေပါ။ သီချင်းခွေတွေ တစ်ခုပြီးတစ်ခု ထည့်ဖွင့်၍ ပါးစပ်က လိုက်ဆိုရင်း ခန္ဓာကိုယ်တစ်ခုလုံးလည်း လှုပ်ယမ်းတွန့်လိမ်နေသည်။

ဒီလောက် အရှက်နည်းတာ သူ တစ်ခါမှ မကြုံဖူး။ ထိုနေ့က ဖောင်တွေယူပြီး အပြန်မှာ အလှဓာတ်ပုံပါ ပူးတွဲတင်ရမှာမို့ ဓာတ်ပုံရိုက်ဖို့ကိစ္စ ပေါ်လာသည်။

''ကဲ ဘယ်လိုလုပ်မှာလဲ၊ နင် ဒီအဝတ်အစားနဲ့ အလှဓာတ်ပုံရိုက်လို့မှ မရတာ၊ နောက်နေ့မှ အဝတ်အစားမိုက်မိုက်လေးတွေ ဝတ်



www.burmeseclassic.com

www.burmeseclassic.com



လာပြီး ရိုက်လိုက်ပေါ့''

''ဟင့်အင်း၊ ဒီနေ့ပဲ ရိုက်မယ်၊ ဓာတ်ပုံဆိုင်ရောက်မှ ကြည့်လုပ်မယ်ဟာ''

''နင်ကဟာ ဒီအဝတ်အစားနဲ့ မကောင်းပါဘူးဆို၊ ငါ တကယ်ပြောတာ''

''အေး ပြီးရော၊ မနက်ဖြန်မှ အိမ်က အဝတ်အစား နှစ်လောက်ယူလာပြီး ဓာတ်ပုံဆိုင်သွားဖို့ ပုလဲနက်ကို အဖော်ခေါ်ရမယ်''

''ဟား နင့်စိတ်ကူး ကောင်းလှချည်လား၊ ငါက အဲဒီဓာတ်ပုံဆိုင်မှာ အမှတ်တမဲ့ တွေ့တဲ့ပုံစံမျိုးနဲ့ ပုလဲနဲ့ စကားပြောခွင့်ရအောင်ကြိုးစားမယ်''

''အိုကေ၊ နင့်အတွေးလည်း ကောင်းတာပဲ''

''ဒါဆို အအေးဆိုင်သွားမယ်''

''ဘာဆိုင်လို့လဲ''

''မေးရဲတာ အံ့ဩစရာပဲ၊ ဒီနေ့ နင့်ကိစ္စနဲ့လာတာလေ၊ ငါဘာစားစား ဘာလုပ်လုပ် နင်အကုန်ခံရမှာပေါ့''

''ဟွန်း အကွက်တွေ့သွားလို့ မပဲ့တရားရုပ်နဲ့ မသဒ္ဓါအောင်သွားဖြဲနားဖြဲ စားတော့ဝါးတော့မယ်ဆိုတာ ငါသိပြီးသား''

တကယ်ပင် မျက်လုံးမျက်ဆန်ပြူး စားပိုးနင့်အောင် နေနကွယ်ခွဲပါတော့သည်။ ကိုယ့်တုန်းကလည်း မတော်တရော်လုပ်ထားတာ





နေဝန်းနီ အောင့်အည်းသည်းခံနေရသည်။

စိတ်ရင်းအတိုင်းဆိုလျှင် လည်ပင်းက နင်းပြီး အစာတွေကိုအံ့ထုတ်ပစ်ချင်လှ၏။

အခုတော့ မချိသွားဖြဲ ရယ်ကျဲကျဲနှင့် ရင်တမမ ဖြစ်ရင်း။

* * *



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

BURMESE CLASSIC .com

"ဟင် တို့က ဓာတ်ပုံဆိုင် လိုက်ပေးရမယ်"

"အေးပါဟယ်၊ တို့တစ်ခါမှ မရောက်ဖူး မသွားဖူးလို့ ရန်ကုန်မြို့မှာ ဘယ်နေရာ ဘာရှိတယ်ဆိုတာ သိပ်မသိတော့ ကြေ... တောင်တောင်နဲ့၊ လိုက်ခဲ့ပေးပါဟယ် နော်"

"လိုက်ပို့ချင်ပါတယ်၊ ဟို သင်တန်းလစ်တာ တို့မောင်... သိသွားရင် တို့နဲ့ ပြဿနာတက်မှာ"

"ပုလဲရယ်၊ ကလေးပေါက်စနလေး ကျနေတာပဲ၊ ဘာမဟု... တာလုပ်လို့ တွေးကြောက်နေတာလဲ၊ သင်တန်းဆင်းချိန်အမီ သင်တန်း... ပြန်ရောက်အောင်လာရင် ပြီးပြီပေါ့၊ ကိုယ်မပြောရင် ကိုယ်သင်တ... လစ်တာ သူတို့က ဘယ်လိုလုပ်သိမှာလဲ၊ နောက်ဆုံး သိသွားခဲ့ရင်တော...





...ကို အဖော်လိုက်ပေးရတာပါလို့ ပြောလိုက်ပေါ့၊ ပုလဲမောင်တွေလည်း ...ကို သိနေ, ခင်နေပြီပဲ ဥစ္စာ"

နေဝန်းနီ သေချာရှင်းပြနေတော့ ပုလဲနက် ငြိမ်သက်တွေဝေ ...သွားသည်။ သူမလည်း ဒီလောက်ကြီးအထိ မောင်တွေကို ကြောက်ရွံ့ ...နေရတာမျိုး မဖြစ်ချင်ပါ။

စောင့်ကြည့်ခံနေရသည့်အဖြစ်မျိုးမို့လည်း စိတ်တွေ မွန်းကျပ် ...သည်။ အခုတောင် သင်တန်းကို အချိန်အတိအကျမှ လာပို့သွားတာ ... ဒါပေမဲ့ သင်တန်းခန်းမထဲထိတော့ မဝင်။

ထိုအချိန်မှာ ကော်ရစ်တာထောင့်ချိုးလေးကနေ နေဝန်းနီ ...မှတ်တမဲ့ သူမလက်ကို လှမ်းဆွဲထားလိုက်ပြီး တဂျီဂျီလုပ်နေတာ။

"လာဟာ ဖြစ်ချင်ရာဖြစ် သွားမယ်"

ကြောက်ရွံ့စိတ်တွေဖျောက်ပြီး နေဝန်းနီလက်ကိုဆွဲ၍ လှေကား ...တွေအတိုင်း ပြန်ဆင်းလာခဲ့သည်။

"ဟဲ့ နင် မျက်လုံးရှင်ရှင်နဲ့ ကြည့်ဦး၊ ဉာဏ်လင်းတို့ တကယ် ...ရော ပြန်သွားပြီလားလို့"

"အေးပါဟဲ့၊ ငါလည်း ကြည့်နေတာပါ၊ ကားရော လူရော ...မြင်ရတော့ပါဘူး"

"အေး ဒါဆို ငါတို့ တက္ကစီငှားသွားကြမယ်လေ"

"နေပါဦး၊ သင်တန်းနဲ့ဝေးရင် ဘယ်ဖြစ်ပါ့မလဲ၊ ဒီနားက



www.burmeseclassic.com

www.burmeseclassic.com



မင်းသားလေး ဓာတ်ပုံဆိုင်က ကောင်းတယ်ဆို၊ အဲဒီကို သွားရအောင်"

"ဟာင် နင် ခုနကပြောတော့၊ ဘယ်နေရာမှာ ဘာရှိတယ် ဆိုတာ မသိဘူးဆို"

"အေး၊ အေး ဟုတ်တယ်၊ ငါ မသိပါဘူး။ အရင်နေ့က သင် တန်းသူတစ်ယောက် ပြောတာ ငါကြားလို့ ပြောကြည့်တာပါ၊ ဟိုလေ ဆံပင်ရှည်ရှည်နဲ့ တစ်ယောက်လေဟယ်၊ သူ့ရည်းစားနဲ့ ဓာတ်ပုံတွဲရိုက်တာ ဆိုလား ဘာဆိုလား"

"ဟုတ်လား၊ အဲဒါဆိုလည်း အဲဒီကိုပဲ သွားကြတာပေါ့"

နေဝန်းနီ ဆိုတာကို ပုလဲနက် ယုံကြည်သွားသည်မို့ အသက်ရှ ချောင်သွားသည်။ နေနက္ခတ်ရော အတည်ပေါက် ဖြီးနိုင်ပါ့မလား။ ဒီ အချိန်မှာ နေနက္ခတ်နှင့်သူမရဲ့ ရင်းနှီးမှုကို ပုလဲနက် သိလို့မဖြစ်။

ယုံကြည်မှုတွေ ပျက်ပြားပြီး သူမကိုပါ အခင်မင်ပျက်သွားနိုင် သည်။

"ဟဲ့ ဒီဆိုင်က ဓာတ်ပုံရိုက်နေတဲ့သူတွေ များလှချည်လား အလှည့်စောင့်နေရမှာဆို တခြားကိုသွားရအောင်ဟယ်၊ အရမ်းကြာနေ လိမ့်မယ်"

"နင်ကလည်းဟယ်၊ ဒီဆိုင်က အရမ်းနာမည်ကြီးလို့ ရိုက်တဲ့သူ များတာနေမှာပေါ့၊ မင်းသား မင်းသမီး မော်ဒယ်တွေတောင် ရိုက်တာပါဆို ဆို"





"သိရပြန်ပြီ"

"ဪ သူများပြောတာ ကြားခဲ့တာပါဆို၊ ဝင်ရိုက်ကြည့် လိုက်ရင် ပိုပြီးသေချာသွားတာပေါ့၊ လာပါ"

ပုလဲနက် နောက်လှည့်ပြန်သွားမှာစိုး၍ ဖွတ်အတင်း လက်ဆွဲ ခေါ်ခဲ့ရသည်၊ နေနက္ခတ်က ဒီဆိုင်မှာပဲ စောင့်နေမယ်လို့ သေသေချာချာ ပြောထားတာ၊ ဆိုင်နေရာပြောင်းလို့ ဖြစ်မလား။ ဒင်းကြောင့် မုသားတွေ တွင်တွင်သုံးနေရတာ စိတ်တိုချင်လာသည်။

ယောကျ်ားလေးပဲ သူမတို့ ဘယ်ဆိုင်သွားသွား နောက်ယောင်ခံ ပြီး လိုက်ခဲ့ပေါ့။ ဒင်းကို ကောင်းကောင်းပညာပြန်ပေးမှ ဖြစ်တော့မယ်။

"ဪ ဒီက ညီမတို့ ဓာတ်ပုံရိုက်မလို့ ထင်တယ်၊ အလှဓာတ် ပုံလား။ လိုင်စင်လား"

"အလှဓာတ်ပုံပါ၊ အဝတ်အစား သုံးစုံလဲမယ်"

"ဒါဆို ခဏစောင့်ပါနော်၊ ညီမတို့ရှေ့မှာ ယောကျ်ားလေး တစ်ယောက် မိန်းကလေးတစ်ယောက် ရှိသေးတယ်၊ အောက်ဒိုးဆိုရင် အစ်ကို တပည့်တစ်ယောက် ထည့်လွှတ်လိုက်လို့ရတယ်"

"ဟင် နေပါစေ၊ အင်ဒိုးပဲ လုလုလေး ရိုက်ပေးပါ၊ ကျွန်မတို့ စောင့်ပါ့မယ်"

"ဟုတ်ကဲ့၊ အဲဒါဆို ရှေ့ကခုံတန်းလေးမှာ ခဏလောက်ပဲ သည်းခံစောင့်ပေးပါနော်"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါရှင်"

အခုမှ နေဝန်းနီတို့ ယဉ်ကျေးသိမ်မွေ့ နူးညံ့နေသည်။ ခုံတန်းလေးမှာ ထိုင်မိကြတော့ ပုလဲနက်က မျက်စောင်းတဝင့်ဝင့်။

"သင်တန်းဆင်းချိန် မမီလို့ကတော့ ဉာဏ်လင်းတို့ကိုစွ နှင်ရှင်းပေတော့"

"အေးပါ စိတ်ချ"

နေဝန်းနီ အာမခံရဲနေပေမယ့် ပုလဲကတော့ မဝံ့မရဲ စိတ်ပူနေဆဲပါ။

"ပုလဲ"

"ဟင် နေနက္ခတ် နက္ခတ်"

အနီးကပ်ခေါ်သံလေးကြောင့် ပုလဲနက် ကတုန်ကယင် စိတ်လှုပ်ရှားသွားရ၏။ နေဝန်းနီက မှင်သေသွေးပင်။

"အဲဒါ ပုလဲပြောဖူးတဲ့ နေနက္ခတ်ဆိုတာလား"

ပုလဲက ခေါင်းညိတ်ပြတော့ နေဝန်းနီက ထိုင်ခုံနေရာ ရွှေ့ပေးကာ –

"ထိုင်လေ၊ ပုလဲက ရှင့်အကြောင်းပြောပြထားလို့ နာမည်နဲ့ ရင်းနှီးနေပါတယ်၊ ရှင်လည်း ဓာတ်ပုံလာရိုက်တာလား၊ ကျွန်မတို့တောင် နှစ်ယောက်လောက် စောင့်ရဦးမယ်ဆိုလို့ ဒီမှာထိုင်နေကြတာ၊ ကျွန်မနာမည်လည်းမှတ်ထားပါနော် နေဝန်းနီတဲ့၊ လမ်းတွေ့လည်း ခေါ်ပေါ့





ကျွန်မက လူမျိုးဘာသာမရွေး ခင်တတ်ပါတယ်"

"ဟုတ်ကဲ့ ခင်ဗျ၊ မြင်ရုံနဲ့သိပါတယ်"

ရွှန်းရွှန်းဝေအောင် ဘုံးပေါလအောအာချောင်နေသော နေဝန်းနီကို အမြင်ကတ်ကတ်နှင့် အရွဲ့တိုက်ပြောပြီး မျက်စပစ်၍ ရှောင်ခိုင်းလိုက်သည်။ နေဝန်းနီကလည်း မမြင်ချင်ယောင် မသိယောင်ဆောင်၍ ပေကတ်ထိုင်နေလိုက်သည်။

ကိုယ်ဆင်ပေးသည့်ခွင်ကို ခပ်ကျောကျောလိုချင်လို့ ရမလား။ အလွမ်းသယ်ချင်နေသည့် နေနက္ခတ်ကို ဒီလိုမျိုး ညှဉ်းဆဲရတာ ရင်ထဲမှာ ကျလိကျလိ ပျော်နေမိသလိုပင်။

"ဒီက မနေဝန်းနီ၊ ကျွန်တော် ပုလဲကို စကားလေးနည်းနည်း ပြောချင်လို့ ခဏလောက် ရှောင်ပေးပါလား ခင်ဗျာ"

သူမအကြောင်းကို သိနေသော နေနက္ခတ်က သနားစဖွယ် ခခယယအသံလေးနှင့် တောင်းဆိုလိုက်သော်လည်း သူမက ပုလဲပန်းလေးကို ဖက်လိုက်ကာ –

"ဟဲ့ ငါ့ကို ပြောနေတယ်၊ ငါ ရှောင်ပေးရမလားဟင်၊ နင့်မောင်တွေက နေနက္ခတ်ကို အမြင်မကြည်လင်ကြဘူးဆို၊ နင်လည်း သူ့ကို စိတ်ဆိုးနေတာမဟုတ်လား။ နင့်တစ်ယောက်တည်းဆို သူ တစ်ခုခု လုပ်မှဖြင့်"

"ဟုတ်တယ်၊ ဒီနားမှာပဲ ထိုင်နေ နီနီ၊ သူ ဘာပြောပြော



www.burmeseclassic.com

www.burmeseclassic.com



နင်လည်းနားထောင်ပေါ့''

''အေး ကောင်းတယ်၊ ကိုနေနက္ခတ် ပုလဲကိုပြောချင်တာ ပြောနော်၊ ကျွန်မကို အားမနာပါနဲ့ သူ့ကို ကျွန်မက ခေါ်လာတာဆိုတော့ ကျွန်မမှာ တာဝန်ရှိလို့ပါ''

မျက်နှာပြောင်လှသော နေဝန်းနီကို နေနက္ခတ် အသံတိတ် ဆဲရေးလိုက်၏။ ဘယ်လိုဟာလေးမှန်းကို မသိ။

နေနက္ခတ် အချစ်ရည်ရွှန်းလဲ့နေသော အိုဟာအိုင်တင်များနှင့် ပုလဲကိုကြည့်ကာ –

''ပုလဲရယ် ကိုယ်လွှမ်းလိုက်တာကွာ၊ ကိုယ့်ကိုအဖြေမပေးတော့ ဘယ်လိုအမည်တပ်ပြီး လွမ်းရမှန်းလည်း မသိဘူး။ ကိုယ့်ကို အဖြေပေးပါတော့နော် ပုလဲ''

''အဖြေလိုချင်တယ်ပြောပြီး ပုလဲစကားကို့ ရှင်မှ နားမထောင်ဘဲ၊ ပုလဲ ရှင့်ကို မယုံကြည်ရဲဘူး နေနက္ခတ်၊ မောင်တွေနဲ့ ပြဿနာ တက်နေတာသိရဲ့နဲ့ ပုလဲ မိုက်မှုးရဲဆန်လို့ ဖြစ်ပါ့မလား''

''ဒါကတော့ ပုလဲရယ်၊ ကိုယ်လည်း ဘယ်ဖြစ်ချင်ပါ့မလဲ၊ ပုလဲမောင်တွေက ကိုယ် ဘယ်သွားသွား, ဘာလုပ်လုပ် စောင့်ကြည့်ပြီး ပြဿနာရှာနေတာ၊ ဟိုတစ်ခါကိစ္စကလည်း ကိုယ့်ကားကိုတားပြီး ဘာ မပြော ညာမပြောနဲ့ ဝင်ရိုက်တာ၊ ကိုယ်သာ သတိမရှိလို့ကတော့ အသေပဲ ပုလဲနဲ့ ခုလိုတောင် တွေ့နိုင်မှာမဟုတ်ဘူး''





''ဟင် ချောင်းရိုက်တဲ့ သဘောလား''

''ဟုတ်ပါတယ်ဆို၊ နောက်တစ်ခါ အချုပ်ထဲရောက်တဲ့ထိ ဖြစ် တာက ဉာဏ်လင်းတို့ မပါဘူးဆိုပေမယ့် လူငှားရိုက်ခိုင်းတာ ဖြစ်မယ်၊ ဒါလည်း ပါပါးပါလို့ ထိပ်ပေါက်ခေါင်းကွဲရုံ ဖြစ်သွားတာ၊ မဟုတ်လို့ ကတော့ လက်နက်တွေပါလာတဲ့ သူတို့လက်ချက်နဲ့ အသေပဲ၊ ဂိုယ့်ကို ပုလဲအနားမကပ်အောင် သတိပေးချင်တာဆို သူတို့လက်နက်တွေ ယူလာ ရောလား။ ဖြစ်လိုက်တိုင်း သူတို့ဘက်က စတာ၊ စပြီဆိုလည်း ဘုတ်အား လက်နက် အပြည့်အစုံနဲ့၊ ဒါကြောင့် ကိုယ့်ကို မခုခံစေချင်ဘူးဆိုရင် ဒီ တစ်ခါ ပုလဲအတွက် ကိုယ်အသေခံလိုက်ပါမယ် ပုလဲရယ်''

''အို အဲ အဲလို မလုပ်ရပါဘူး နက္ခတ်ရယ်''

ရှိုက်သံနှောနေသည့် နေနက္ခတ် အိုဟာအိုင်တင်တွေထဲမှာ ပုလဲနက် စိတ်မကောင်းကြီးစွာ ကြေွသွားသည်။ နေဝန်းနီဘက်က ခစ်ခနဲ ရယ်သံကြားလိုက်ပေမယ့် နေနက္ခတ်က ခပ်တည်တည်နှင့်။

''မသေခင် ပုလဲဆီက ချစ်တယ်ဆိုတဲ့ အဖြေလေးတော့ ရ သွားချင်တယ် ပုလဲရယ်၊ ကိုယ် ပုလဲကို ကျောရရုံ ကြံချင်တယ်ဆိုရင် ချစ်အဖြေကို မရမက တောင်းနေစရာမလိုပါဘူး၊ ကားတင်ပြေးပြီး နိုး သွားတာနဲ့ ကိုယ်အနိုင်ရနေပါပြီ၊ နော် ပုလဲရယ်၊ ကိုယ်ပြောတာ နား လည်ရဲ့လားဟင်''

''အင်း နား နားလည်ပါတယ်၊ ဟို ဒါပေမဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ဆိုတာ ဆင်ခြေပေးချင်တဲ့သဘောပဲ မဟုတ်လား။ ကိုယ့်အသည်းနှလုံးတွေကို အသေရိုက်သတ်ပြီး မနိုင်စက်ပါနဲ့တော့ ပုလဲရယ်၊ ကိုယ့်ကို မုန်းနေလားဟင်"

"ဟင့်အင်း"

"ဒါဆို ချစ်တယ်ပေါ့"

"နောက် နောက်နေ့ အင်းလျားကန်ပေါင်က စောင့်နေပါ၊ နေဝန်းနီကိုခေါ်ပြီး တို့လာခဲ့မယ်၊ အဲဒီကျမှ အဖြေပေးတော့မယ်နော်"

"ဟာ တ တကယ်ပြောတာလား ပုလဲ တကယ်နော်"

"အင်းပါဆို"

"ဟား ပျော်လိုက်တာ ပုလဲရယ်"

"ဟဲ့ နေနကွတ်၊ အဲ ဟို ကိုနေနကွတ်က ဘာလို့ စွတ်ပျော်နေတာလဲ၊ အဲဒီနေ့မှ ပုလဲက မုန်းတယ်ဆိုတဲ့ အဖြေပြေးရင် ဘယ်လိုလုပ်မလဲ၊ ဂေါက်များဂေါက်နေလား မသိဘူး"

"ဘာ"

မချိုမချဉ်မျက်နှာနှင့် သူ့ကို လှမ်းဖွဲ့နေသော နေဝန်းနီစကားကြောင့် နေနကွတ် ဆတ်ခနဲ မျက်နှာကိုတင်းပြီး ဒေါသဖြစ်သွား၏။ ဒါပေမဲ့ ပုလဲရှေ့မှာ ဣန္ဒြေမပျက် မချိုသွားဖြဲ ပြုံးလိုက်ရကာ –

"အဲလိုဆိုလည်း ကျွန်တော့်ကံတရားပေါ့ဗျာ။ ပုလဲ အချစ်တွေပေးပေး, အမုန်းတွေပေးပေး ကျွန်တော် ကျေနပ်ပါတယ်၊ ဒါပေမဲ့





ပုလဲမောင်တွေနဲ့ ပြဿနာတက်တာ ကျွန်တော်က မရှောင်လို့ဆိုပြီး ပုလဲ စိတ်ဆိုးနေတာတော့ ရင်ထဲမှာ ဘယ်လိုမှ မဖြေသာဘူး။ ဘာမှ စားချင်သောက်ချင်စိတ် မရှိအောင် စိတ်ထိခိုက်ရပါတယ်"

"အဟမ်း ဟမ်း။ အဟွတ် အဟွတ်"

နေဝန်းနီရဲ့ လုပ်ကြံသော ချောင်းဆိုးသံကြောင့် နေနကွတ် ဒေါသတွေ အလိပ်လိုက် ပျို့အန်တက်လာသည်။ ဒါပေမဲ့ ပုလဲရှေ့မှာ မှင်သေသေ နေလိုက်ရုံကလွဲပြီး မတတ်နိုင်။

အိမ်ရောက်မှ ဘယ်ပြန်ညာပြန် နားပန်ကျင်းပစ်ရမည်။ ပုလဲ နက်က သူ့မျက်နှာကို မော့ငေးငေးလေးကြည့်ပြီး –

"နကွတ်ရယ် တို့လည်း စိတ်မကောင်းပါဘူး။ အဲဒီနေ့ကျရင် နကွတ်လိုချင်တဲ့အဖြေကို ပေးမှာပါ၊ နကွတ်နဲ့အတူတူ လက်တွဲပြီး ရင်ဆိုင်ရဲအောင်လည်း တို့ ကြိုးစားမှာပါ၊ ပြဿနာကိုတော့ အတတ်နိုင်ဆုံး ရှောင်နိုင်သလောက် ရှောင်ပေးပါနော်၊ ဖေဖေ မေမေတို့ထိ ဒီသတင်း ပေါက်ကြားသွားရင် နကွတ်နဲ့တို့ ရှေ့ဆက်ဖို့ မလွယ်ဘူး"

"စိတ်ချပါ ပုလဲရယ်၊ ပုလဲကိုချစ်တဲ့စိတ်နဲ့ ပုလဲမောင်တွေကို အတတ်နိုင်ဆုံး ခေါင်းငုံ့အရှုံးပေးပါမယ်လို့ ကတိပေးပါတယ်. ရှောင်လွှဲမရတဲ့အခါလည်း ပုလဲက နားလည်ပေးပေါ့၊ ကိုယ့်ပါပါးကလည်း သူ့သားကို သက်သက်မဲ့ အနိုင်ကျင့်တာမျိုး ဘယ်ခံချင်ပါ့မလဲ"

"အင်း ဟုတ်ပါတယ်၊ ပုလဲနားလည်ပါတယ် နကွတ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ပုလဲရဲ့ နားလည်ယုံကြည်မှုတွေအတွက် သူ တိတ်ဆိတ်စွာ အံကြိတ်ပြုံးလိုက်၏။ မကျေနပ်မှုတွေရဲ့ အနိုင်အရှုံးအတွက် ပုလဲလို အရိုးခံ ဖြူစင်သူလေးကို အသုံးချလိုက်ရတာ စိတ်တော့မကောင်း။

စိတ်ဒဏ်ရာတစ်ခုအတွက် လက်တုံ့ပြန်ချင်တာက လွဲပြီး။

✿ ✿ ✿



## အခန်း (၂၁)

"အား ဘာလုပ်တာလဲ"

ထမင်းစားနေဆဲ နောက်ကျောကို တအုန်းအုန်း အထုခံလိုက်ရသည်မို့ ထမင်းစေ့တွေ တဖွီးဖွီး ပြန်အန်ထွက်လာသည်။ စိတ်တိုတိုနှင့် ခေါင်းကို ဆတ်ခနဲ ခါကာ နောက်လှည့်ကြည့်တော့ နေနက္ခတ်ကလည်း တင်းမာသောမျက်နှာထားနှင့်။

"စားတွန်းသောက်တွန်း နင် ဒါဘာလုပ်တာလဲ နက္ခတ်"

"နင့်အပြစ် နင်သိပြီး ရှောင်နေတိမ်းနေတော့ ထမင်းစားတဲ့ အချိန် အမိဖမ်းအုပ်ထည့်လိုက်ပါကလား ဘာလဲ မကျေနပ်ဘူးလား"

"အခန့်မသင့်ရင် သေသွားနိုင်တာကို ငါက ကျေနပ်ရမှာလား ဆွဲထိုးလိုက်ရင် နင်နာတော့မယ်နော် နက္ခတ်"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ၊ ကိုယ့်အပြစ်ကိုယ် ဝန်မခံဘဲ နင်က ပြန်ဖိုက်ချင်

သေးလို့လား"

"အေး ဖိုက်ချင်တယ်၊ ငါက ငါ့အသားနာရင် ဘယ်သူ့ကို

သည်းမခံတတ်ဘူး။ ခွင့်မလွှတ်တတ်ဘူး။ လာ နင်နဲ့ငါနဲ့ အိမ်ရှေ့မြက်ခင်း

ပြင်မှာ သွားဖိုက်မယ်၊ လာ နင်သတ္တိရှိရင် ထွက်ခဲ့"

နေဝန်းနီ တရှူးရှူး ဒေါသဖြစ်နေကာ ဘောင်းဘီအိတ် ဖြစ်သည်

လက်ဆေးလျက် အင်္ကျီနှင့်သုတ်လိုက်ပြီး ရှေ့ကထွက်သွားသည်။ နေ

နက္ခတ်ကလည်း စိန်ခေါ်လျှင် ဘွားမခံတတ်သူမို့ ခြေလှမ်းကြဲကြဲနှင့်

လိုက်သွားလိုက်၏။

"ဟိုက် ရှားလပတ်"

နေဝန်းနီက မြက်ခင်းပြင်မှာ အသင့်နေရာယူလျက် သေ

လေ့ကျင့်ခန်း လုပ်ကာ ခုန်ဆွခုန်ဆွ။ ဂျူဒို_ကရာတေး စနစ်တကျ

သင်ယူထားသည့်ပုံမျိုးဖါလား။

ရုပ်ကလေး သနားကမားနှင့် မထင်ရပါလား။ တစ်ပွဲတစ်လမ်း

အကဲစမ်းပြီး ပညာပေးထားမှ နေဝန်းနီ အပိုးကျိုးပေလိမ့်မည်။ နေဝန်း

က အင်္ကျီစလုန်ပြီး လက်မောင်းနှစ်ဖက်ကို လက်ဝှေ့သမားတွေ

တဖောင်းဖောင်းပုတ်လျက် အသည်းယားအောင် လက်ယပ်ခေါ်သည်

"ခမ်းမွန် ခမ်းမွန်"

"ဘာ ခမ်းမွန် ခမ်းမွန်လဲ၊ ငါ့နာမည် နေနက္ခတ်၊ အင်္ဂလိပ်





ပီပီသသမဟုတ်ဘဲနဲ့၊ နင် အသားမနာချင်ရင် အိမ်ထဲပြန်ဝင်လိုက်တော့၊ နေ့လယ်ကကိစ္စ ပုလဲရှေ့မှာ ငါ့ကို နစ်နာစေချင်လို့ ဖွဲ့တာမဟုတ်ပါဘူးလို့ တောင်းပန်ရင် ငါ ခွင့်လွှတ်ပေးမယ်"

"အောင်မာ ဘာလို့ တောင်းပန်ရမှာလဲ၊ နင်လည်း အကွက်ရ ရင် ငါ့ကို ဖွဲ့တာပဲ၊ သိပ်စကားများမနေနဲ့၊ ခုနကိစ္စ ငါမကျေနပ်ဘူး၊ ငါ့အသားနာသလို နင့်အသားနာအောင်လုပ်ရမှ ဖြစ်မယ်၊ လာစမ်းပါ"

"အေး ဒီလျှောက်တောင် စိန်ခေါ်နေမှတော့ လာပြီဟာ"

နေဝန်းနီရှေ့ နေနက္ခတ် ခုန်ဝင်သွားသည်။ နေဝန်းနီက ခါးလေးညွှတ်၍ သာသာလေး ရှောင်တိမ်းလိုက်ပြီး နေနက္ခတ်တင်ပါးကို ခြေဖျားနှင့် ခပ်ဆတ်ဆတ်လေး ဆောင့်ကန်လိုက်၏။ နေနက္ခတ် အရှိန် နှင့် ဟပ်ထိုးကြီးလဲကျသွားကာ တော်တော်နှင့် ပြန်မထနိုင်။

"အား ကျွတ်ကျွတ်၊ ငါက မိန်းကလေးမို့ ညှာနေတာကို တကယ်လုပ်တယ်ပေ့ါလေ၊ ငါက သုံးယောက်တစ်ယောက်တောင် သွား ကျိုးအောင် ဖိုက်လာတဲ့ကောင်နော်၊ နင့်လောက်တော့ အမှုန့်ချေပစ်လို့ ရတယ်"

"ဝမ်းမနည်းပါဘူး၊ စွမ်းမယ်ထင် စမ်းကြည့်လိုက်၊ ငါက နင် တို့လို မည်းမည်းမြင်ရာ ဆင်ကန်းတောတိုး လူမိုက်အလုပ် လုပ်နေတာ မဟုတ်ဘူး။ နင့်ကို ငါ အခွင့်အရေးပေးမယ်၊ အရှုံးပေးပါပြီ ဆရာကြီး လို့အော်"



www.burmeseclassic.com

www.burmeseclassic.com



"တောက်၊ မလောက်လေး မလောက်စားက စကားကြီး စကားကျယ်နဲ့၊ နင်က မရှိတဲ့အစွယ် ထုတ်ပြနေတာပေါ့၊ တွေ့မယ်"

နေနက္ခတ် ကုန်းရုန်းထ၍ အကွက်ဖော်ကာ တိုက်ကွက်ပြောင်း ဝင်လာသည်။ ဒီတစ်ခါ နေဝန်းနီကလည်း ခြေရောလက်ရော ဖျပ်ဖျပ်ခါ အောင် လှုပ်ရှား၍ ပညာကုန်သုံး၏။

နေနက္ခတ် ခြေကားယား လက်ကားယား ပြုတ်ကျသွားကာ နေနက္ခတ် နေဝန်းနီကိုလည်း အနည်းငယ် ဖြုံသွားသည်။ တကျွတ် ကျွတ် ညည်းညူရင်း ပြန်မထနိုင်ဖြစ်နေဆဲမှာ ဦးနေရောင်ခြည်နှင့် ဒေါ်ခင်ခင်ဆင့် ပြန်ရောက်လာပြီး –

"ဟဲ့ ဒါ ဘယ်လိုဖြစ်နေကြတာလဲ"

"သား သားနက္ခတ်"

နေနက္ခတ်ကို ဦးနေရောင်ခြည် စရိုက်ဆုန်းကား ပွေ့ထူ၍ နေဝန်းနီကိုလည်း အံ့ဩသလို မော့ကြည့်သည်။

"နီက အရင်ရန်စတာ မဟုတ်ဘူး၊ အန်ကယ့်သားက နီ ထမင်းစားနေတုန်း ထမင်းစေ့တွေ အန်ထွက်အောင် အုပ်တာ"

"ဟုတ်လား နက္ခတ်၊ အဲဒါ သေတတ်တယ်ဟဲ့ သိရဲ့လား"

"သူပြန်လုပ်တာလည်း ဒီမှာသားက သေမတတ် ဖြစ်နေပါပြီ မမရယ်၊ သားလိုလူမျိုးတောင် ဒီလိုမျိုး ခံရအောင် လုပ်နိုင်တယ်ဆိုတော့ နေဝန်းနီပညာက မဆိုးပါလား၊ သား မင်းက မိန်းကလေးမို့လို့ ညှာလိုက်





တာ မဟုတ်လားဟင်"

"ဟင် မဟုတ်ဘူး၊ သူ့ပညာ သားတို့ထက်သာတယ်"

ရှက်နေတာမို့ ဦးနေရောင်ခြည်နားနား တိုးတိုးလေးကပ်ပြော လိုက်တာပါ။ ဦးနေရောင်ခြည် အံ့ဩသွားကာ နေဝန်းနီကို တစ်ချက် မှန်ကြည့်ပြန်သည်။ ဒေါ်ခင်ခင်ဆင့်က တစ်မျိုးထင်ကာ –

"နေဝန်းနီကို အပြစ်တင်ဖို့ မကြိုးစားနဲ့ နေရောင်ခြည်၊ အိမ် ရှင်က ဧည့်သည်ကို နိုင်ထက်စီးနင်းစော်ကားတဲ့ မင့်သားမှာပဲ အပြစ်ရှိ တယ်၊ ဘယ်နှယ် အပြင်ကလူနဲ့ ရန်မသတ်ရတော့ ကိုယ့်အိမ် ခဏလာတဲ့ ဧည့်သည်ကို ပြဿနာရှာတယ်၊ ငါ ဘာပြောထားလဲ၊ နေဝန်းနီကို ဂရု စိုက်ပါ၊ ကူညီသင့်တာ ကူညီလိုက်ပါလို့"

"အပြစ်ကြီး မဟုတ်ပါဘူး ကြီးကြီးရာ၊ တစ်ယောက်နဲ့ တစ် ယောက် စနောက်နေကြတာပါ"

"ကျွန်တော်ကလည်း နီနီ့ကို အပြစ်တင်မလို့ မဟုတ်ပါဘူး။ မိန်းကလေးဖြစ်ပြီး ဒီပညာတွေတတ်တာ အံ့ဩလို့ပါ"

"အေး အဲဒါက သူ့ကို သူများအနိုင်ကျင့်မခံရအောင် သူ့ ဦးလေးက ပညာတွေ သင်ပေးထားတာတဲ့၊ အခု တွေ့ပြီမဟုတ်လား၊ နင်တို့လို မတောက်တခေါက်ပညာနဲ့ လမ်းမှာ ယှက်ရှာလုပ်နေတာ မဟုတ် ဘူး။ သူ့အစွမ်းအစကို ကြိုက်တဲ့နေရာမှာ အသုံးချလို့ရတယ်"

"ကျွန်တော်ကတော့ သားအတွက် စိတ်ချသွားပြီ မမ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွဲ"

"သားအနားမှာ နေဝန်းနီရှိနေရင် ကျွန်တော် ပွဲရုံဖြောင့်ဖြော သွားနိုင်တော့မယ်လို့ ပြောတာ"

"ဘာလဲ၊ မင်းနေရာမှာ နေဝန်းနီကို လွှဲကိုက်လုပ်ခိုင်းမလို့လား"

ဒေါ်ခင်ခင်ဆင့်က နေဝန်းနီဘက်က ဆတ်ဆတ်ထိမခံ။ လွှဲ အားပေးအလုပ်ကို လက်ဆင့်ကမ်းချင်နေတာ မိမိက ထောက်ခံရ လား။

"ငါ ရှင်းရှင်းပဲပြောမယ် နေရောင်ခြည်၊ မင့်သားကို ကိုယ် ရင်ဖို စောင့်ရှောက်ချင်တယ်ဆိုရင် နောက်နေ့ကစပြီး ပွဲရုံကို မလိုက် တော့"

"ဗျာ ဟို မမ"

နေရောင်ခြည် ဘယ်လိုပြောရမလဲ။ အခုတစ်လော ပွဲရုံ နေသားကျပြီး ပျော်နေတာပါ။ ချိုနှင့် စကားပြောရတာ အဆင်ပြေသ အလုပ်လုပ်ရတာလည်း စိတ်ဝင်စားမှု ရှိလာသည်။

ချို ဒီနေ့ ဘာအဝတ်အစားလေး ဝတ်လာတယ်၊ ဆံပင် ကို ကျစ်ဆံမြီးကျစ်တာ ခေါင်းလျှော်ပြီးစမို့ ဆံပင်ဖားလျားလေးချ တာ၊ ထိုသို့ ဂရုစိုက်မှုတွေနှင့် ခံစားချင်နေခဲ့တာပါ။ မမဆင့်ကိုတော တစ်ခုခုကို ဖွင့်ပြောတောင်းဆိုချင်လာသည်အထိ စိတ်တွေ ပြင်းပြ တာ။



အခုတော့ ပွဲရုံမလိုက်နဲ့တော့တဲ့။ အရင်က ပွဲရုံမလိုက်လို့ ဆူပူ ပြစ်တင်နေပြီး ချိုနှင့် သဘောတူပါသည်လို့ ပြောနေခဲ့သော မမဆင့် ဘာဖြစ်သွားတာလဲ။

"မင်း ဘာပြောချင်နေတာလဲ နေရောင်ခြည်၊ စကားကို ဆုံး အောင်ပြော"

"မမ ဒေါသတွေ ဖြစ်နေရင် ကျန်းမာရေးထိခိုက်ပါမယ်၊ လာပါ မယ်၊ ညည်ခန်းထဲရောက်မှ ကျွန်တော်ကိုယ်တိုင် သံပုရာရည် ဖျော် တိုက်မယ်"

သားကို ဒီအတိုင်းထားခဲ့ပြီး ဒေါ်ခင်ခင်ဆင့်ကို ပခုံးလေးက က်တွယ်၍ နေရောင်ခြည် ခေါ်လာခဲ့သည်။

အစ်မအသိုကြီးက အပြုံစုအယုယ ခံချင်နေသည် မဟုတ်လား။ စိတ်ဆိုးဒေါသတွေက တဖြည်းဖြည်း ငြိမ်သက်သွားမှ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ဟွန်း ဒါက ဘယ်လိုဖြစ်နေရတာလဲ မသိ။ သံပုရာရည်ကို မစောကို မဖျော်နိုင်းဘဲ ကိုယ်တိုင် စိတ်ရှည်လက်ရှည်ဖျော်၊ မိမိ လက် ထဲကိုထည့်။

"ဒေါသထွက် သွေးဆူရင် မမက သွေးတိုးတတ်လို့ ကျွန်တော် က ဗိုးဒိမ်ကာ၊ သံပုရာရည်လေး သောက်ထားတော့ သွေးတိုးထိန်းတာ ပေါ့ မမရယ်"

တစ်ခါမှ ဂရုတစိုက်မရှိဖူးတာမို့ ရင်မှာ ကြည်နူးမှုလေး ဖြ ထွန်းသွားပေမယ့် ဒါဟာ လိုအပ်မှုတစ်ခုတစ်ရာအတွက်ဆိုတာ သိထား တော့ မျက်နှာကို တင်းမာထားမိဆဲပင်။

နေရောင်ခြည် ဘာတွေများ တောင်းဆိုစရာရှိနေလဲ။ သံပုရာ





ရည်ကို ခပ်ပြည်းပြည်း မော့သောက်ပြီး စားပွဲပေါ်ပြန်ချတော့ နေရောင်ခြည် မကိုင်မိ၊ လက်မကိုင်မိဟန်ဖြင့် –

"ဟို မမ မမ ဟိုတစ်ခါ ကျွန်တော်နဲ့ချိုကို လက်ထပ်ပေးချင်တယ်ဆိုတဲ့ကိစ္စ"

"အဲဒါ ဘာဖြစ်လဲ၊ မင်း ခါးခါးသီးသီး ငြင်းထားတာ ငါက ဘာလုပ်ပေးရမှာလဲ"

"အဲဒါကလေ သား၊ သားကို စိတ်မချလို့ပါ"

"အေးလေ၊ အခုရော မင့်သားကို လက်လွှတ်ရပြီ ထင်လို့လား"

"နေဝန်းနီသာ သားအနားမှာ နေပေးမယ်ဆိုရင် အဆင်ပြေမလားလို့ပါ၊ သားထက်တောင် လက်ရဲဇက်ရဲရှိတော့"

"မင်း အဲဒါတွေ ခက်တာ နေရောင်ခြည်၊ သားတစ်ယောက်ကို ရန်မသတ်အောင်, ပြဿနာမဖြစ်အောင် မင်း မဆုံးမတတ်ဘူးလား။ မသွန်သင်တတ်ဘူးလား၊ ဒါမျိုးက မကောင်းဘူး, မလုပ်သင့်ဘူး သားရယ်လို့ နားဝင်အောင် မပြောတတ်ဘူးလား။ လူလိမ္မာသား ယဉ်ပါး, လူမိုက်သား ရမ်းကားတယ်တဲ့၊ သားသမီးတွေ လူမိုက်လူညံ့ဖြစ်တယ်ဆိုတာ မိဘတွေ ပဲ့ပြင်ဆုံးမမှုတွေ လွဲမှားနေလို့ပဲ"

"ဒါကတော့ မမရယ်"

"မိဘဆိုးလေးမို့ပါ, ချစ်လို့ပါလို့ ဆင်ခြေပေးဦးမလို့လား၊ မင်းတို့ ကိုယ်တိုင်က ကောင်းအောင်မနေခဲ့လို့ သားသမီးက အတုမြင်အတတ်



www.burmeseclassic.com

www.burmeseclassic.com



သင်တာပါ၊ တကယ်ချစ်တဲ့ မိဘတွေက ဘယ်တော့မှ သားသမီးကို လမ်းမှားရောက်အောင် တွန်းမပို့ဘူး၊ မင်းက ရှေ့ကနေ ကာဆီးကာဆီး လုပ်နေလို့ ငါလည်း ဆိုဆုံးမလို့ မရဘူး၊ ဒါကို မင်းက နေဝန်းနီကို တာဝန်တွေ လွှဲပြောင်းပေးဦးမယ်ပေါ့''

နေရောင်ခြည် စိတ်တွေရှုပ်သွားသလို ခေါင်းတွေ တဖျင်းဖျင်း ကုတ်သည်၊ ဒေါ်ခင်ခင်ဆင့်က သံပုရာရည်ခွက်လေးကို ဆတ်ခနဲ ကောက် ယူလိုက်ပြီး –

''မင်းခေါင်းက မသိုးမသန့်တဲ့ ဗောက်တွေ ငါ့ခွက်ထဲ ကျကုန် ပါဦးမယ်၊ အေး မင်းက အခု ဘာဖြစ်ချင်နေတယ်, ဘာပြောချင်နေတယ် ဆိုတာ ငါသိနေတယ်၊ အဲဒီအတွက် ငါ့ဘက်က တောင်းဆိုမှုတွေကို မင်း လိုက်လျောနိုင်တယ်ဆိုရင် ငါစဉ်းစားပေးမယ်''

''မမက ဘာတောင်းဆိုချင်တာလဲ''

''မင်း ချို့ကို လက်ထပ်ချင်တယ်လို့ ပြောမလို့မဟုတ်လား''

''ဗျာ ဟုတ် ဟုတ်ကဲ့''

''မင်း ဘာကြောင့် စိတ်ဝင်စားမှု ရှိလာတာလဲ''

''ဟင် အဲ အဲဒါက''

နေဝန်းနီ အောင်သွယ်ကောင်းလို့ပါလို့ သူဝန်ခံလို့ ဘယ်ဖြစ်ပါ့ မလဲ။ အစကတော့ သူလည်း ချို့နဲ့သူ့ကို နေဝန်းနီ အောင်သွယ်ခဲ့တာ လို့ မထင်မိပါ။





''ဦးရောင်ခြည်၊ ဒီနေ့ မမချို့ ဘာအရောင်လေး ဝတ်လာလဲ ...င်''

''ဘယ်သိပါ့မလဲဟာ၊ ငါက သူ့ဂရုစိုက်နေတာမှ မဟုတ်တာ''

''နောက်နေ့ကျ သေချာကြည့်လာခဲ့စမ်းပါ ဦးရောင်ခြည်ရယ်၊ မချို့က အင်္ကျီရင်ဖုံးလေးတွေကို စတိုင်(လ်)ကျကျနဲ့ အရမ်းဝတ်တတ် ...၊ ဘယ်လိုပုံစံလေးလဲ၊ ဘယ်လိုအရောင်လေးလဲလို့၊ ပြီးတော့ ဆံ ...င်လေးကို ကျစ်ဆံမြီးလေး ကျစ်လား၊ ဖားလျားချထားလားလည်း ကြည့်ခဲ့နော်၊ နီလည်း မိန်းမပီပီသသ အဲလိုနေချင်လို့ပါ''

သူ အဟုတ်မှတ်၍ ချို့ကို ဂရုတစိုက် လေ့လာကာ နေဝန်းနီကို ...ကုန်ပြန်ပြောပြခဲ့သည်။

''ဒီနေ့ ချို့ ပန်းရောင်ဝမ်းဆက်လေး ဝတ်လာတာ သတို့သမီး ...လေး ကျနေတာပဲကွာ၊ ဆံပင်တွေကို ဂျပန်ဆံထုံးထုံးပြီး သစ်ခွပန်းလေး ...န်းလေးပန်လာတာကွ''

''ဒီနေ့ကတော့ ခေါင်းလျှော်လာတာ ထင်တယ်၊ ဆံပင်လေး ...းလျားချပြီး အောက်နားလေးမှာ ဖွဖွလေး ခေါင်းစည်းကြိုးလေးနဲ့ ...ည်းထားတာ၊ အပြာရောင် အပွင့်အခက်သေးသေးတွေနဲ့ ပါတိတ်ဝမ်း ဆက် ဝတ်လာတော့ အရမ်းတောက်ပပြီး သူနဲ့လိုက်ဖက်တယ်''

''ဒီနေ့တော့ သူ့အမေ သိပ်နေမကောင်းလို့ဆိုလားပါပဲ၊ မျက်နှာ လေးကလည်း မရွှင်မလန်းနဲ့ အဝတ်အစားအရောင်တောင် နွမ်းဖတ်နေ



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ စိတ်မကောင်းပါဘူးကွာ''

ထိုသို့ တစ်နေ့ချင်း နေဝန်းနီဆီမှာ အစီရင်ခံရင်း ကိုယ်တိုင်လည်း ချိုကို မမြင်ရ မတွေ့ရရင် မနေနိုင်အောင် သံယောဇဉ်တွေ တိုးလာသည်။ နေဝန်းနီ မမေးရင်တောင် သူ့ပါးစပ်က ပြောချင်နေတာလျှာတွေအာတွေ ယားနေ၏။

''မမချိုက အရမ်း မိန်းမပီသပြီး ကြင်နာတတ်မယ့်လူမျိုး ဦးရောင်ခြည်ရဲ့ ဆင်းရဲပေမယ့် သိမ်မွေ့နူးညံ့မှုရှိတယ်၊ ပညာတတ်တယ် ယောက်ျားရရင်လည်း လင်ယောက်ျားကို ပြုစုယုယ လေးစားဦးညွှတ်တတ်မယ့်ပုံမျိုးပါ၊ မိန်းမချင်းဆိုတော့ အပွေးမြင် အပင်သိပေါ့၊ ဦးရောင်ခြည် မိန်းမယူမယ်လို့ စဉ်းစားရင် မမချိုက ရွေးချယ်သင့်တဲ့ မိန်းမမျိုးပဲ''

နေဝန်းနီ ထိုသို့ တိုက်တွန်းပါများလာတော့ သူ့စိတ်တွေ ညွတ်နူးကာ လူပျိုပေါက်လေးလို စိတ်ကူးယဉ်တတ်လာသည်။

ဒါကြောင့်လည်း ပွဲရုံကို မမဆင့် ဖွတ်အတင်း ခေါ်စရာမလိုတော့ဘဲ ရှောရှောရှုရှု လိုက်နေမိတာ။

ခုမှ သဘောပေါက်တော့ နေဝန်းနီ ပရိယာယ်ကြွယ်စွာ အောင်သွယ်ခဲ့တာပဲ။ ဒါပေမဲ့ သူ့စိတ်တွေက အခါလွန်မိုးလို စဉ်ဆက်မပြတ် ချိုအပေါ် ငြိတွယ်လာခဲ့သည်။

သားကိုတောင် မေ့ချင်ချင်၊ ဟင့်အင်း သားကိုတော့ မေ့လို





မရပါ။ အနီးကပ်စောင့်ရှောက်ဖို့ နေဝန်းနီကို တာဝန်ပေးရမည်။

''မင်း အခုတစ်လော တစ်မျိုးဖြစ်နေတယ်နော် နေရောင်ခြည်၊ စကားပြောတာ မပွင့်မလင်း မပြတ်မသားနဲ့''

အတွေးတွေနှင့် နှစ်မျောနေဆဲ။ မမအသံကြောင့် ခေါင်းကဆတ်ခနဲ ထောင်သွား၏။

''မမ ဘာမေးလိုက်တာလဲ''

''ချိုကို ဘာလို့ စိတ်ဝင်စားလာတာလဲလို့ မေးတာ''

''ဒါက မမရယ်၊ မမက ချို့အရည်အချင်းတွေ ပြောပြပြီး သဘောတူနေတော့ ကျွန်တော်လည်း ချိုကို လေ့လာကြည့်ရတာပေါ့၊ မဆိုးပါဘူး၊ မမပြောသလို ကျွန်တော်နဲ့ သင့်တော်မယ် ထင်ပါတယ်''

''အောင်မယ်လေး၊ ကိုယ့်ကိုယ်ကိုယ် သိပ်အထင်မကြီးပါနဲ့ မောင်ရောင်ခြည်ရယ်၊ ချို့မှာ ဘဝအခြေအနေနိမ့်တာ တစ်ခုပဲ ပြောစရာရှိတယ်၊ ကျန်တာကတော့ မင်းထက် အရည်အချင်းပြည့်ဝပြီးသားပဲ''

''ဟုတ်ပါပြီ မမရယ်၊ ထားပါတော့၊ အခု ကျွန်တော်နဲ့ ချိုကိစ္စကို မမ စီစဉ်ပေးမယ်မဟုတ်လား''

''အေးလေ၊ အဲလိုလုပ်ပေးဖို့အတွက် မင်းဘက်က လိုက်လျောရမှာတွေ ရှိတယ်လို့ ငါပြောထားသားပဲ၊ မင့်သားကို လူလိမ္မာ လူကောင်းလေးတစ်ယောက်ဖြစ်အောင် ဆုံးမသွန်သင်ပါ၊ မင်း အိမ်ထောင်ပြုဖို့အတွက် စိတ်ချချင်တယ်လို့ ပြော၊ မင့်သား နားခံတဲ့နေ့ မင်းနဲ့ချိုကို



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ပေးမယ်"

"သားစိတ်ကို ချုပ်နှောင်မထားချင်ပါဘူး မမရယ်၊ သား သူ့ဘာသာနေချင်သလို နေပါစေ"

"နေရောင်ခြည်၊ မင်းကို ငါ စကားအပိုတွေ ပြောနေတာ မဟုတ်ဘူး၊ မင်းကို ဖခင်ဝတ္တရား ကျေစေချင်တာ၊ မင်း အစွမ်းအစနဲ့ သူ့ကို ရှာဖွေကျွေးမွေးဖူးလား၊ ပညာတွေ သင်ပေးဖူးလား၊ သူ့ဘဝသူ ရပ်တည်နိုင်အောင် မြေတောင်မြှောက်ပေးဖူးလား၊ အချိန်တွေကို မြှုန်း၊ တန်ဖိုးမဲ့ စရိုက်ပျက် အကျင့်တွေပဲ အမွေပေးနေတာ မဟုတ်ဘူးလား၊ အဲဒါ မိဘပီသတာ မဟုတ်ဘူး၊ မေတ္တာတွေ မဟုတ်ဘူး၊ မင်းရော နေနကွရော ဘဝကို အလေးအနက် တွေးခေါ်တတ်မှ နောင်မွေးလာမယ့် သားသမီးတွေလည်း တန်ဖိုးရှိတဲ့လူတွေ ဖြစ်လာမှာပေါ့"

"ဟုတ် ဟုတ်ကဲ့ပါ၊ သားကို ကျွန်တော် ပြောကြည့်ပါမယ်"

ဖြစ်လာမလား မဖြစ်လာဘူးလား မသိပေမယ့် ထိုစကား အတွက်တော့ ဒေါ်ခင်ခင်ဆင့် ကျေကျေနပ်နပ် ပြုံးလိုက်မိသည်။ အရင် ကလို ခါးခါးသီးသီး ငြင်းဆန်ပြီး တိုက်ခိုက်တာထက်စာရင် တော်သေး သည် မဟုတ်ပါလား။ ခန်းဆီးအကွယ်က ချောင်းကြည့်နေသည့် နေဝန်းနီ ကို နေရောင်ခြည်မမြင်အောင် ပုန်းလျှိုးကွယ်လျှိုး လက်မ,ထောင်ပြလိုက် သည်။

အချစ်ကမှ လူတွေရဲ့စိတ်ကို ပြောင်းလဲနိုင်တာ မဟုတ်ပါလား။





နေဝန်းနီ အောင်သွယ်ကောင်းမှုကြောင့် နေရောင်ခြည်ကတော့ တဖြည်း ဖြည်း အရောင်တွေ ပြောင်းလဲလာသည်။

နေနကွတ်ရော ဘယ်လိုအခြေအနေ ရောက်နေပြီမသိ။
ဒီမောင်နှင့်တူလေးအတွက် စိတ်အေးချင်လှပါပြီ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

ပုလဲနှင့် ခုံတန်းလေးမှာ ယှဉ်တွဲထိုင်နေရသော်လည်း စိတ်တို့က ရှေ့ဘက်က မြက်ခင်းလေးမှာ ဆင်ခြေလျှော ခြေဆင်းထိုင်ရင်း ဘယ်ကယူလာမှန်းမသိသော လောက်လေးခွနှင့် ဟိုချိန်ဒီချိန်လုပ်နေသည့် နေဝန်းနီဆီကိုသာ ရောက်နေသည်။

ငှက်တစ်ကောင်ကောင်ကို ပစ်မိလို့ ကန့်ရှေ့ပြင်ထဲ ပြုတ်ကျသွားပါက ပြဿနာတက်သွားနိုင်သည်။

သဘာဝအလှကို မခံစားတတ်ဘဲ နေဝန်းနီ ဘာကြောင့် ရှုပ်ဆိုးအကျည်းတန်အောင် လုပ်နေပါလိမ့်။

"နကွတ်"

"ဟင်"





"ပုလဲ အဖြေပေးတော့လည်း နကွတ်က အရမ်းကြီး မပျော်သလိုဘဲ၊ စိတ်က ဘယ်ကိုရောက်နေတာလဲ"

"မ မဟုတ်ပါဘူးကွာ၊ ပုလဲအဖြေပေးတာကို မယုံနိုင်ဖြစ်နေသေးလို့ပါ၊ ဉာဏ်လင်းတို့ကြောင့် ပုလဲကို ကိုယ်ချစ်ခွင့်မရတော့ဘူးလို့ အောက်မေ့နေတာ"

"သူတို့ ပြောတာတွေယုံပြီး ပုလဲက နကွတ်ကို အဖြေမပေးရဲခဲ့တာပါ၊ ဟိုအရင်ကတည်းက ပုလဲရင်ထဲမှာ နကွတ်ရှိခဲ့တယ်ဆိုရင် ယုံမလားဟင်"

"အင်း ယုံ ယုံပါတယ်၊ ဟာ မလုပ်နဲ့လေ နေဝန်းနီ၊ မပစ်ရဘူး၊ အာ ခက်တော့တာပဲ"

ဖြတ်ပြေးသွားသော ငှက်တစ်ကောင်ကို နေဝန်းနီ လေးခွနှင့် လှမ်းပစ်တာ မမှန်၍ တော်ပါသေးသည်။ ဒေနကွတ် ပုလဲကို စကားဆုံးအောင် မပြောနိုင်ဘဲ နေဝန်းနီဆီ ထထွက်လာခဲ့ပြီး လက်ထဲက လေးခွကို ဆတ်ခနဲ ဆွဲလုလိုက်သည်။

"အာ ဘာလုပ်တာလဲ၊ နင်အော်လိုက်တာနဲ့ ငှက်ကိုတောင် မှန်အောင်မပစ်နိုင်ဘူး၊ ရွာမှာဆိုရင် နှစ်လုံးအကွာလောက်တော့ ဘယ်ငှက်မှ ပြေးမလွတ်ဘူး၊ သိလား"

"အေး နင် အရမ်းပစ်ချင်နေရင် ရွာမှာပြန်ပစ်၊ ဒီမှာတော့ ငှက်တစ်ကောင်သေရင် ဖယောင်းသုံးနှစ်ကျသွားမယ်၊ နားလည်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ဘာမှလည်း မဆိုင်ဘူး။ နင်တို့ ချစ်သူနှစ်ယောက်
အဲဒီမှာ ကြည်နူးနေတာ ငါ့မှာတော့ တစ်ယောက်တည်း ပျင်းလို့
တော့မယ်ဟဲ့၊ ပေးဟာ ငါ့လေးခွ"

"မပေးဘူး။ နင် အဲလိုလုပ်ရင် ငါတို့ပါ ထိုင်လို့မရဘဲ ပြဿန
တက်လိမ့်မယ်"

"အဲဒါဆို ငါ့ကို ပိုက်ဆံပေး။ ဟိုဘက်က စားသောက်ဆို
တွေမှာ တစ်ခုခု သွားစားမယ်"

"အေး အေး ပြီးရော ဘယ်လောက်ပေးရမှာလဲ"

"တစ်သောင်းလောက်"

"ဘာ တစ်သောင်း"

"မြန်မြန်ပေးလိုက်နော်၊ ငါတို့နှစ်ယောက်ကို ပုလဲ လှမ်းကြ
နေတယ်၊ တစ်အိမ်တည်းနေတယ်၊ အရင်းရင်းနှီးနှီးတယ်ဆိုတာ သိသွား
မကောင်းဘူး။ ဒီနေ့မှ အဖြေပေးပြီး စိတ်ပြောင်းသွားဦးမယ်"

"ပြီးရောဟာ ရော့ ရော့၊ တကယ် သဒ္ဓါချင်စိတ်ကို မရှိဘ
ဝေးဝေးမှာသွားပြီး မျိုချည်ဆို့ချည်"

"ဟွန်း အခါတော်ပေးလို့ နှစ်ပါးကြည်နေရတာကို ကျေ
ကန်းတယ်"

နေဝန်းနီ ဗျစ်တောက်ဗျစ်တောက်ပြောပြီး ဘောက်ဆ
ဘောက်ဆတ် လျှောက်သွားသည်။ သူတို့နှစ်ယောက်ကို စိတ်ဝင်တ





လှမ်းမျှော်ကြည့်နေသည့် ပုလဲဆီကို နေနက္ခတ် ပြုံးဖြဲဖြဲနှင့် ပြန်လျှောက်
လာခဲ့ရသည်။

"ဘာဖြစ်လို့လဲ နက္ခတ်"

"မင်းသူငယ်ချင်း ငှက်တွေကို လေးခွနဲ့ လှမ်းပစ်နေတာ မမြင်
ဘူးလား"

"ဟင် ပုလဲ မမြင်လိုက်ဘူး၊ သူ့မှာ လေးခွပါလာတယ်ပေါ့၊
ဘယ်သူ့ဆီကများ ငှားလာလဲ မသိဘူးနော်"

"ဘယ်သိမလဲကွာ၊ ငှက်တွေပစ်မိလို့ ပြဿနာတက်ရင် ကိုယ်
တို့လည်း မလွယ်ဘူး၊ ဒီမှာလေ လေးခွ လုယူလာခဲ့ရတယ်"

"ဒါနဲ့ နီနီ့ကို နက္ခတ် တစ်ခုခုပေးလိုက်တယ် ထင်တယ်နော်၊
ဘာပေးလိုက်တာလဲ"

"ဟင် ဪ၊ ဒီလေးခွကို ဝယ်လိုက်ရတဲ့သဘောပေါ့၊ ပိုက်ဆံ
ပေးလိုက်ရတာ၊ ကိုယ်တို့နားမှာ မြင်နေရရင် စိတ်အနှောင့်အယှက်
ဖြစ်မှာစိုးလို့ နှင်လွှတ်လိုက်တာ၊ မင်းသူငယ်ချင်း တကယ်မလွယ်ဘာ
ကွ၊ ဒီလိုလူမျိုးကို ပုလဲက ဘာလို့ အပေါင်းအသင်းလုပ်နေတာလဲ"

"သူက ခင်စရာကောင်းလို့ပါ၊ ရဲတင်းတယ်၊ ပြီးတော့ နက္ခတ်
နဲ့ပတ်သက်ပြီးလည်း အကောင်းမြင်ဝါဒနဲ့ တိုက်တွန်းဖူးတယ်လေ"

"ဪ သူတော်ကောင်းလေးပဲ"

နေနက္ခတ် ရွဲ့ပြောတာကို ပုလဲက တကယ်ထင်သွားကာ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ညိတ်ထောက်ခံလိုက်ပြီး –

"အပေါင်းအသင်းမရှိတဲ့ ပုလဲအတွက်တော့ နေဝန်းနီက သူတော်ကောင်းမလေးပါပဲ။ သူနဲ့ခင်ရတာ ပျော်စရာလည်းကောင်းတယ် နက္ခတ်လည်း သူ့ကို တစ်ခါနှစ်ခါ ဆုံဖူးရုံနဲ့ အလွယ်တကူ ခင်မင်ရင်းနှီးသွားတာပဲ မဟုတ်လား။ ခုနက မြင်လိုက်တာ ငယ်သူငယ်ချင်းတွေ အတိုင်းပဲ"

"အင်း ဟုတ်လို့လား။ ကိုယ်ကတော့ အမြင်ကတ်လို့ ထကောလိုက်တာ"

"ကဲပါ နက္ခတ်ရယ်၊ နီနီအကြောင်း ထားလိုက်တော့၊ ပုလဲတို့ကိစ္စက ပိုအရေးကြီးတယ်၊ ဉာဏ်လင်းတို့ သတိမထားမိအောင် ပုလဲတို့ ဘယ်လိုတွေကြံမလဲဟင်၊ သိသွားလို့ကတော့ နက္ခတ်ကို အကြီးအကျယ် ပြဿနာရှာကြမှာပဲ၊ ပုလဲကိုလည်း သင်တန်းတက်ခိုင်းတော့မှာ မဟုတ်ဘူး"

"တကယ်လို့ ရှောင်လွှဲမရလည်း ရင်ဆိုင်ရုံပဲ ရှိတော့တာပေါ့ ပုလဲရယ်၊ သတိထား ရှောင်နေရတာ ပိုပြီးပင်ပန်းပါတယ်၊ ပုလဲကသာ ကိုယ့်ဘက်က ရပ်တည်ပေးမယ်ဆိုရင် ကိုယ် ဉာဏ်လင်းတို့ကို မကြောက်ဘူး"

"မကြောက်ဘူးဆိုတော့ အရင်လို ပြိုင်ဆိုင်နေဦးမယ်ဆိုတဲ့ သဘောလားဟင်"





ပုလဲမျက်နှာလေးက ညှိုးငယ်ပြီး အသံတွေ တုန်ယင်သွားသည်။ အချိန်မတန်သေးတာမို့ နေနက္ခတ် ပေါ့ပေါ့ပါးပါးပင် ပြုံးလိုက်၏။

"ကိုယ်ပြောချင်တာ အဲဒီသဘော မဟုတ်ပါဘူး။ ပုလဲ ကိုယ့်ဘက်မှာရှိရင် ကိုယ်အားရှိတာပေါ့၊ သူတို့စကားယုံပြီး အရင်လို အထင်လွဲနေမှာဆိုရင်တော့ ကိုယ်တို့နှစ်ယောက် ဘယ်လိုမှ ပေါင်းဖက်မရမှာ တွေးကြောက်လို့ပါ"

"အဲဒါတော့ ပုလဲကို စိတ်ချပါ နက္ခတ်ရယ်၊ နက္ခတ်ကို ချစ်တယ်လို့ အဖြေပေးဖို့ ဆုံးဖြတ်လိုက်ကတည်းက အဲဒီကိစ္စကိုလည်း ပုလဲ ထည့်စဉ်းစားထားပါတယ်၊ ဉာဏ်လင်းတို့ အတင်းအကျပ် လုပ်လာရင်တောင် နက္ခတ်ကို မခွဲတော့ဘူးဆိုပြီးတော့ပေါ့"

တိုးတိတ်သော မှုန့်သံလေးနှင့် သူ့ပခုံးထက်မှာ ပုလဲခေါင်းလေး မှီနွဲ့ကျလာသည်။ အချစ်ရဲ့ ပျော်ဝင်မှုတ်သိပ်မှုတွေဖြင့် ပုလဲကိုယ်လေးကို မွှေးကြိုင်နာတွေးပိုက်သင့်ပါလျက် သူ့ခန္ဓာကိုယ်က ခပ်တောင့်တောင့် ဖြစ်နေခဲ့သည်။

ချစ်သူဖြစ်သောနေ့မှာ အနမ်းတစ်ပွင့်ခြွေဖို့တောင် ဟန်ဆောင်ပန်ဆောင် သတိမရနိုင်ဘဲ –

"ဟဲ့ နင်တို့ ဗိုက်မဆာကြဘူးလား၊ ဒီမှာ နင်တို့အတွက်ရော ကိုးရိုးယားတုတ်ထိုးတွေ ဝယ်လာတယ်၊ ဟိုမှာ တွန်းလှည်းကြီးနဲ့ လာရောင်းတာဟ၊ ခရမ်းစားလို့ကောင်းတာပဲ၊ ရော့ စားကြည့်ကြ၊ ကောင်း



www.burmeseclassic.com

www.burmeseclassic.com



မှကောင်း၊ အရသာရှိတာကောင်း''

နေဝန်းနီက ကြော်ငြာသီချင်းကို ခပ်မြှုံးမြှုံးဆိုရင်း သူတို့နှစ်ယောက်လက်ထဲကို တုတ်ထိုးချောင်းတွေ ဖွတ်အတင်းထိုးထည့်နေသည်။

ကိုးရိုးယားတုတ်ထိုးတွေ နာမည်ဘယ်လောက်ကြီးကြီး သူတစ်ခါမှ မစားဖူးပါ။ ပုလဲလည်း ရွံ့တွန့်တွန့်ဖြစ်နေပြီး ဒီအတိုင်းကိုင်ထားကာ –

''တို့ မစားချင်ပါဘူးဟယ်၊ နင်ပဲ စားလိုက်ပါ''

''ဩော် စားကြည့်ပါဆိုမှ၊ နင်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေရုံနဲ့ ဗိုက်ဝမှာလား၊ ရေမသောက်ဘဲနဲ့ရော ချစ်စကားတွေ ဘယ်နှနာရီကြာ ထိုင်ပြောနိုင်မှာမို့လို့လဲ၊ ငါ ရည်းစားထားပြီးချိန်းတွေ့လို့ကတော့ အစားအသောက်အပြည့်အစုံ ယူလာမှာပဲ''

''ကဲ နေဝန်းနီ၊ ခင်ဗျားချိန်းတွေ့မှ ဘာတွေယူယူ၊ ဘာတွေစားစား လုပ်ချင်ရာလုပ်ပါ၊ အခုတော့ ကျွန်တော်တို့ အေးအေးဆေးဆေးစကားပြောချင်လို့ အလိုက်တသိ ရှောင်ပေးတာ မင်းအလှည့်ကျရင်ကံကောင်းလိမ့်မယ် ထင်တယ်''

''အံမယ် စေတနာနဲ့လည်း လာကျွေးရသေးတယ်၊ မျိုမကျလို့စိတ်မဖြောင့်လို့ သိရဲ့လား၊ မစားလည်း နေပေါ့၊ ဗိုတောင် ဗိုက်ပြည့်သေးတယ်၊ ပေး''





ဖွတ်ပြန်ဆွဲလုပြီး ငုတ်တုတ်ထိုင်၍ ပါးစပ်တွေ ပေရေနေအောင်အားရပါးရ စားနေသည်။ ချစ်သူစုံတွဲတွေအနား ဒီလို ပေကတ်ကတ်လုပ်နေဖို့ မသင့်တော်ဘူးဆိုတာ နေဝန်းနီ နားမလည်ဘူးလား။ သူမဆီစိတ်ရောက်နေတာမို့ ပုလဲနဲ့ နေနကွတ် စကားလည်း ကောင်းကောင်းမပြောဖြစ်ကြပါ။

တကူးတက လိုက်လာပြီး တမင်တကာ အဖျက်အမှောင့်ဝင်နေတာ။ နေဝန်းနီကို အောင်သွယ်ခိုင်းခဲ့မိတာ မှားပြီလား။

ပုလဲကို နောက်တစ်ခါ နေဝန်းနီကို မခေါ်ခဲ့နဲ့လို့ ပြောထားရမလား။ ဟင့်အင်း၊ ကိုယ့်ရင်ထဲက မချစ်သောမိန်းကလေးကို ဘာတစ်ခုမှ နစ်နာအောင် ကျူးကျူးလွန်လွန် မလုပ်ချင်တာမို့ နေဝန်းနီရှိနေတော့စိတ်လှုံ့ခြိမ့်၍ အကာအကွယ်ရသလိုပင်။

''ပြန်တော့မယ် နကွတ်ရယ်၊ သင်တန်းဆင်းချိန်ကလည်းနီးနေပြီဆိုတော့ ဉာဏ်လင်းတို့ လာကြိုတာနဲ့ မတွေ့ရင် ကျိုင်တက်လိမ့်မယ်၊ အတတ်နိုင်ဆုံး ရှောင်နိုင်တာတော့ ကောင်းတယ်မဟုတ်လား၊ ဟို နောက်တစ်ခါ နကွတ်နဲ့ တွေ့ဖို့ချိန်းရင် နေဝန်းနီကို ခေါ်မလာတော့ဘူးနော်၊ နကွတ် စိတ်အနှောင့်အယှက် ဖြစ်နေတယ် မဟုတ်လား''

''မ မဖြစ်ပါဘူး၊ ခေါ်လာခဲ့ပါ၊ ပုလဲအတွက် အဖော်ရတာပေါ့၊ ချစ်သူတွေဆိုတာ ဆိတ်ကွယ်ရာရောက်ရင် မှားယွင်းတတ်တယ် မဟုတ်လား၊ ကိုယ်က ပုလဲကို လက်မထပ်ခင် တန်ဖိုးမဲ့မိန်းကလေး မဖြစ်စေ



www.burmeseclassic.com

www.burmeseclassic.com



ချင်ဘူး''

''ကျေးဇူးတင်ပါတယ် နက္ခတ်ရယ်၊ နက္ခတ် ပုလဲကို တကယ် တန်ဖိုးထားပြီး ချစ်တယ်ဆိုတာ ယုံကြည်သွားပြီ၊ သိလား''

ပုလဲရင်ထဲ တကယ်ကို ကြည်နူးသွားခဲ့ရ၏။ ဟောဟောရမ်းရမ်း နေတတ်သော နက္ခတ်ရဲ့ အလေးအနက်စိတ်ကလေးကို သိလိုက်ရတော့ သူမ ပိုလို့ ချစ်မိသွားသည်။

ထိုအချစ်ကြောင့်ပင် သူမ အရာရာကို ရင်ဆိုင်ဖို့။

✿ ✿ ✿



## အခန်း (၂၄)

''ဘာကွ၊ မင်းအချစ်ကို ပုလဲက လက်ခံလိုက်ပြီ၊ ဟုတ်လား၊ ယောင်တောင်တောင်စိတ်ကူးယဉ်ပြီး ပြောနေတာများလား''

''အေးလေ၊ အောင်သွယ်ကောင်းရင် ဖြစ်နိုင်တယ်ဆိုပေမယ့် အဲလောက် မြန်မယ်တော့ အကယ်ထင်မထားမိတာ''

''သြော် ဟုတ်ပါတယ်ဆိုကွာ၊ အခုပဲ ချိန်းတွေ့ပြီး ပြန်လာတာ၊ အိမ်တောင်မရောက်သေးဘူး။ မင်းတို့ကို ကြွားချင်လို့ ဝင်ပြောတာ၊ ရှင်းပြီလား''

''ဟား နေဝန်းနီ တော်လှချည်လား''

''နေဝန်းနီကို ဂုဏ်ပြုသင့်တယ်ကွ၊ သူ့ကို ခေါ်လာခဲ့ ပြီးရော ကွာ၊ ငါတို့လည်း အကူအညီတောင်းသင့်ရင် တောင်းရတာပေါ့''



www.burmeseclassic.com

www.burmeseclassic.com



စိုးသူနှင့်မိုးမင်း စကားကိုကြားတော့ နေနက္ခတ် ရှုံ့ရှုံ့မဲ့မဲ့နှင့် ကျွတ်ခနဲ ညည်းညူသည်။

"ငါတောင် နှောင်တရနေပြီ၊ မင်းတို့ သွားမလုပ်နိုင်းကြပါနဲ့တော့ကွာ"

"ဟမ် ဘာပြုလို့လဲ"

"အောင်သွယ်တာတော့ တကယ်တော်ပါတယ်၊ ဒါပေမဲ့ ချိန်းတွေ့တဲ့နေရာ လိုက်လာပြီး အလိုက်မသိတာတော့ တော်တော်ဆိုးတယ်"

"ဟာ အဲလိုလား၊ သူက ဘာလို့ လိုက်လာတာလဲဟ"

"ပုလဲက သင်တန်းက လစ်လို့ကောင်းအောင် အဖော်ခေါ်လာတာတဲ့ကွ၊ ငါတို့နဲ့ မလှမ်းမကမ်းမှာ ထိုင်ပြီး ငှက်တွေကို လေးခွနဲ့ ပစ်လိုပစ်, တုတ်ထိုးတွေ ဝယ်လာပြီး ငါတို့နှစ်ယောက်ကို လာကျွေးလိုကျွေးနဲ့၊ တကယ်အုံးစားတဲ့ကောင်မလေး"

"ဟ မင်းက နှောင်တရတယ်၊ အုံးစားတယ်ပြောပြီး မျက်နှာက ပြုံးဖြီးဖြီးနဲ့ပါ၊ ပျော်နေတာလား"

"ဘာ"

စိုးသူရဲ့ လှောင်ပြောင်သလိုအသံကြောင့် ကိုယ့်မျက်နှာကိုယ်ပြန်စမ်းပြီး နေနက္ခတ် အိုးတိုးအမ်းတမ်း ဖြစ်သွားရ၏။ မိုးမင်းက ကြမ်းတမ်းစွာနှင့် သူ့မျက်နှာကြီးကို လာပွတ်သည်။

"အဲဒါက ဘာဖြစ်သွားရတာလဲ၊ သူငယ်ချင်းတွေက ပြောင်နေ





ကျ မျက်နှာကြီးက နီလို့ ရှက်တဲ့ပုံစံပေါက်သွားတယ်၊ မင်း ရိုးမှရိုးရဲ့လား"

"ဘာကိုပြောတာလဲ"

"နေဝန်းနီ ဘာလုပ်လုပ် ချစ်စရာအပြုအမူလို့ မြင်နေလားလို့ပါ"

"အာ မဟုတ်ပါဘူး၊ ဒီကောင်မလေးက တကယ် ဗရုတ်သုတ်ခ၊ မတည်မြဲအတူနေဆိုတာ ငါတို့နှစ်ယောက်မှ တကယ့်အစစ်ကွ၊ ဟိုနေ့က ငါနဲ့သူနဲ့ ဖိုက်ကြသေးတယ်"

"ဘာ ဖိုက်တယ်၊ ဘယ်လိုဖိုက်တာလဲ"

"နပန်းလုံးတာ"

"နပန်းလုံးတယ်၊ အံ့သြစရာပဲ"

"အေး ဖိုက်တင်ကတော့ ငါ့ထက် အဆင့်မြင့်တယ်၊ ငါတောင် ဖြုံသွားတယ်"

"ဟား နေဝန်းနီက ဂုဏ်ထူးအဆင့်ဆင့်နဲ့ပါလား၊ ငါတောင် အားကိုးချင်လာပြီ၊ ဒါပေမဲ့ မဟေသီတင်မြှောက်လို့တော့ ရမှာမဟုတ်ဘူး၊ ဘုရင်မခန့်ပြီး ပူဇော်ရမှာ"

"ငါ့အတွက်ထားပါကွာ၊ ငါက အဲလိုဒီဖိုင်းကို ကြိုက်တာ"

"ဟိတ်ကောင်တွေ၊ မင်းတို့ပါးစပ်တွေ သရမ်းလွန်းတယ်ကွာ တော်ကြတော့"



www.burmeseclassic.com

www.burmeseclassic.com



မခံမရပ်နိုင် ရှုးရှုးဝါးဝါး အော်ချလိုက်သည့် နေနကွတ်အသံကြောင့် စိုးသူနှင့်မိုးမင်း မျက်ခုံးတွေပင့်ကာ အံ့အားသင့်သွားကြသည်။

မသိစိတ်ရဲ့ သိုသိပ်ခြင်းပြတင်းတံခါးပေါက်တွေ တွန်းကန်အားတစ်ခုကြောင့် ပွင့်အံလာခြင်းများလား။

"နက္ခတ်၊ မင်းနဲ့ငါတို့ကြားမှာ အဲလောက်လိုအပ်လားကွာ၊ မင်း ဘာဖြစ်နေတာလဲ"

"အာ ဘာဖြစ်ရမှာလဲ၊ ဘာ ဘာမှမဖြစ်ပါဘူး၊ ငါသွားတော့မယ်ကွာ၊ နောက်မှ ဆုံမယ်"

မလုံမလဲသော စိတ်ခံစားမှုဖြင့် ဖွတ်အတင်း စကားဖြတ်ပြီး ထထွက်လာခဲ့ရသည်။ ဘာကြောင့်ဆိုတာ ကိုယ့်ဘာသာတောင် ခန့်မှန်းလို့မရ။

စိတ်ဆိုးသင့်သည့်အကြောင်းအရာ မမှတ်မှန်း သိသိကြီးနှင့် စိတ်တွေက လွတ်သွားတော့။ မင်း ဘာဖြစ်နေတာလဲဆိုသည့် စိုးသူတို့မေးခွန်းကို ဖြေဖို့ ကိုယ့်မှာ အဖြေမရှိ။

စိတ်စနောင့်စနင်းနှင့် နေလို့ထိုင်လို့ မကောင်းတာကတော့ အမှန်ပင်။ တက္ကစီကားပေါ် တင်ပေးလိုက်သော နေဝန်းနီရော အိမ်ကို တန်းတန်းမတ်မတ် ပြန်ရောက်ရဲ့လား။

အရင်လို အိမ်ပြန်ချိန် နောက်ကျမနေတော့ဘဲ သူ့ရဲ့ကားက အိမ်ဘက်ကို စောစီးစွာ ဦးတည်နေသည်။





အပေါ်ထပ် ဝရန်တာမှာ ထွက်ရပ်နေသော ပါပါးက သူ့ကားဝင်လာတာမြင်တော့ အပေါ်တက်ခဲ့ဖို့ လက်ယပ်လှမ်းခေါ်သည်။ တကူးတက ခေါ်တွေ့စရာ ဘာအကြောင်းများ ရှိနေလဲ။ ကားကို ပေါ်တီကိုအောက်မှာ ထိုးရပ်ခဲ့ပြီး ဧည့်ခန်းကျယ်ကြီးထဲက ဖြတ်လျှောက်လာခဲ့စဉ်မှာ ကြီးကြီးနှင့် နေဝန်းနီရဲ့ ကျယ်ကျယ်လောင်လောင် စကားပြောသံတွေ မီးဖိုခန်းဘက်ကနေ ပျံ့လွင့်လာ၏။ ခြေလှမ်း တုံ့ခနဲ ဖြစ်သွားသော်လည်း ပါပါးရှိနေသော ဝရန်တာဘက်ကိုသာ ဆက်တက်လာခဲ့သည်။

ပါပါးက ဒရင်းဘတ်(ဒ်)ပေါ်မှာ ခပ်လျှောလျှော မှီထိုင်ရင်း သူ့ကိုစောင့်နေသည်။

သူက ထိုင်ခုံပုလေးဆွဲ၍ ပါပါးနားမှာ ထိုင်ချလိုက်၏။

"သားကို ဘာပြောစရာရှိလို့လဲ ပါပါး"

"ပါပါး အိမ်ထောင်ပြုတော့မယ်"

"ဟင် ဘယ်သူနဲ့လဲ"

"မင်းကြီးကြီး သဘောတူထားတဲ့ ပွဲရုံက ချိုချိုနဲ့ပါ"

"အာ ကြီးကြီးပြောတုန်းက ပါပါး လက်မထပ်နိုင်ဘူးလို့ ငြင်းထားတယ်လေ"

"ဟုတ်တယ်၊ အခုက ပါပါး တောင်းဆိုလိုက်တာ"

"ဟာ ပါပါးရာ၊ ပါပါး မိန်းမယူမှာ သားသဘောမတူဘူးလို့ ပြောထားတာပဲ၊ ပါပါးလည်း သားအတွက် စဉ်းစားပေးပြီး မိန်းမ မယူ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ မဟုတ်ဘူးလား။ အခု ဘယ်လိုဖြစ်တာလဲ၊ နေပါဦး၊ ဒီကိစ္စ နေဝန်းနီ အောင်သွယ်လိုက်လို့ မဟုတ်လား''

''ဟင် သား၊ သားက ဘယ်လိုလုပ်သိတာလဲ''

ပါပါး အထိတ်တလန့် ပြန်မေးတာမို့ နေဝန်းနီလက်ချက်ဆိုတာ သေချာသွားသည်။ ဒီကောင်မလေး တော်တော်အစွမ်းထက်နေပါလား။ သူ့ကို အမြဲရှေ့တန်းတင် ဦးစားပေးလာခဲ့သည့် ပါပါးရဲ့စိတ်တွေကို ယိမ်းယိုင်ပြိုလဲအောင်လုပ်နိုင်သည်ဆိုတော့ –

''ဟင့်အင်း ပါပါး၊ ဒီကိစ္စ သား လုံးဝသဘောမတူဘူး၊ သားက ပါပါးမရှိရင် ဘယ်သူနဲ့နေရမှာလဲ၊ ဘယ်သူ့ကို အားကိုးရမှာလဲ၊ ရန်ဖြစ်ရင်ရော သားဘက်က ဘယ်သူရပ်တည်ပေးမှာလဲ၊ ဝင်ကူပေးမှာလဲ ပါပါးရဲ''

နေနကွတ် ဝမ်းနည်းပက်လက် ရှိုက်ငိုမိတော့မတတ် ဖြစ်သွားသည်။ ပါပါး မိန်းမယူတော့မည်ပြောတာနှင့် တကယ်ကို အားကိုးရာမဲ့သွားသလိုပါ။ ပါပါးက သူ့ပခုံးကို ခပ်ဖိဖိဆုပ်ညှစ်ကာ –

''ဒီအတိုင်းကြီး နေသွားလို့လည်း မဖြစ်ဘူးလေ သားရယ်၊ သားလည်း ချစ်သူရည်းစားထား၊ ပါပါးလည်း အိမ်ထောင်ပြုပြီး သားအဖ နှစ်ယောက်လုံး တည်ငြိမ်ရင့်ကျက်သင့်ပြီလို့ ထင်တယ်''

''ကြီးကြီးရဲ့ ဩဝါဒတွေ မဟုတ်လား၊ နေဝန်းနီရော မြှောက်ထိုးပင့်ကော် လုပ်ထားသေးလား ပါပါး''





''ပါပါးလည်း ကိုယ့်စိတ်နဲ့ကိုယ် ချင့်ချိန်စဉ်းစားကြည့်မိတာပါ သားရယ်၊ ချို့ဘဝလေးက မိခင်ကြီးကို မေတ္တာအပြည့်အဝနဲ့ လုပ်ကိုင်ကျွေးနေတာ အရမ်းအေးချမ်းတယ်၊ အရာရာ ပြည့်စုံပြီးသား ပါပါးတို့အတွက် ဘာလို့ အဲလိုအေးချမ်းမှုကို မရရမှာလဲ၊ သားရော ပါပါးစိတ်ဖြောင့်ဖြောင့်နဲ့ အိမ်ထောင်ပြုနိုင်အောင် လိမ်လိမ်မာမာ နေပေးပါလား သား''

''တော်ပြီ ပါပါး၊ သား နေချင်သလိုနေလာတာ ဒီအရွယ်တောင်ရောက်နေပြီ၊ ဒီလိုနေတတ်အောင်လည်း ပါပါးပဲ လေ့ကျင့်ပေးခဲ့တာမဟုတ်လား၊ အခုမှ သားကို ပါပါး သစ္စာဖောက်တာ၊ သား မကျေနပ်ဘူး၊ မနာခံဘူး၊ လက်မခံနိုင်ဘူး ပါပါး''

''သား''

''သူစိမ်းတစ်ယောက် သစ္စာဖောက်ပြီး စွန့်ခွာတာထက် သားအဖချင်း ဒီလိုလုပ်ခံရတာ ပိုပြီးခံရခက်တယ် ပါပါး၊ နေဝန်းနီ ဒီကိုရောက်လာလို့ ဒီလိုဖြစ်ရတာလည်း နေဝန်းနီကို မကျေနပ်ဘူး၊ အဲဒါ သားတို့သားအဖ မေတ္တာတွေ, သံယောဇဉ်တွေကို သွေးခွဲတာ''

''သား သားလေးနကွတ်''

ပြောချင်ရာတွေပြော၊ ရင်ဖွင့်ပေါက်ကွဲပြီး နေနကွတ် ပြုန်းခနဲထွက်သွားသည်။ ဆွဲလွဲချိန်းတားဆီးချိန် မရလိုက်။

ဟုတ်ပေမပေါ့၊ သူနဲ့သားက သားအဖဆိုတဲ့ ငြိတွယ်မှုထက်



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်တွေ နိုင်မာခဲ့သည်။

ကျောချင်းကပ်၊ ရင်ချင်းအပ်၍ ဘယ်သူ တစ်ဦးတစ်ယောက်မှ မထိပါးရဲအောင် သစ္စာရှိခဲ့ကြသည်။

တံတိုင်းကြီးသဖွယ် အကာအရံ တောင့်တောင့်တင်းတင်းနှင့် သားရှေ့က မားမားမတ်မတ် ရပ်တည်ခဲ့တာ။ သား အားငယ်သွားတာလား၊ ဝမ်းနည်းသွားတာလား။ နှစ်ခုစလုံး ဖြစ်နိုင်တာ သိရဲ့နဲ့ ဖြေသိမ့်ဖို့ တွေဝေမိတာ ဒါ ပထမဆုံးအကြိမ်ပါ သားရယ်။

✿ ✿ ✿



## အခန်း (၂၅)

မျက်နှာက ရှစ်ခေါက်ချိုး၊ ပုပ်ပုပ်သိုးသိုး တင်းမာနေသည့် မျက်နှာထားနှင့် နေနက္ခတ်က ညစာစားဖို့ သွားခေါ်တော့လည်း မလာ ညည်းခန်းထဲလည်း လာမထိုင်။

ဦးနေရောင်ခြည် သွားခေါ်တော့လည်း ဟင့်အင်း၊ ဒေါ်ခင်ခင် ဆင့် ခေါ်တော့လည်း ခေါင်းခါ။

သူမကလည်း နှစ်ခါအောက်ကျို့ခံလောက်အောင် စိတ်မပျော့။ ဒါတောင်မှ သူနှင့်ပုလဲ ချိန်းတွေ့တာ လိုက်သွားပြီး အနှောင့်အယှက် ပေးမိသလို ဖြစ်တာကို စိတ်ကောက်နေသလား ထင်မိ၍ –

"ဟဲ့ နက္ခတ်၊ အန်တီကြီးက ထမင်းပွဲပြင်ပြီးပြီး ထမင်းစား ရအောင်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငါ မဆာသေးဘူး၊ မလာဘူးလို့ ပြောလိုက်"

လသာဆောင်ဘက် ကျွန်းသစ်သားခုံတန်းလေးမှာ ပက်လက်လှန်လှဲနေရင်းက သူမမျက်နှာ မကြည့်ဘဲ အော်ပြောသည်။ ထောင်းခနဲ စိတ်တိုသွားပေမယ့် တစ်ထစ်လျှော့ပြီး နက္ခတ်အနား တိုးသွားလိုက်၏။

"နင် ဘာဖြစ်နေတာလဲ နက္ခတ်၊ နေ့လယ်ကကတ်စ္စ အစာမကျေဘူးလား၊ ဒါဆို နောက်တစ်ခါ နင်တို့ချိန်းတွေ့ရင် ငါ မလိုက်တော့ဘူး။ အဲဒါဆို ရပြီလား"

"ဘာမှ မဆိုင်ဘူး"

"မဆိုင်ရင် နော်မယ်(လ်) ဖြစ်နေသင့်တာပေါ့"

"နော်မယ်(လ်) မဟုတ်လို့ ငါက ရူးနေလို့လား"

"ပုံမှန်မဟုတ်တာတော့ သေချာတယ်၊ ယောက်ျားဖြစ်ပြီး ဘာကို စိတ်ဆိုး စိတ်ကောက်နေမှန်းမသိဘူး။ ကလေးအထာနဲ့"

"ငါ့ကို လာချွတ်မနေနဲ့၊ ဒိုးတော့၊ ငါတစ်ယောက်တည်း နေချင်တယ်"

"ပြီးတာပဲ၊ ဒီလိုမှန်းသိ အောက်ကျခံ လာမခေါ်ပါဘူး။ ဒေး သေးတယ်"

သူမ ဆောင့်ဆောင့်အောင့်အောင့် ပြန်ဆင်းလာပြီး ထမင်းစားပွဲ ဝင်ထိုင်တော့ မျက်နှာမကောင်း ဖြစ်နေကြသည့် ဒေါ်ခင်ခင်ဆင့်နှင့် ဦးနေရောင်ခြည်ကို ကြည့်၍ ထမင်းစားရမှာတောင် လက်တွန့်နေသည်။





"ဘာဖြစ်လို့လဲဟင် အန်တီကြီး"

"သူ့သားက သူ့အိမ်ထောင်ပြုမယ်လို့ ပြောတာ လက်မခံဘူးတဲ့ ကွယ်၊ နီနီ အောင်သွယ်လို့ ဖြစ်တယ်ဆိုပြီး နီနီ့ကိုလည်း မကျေနပ်ဘူး တဲ့"

"အံမယ်၊ သူက အဲလိုပြောတယ်၊ သူ့ကိုလည်း နီ အောင်သွယ် ပေးနေရတာပဲ"

"ဟင် ဟုတ်လား။ ဘယ် ဘယ်သူနဲ့လဲ သမီး"

"အန်ကယ်သိမှာပါ၊ သူနဲ့ ရန်ခဏခဏဖြစ်တဲ့ ဉာဏ်လင်း အစ်မ ပုလဲနက်တဲ့၊ ကိုးရိုးယားစကားသင်တန်းကိုတောင် နီ မတက်ချင် ဘဲ တက်နေရတာ"

"ဟာ သားကတော့ လုပ်ပြီကွာ၊ အဲဒီကောင်လေးတွေနဲ့ ပြဿနာတက်မှာစိုးလို့ အဲဒီကောင်လေးအစ်မကို မကြိုက်ဖို့ အန်ကယ် အကြိမ်ကြိမ် သတိပေးထားတာ၊ တခြား ကြိုက်စရာမိန်းကလေးတွေ တစ်ပုံကြီး ရှိနေတဲ့ဥစ္စာ"

"ဩော် သူ ပုလဲနက်ကို တကယ်ချစ်လို့နေမှာပေါ့၊ အန်ကယ် ရယ်၊ အချစ်အတွက်ဆိုရင် ဘယ်သူမဆို ဘယ်လိုအတားအဆီး, ဟန့် တားမှုတွေ ရှိရှိ ကျော်လွှားချင်ကြတာချည်းပဲ၊ အန်ကယ်လည်း နေနက္ခတ် ကို ငဲ့ညှာပြီး မမချိုကို လက်မလွှတ်လိုက်နဲ့နော်၊ နေနက္ခတ်လည်း တစ်ချိန်ချိန်ကျရင် သူ့ဘဝ သူရွေးချယ်မှာပဲ၊ ငါးရာနှစ်ဆယ့်ရှစ်က



www.burmeseclassic.com

www.burmeseclassic.com



ခွဲခြားစိတ်ဖြာကြည့်ရင် တည်မြဲသယောင်, နိုင်မြဲသယောင်နဲ့ လူ့ဘဝရဲ့ ပထမသက်တမ်းမှာပဲ ကုန်ဆုံးသွားတတ်ကြတာပါ''

''နားထောင်လို့ကောင်းသားဟဲ့ နီနီရဲ့၊ ဆက်ပြောစမ်းပါဦး''

ဒေါ်ခင်ခင်ဆင့်က နေဝန်းနီကို လက်တို့၍ တိုက်တွန်းသည်။ နေဝန်းနီက ကော်လံစကို ဟန်ပါပါထောင်၍ ဆရာကြီးစတိုင်(လ်) ဖမ်းကာ လည်ချောင်းတစ်ချက်ရှင်းပြီး –

''အန်တီကြီးပဲ စဉ်းစားကြည့်လေ၊ ငါးရာနှစ်ဆယ့်ရှစ်နဲ့ ချစ်ကြတဲ့ မိဘ သားသမီးမွေးချင်းမောင်နှမတွေဆိုတာ အိမ်ထောင်ရက်သား မကျခင် အသက်နှစ်ဆယ်ဝန်းကျင်အထိပဲ အတူတကွ နေကြတာမဟုတ်လား။ ဟော တစ်ထောင့်ငါးရာနဲ့ နောက်ကျတဲ့အချစ်က မသေမချင်း အသက်ရှစ်ဆယ် တစ်ရာမက အတူတူနေရတယ်၊ အဆပေါင်း ဘယ်လောက်တောင်ကွာလဲ၊ ဘယ်ဟာက ပိုပြီးခိုင်မြဲတည်မြဲတယ်၊ ရှည်ကြာတယ်ဆိုတာ ပေါင်းနုတ်မြှောက်စား လုပ်နေစရာမလိုတဲ့ တွက်လို့မရဘူးလား''

''ဟုတ်ပါ့တော် ဟုတ်ပါ့၊ ကိုယ်အိမ်ထောင်ကျရင် မိဘမွေးချင်းတွေကို ဂရုမစိုက်နိုင်, ကိုယ့်သားသမီး အိမ်ထောင်တွေကျသွားရင်လည်း ကိုယ်တွေကို ဂရုမစိုက်နိုင်, အရေးတယူမလုပ်နိုင်နဲ့၊ သံသရာလည်ပြီး ပေးဆပ်နေရတာပါ၊ တရားကျဖို့ ကောင်းပါ့''

''အဲဒါပြောတာပေါ့၊ နေနကွတ်က အိမ်ထောင်မပြုဘဲ အန်ကယ်နဲ့ တစ်သက်လုံးနေမှာမို့လား၊ သူ မိန်းမရ, ကလေးတွေရရင် အန်ကယ့်





နာမည်တောင် မေ့သွားဦးမယ်၊ လူဆိုတာ ကိုယ့်ဘဝ ကိုယ်စီမံရတာပါ၊ ကိုယ့်ဘဝ သာယာမှ သူများကို အထောက်အကူပြုနိုင်တာ၊ နောက်မှ ကိုယ့်မှာ ဆေးပေးမီးယူပြုစုပေးမယ့်သူ မရှိဘဲ မြေတွေကို ထိန်းကျောင်းပေးပါမယ်ဆိုပြီး တွယ်ကပ်နေလည်း နေနကွတ်က အကောင်းဖြစ်မှာ မဟုတ်ဘူးနော်၊ မိန်းမငြိုငြင်ရင် အန်ကယ့်ကို အိမ်လည်မလာနဲ့လို့တောင် အပြောခံရဦးမယ်''

''အေးလေ၊ သားသမီးဆိုတာ ရင်ဝယ်ပိုက်အရွယ်ပဲ ကောင်းတယ်၊ ကျန်တဲ့အချိန်က ကိုယ့်ကို ပူလောင်မှုတွေ ပေးတဲ့မီးပဲ''

ဒေါ်ခင်ခင်ဆင့်နှင့် နေဝန်းနီ အတိုင်အဖောက်ညီနေသည့် စကားတွေကို ဟိုဘက်လှည့်နားထောင်လိုက်၊ ဒီဘက်လှည့် နားထောင်လိုက် လုပ်နေရင်းဖြင့် ဦးနေရောင်ခြည် သက်ပြင်းတွေ ပေါ့ပါးလာသည်။ သားအပေါ် သူပေးဆပ်သင့်သလောက် ပေးဆပ်ပြီးပြီပဲ။

အခုလည်း မချစ်လို့မှ မဟုတ်တာ၊ နေဝန်းနီပြောသလို ကိုယ့်ဘဝအတွက်လည်း ကိုယ့်ဘာသာ စီမံကြည့်ဦးမှဖြစ်မည်။

''အန်ကယ် ဘာတွေ တွေးနေတာလဲ၊ နေနကွတ်ကို နောက်ဆံတင်းနေတုန်းပဲလား၊ နေနကွတ် အရွယ်ရောက်နေပါပြီ၊ သူ့ဘဝအတွက်တောင် သူ့ဘာသာ ရွေးချယ်နေပြီပဲ''

''အင်း ဟုတ်တယ်၊ အန်ကယ်မနှစ်သက်တဲ့ မိန်းကလေးကိုတောင် သူ ဖွတ်တိုးချစ်ကြိုက်နေပြီပဲ၊ သားက တစ်ခုခုကို ဆေးပြင်းပြ



www.burmeseclassic.com

www.burmeseclassic.com



ရင် နောက်ဆုတ်တတ်တဲ့ကောင်မှ မဟုတ်တာ၊ ဒါပေမဲ့ သား လက်ခံလာတဲ့အထိတော့ အန်ကယ်စောင့်ကြည့်ချင်သေးတယ်၊ ပြေလည်မှုရှိရင် အန်ကယ်ရော သားရော စိတ်ချမ်းသာရတာပေါ့၊ တစ်သက်လုံး အလိုလိုက်ဖြည့်ဆည်းချစ်ခဲ့ပြီးမှ ဒီကိစ္စလေးနဲ့ သားရဲ့အငြိုငြင်ခံ မဖြစ်ချင်ဘူးကွယ်''

''အေးလေ၊ ဒါကတော့ မင်းသဘောပါ၊ မမကတော့ မင်းဘဝကို တည်ငြိမ်အေးချမ်းစေချင်ပြီ၊ လူ့ဂုဏ်ကျက်သရေဘဝတုန်းကလည်း မင်းဘာတာဝန်မှ မကျေခဲ့ဘူး၊ သားတစ်ယောက်ရတော့လည်း လမ်းမှားနဲ့ ဖြည့်ဆည်းပြီး အချိန်တွေဖြုန်း၊ လူပြိန်းတစ်ယောက် ဖြစ်နေခဲ့တာ မင်းကိုယ်မင်း မသိဘူး မဟုတ်လား၊ လူ့ဘဝမှာ နှမြောစရာ အကောင်းဆုံးက စည်းစိမ်ဥစ္စာနဲ့ ငွေကြေးတွေ, ပညာတွေ မဟုတ်ဘူး၊ အဲဒါတွေ ရအောင် ဘယ်လိုလုပ်ယူရမယ်ဆိုတာ မစေ့စပ်တတ် မသိတတ်တဲ့ ဦးနှောက်နဲ့ အချိန်တွေပဲ၊ အတိတ်မှာ တော်တော်များများ ကုန်ဆုံးသွားတဲ့အချိန်တွေကို တန်ဖိုးရှိအောင် မင်း ဘာတွေအသုံးချခဲ့လဲ''

ဒေါ်ခင်ခင်ဆင့်မေးခွန်းကို နေရောင်ခြည် မဖြေနိုင်ပါ။ ဖြေစရာမရှိလို့တော့ မဟုတ်။ မမပြောသလို ဘာတန်ဖိုးမှ မရှိခဲ့တာမို့ ဖြေရမှာ ရှက်နေခဲ့ခြင်းပင်။

''ကျွန်တော် မမကို ကတိပေးနိုင်တာ တစ်ခုတော့ရှိပါတယ် မမ သက်ရှိထင်ရှား ရှိနေတဲ့အချိန်မှာ တန်ဖိုးရှိတဲ့ လူတစ်ယောက်အဖြ





မမ မြင်တွေ့သွားစေရပါမယ်''

''ဟင် မင်း တကယ်ပြောတာလား မောင်လေး၊ မမ ဝမ်းသာလိုက်တာကွယ်၊ မောင်လေး ဒီလိုစိတ်ပြောင်းလာတာ မမ ကျေးဇူးတင်တယ်''

''အဲလိုမပြောပါနဲ့ မမရယ်၊ ကျွန်တော် မမအပေါ် မောင်တစ်ယောက်ရဲ့တာဝန်တွေ ဘာမှ မကျေပွန်ပါဘူး၊ အခုလည်း သားရဲ့ကြည်ဖြူမှုကို ရမှ''

အဆုံးမသတ်သော ဦးနေရောင်ခြည်စကားကြောင့် ဒေါ်ခင်ခင်ဆင့် သက်ပြင်းချပြီး မျက်နှာလေး ညှိုးနွမ်းသွား၏။ ဖခင်တစ်ယောက်ရဲ့မေတ္တာတရားကို နေဝန်းနီ အနည်းငယ် သဘောပေါက်လာသည်။

ဆိုးဆိုးကောင်းကောင်း ဘဝတစ်ခုလုံး ပေးဆပ်စွန့်လွှတ်ချင်ကြတာ မိဘတွေရဲ့ စုန်ရေပဲ မဟုတ်ပါလား။

ဒါကို နေနကွတ် နားလည်ပေးနိုင်လျှင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

နေနက္ခတ်က ခရီးနှင့်ထိ လသာဆောင်ဘက်က ကျွန်းသစ်သား ခုံတန်းလေးမှာ ပက်လက်လှန်အနေအထားအတိုင်း ရှိနေဆဲ။

မီးရောင်တွေမှိတ်ထားကာ တစ်ခြမ်းပဲ့လသာရဲ့အရသာကို ခံစား နေခြင်းလား။

"ဟဲ့ ယောက်ျားဖြစ်ပြီး ပျင်းရိပျင်းတွဲနဲ့ ငုတ်တုတ်ထိုင်စမ်းပါ ငါလည်း အဲဒီခုံမှာ ထိုင်ချင်လို့"

"သွားစမ်းပါဟာ၊ ငါ့ဘာသာ တစ်ယောက်တည်း နေချင်လို့ ပါဆို"

"ဟဲ့ ငါလည်း ထိုင်ချင်လို့လို့ ပြောပြီးပြီပဲ၊ ထစမ်းပါ"

"အာ ရှုပ်လိုက်တာဟာ"





ခေါင်းကနေ ဆွဲထူနေတာမို့ ဘယ်လိုမှ ပေကတ်နေမရတော့ ဘဲ နေနက္ခတ် တစ်ဖက်တိုးရွှေ့ကာ ထိုင်လိုက်ရသည်။ နေဝန်းနီက ဆောင့်ခနဲ ဝင်ထိုင်ပြီး နေနက္ခတ်မျက်နှာကို ကုန်းကြည့်ကာ –

"နင်က နင့်အဖေကို ငါ အောင်သွယ်တာဆိုပြီး ငါ့ကို မကျေ မနပ် ဖြစ်နေတာဆို"

"ဟုတ်တယ်၊ အား ဘာလုပ်တာလဲ"

သူ ဝန်ခံလိုက်သံနှင့် တစ်ဆက်တည်း ကျောကုန်းကို ဘုန်းခနဲ ထုခံလိုက်ရတာမို့ ကော့ခနဲ ဖြစ်သွားကာ နာလိုခံခက်အော်လိုက်မိသည်။

နေဝန်းနီ ခြေမြန်လက်မြန်ရှိလွန်းတာတော့ အံ့ဩကုန်နိုင်ဖွယ် ပင်။ ကြင်နာညှာတာတတ်သော မိန်းမတစ်ယောက်ရဲ့ အသွေးအရည် လုံးဝမရှိ။

"အဲလောက် အသည်းနာပြီး အော်မနေနဲ့ နင် မကျေနပ်ဘူးလို့ ပြောတာကို ရှင်းစမ်းပါဦး"

"ဟုတ်တယ်လေ၊ အရင်က ပါပါးမိန်းမယူချင်စိတ်မှ မရှိတာ၊ ငါနဲ့ပဲ ပျော်ပျော်နေတာ၊ ငါ့အတွက်ပဲ အချိန်ပေးတာ"

"အဲဒါ နင် မတရားတာဘဲ၊ နင့်အဖေကို နင် မိန်းမမရမချင်း သိမ်းပိုက်ထားမလို့ပေါ့လေ၊ မိန်းမရတော့လည်း မြေးတွေ့မြစ်တွေ ထိန်း နိုင်းရင်းနဲ့ သက်တမ်းကုန်ဆုံးနိုင်းမလို့လား။ သူ့ဘဝသက်တမ်းတစ် လျှောက် သူ့ရဲ့ တန်ဖိုးရှိတဲ့အချိန်တွေ ဘယ်လောက်တောင် ကုန်ဆုံး



www.burmeseclassic.com

www.burmeseclassic.com



သွားပြီလဲ''

''နင်ပြောနေတဲ့ စကားတွေက သွေးခွဲနေတာပဲ နေဝန်းနီ ငါနဲ့ပါပါးကြားမှာ အဲလို အယူအဆကွဲလွဲမှုတွေ မရှိဘူး၊ ကြီးကြီးလို လူမျိုးတောင် သွေးထိုးလို့မရအောင် အရမ်းစည်းလုံးခဲ့ကြတာ''

''အေးလေ၊ အဲလို ကျေးဇူးတရားတွေ ရှိနေမှန်းသိရင် နင်ပြန်သိတတ်ဖို့ ကောင်းတာပေါ့၊ သူ့ဘဝလက်ကျန်တွေမှာ ပျော်ရွှင်စရာကောင်းတဲ့ မိသားစုဘဝနဲ့ ကုန်ဆုံးပါစေလား''

''ဟား နင့်စကားတွေ နားထောင်မကောင်းပါလား နေဝန်းနီရယ်၊ ပါပါးကို စာရေးမ မမချိုနဲ့ အောင်သွယ်ပေးဖို့ နင် ဘယ်လောက် မြိုးမြိုးမြက်မြက် ရလိုက်လဲ''

''ဘာ နက္ခတ် နင် နင်''

နေဝန်းနီ ဖျဉ်းခနဲ သွေးဆူကာ မြှန်းခနဲ ထရပ်၍ နက္ခတ်ပခုံးကို ဆောင့်တွန်းလိုက်မိသည်။ နက္ခတ်က တစ်ခြမ်းပဲ့လကို မော့ကြည့်ကာ ကျောတစ်ပြင်လုံး သိမ့်သိမ့်လှုပ်အောင်ရယ်လျက် -

''ငါ့မေးခွန်းက ဘာမှားသွားလို့လဲ၊ နင်က တန်ရာတန်ကြေးထက်တောင် အဖိုးအခ ပိုလိုချင်တာပဲ မဟုတ်လား၊ ကြီးကြီးဆီကလား၊ ပါပါးဆီကလား၊ မမချိုဆီကလား၊ ဒါမှမဟုတ် သုံးယောက်လုံးဆီက တစ်လှည့်စီ ညာစားခဲ့တာလား''

''တော်တော့ နက္ခတ်၊ နင် အရမ်းစော်ကားလွန်းတယ်၊ နင့်ဆီ





က ငါ ဘာတွေတောင်းဆိုဖူးလို့လဲ၊ အားလုံးကို အဆင်ပြေစေချင်တယ်ဆိုတာထက် ငါ့ဝါသနာအရ အပြောင်းအပျက် ကူညီပေးခဲ့တာ၊ ဒါကြောင့် နင် နစ်နာသွားလား၊ နင့်အဖေ နစ်နာသွားလား''

''ဒါကတော့''

''ဒါကတော့ဆိုတဲ့ ဆင်ခြေနဲ့ မယုတ်မလွန် ထပ်စော်ကားဖို့ မကြိုးစားနဲ့ နေနက္ခတ်၊ နင့်အဖေကိစ္စကို ကြီးကြီးအကူအညီတောင်းလို့ စကားလမ်းကြောင်း နည်းနည်းပါးပါးဖွင့်ပြီး ကူညီပေးမိတာ ငါဝန်ခံတယ်၊ ဒါပေမဲ့ ငါ ဘာအခကြေးငွေနဲ့မှ လုပ်ခဲ့တာ မဟုတ်ဘူး၊ ဒီလို လုပ်ပေးရတယ်ဆိုပြီး ဘာအခွင့်အရေးမှလည်း မယူခဲ့ဘူး''

နေဝန်းနီ ပြင်းပြင်းထန်ထန် တုံ့ပြန်နေတော့ နေနက္ခတ် သူမှားသွားပြီဆိုတာ သတိထားမိလိုက်သည်။ တိမ်မည်းညိုတစ်စုရဲ့ ဝါးမျိုချမှုကြောင့် မှောင်မိုက်သွားသည့် လရောင်အောက်မှာ နေဝန်းနီမျက်နှာလေးက အလိုမကျမှုများဖြင့် ညိုညစ်ညစ်။

''နင့်ဆီက ဘာအခွင့်အရေးတွေ များများတောင်းဆိုဖူးလဲ၊ ငါ ဝါသနာမပါတဲ့ သင်တန်းကိစ္စ ငွေကုန်ကြေးကျခံခဲ့ရလို့လား၊ ငါ့ကို မုန့်တွေ ဝယ်ကျွေးရ၊ တက္ကစီခတွေ အကုန်ခံခဲ့ရလို့လား၊ ငါ သီချင်းဆိုဖို့ ကိစ္စ နင်လိုက်ပို့လို့ ကုန်ကျစရိတ်တွေရော ငါ့ကို မကြည်ဖြူခဲ့ဘူးလား''

''ဆော ဆောရီးဟာ၊ အဲလောက်ရှင်းပြဖို့ မလိုအပ်ပါဘူး ငါ နားလည်ပါတယ်၊ ခုနပြောမိတာက ပါပါး မိန်းမယူတော့မယ်ဆိုလို့ စိတ်



www.burmeseclassic.com

www.burmeseclassic.com



မကောင်းဖြစ်ပြီး ပူထူနေလို့ပါ၊ တောင်းပန်ပါတယ်ဟာ၊ ခဏထိုင်ပါ"

"ဘုန်းကြီးခေါင်းခေါက်ပြီးမှ တောင်းပန်လို့ ရမလား"

"နင်က ဘုန်းကြီးလည်း မဟုတ်တဲ့နဲ့ မြန်မြန်ကျေအေးစမ်းပါ ဖအေ နောက်မိန်းမယူမှာ စိတ်မကောင်းဖြစ်, ခံစားနေတဲ့ သားတစ်ယောက်ကို စာနာတတ်ရင်ပေါ့"

"ဟွန်း ချစ်သူရည်းစားရှိတဲ့လူတွေကျတော့လည်း အပြောကောင်းမှကောင်း"

နေဝန်းနီ ကြာရှည်စိတ်မဆိုးပါ။ ခုံတန်းလေးမှာ ပြန်ဝင်ထိုင်ပြီး မျက်နှာကိုတော့ ခပ်လွှဲလွှဲ လုပ်ထားသည်။

"နင်လည်း စိတ်ဆိုးတတ်သားပဲ"

"ဟဲ့ လူပဲ၊ စိတ်မဆိုးတတ်ဘဲ နေမလား၊ ရှက်အောင်ပြောရင်လည်း ရှက်တတ်တယ်၊ နာအောင်ပြောရင်လည်း နာတတ်တာပဲ၊ နောက် အဲလိုမျိုး ဘယ်သူ့ကိုမှ ကူညီမပေးတော့ဘူးလို့တောင် နောင်တရသွားတယ်၊ နင်နဲ့ပုလဲကိစ္စထဲလည်း ငါ မပါတော့ဘူး"

"အေး ငါ့ကိစ္စထဲ မပါရင်နေ၊ နင့်ကိစ္စတော့ ငါမပါလို့ မရတော့ဘူး"

"ဟင် ဘာကိစ္စလဲ"

"နင် သီချင်းဆိုပြိုင်မယ့်ကိစ္စလေ၊ သီချင်းလာတိုက်ဖို့ အကြောင်းကြားပြီဟ၊ နင့်မှာ အဖော်မှမရှိဘာ၊ ငါလိုက်ပေးရမှာ မဟုတ်လား





ပြိုင်ပွဲနေ့ကျရင်လည်း ငါ့သူငယ်ချင်းတွေခေါ်ပြီး လိုက်အားပေးမယ်"

"ဟယ် တကယ်၊ နင်က အဲလိုဆိုတော့လည်း ချစ်ဖို့ကောင်းသားပဲ၊ အဲ ဘာ ဘာမှမဟုတ်ဘူး၊ ယောင်လို့ ဟီးဟီး"

သူမ စိတ်လွှတ်ကိုယ်လွှတ် သူ့ပါးကို လိမ်ဆွဲပြောလိုက်ပြီးမှ ရှက်ကိုးရှက်ကန်းနှင့် ပြောင်စပ်စပ်မျက်နှာ ဖြစ်သွားသည်။

ပြီးတော့ နားထင်လေးကို လက်ညှိုးနှင့်ထောက်ကာ စဉ်းစားသလို လုပ်နေပြီး -

"ငါ သီချင်းဆိုပြိုင်နေရင် သင်တန်းပျက်မှာပေါ့၊ နင်နဲ့ပုလဲတွေ့ဖို့ အဆင်ပြေပါ့မလား၊ တော်ကြာ ငါ့နောက်လိုက်တာသိပြီး ပုလဲ စိတ်ကောက်နေဦးမယ်"

"ကောက်လည်း ဖြေရှင်းရမှာပေါ့ဟာ၊ နင်လည်း ငါ့ကိုကူညီထားတာပဲ၊ နင့်ကို ပြန်ကူညီရမှာပေါ့"

"အေး အဲဒါထားပါတော့၊ အန်ကယ့်ကို နင် နားလည်ပေးလိုက်ပါဟာ၊ နင့်အဖေကို တကယ်ချစ်ရင်ပေါ့"

"နားလည်ပေးချင်ပါတယ်၊ ဒါပေမဲ့ သူ အိမ်ထောင်ပြုပြီး စိတ်ဖြောင့်ဖြောင့်နေနိုင်အောင် ငါက လိမ်လိမ်မာမာနေပြရမယ်လို့ ကတိတောင်းတယ်၊ အဲဒါက ရုတ်တရက် ပြုပြင်လို့ ရမလား"

"နင်က သူခိုးဂျပိုးလို မိုက်တွင်းနက်နေတဲ့လူမှ မဟုတ်တာ၊ ကတိမပေးနိုင်စရာလား၊ ကိုယ့်အတွက် အကျိုးရှိမယ့်အလုပ်လည်း



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘဲနဲ့၊ ဆင်ခြင်ပါ့မယ်လို့ ပြောလိုက်ပေါ့''

''အေး အေးပါဟာ''

နေဝန်းနီပြောသည့်စကားတွေကို သူ ဘာကြောင့် နာခံချင်နေမှန်းသည်မသိ။ သူမ စိတ်ဆိုးသွားတော့လည်း သူ မခံစားနိုင်။ ဟာယာခတ်သွားတာကို ဟန်မဆောင်နိုင်ဘဲ ဖွင့်အတင်းပဲ တောင်းပန်မိလိုက်တာ။

အခု သူမမျက်နှာလေး ပြုံးရွှင်သွားတော့ ဘာမှ တောင့်တစရာမလိုအပ်အောင် ပြည့်စုံသွားသလိုပင်။

နောက်နေ့ကစပြီးလည်း သီချင်းတိုက်ဖို့အတွက် အပိုအကြိုလုပ်၊ အစားအသောက်တွေ ဝင်စားကြ၊ အဝတ်အစားတွေ ဝယ်ကြနှင့်ပေါ့ပေါ့ပါးပါးပင် ပျော်နေခဲ့သည်။

''သီချင်းတိုက်တဲ့နေရာမှာတော့ နင် အရမ်းလွှတ်တယ်ဟာ၊ အဝတ်အစား ဒီဇိုင်းမိုက်မိုက်နဲ့ ပါဖောမန့်စ်ကျော့ကျော့ကောင်းလုပ်နိုင်ရင်နင် ဆုရမှာသေချာတယ်''

သူအားပေးတော့ သူမက လက်မလေးထောင်ပြပြီး ပြုံးခဲ့။တကယ်ပြိုင်ပွဲဝင်ရမည့်နေ့ရောက်တော့ သူ့ရဲ့စိတ်တွေက သူမထက် ပို၍လှုပ်ရှားနေခဲ့သည်။

''နီနီ နင် ဘာမှမကြောက်နဲ့၊ စင်အောက်ကလူတွေကိုလည်းမကြည့်နဲ့၊ ရှိတယ်လို့လည်း သဘောမထားမိစေနဲ့၊ ကိုယ့်အခန်းထဲမှာကိုယ်တစ်ယောက်တည်း မှန်ကြည့်ပြီး လေ့ကျင့်နေတယ်လို့တွေး ဟုတ်





ပြီလား။ ဆုမရမှာ စိုးရိမ်နေရင် ပိုပြီး အမှားအယွင်း ဖြစ်တတ်တယ်၊ဆုမရရင် နေပါစေ၊ စိတ်မလှုပ်ရှားနဲ့ ကိုယ်လုပ်ချင်တာ လုပ်ခွင့်ရတယ်လို့ပဲတွေး''

''အေးပါဟယ်၊ တတွတ်တွတ်နဲ့ နားငြီးလိုက်တာ၊ ငါကစင်လည်းမကြောက်ဘူး၊ လူတွေလည်း မကြောက်ဘူး၊ ရုပ်ရှင်ဘုရားပွဲတွေမှာ သီချင်း ခဏခဏဆိုဖူးတယ်၊ ကလည်း ကဖူးတယ်၊ ငါကြောက်တာက အားပေးတဲ့လက်ခုပ်သံ မကြားရမှာကိုဘဲ''

''အဲဒါတော့ စိတ်ချ၊ ငါ့သူငယ်ချင်းတွေ ငါခေါ်လာပါတယ်၊ငါတို့ လက်ခုပ်စတီးလိုက်တာနဲ့ ကျန်တဲ့လူတွေ လိုက်တီးလိမ့်မယ်၊အားမငယ်နဲ့ သိလား''

သူမက ကျေးဇူးပဲဟု တိုးသဲ့သဲ့ပြောပြီး အလှည့်ကျ နာမည်ခေါ်သည့်အခါမှာ စင်ပေါ်တက်သွားသည်။

''ဟင် နေ ဝန်း နီ''

သူ တစ်လုံးချင်း ရေရွတ်မိလျက် မှင်တက်မိသွား၏။ အပေါ်ကထပ်ဝတ်လာသော ရှပ်အင်္ကျီဖားဖားကြီးကို ချွတ်ပစ်လိုက်သည့်အချိန်မှာခရမ်းရောင်ကိုယ်ကျပ်လေးက သူမအသားအရောင်နှင့် လိုက်ဖက်ကာထင်ရှားပေါ်လွင်တောက်ပနေသည်။ ခန္ဓာကိုယ်ကောက်ကြောင်းလေးရဲ့အချိုးအစားကျနလှပမှုကို အခုမှ သိသိသာသာ သတိထားမိခြင်းပင်။

''နေဝန်းနီ လန်းလှချည်လားကွာ၊ မင်းက ဒီလိုအလှကို



www.burmeseclassic.com

www.burmeseclassic.com



ဘေးမှာထားပြီး ဘယ်မှာ စားကျက်ဖြန့်နေတာလဲ"

"အေးလေ၊ ရှာနားကမြက် ရှာမှားမစားဆိုတာ ဒါမျိုးနေမှာပေါ့၊ မစားချင်တာတော့ မဟုတ်ဘူး၊ မမြင်တာဘဲ ဖြစ်ရမယ်၊ ကိုယ့်ခြံထဲကပဲ ဘယ်အချိန် ဝင်ကျူးကျူး ရတယ်ဆိုပြီး သက်သတ်လွှတ်ရှောင်နေတာလား"

"ဟိတ်ကောင်တွေ မင်းတို့ အဲလို ပါးစပ်သရမ်းမှာဆို ပြန်တော့ကွာ၊ အားပေးစရာလည်း မလိုဘူး၊ သွားတော့"

"ဟာ ဒီကောင် ဘယ်လိုမှ အစအနောက်မခံပါလား၊ အေးဆေးပါးစပ်ပိတ် အားပေးပါ့မယ်ကွာ၊ သူငယ်ချင်းချင်း စိတ်လျှော့ပါ"

နေနက္ခတ် လေသံမာသွားတော့ စိုးသူတို့ ပါးစပ်ပိတ်အသံတိတ်သွားကြသည်။ နေနက္ခတ်ကတော့ နေဝန်းနီကို လက်ခုပ်တီး အားပေးရင်းဖြင့် ကျန်သည့်အရာတွေကို မေ့လျော့သလိုဖြစ်သွား၏။ နေဝန်းနီက အနုပညာအရည်အသွေး အပြည့်အဝ။

မြူးကြွသော တေးသွားအလိုက် ကိုယ်နေဟန်ထားလေးက ယိမ်းယိမ်းနွဲ့နွဲ့။

သီချင်းလေးကလည်း ချိုချိုရှရှလေးနှင့် ဝါရင့်အဆိုတော်တွေလိုပင် ဆွဲဆောင်မှု ရှိသည်။ သူ တကယ်ကို ထင်မထားမိတာပါ။

တစ်ခါတစ်ရံ သီချင်းတအေးအေးနှင့် နေတတ်တာကို သတိထားမိပေမယ့် ဒီလောက်ထိ ဝါသနာပါကာ ဆိုတတ် ဆိုရဲလိမ့်မည်





မထင်မိ။

ပေါ့ပေါ့ပါးပါးနှင့် ဇရုတ်သုတ်ခ ပျော်ပျော်နေတတ်သော နေဝန်းနီမှာ ဒီလိုအရည်အချင်းတွေ ရှိနေတာ အံ့သြစရာပင်။

ဘယ်သူ့ကိုမှ ဂရုမစိုက်တတ်သည့် အကျင့်လေးက ဒီနေရာမှာ အသုံးဝင်လျက်။ အားလုံး မှင်တက်အံ့သြလောက်အောင် သူမ လုပ်ပြသွားနိုင်ခဲ့သည်။

"ဖြောင်း ဖြောင်း ဖြောင်း"

ပထမဆုကြေညာသည့်အခါမှ နေဝန်းနီဖြစ်နေ၍ သူ မျက်ရည်တွေလည်လာအောင် စိတ်တွေလှုပ်ရှားကာ ဝမ်းသာမိသည်။

ဒီလိုခံစားမှုမျိုးဖြင့် သူများတစ်ဦးတစ်ယောက်အတွက် ဝမ်းသာမပေးခဲ့ဖူးပါ။ ဖြစ်နိုင်လျှင် သူမကိုယ်လေးကို မွှေ့ယမ်းပွေ့ချီပြီး ဂုဏ်ပြုချင်လှသည်။

နေဝန်းနီ မင်းမှာ အရည်အချင်းကောင်းတွေ အများကြီး ရှိနေပါလား။ ဘာလို့ သိုသိုသိပ်သိပ်နဲ့ ရှုးချင်ယောင်ဆောင်နေရတာလဲ။ အပေါ်ယံအလွှာတွေ ခွာချလိုက်လျှင် ရင်ထဲမှာ တစ်ခုခုတော့။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"ပေး ငါ့အကျီ"

"ဘာလုပ်မှာလဲ၊ ဒီအတိုင်း လှနေတာကို ထပ်မဝတ်နဲ့"

"အာ စင်ပေါ်မှာမို့ ကြည့်ကောင်းအောင် ဝတ်ရတာ၊ လက်မောင်းသားတွေ ပေါ်နေတာ မနေတတ်ဘူးဟ၊ ပေးပါ အပေါ်ထပ်ဝတ်ချင်လို့"

"ဒီအတိုင်း ကြည့်ကောင်းပါတယ်ဆိုဟာ၊ အကျီ ငါယူခဲ့မယ် နင် ဆုကြေးတစ်သိန်းခွဲတောင်ရတာ၊ ငါတို့ကို မုန့်လိုက်ကျွေး"

အကျီကို ခပ်တင်းတင်း ဆုပ်ကိုင်ထားရင်း နေနက္ခတ် စကားလမ်းကြောင်း ပြောင်းသည်။ စိုးသူတို့လည်း အနားကပ်လာကာ -

"ဟုတ်တယ်၊ ကျွန်တော်တို့ကို မုန့်လိုက်ဝယ်ကျွေးသင့်တယ်





နေဝန်းနီ၊ ဒီမှာ လက်ခုပ်တီးပြီး အားပေးရတာ လက်တွေတောင်နာတယ်"

"အံမယ် ဒီဆုက ကိုယ့်အရည်အချင်းနဲ့ကိုယ် ရတာပါ၊ ရှင်တို့ လက်ခုပ်တီးလို့ မဟုတ်ပါဘူး။ ဘာလို့ကျွေးရမှာလဲ"

"ဟာ ဆော်တယ်ဟေ့၊ နေဝန်းနီ အားမနာတတ်ဘူးဆိုတာ လက်တွေ့ယုံသွားပြီ"

"ဟင်း ဟင်း အလကားစတာပါ၊ ဒီပိုက်ဆံ ကုန်ချင်ကုန်သွားပါစေ၊ ကြိုက်တဲ့ဆိုင်မှာ အဝသာစား၊ ဘီယာမပါကြေးနော်"

"အိုကေ၊ ဆွဲမယ် ဆွဲမယ်"

"စွတ်ပျော်မနေနဲ့ နက္ခတ်ရော သဒ္ဓါရဲ့လား၊ မေးကြည့်ဦး"

"ငါ့ပိုက်ဆံကုန်မှာမှ မဟုတ်တာ၊ သဒ္ဓါပါတယ်ကွ"

တဟေးဟေး ပျော်ရွှင်နေကြကာ နက္ခတ်ကားနှင့် နီးစပ်ရာ ဟိုတယ်တစ်ခုထဲ ရောက်လာခဲ့ကြသည်။ ဟိုလူက ဟိုဟာမှာ၊ ဒီလူက ဒီဟာမှာနှင့် ဟိုတယ်ထဲမှာလည်း ဆူညံလို့ပါ။

"နေဝန်းနီက နောက်ပြိုင်ပွဲတွေလည်း ဖောင်တင်ထားတယ်ဆို ဆုရရင် ကျွန်တော်တို့ကို ဒီလိုမျိုး လိုက်ကျွေးဦးနော်"

"ကျွေးမှာပေါ့၊ ဆုရအောင်သာ ဆုတောင်းပေး။ နီက သိပ်အကျွမ်းတဝင်ဆိုတတ်လို့ ပထမဆုရတာ မဟုတ်ဘူး၊ တခြားလူတွေ ကိုယ့်ထက်ညံ့လို့ ကံကောင်းပြီးရတာ"



www.burmeseclassic.com

www.burmeseclassic.com



''ဟား ကိုယ့်ကိုယ်ကိုယ် မနှိမ့်ချစမ်းပါနဲ့ နေဝန်းနီရယ်၊ တကယ်ကို ကောင်းတာ၊ တကယ်ကို နေဝန်းနီ အရည်အချင်းရှိတာပါ။ ကိုယ့်ဘာသာ ပိုက်ဆံရှိလို့ စီးရီးထုတ်တာထက် ဒီလိုပြိုင်ပွဲဝင်ပြီး အဆိုတော်ဖြစ်ရတာက အရည်အချင်းရှိတာ ပိုသိသာတယ်၊ ဒိုင်လေးငါးယောက်က ကိုယ့်အမှားကို စောင့်ကြည့်အမှတ်ပေးတာ၊ အစွမ်းအစကို လက်တွေ့ စမ်းသပ်လိုက်တာပဲ၊ ကိုယ့်ဘာသာ ပိုက်ဆံရှိလို့ စီးရီးထုတ်ထုတ်, အောင်မြင်နေတဲ့အဆိုတော်တွေပဲဖြစ်ဖြစ်, ကီးမှားမှား, မြူးဇစ်အသံ ဘာမှားမှား ခဏခဏ ပြန်စစ်လို့ ရတယ်၊ တိုက်လို့ရတယ်''

''အဲဒါတော့ ဟုတ်တယ်ဗျ။ ဒိုင်တွေ စောင့်ကြည့်ခံနေရတဲ့ စင်ပေါ်မှာ ပြိုင်ရတာ တစ်ချက်လေးမှ အမှားအယွင်းဖြစ်လို့ရတာ မဟုတ်ဘူး၊ တုံးကာလာက ဘာဖြစ်တယ်, ဘယ်သံညာသံ ဘာဖြစ်တယ်နဲ့ ပြိုင်ပွဲဝင်တွေရဲ့အားနည်းချက်ကို လိုက်ရှာပြီးမှ အမှတ်ပေးတာ၊ တကယ်လို့ အပြစ်အနာအဆာကင်းပြီး အရည်အချင်းရှိမှ ပထမဆုဆိုတာ ရတာ'''

''ကဲ မင်းတို့ ဒီလောက်တောင် စားကောင်းသောက်ကောင်း ထောက်ခံအားပေးနေကြရင် ငါ့စည်းစိမ်တွေ ပုံပြီး နေဝန်းနီကို အောင်မြင်တဲ့အဆိုတော်ကြီးဖြစ်အောင် ခွေထုတ်ပေးလိုက်တော့မယ်၊ မင်းတို့ သဘောတူလား''

''ကြည့် ကြည့် သူလည်း စားကောင်းအောင် ဖားနေတာကို





ဟား ဟား''

ရယ်သံတွေ ဆူညံသွားပြန်၏။ နေနက္ခတ်ကတော့ စားရင်းသောက်ရင်းနှင့် နေဝန်းနီကို အရိပ်တကြည့်ကြည့် ဖြစ်နေသည်။

မှင့်လင်းစွာ ရယ်လိုက်တိုင်း သွားဖွေးဖွေးလေးတွေ ပေါ်သွားတာကအစ ကြည့်ကောင်းနေသလိုပင်။

အရင်ကတော့ အချိန်တိုင်း ရန်ပဲဖြစ်နေရပြီး သူမအလှကို သတိမထားမိခဲ့ပါ။ အခုတော့ သမားရိုးကျမဟုတ်သည့် ပြင်ဆင်မှုမျိုးနှင့် အမြင်ဆန်းနေကာ ထူးထူးဆန်းဆန်းခံစားမှုမျိုး ဖြစ်ပေါ်နေသည်။

စိုးသူတို့နှင့် တရင်းတနှီးဖြစ်နေတာကို ဘဝင်မကျသလိုလို။

''နေဝန်းနီ ပြန်ရအောင်ဟာ၊ ကြီးကြီးတို့ မျှော်နေလိမ့်မယ်''

''အောင်မာ ဟော့ကောင် နေစမ်းပါဦးဟ၊ ဘယ်အချိန်တုန်းက အိမ်ကို နောက်ဆံတင်းပြီး ပူပူးလို့လဲ''

''မဟုတ်ပါဘူးကွာ၊ နီနီ ဆုရလား, မရလား သိချင်လို့ ကြီးကြီးတို့ လည်ပင်းတရှည်ရှည် စောင့်နေကြမှာကွ''

''အင်း ဟုတ်သားပဲ၊ နက္ခတ်ပြောမှ သတိရတယ်၊ အန်တီကြီးနဲ့ အန်ကယ့်အတွက်လည်း အစားအသောက်တွေ ဝယ်သွားရဦးမယ်၊ အဲ နေဦး၊ ပုလဲကိုလည်း တစ်ခုခု ဝယ်ကျွေးသင့်တာပေါ့၊ နက္ခတ် နင့်မှာ ဖုန်းပါတယ်မဟုတ်လား၊ ခဏလောက်ငှားပါ၊ ပုလဲဆီ ဖုန်းဆက်ချင်လို့''



www.burmeseclassic.com

www.burmeseclassic.com



"အာ ဆက်မနေပါနဲ့၊ နောက်နေ့ သင်တန်းတက်မှ တွေ့ လိုက်ပေါ့"

"အခု မတွေ့ရတာလည်း ကြာလှိုပါပဲ၊ ပုလဲက ငါ့ကို အရမ်း ခင်တာ၊ ငါ ဘာလို့ သင်တန်းမတက်လဲ သူစိတ်ပူနေမှာ၊ နင်နဲ့ရော ဖုန်းပြောဖြစ်လား၊ သွားရောတွေ့သေးလား"

"နင့်ကိစ္စတွေ လိုက်လုပ်ပေးနေတာနဲ့ ငါလည်း ဖုန်းပိတ်ထား တာ လူချင်းလည်း မတွေ့ရဘူး၊ ဖုန်းလည်း မပြောရဘူး"

"ဟယ် ကိုယ့်ချစ်သူကို အဲလို ပစ်စလက်ခတ် လုပ်ရလား အကျိုးအကြောင်းလေး ဖုန်းဆက်ပြောထားမှပေါ့၊ နက္ခတ် နင်ကလေ အဖြေရပြီးတာနဲ့ အရမ်းသွေးအေးတာပဲ၊ ငါ့လိုမိန်းမသာဆို တိမ် အပြတ်ပဲ"

"အောင်မယ်လေး ကြက်သီးထလိုက်တာ"

နေနက္ခတ်က ခပ်ပေါ့ပေါ့ပင် ကြောက်ရွံ့ဟန် ပခုံးတွန့် အရယ်အရွှန်းလုပ်ပစ်လိုက်၏။ သူ့ရင်ထဲ ဘာတွေရှိနေတယ်ဆိုတာ ဝန်းနီမှ မသိဘဲ။

ပုလဲအပေါ် အလေးအနက်မရှိတာ၊ ပုလဲကို တကယ်မချစ်တာ ပြီးတော့ သိုသိပ်ခြင်း ပြတင်းပေါက် အဖွင့်ခက်တာကိုရောပေါ့။

✿ ✿ ✿



## အခန်း (၂၈)

"တို့ကို မုန့်လိုက်ကျွေးချင်တာ ဘာအတွက်လဲ"

"ငါ သီချင်းဆိုသွားပြိုင်တာ ပထမဆုရတယ်ဟ၊ နင် ဂုဏ်ပြု ရောမလိုဘူး၊ ငါက မုန့်လိုက်ကျွေးမှာ၊ လာပါဟယ်၊ ဆရာတွေကိုတောင် ခွင့်ရက်ပျက်တာ အကျိုးအကြောင်းပြောပြီး မုန့်ကျွေးပြီးပြီ"

"နေပါဦး၊ နင် သီချင်းဆိုပြိုင်မယ်ဆိုတာ တို့ကိုတောင် ကြို ပြောမထားဘူး၊ တို့လည်း လိုက်အားပေးမှာပေါ့၊ နီနီက တို့ခင်သလို မခင်ဘူး၊ အရမ်းဖိမ်းတာပဲ"

ပုလဲနက်ရဲ့ သံယောဇဉ်ကိုသိရတော့ မျက်နှာပူ အားနာသွားမိ သည်။ နက္ခတ်ပါနေမှာမို့ စကားတောင် စမထားမိတာ မိမိဘက်က အလွန်ပင်။ နက္ခတ်နဲ့ပတ်သက်မှုကို သိရင်ရော ပုလဲ ဘယ်လိုထင်မြင်



www.burmeseclassic.com

www.burmeseclassic.com



ယူဆသွားမည်လဲ။

သူတို့ချင်း အဆင်ပြေနေပြီဆိုတော့ ရှင်းပြချိန်ရောက်ပြီလား။ ဟင့်အင်း တိုက်ဆိုင်တဲ့နေ့မှ နက္ခတ်ဘာသာ ရှင်းပြနိုင်းတာ ကောင်းလိမ့်မည်။

"သွားမယ်လေ ပုလဲ၊ နင် ဘာစားချင်လဲပြော"

"မြေအိုးမြီးရှည်စားမယ်၊ သင်တန်းနဲ့ မျက်နှာချင်းဆိုင် ကော်ဖီဆိုင်မှာ ရတယ်၊ အဲဒီရောက်မှ နင့်ကိုလည်း ပြောစရာရှိတယ်"

"အေး ပြီးရော လစ်မယ်"

နှစ်ယောက်သား ကော်ဖီဆိုင်ငလေးကို ရောက်တော့ ပုလဲနက်က မြေအိုးမြီးရှည်မှာစားပြီး နေဝန်းနီက ကော်ဖီတစ်ခွက်သာ မှာသောက်သည်။

"နင်ပြောစရာရှိတယ်ဆို ပုလဲ၊ နင်ပြောမယ်ဆို နက္ခတ်အကြောင်းမဟုတ်လား၊ နင်တို့ ဘယ်အခြေအနေ ရောက်နေကြပြီလဲ"

"ဘယ်ရောက်ရမှာလဲ၊ အခုတစ်လော နက္ခတ်နဲ့ တွေ့ကိုမတွေ့ရတာ၊ ဖုန်းဆက်တော့လည်း ဖုန်းပိတ်ထားတော့ စကားမပြောရဘူး"

"ခရီးတွေ ဘာတွေများ ထွက်နေလား"

"မသိပါဘူးဟယ်၊ ဘာဖြစ်ဖြစ် အကျိုးအကြောင်းလေးတော့ ပြောသင့်တာပေါ့၊ တို့မောင်တွေပြောသလို တို့ဆီက ချစ်တယ်လို့ အဖြေရပြီမှ အစိမ်းခြွေခြွေသွားပြီလား မသိဘူး"





"ဟယ် အဲလိုတော့ မဟုတ်လောက်ပါဘူး၊ သူ တကယ် အဲလိုလုပ်မယ်ဆိုရင် သူ မင်းဆီက အခွင့်အရေးတွေ အများကြီး ယူသွားမှာပေါ့၊ ချိန်းတွေ့ရင်တောင် တို့ကို အဖော်ခေါ်ခဲ့လို့ ပြောသေးတာပဲ မဟုတ်လား"

"အင်း ဟုတ်တော့ ဟုတ်ပါတယ်၊ အဲလိုတွေးမိပြန်တော့လည်း သူ့ကို လေးစားမိ, ယုံကြည်မိပြန်ရော၊ အခွင့်အရေး မယူတတ်တာ ယောကျ်ားကောင်းတွေရဲ့ အပြုအမူပဲ မဟုတ်လား၊ ဒါပေမဲ့ ကိုယ့်ကို လေးနက်မှုမရှိသလို ခံစားရတော့ နားမလည်တတ်အောင် ဖြစ်မိပြန်ရော"

အနေအေးဆေးသူ ပုလဲက ဆွေးဆွေးမြည့်မြည့် ပြောနေတော့ ဘယ်လို အားပေးဖြေသိမ့်ပေးရမှန်း မသိ။ တကယ်ဆို နက္ခတ်အနေနှင့် ချစ်သူတစ်ယောက်ကို ဒီလိုဥပေက္ခာမပြုသင့်ဘူး မဟုတ်လား။ အိမ်ရောက်မှ ပုလဲကို ဂရုစိုက်ဖို့ နက္ခတ်ကိုပြောရဦးမည်။

"ဟယ် ဟိုမှာ နက္ခတ်လာနေတယ် နီနီရဲ့"

"ဟင်"

ကိုယ်တော်ချောက မော်မော်ကြွားကြွားနှင့် တောက်တောက်ပပ မြူးလို့၊ သူမတို့စားပွဲဝိုင်းကို လျှောက်လာနေသည်။ သူမက မှင်သေသေ တုံ့ပြန်ကြည့်လျက်။

"ဟဲ့ နင် ဘယ်ပျောက်နေတာလဲ နက္ခတ်၊ ပုလဲရော နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



မျှော်နေတာ''

''ဒီလိုပေါ့ဟာ၊ ငါ့မှာ ကိစ္စလေးတွေ နည်းနည်းရှိလို့ပါ၊ ပုလဲ ဒီနေ့ သင်တန်းမတက်ဘူးပေါ့''

''မတက်ရဘူးလေ၊ နီနီက မုန့်ကျွေးမယ်ဆိုလို့ လိုက်လာရတာ''

''နင်တို့တွေ လက်စနဲ့ တစ်နေရာသွားကြပါလားဟဲ့၊ သင်တန်း မဆင်းခင် ပြန်လာကြပေါ့''

''ငါတို့က ဘယ်သွားရမှာလဲ''

''ဩော် ချစ်သူရည်းစားတွေ တွေ့နေကျ ရုပ်ရှင်ရုံတို့ ပန်းခြံ တို့ပေါ့၊ ငါတော့ မလိုက်ဘူးနော်၊ အိမ်စောစောပြန်မယ်''

နေဝန်းနီက အဆင်ပြေအောင် မြှောက်ပင့်ပေးတော့ ပုလဲနက် မျက်နှာလေး ပြုံးယောင်သမ်းသွားကာ နက္ခတ် ဘယ်လိုပြောမလဲ မျှော် လင့်နေသည်။ နက္ခတ်က နေဝန်းနီကို မျက်ခုံးပင့်ကြည့်ပြီး –

''ငါ ဒီနေ့မအားဘူးဟ၊ နောက်နေ့မှ တစ်နေရာသွားဖို့ ပုလဲကို ချိန်းလိုက်မယ်၊ အဲဒီနေ့ကျ နင်လည်းလိုက်ခဲ့လေ၊ ငါ မုန့်ဝယ်ကျွေးပါ မယ်''

ပုလဲမျက်နှာလေးပေါ်မှာ အမျိုးအမည်မသိ အရိပ်အရောင်တွေ ဖြတ်ပြေးသွားသည်။ ဘာလို့ ခုချိန်ထိ မိမိအပေါ် နက္ခတ် အရေးတယူ မရှိသေးတာလဲ။

တကယ်ဆို အရင်နေ့တွေက မလာဖြစ်ရသည့်အကြောင်း



အရင်းကို ဂရုတစိုက် ရှင်းပြသင့်သည်။ အခုရော နေဝန်းနီ သင်တန်း လာသည့်နေ့မှ တိုက်တိုက်ဆိုင်ဆိုင် ဘာလို့ ရောက်လာရတာလဲ။

စကားပြောတော့လည်း မိမိထက် နေဝန်းနီဘက်မှာ အာရုံ စူးစိုက်နေသလိုပင်။ နေဝန်းနီမျက်ဝန်းတွေကကော ရှိုးသားသယောင် ယောင်ပါ။

''နက္ခတ် ဘာသောက်မလဲဟင်၊ နီနီက ဒကာခံမှာတဲ့၊ သူ သီချင်းဆိုသွားပြိုင်တာ ပထမဆုရလို့တဲ့လေ''

''ဟုတ်လား၊ အဆိုတော်ကြီးပေါ့၊ ငွေကုန်ကြေးကျများမှာ စိုးလို့ မသောက်တော့ပါဘူး၊ နီနီက အရမ်းနှမြောတတ်တယ် မဟုတ်လား၊ ဒီ ကုတ်လက်ကျန်လေးပဲ သောက်လိုက်တော့မယ်နော်''

နက္ခတ်က ပြောပြောဆိုဆိုပင် နေဝန်းနီရှေ့က ကုတ်ဘူးကို ယူ၍ မော့သောက်လိုက်သည်။ လိုအပ်တာထက် အရမ်းရင်းနှီးနေသလို မျိုးမို့ ပုလဲနက်မျက်နှာလေး ပျက်ယွင်းသွား၏။

နေဝန်းနီဆိုတာ သူမ မိတ်ဆက်ပေးလို့ နက္ခတ်ခင်ခွင့်ရခဲ့တာ မဟုတ်လား။ စိတ်ထဲမှာ နိုးလိုးခုလုဖြင့် ဘာကိုမှန်းမသိ မကျေမနပ် ဖြစ်သွားမိသည်။ နေဝန်းနီက သူမကို အားနာသွားဟန်ဖြင့် နက္ခတ် လက်ကို ပုတ်ချကာ –

''သောက်ချင်ရင် ကိုယ့်ဘာသာ မှာသောက်တာ မဟုတ်ဘူး၊ သူများဥစ္စာကို အငမ်းမရ''

www.burmeseclassic.com

www.burmeseclassic.com



“နင်ကလည်း တွန့်တိုလိုက်တာ၊ နင်သောက်ထားတာကို မရှိ မရှာ သောက်ပေးတာပဲ ကျေးဇူးတင်”

“ဟွန်း ကျေးဇူးတင်စရာပဲ”

“ကဲ တော်ပါတော့၊ ဒီနှစ်ယောက်ကလည်း ဘာမဟုတ်တာ လေးနဲ့၊ ခြေဘ် နက္ခတ်ကို ပြောရဦးမယ်၊ ဟိုတစ်ခါ နက္ခတ်နဲ့တွေ့တဲ့ ကိစ္စလေး၊ ဉာဏ်လင်းတို့ ဘယ်လိုသိသွားလဲတော့ မသိဘူး။ အတိအကျ တော့ မဟုတ်ပါဘူး၊ ဒီသင်တန်းဝန်းကျင်မှာ နက္ခတ်ကားကို ခဏခဏ မြင်နေရလို့တဲ့လေ၊ မမနဲ့ ပတ်သက်မှုရှိသေးလားလို့ မေးတယ်၊ တို့က ဘာပတ်သက်ရမှာလဲ ဘာညာနဲ့ ဘူးခံငြင်းလိုက်တာပေါ့”

“ဟုတ်တာကို ဟုတ်တယ်လို့ ဖြေနိုင်ဖို့လည်း ကြိုးစားထားဦး ပုလဲ၊ ဟိုနေ့က ကိုယ့်နောက်ကို ဒီကောင်တွေ လိုက်လာသေးတယ်၊ ကိုယ့်ကိုမေးလို့ကတော့ ဟုတ်တယ်လို့ ဖြေလိုက်တော့မှာ”

“ထိပ်တိုက်မခံဆုံပေးဘဲနဲ့တော့ ရှောင်နိုင်သလောက် ရှောင်ပေး ပါဦး နက္ခတ်ရယ်၊ ပညာရေးတစ်ပိုင်းတစ်စနဲ့ လမ်းခုလတ်မှာ ပြဿနာ မတက်တော့ ကောင်းတာပေါ့”

အဲဒါ မင်းစိတ်ကူးမဟုတ်လား။ ကိုယ့်စိတ်ကူးက ဒီလိုမဟုတ် ဘူးလို့ ပြောပစ်လိုက်ချင်စိတ်ကို မျိုသိပ်လိုက်ရတာ ရင်ဘတ်တွေတောင် အောင့်သွားသည်။

တကယ်ဆို ပုလဲနက်မှာ ဘာအပြစ်မှ မရှိပါ။ ယောကျ်ားချင်း





ပြိုင်သည့် မာနစစ်ပွဲမှာ ပုလဲနက်က တန်ဆာခံဖြစ်သွားခဲ့ရတာ။ ငဲ့ညှာ လိုက်လျှင် သူ့ အရှုံးပေးရာ ရောက်သွားမှာပေါ့။

ကျောချမှ စားပြမှန်းသိသွားနိုင်သည့် အချိန်တစ်ခုထိတော့ စောင့်ကြည့်ချင်သေးသည်။

ပုလဲနက်နှင့် သူ့ရဲ့ အဆုံးသတ်က အပြုံးနှင့် လမ်းခွဲရမှာမျိုး မဟုတ်တာတော့ သေချာသည်။

ဘာကို ဘယ်လိုလုပ်ရမည်ဆိုတာတော့ –

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"ဒါ ဘယ်က ပြန်လာကြတာလဲ"

"ဟုင်"

"အယ် ဉာဏ်လင်း"

သင်တန်းရဲ့ကားပါကင်ရှေ့မှာ ဉာဏ်လင်းတို့ ကြိုရောက်နေတာမို့ ပုလဲနက်နှင့် နေဝန်းနီရဲ့ ခြေလှမ်းလေးတွေ တုံ့ခနဲ ဖြစ်သွားကြသည်။ ပုလဲနက်က ဟန်မဆောင်နိုင်ဘဲ မျက်နှာလေးပျက်သွားပေမယ့် နေဝန်းနီကတော့ ပေါ့ပေါ့ပါးပါး ပြုံးရယ်ကာ ဣန္ဒြေဆယ်လိုက်နိုင်သည်။

"လာမယ်ဆိုလည်း ဒီထက် နည်းနည်းလေး စောလာခဲ့ရောပေါ့ ဉာဏ်လင်းရယ်၊ တို့က ခုလေးပဲ ပုလဲကို မုန့်စားဖို့ ခေါ်သွားတာ"

"သင်တန်းမတက်ဘဲ မုန့်သွားစားစရာလား"





"သင်တန်းက တက်ပါတယ်၊ နင်လာကြိုမှာသိလို့ ဆရာကို ပြောပြီး ခဏထွက်သွားကြတာ"

"နင်တို့ ဆရာက ထွက်ချင်တဲ့အချိန်ထွက်, ဝင်ချင်တဲ့အချိန် ဝင်ခွင့်ပေးတာ အံ့ဩစရာပဲ၊ အဲလို စည်းကမ်းမရှိတဲ့သင်တန်းဆို နင် တက်စရာမလိုတော့ဘူး ပုလဲ၊ တခြားသင်တန်းတွေ ပြောင်းတက်ဖို့လုပ်"

"အို ဘာလို့ ပြောင်းတက်ရမှာလဲ ဒီသင်တန်းကလည်း ကောင်းပါတယ်၊ သူတို့က စည်းကမ်းမရှိတာ မဟုတ်ပါဘူး၊ ငါတို့ကလည်း အမြဲခွင့်တောင်းပြီး ထွက်နေတာမှ မဟုတ်တာ၊ ဒီနေ့က နေဝန်းနီက သူ့အောင်မြင်မှုအတွက် သင်တန်းက ဆရာတွေကိုပါ မုန့်ဝယ်ကျွေးတာ"

"ဘာ နင်တို့ပြောတာ ငါမယုံဘူး၊ စောစောက ဟိုကောင့်ကားကို မြင်လိုက်လို့ သင်တန်းရှေ့မှာ ငါလာစောင့်နေတာ၊ နင်တို့ နေနကွတ်နဲ့တွေ့ပြီး ပြန်လာကြတာ မဟုတ်လား"

"ကျွတ် နင် ထင်ရာမြင်ရာတွေ လျှောက်ပြောမနေနဲ့ ဉာဏ်လင်း၊ ငါ နေနကွတ်နဲ့ ကင်းရှင်းအောင်နေနေတယ်လို့ ပြောပြီးပြီပဲ၊ တရားခံစစ် စစ်ပြီး အရှမ်းမွန်းကျပ်အောင် ဖိအားမပေးနဲ့၊ ငါလုပ်ချင်ရာ လုပ်ပြီး ထွက်သွားလိုက်မှာ၊ သိရဲ့လား"

ပုလဲနက် ပြန်ငြိမ်းခြောက်တော့ ဉာဏ်လင်း ငြိမ်သက်သွား၏။ ဘာကြောင့်များ အာဃာတတွေနှင့် ရန်ပြိုးဖွဲ့နေကြပါလိမ့်၊ အကြောင်းရင်း မသိပေမယ့် ဒီလောက်ထိ မယုံသင်္ကာ ချုပ်ချယ်လွှန်းနေတာတော့



www.burmeseclassic.com

www.burmeseclassic.com



နေဝန်းနီ မကြိုက်ပေ။

နက္ခတ်နဲ့ပုလဲ တွဲလျက်သာ တွေ့သွားခဲ့လျှင် ဘယ်လိုအခြေအနေမျိုးထိ ပြဿနာတက်သွားနိုင်မည် မသိ။

"ကဲ နင်တို့ကလည်းဟယ် ဘာမဟုတ်တာလေးနဲ့ မောင်နှမချင်း အကျယ်ရဲ့ စကားများနေကြတယ်၊ နောက်တစ်ခါ ပုလဲကို ငါ ဘယ်မှမခေါ်တော့ဘူး၊ ဘာမှလည်း မကျွေးတော့ဘူး၊ သိလား၊ ဒီနေ့ကလည်း ငါ သီချင်းဆိုပြိုင်တာ ဆုရလို့ ပုလဲကို မုန့်ကျွေးချင်တာနဲ့ ခေါ်သွားမိတာပါ"

"ဘာ သီချင်းဆိုပြိုင်တာ၊ ဟုတ်လား၊ ဒါဆို ဟိုနေ့က ဂီတတံခါးသီချင်းဆိုပြိုင်ပွဲမှာ နေနက္ခတ်နဲ့ တွဲတွေ့လိုက်တဲ့ ကောင်မလေးက နင်ပေါ့"

"ဟင် မ မဟုတ်ဘူး၊ တို့က တခြား တခြားနေရာမှာ ပြိုင်တာ"

ပုလဲနက် မျက်လုံးတွေ ဆတ်ခနဲ သူမဆီ ရွေ့လျားလာသည်မို့ အကြောက်အကန်ပင် ငြင်းလိုက်ရသည်။

ပုလဲနက်က သူမ့ပြေရှင်းမှုကို အာရုံမရောက်ဘဲ –

"နင့်ကို ဘယ်သူပြောတာလဲ ဉာဏ်လင်း"

"ငါ့သူငယ်ချင်းပါ၊ ငါတို့နဲ့ နေနက္ခတ် ငြိတာကို သူသိတယ်၊ ရန်ဖြစ်ကြပြီဆို တစ်ခါတလေ ဒီကောင်လည်း ဝင်ကူနေကျပဲ၊ သူက အဲဒီမှာ သီချင်းဆိုပြိုင်ရင်းနဲ့ ကောင်မလေးတစ်ယောက်ကို နေနက္ခတ်





သူ့သူငယ်ချင်းတွေနဲ့ လာအားပေးတာ တွေ့တယ်လို့ ပြောတာ"

"ဟယ် ဒါများ ငါပါလို့ တပ်အပ်သေချာပြောရလား၊ နင်တို့ပြောနေတဲ့ နေနက္ခတ် ငါ တစ်ခါမှတောင် မမြင်ဖူးဘူး၊ တကယ်ပြောတာ"

"အေးလေ၊ အဲဒါဆိုလည်း ပြီးတာပဲ၊ ဒါပေမဲ့ ငါ သတိပေးထားမယ် နေဝန်းနီ၊ ငါ့အစ်မသင်တန်းတက်နေတဲ့အချိန်မှာ ဟိုခေါ်ဒီခေါ် မခေါ်ပါနဲ့၊ ငါတို့မိဘတွေ ခရီးထွက်နေလို့ ငါ့အစ်မကို ပိုပြီး ဂရုစိုက်နေရတယ်၊ ဒီသင်တန်းကိုတောင် အလုပ်နေရာအတွက် လိုအပ်လို့ တက်ခိုင်းနေရတာ"

"ပုလဲနက်က ကလေးမှမဟုတ်တာဟယ် သူ့ကိုယ်ပိုင်လွတ်လပ်ခွင့်နဲ့ ဆုံးဖြတ်လို့ မရဘူးလား"

နေဝန်းနီ အရဲကိုး အထွန့်တက်ကာမေးတော့ ဉာဏ်လင်းမျက်နှာ အနည်းငယ် သုန်မှုန်သွားသည်။

"တခြားလူနဲ့ဆိုရင်တော့ ဘာမှ ကန့်ကွက်စရာမရှိပါဘူး၊ နေနက္ခတ်ကိုတော့ ကိုယ်ရေးကိုယ်တာ အကြောင်းရေစက်တွေရှိလို့ လက်ခံမပေးနိုင်ဘူး"

"အေးပါဟယ်၊ နင်တို့ကိစ္စတွေ ငါလည်း မသိချင်ပါဘူး၊ နောက်ဆို ပုလဲကို ဘယ်မှခေါ်မသွားမိအောင် သတိထားပါမယ်၊ ဪ နင်ရော ဘာစားချင်လဲ ဉာဏ်လင်း၊ ငါဝယ်ကျွေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူမ လောကွတ်လုပ် မျက်နှာချိုသွေးနေတာကို ဉာဏ်လင်းက ခေါင်းခါသည်။ ပုလဲနက်က ဘာကိုတွေးတောနေမှန်း မသိဘဲ ငြိမ်သက် တိတ်ဆိတ်လို့။

“နင့်အိမ်က ဘယ်မှာလဲ၊ လမ်းကြုံရင် ငါတို့ကားနဲ့ လိုက်ခဲ့ လေ”

“ဟင် ခြော် မလိုက်တော့ပါဘူး၊ ငါက တက္ကစီနဲ့ သွားနေကျ ပါ၊ ပုလဲ ငါသွားတော့မယ်နော်၊ တာတာ့”

နေဝန်းနီ လက်နောက်ပြန် တာတာ့ပြရင်း ခပ်သုတ်သုတ် ရှောင်ထွက်လာခဲ့ရသည်။ ပုလဲမျက်ဝန်းတွေမှာ သက်ာမကင်းဟန်တွေ အထင်းသား တွေ့နေရ၏။ သူမ သင်တန်းမလာသည့်ရက်တွေမှာ နက္ခတ်လည်း ပျောက်နေခဲ့သည် မဟုတ်လား။

ဒီနေ့ကျတော့လည်း နှစ်ယောက်လုံးကို တိုက်ဆိုင်စွာ ဆုံတွေ့ လိုက်ရတော့ ပုလဲ အတွေးလွန်သွားတာ အပြစ်မရှိပေ။ ဉာဏ်လင်း လည်း ထင်ယောင်ထင်မှား ပြောလိုက်သည်ဆိုတော့ သူမ ဗျာဗျာသ ရှင်းပြနေလည်း ဘယ်ယုံပါတော့မလဲ။

“ဟူး အိမ်ကို မြန်မြန်မောင်းပို့ပါ ဦးလေးကြီးရေ”

စိတ်တွေ မွန်းကျပ်သလိုဖြစ်ကာ တက္ကစီမောင်းသမား ဦးလေး ကြီးကို လောလိုက်မိသည်။ ပုလဲကို မြန်မြန်ဖြေရှင်းပြောပြလိုက်ဖ လို့ နေနက္ခတ်ကို တိုက်တွန်းရမည်။





ရှုပ်ရှုပ်ထွေးထွေးနှင့် အဆင်မပြေ မဖြစ်ချင်ပါ။ အိမ်ရောက် တော့ အန်တီကြီးနှင့် ဦးနေရောင်ခြည် ပွဲရုံက ပြန်မရောက်သေးဘဲ နေနက္ခတ်ကိုသာ ဧည့်ခန်းက ဆိုဖာခုံရှည်ပေါ်မှာ အဆန့်သား တွေ့ရ သည်။ နက္ခတ်က သူမကိုမြင်တော့ ဆတ်ခနဲ ငုတ်တုတ်ထထိုင်ပြီး–

“ခုနကတည်းက ငါနဲ့ ပြန်လိုက်ရင် ပြီးရော၊ အဲလို ကြုံတဲ့နေ့ လိုက်မလာလို့ တက္ကစီဖိုးကုန်ရင် ငါမပေးဘူးနော်”

“ဟဲ့ ငါက နင်နဲ့ပြန်လိုက်ပြီး ပုလဲကို တစ်ယောက်တည်း သင်တန်းကို ပြန်လွှတ်လို့ရမလား၊ ပြီးတော့ ပုလဲက နင်နဲ့ငါ့ရဲ့ ဒီလိုမျိုး ပတ်သက်မှုကို သိသေးတာ မဟုတ်ဘူး။ အဲဒါကြောင့် ပွင့်ပွင့်လင်းလင်း ဖြစ်သွားအောင် နင်ရှင်းပြလိုက်တော့”

“အောင်မာ၊ ငါက တကူးတက ရှင်းပြနေစရာလား၊ သူ့ဘာ သာ သိချင်သိပါစေပေါ့၊ ရှုပ်နေတာပဲ”

“သူ့ဘာသာသိတဲ့အချိန်က နင်နဲ့ငါ့ကို သံသယဝင်ပြီပေါ့ဟဲ့၊ အခုတောင် ငါ့မှာ ကပေါက်တိကပေါက်ချော ဖြစ်လို့”

“ဘာဖြစ်လို့လဲ၊ နင့်ကို မေးနေလို့လား”

“မဟုတ်ပါဘူး။ သူ့မောင်ပြောတဲ့စကားနဲ့ မယုံသင်္ကာ ဖြစ်သွား တယ် ထင်တယ်၊ အရင်ရက်က နင်ရော ငါရော ပျောက်သွားတယ်၊ ဒီနေ့ကျတော့ နှစ်ယောက်လုံး ဆုံတွေ့တယ်”

“နေပါဦး၊ သူ့မောင်က ဘာပြောလို့လဲ”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီသီချင်းဆိုပြိုင်ပွဲမှာ နေနက္ခတ်ကို ကောင်မလေး တစ်ယောက်နဲ့ တွေ့တယ်တဲ့၊ အဲဒါ နင်လားလို့ ပုလဲရှေ့မှာ ငါ့ကိုမေးတာ"

"ဒီကောင်တွေ အရမ်း စုံစမ်းထောက်လှမ်းရေးကောင်းတာပဲ သူ့အစ်မကို စောင့်ရှောက်ချင်တာထက် ငါ့ကို ဘယ်လိုပုံရမလဲ အကြောင်းရှာနေတာ"

"ရှုပ်နေတာပဲဟာယ်၊ နင်တို့ယောကျ်ားလေးတွေ တကယ် ရန်များတယ်၊ ကိုယ့်ဘာသာ အေးအေးဆေးဆေးနေကြတာ မဟုတ်ဘူး"

ဆိုဖာခုံမှာ ဆောင့်ခနဲ ဝင်ထိုင်ရင်း ညည်းညည်းညူညူပြောတော့ နေနက္ခတ်က ဟက်ခနဲ ရယ်ချသည်။

"ဘာရယ်တာလဲဟာ၊ ရုပ်က စပ်တိစပ်ဖြဲဖြဲနဲ့"

"နင် စကားကြီးစကားကျယ် ပြောနေလို့ပေါ့၊ ငါတို့ယောကျ်ားလေးတွေ ရန်များတယ်ဆိုတော့ နင်ကရော နင့်ရှေ့မှာ ရန်မများလို့လား နင့်အကြောင်း ကြိုးကြိုးပြောပြလို့ အကုန်သိပြီးပြီ အောင်သွယ်ကောင်းနဲ့တင် မဟုတ်ဘူး၊ ရန်ဖြစ်တဲ့နေရာလည်း ဆတ်ဆတ်ကြဲတဲ့၊ ရှာရှိုက်ပေါက် ဆိုင်ကယ်တစ်စီးနဲ့ ပတ်ပြီး ပြဿနာလိုက်ရှာနေတာဆို၊ အခု သူတော်ကောင်းယောင်ဆောင်နေတာ"

"အောင်မာ၊ အကြောင်းမဲ့သက်သက် ပြဿနာအိုး မဟုတ်ဘူး၊ မတရားတာဆိုရင်သာ ပေါက်မခံ ပြန်ဆော်တာပါ၊ နင်တို့လို ဘလိုင်းကြီး ပေါက်နေတာမှ မဟုတ်တာ၊ ငါ့ကြောင့် ဘယ်သူမှ နစ်နာ





ဖူးတယ်ဆိုတာ မရှိဘူး၊ ကဲပါ နင် ပုလဲကို ရှင်းပြမှာလား မရှင်းပြဘူးလား ပြော၊ ငါ ပုလဲကို တကယ်အားနာတယ်"

"နင်ကလေ အရမ်း ရေးကြီးခွင်ကျယ်လုပ်တာပဲ"

"အကြောင်းမဲ့သက်သက်တော့ ဘယ်ဟုတ်မလဲဟဲ့၊ ပုလဲ စိတ်ထဲ တစ်မျိုးထင်သွားတော့ ဘယ်ကောင်းမလဲ၊ အခုက အိုးမလုံအုံပွင့်နဲ့ ပုလဲ အထင်လွဲစရာ ဖြစ်နေတယ်၊ နင်မပြောလည်း ငါပြောလိုက်တော့မယ်၊ အရမ်း စိတ်ရှုပ်တာပဲ၊ တကယ်ပြောတာ၊ သင်တန်းလည်း မတက်ချင်တော့ဘူး၊ သီချင်းလည်း မဆိုချင်တော့ဘူး၊ ရွာပြန်ဖို့ပဲ စဉ်းစားတော့မယ်"

နေနက္ခတ် ဆတ်ခနဲ တုန်သွားသေး၏။ နေဝန်းနီသီက ထိုစကားမျိုးကို မကြားချင်။ နေဝန်းနီနှင့် တစ်အိမ်တည်းနေရတာ ဘယ်လောက်တောင် နေပျော်တဲ့ဘဝမျိုးလည်းဆိုတာ အခုမှ တဖြည်းဖြည်း ခံစားမိလာတာ။

"ဟို ပုလဲကိုရှင်းပြဖို့ ငါ ဖုန်းဆက်ပြီး ချိန်းလိုက်ပါမယ်၊ နင်လည်း လိုက်ခဲ့ရမယ်နော်၊ ဩော် ဒါနဲ့ ပါပါးနဲ့မမချို နောက်အပတ်ထဲမှာ မင်္ဂလာဆွမ်းကျွေးတော့မယ်တဲ့၊ နင်သိပြီးပြီလား"

"အန်တီကြီး ပြောပြပါတယ်၊ အဲလိုဖြစ်သွားလို့ နင် ငါ့ကို မကျေနပ်ပြန်ဘူးလား"

မျက်စောင်းထိုးကာမေးတော့ နေနက္ခတ်က သူ့မေးခေါင်းကို



www.burmeseclassic.com

www.burmeseclassic.com



မဓိတမိ လှမ်းပုတ်ကာ –

"မကျေမနပ် မဖြစ်တော့ပါဘူး။ အောင်သွယ်တာ အရမ်း ကျွမ်းကျင်လို့ ဆရာကြီးဘွဲ့ပေးမလို့"

"ဟွန်း နင်လိုက်လို့ အဆင်မပြေတဲ့ ပုလဲနဲ့ ချစ်သူဖြစ်လိုက် ရလို့ မဟုတ်လား။ ငါကတော့လေ ကိုယ်ချစ်တဲ့သူတွေနဲ့ အဆင်ပြေ ဆုံစည်းပြီး ပေါင်းဖက်ရတယ်ဆိုရင် စိတ်ချမ်းသာပါတယ်၊ တချို့ လက် ထပ်ပြီးမှ အဆင်မပြေတဲ့ အိမ်ထောင်ရေးမျိုးတော့ ငါလည်း မတတ်နိုင် ဘူး"

"နင့်အတွက်ရော တစ်ခါမှ စိတ်ကူးယဉ်မကြည့်ဖူးဘူးလား နေဝန်းနီ"

"ဟင် ငါက ဘာလို့ စိတ်ကူးယဉ်ရမှာလဲ"

"လူဆိုတာ အချစ်နဲ့တွေ့မှ နူးညံ့သိမ်မွေ့လာတာတဲ့ နင် တစ်ယောက်ယောက်ကို ချစ်ကြည့်ဖို့ နည်းနည်းလောက် စဉ်းစားလိုက် လား"

"ဟင် ဟင့်အင်း"

အရင်ကလို ကက်ကက်လန်ရန်တွေ့ဖို့ မေ့လျော့စွာ မျက်နှာ လေး နီမြန်းမြန်းနှင့် နေဝန်းနီ ခေါင်းခါလိုက်သည်။

အချစ်နှင့်သူမ မရင်းနှီးချင်ပါ။ ဘဝမှာ ပျော်သလို နေထိုင်ရင်း ဖြင့် အချစ်ကို မေ့လျော့ထားခဲ့တာတောင် ရင်ထဲမှာ နိုးလိုးနလှ အ





အထိတ် ဖြစ်နေသည်။

ဘယ်လိုဝေဒနာပါလို့ ကြေညာဖို့လည်း ကိုယ့်ကိုယ်ကိုယ် ဆန်း စစ်ရမှာ ကြောက်နေတာ။

တကယ်ဆို အချစ်က သူမနှင့် သူစိမ်းသက်သက်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဒါ ဒီဆိုင်မှာ ထိုင်နေခဲ့မယ်၊ နင် ပုလဲကို သွားကြိုလိုက်၊ အဆင်ပြေအောင် ပြောဆိုပြီးမှ ဒီကိုခေါ်လာ"

"နင်ကသာ ဒီကိုလာဖို့ ချိန်းထားပြီးသားမဟုတ်သူ့ဘာသာ လာမှာပေါ့"

"ဟဲ့ ကိုယ့်ချစ်သူနဲ့ ချိန်းတွေ့ကာပဲ အလေးအနက် ရှိစမ်းပါ၊ ငါက နင်တို့နှစ်ယောက်ကို အောင်သွယ်ပေးတဲ့ မြှားနတ်မောင်ဆိုတာ သေသေချာချာ ပြောပြနော်၊ ငါ့ရှေ့မှာ ရှင်းမပြနိုင်းတာက မျက်နှာပူလို့ အားနာလို့ သွားပါဟယ် လာခါနီးနေပြီထင်တယ်၊ ဟိုနားဒီနားက သွားစောင့်ချည် သွား"

"ကျွတ် အရမ်း နားပူနားဆာနိုင်တာပဲ"





နေဝန်းနီက သူ့ကို တွန်းလွှတ်ပြီး ကန်တက်ကျကျ စားပွဲဝိုင်းမှာ သွားထိုင်သည်။ ကုန်းစောင်းအတက်လေးကို တက်လိုက်စဉ်မှာပင် တက္ကစီကားပေါ်က ဆင်းလာသည့် ပုလဲနက်ကို မြင်တွေ့လိုက်ရသည်။

"နကွတ်"

ပုလဲက လှိုက်မောနေသောအသံလေးနှင့် ခေါ်ရင်း သူ့အနား လျှောက်လာ၏။ လက်မောင်းကို တွဲချိတ်ပြီး နွဲ့နွဲ့လေးမိုကာ –

"နကွတ်နဲ့ တစ်ခါတလေ တွေ့ဖို့ အသည်းတထိတ်ထိတ် ရင်တဖိုဖိုနဲ့ အရမ်းစွန့်စားရတာပဲ၊ တစ်ယောက်တည်းလည်း ဘယ်မှ မထွက်ဖူးတော့ ကြောက်လိုက်တာ နကွတ်ရယ်၊ ဒီနေ့မှ နီနီကလည်း သင်တန်းမလာဘူး။ သူလာရင်တော့ အဖော်ခေါ်လို့ ရသေးတာပေါ့"

"ဪ အင်း·ကိုယ်တို့ ကန်ပေါင်မှာ ခဏလမ်းလျှောက်ရင်း စကားပြောရအောင်နော်၊ ပြီးမှ ဆိုင်မှာ တစ်ခုခုစားကြတာပေါ့"

"အင်း နကွတ်သဘောလေ"

ပုလဲက သူနှင့် အခုလိုနေရတာကို ပျော်နေသလိုပင်။

သူ့ရင်ထဲမှာတော့ တစ်ခုခုကို ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချချင်စိတ်တွေနှင့် ကတုန်ကယင် လှုပ်ရှားနေသည်။

"ဟိတ်ကောင် ဒါ ဘာလုပ်တာလဲ"

"ဖုန်း ခွမ်း"

အော်သံနှင့် တစ်ဆက်တည်း လျှပ်တစ်ပြက်ဝင်လာသော လက်



www.burmeseclassic.com

www.burmeseclassic.com



သီးချက်များကြောင့် ဖင်ထိုင်လျက် ပစ်လဲသွားရင်း ကြယ်ရောင်လရောင်တွေကို မြင်လိုက်ရသည်။

"ညာဏ် ညာဏ်လင်း၊ ကိုကိုလေး မလုပ်ပါနဲ့ မလုပ်ပါနဲ့"

ပုလဲနက်က အထိတ်တလန့် အော်ဟစ်တားဆီးကာ နေနကွတ်ရှေ့က အကာအကွယ်ပေး၍ ရပ်နေသည်။ နှုတ်ခမ်းထောင့်စွန်းက စိမ့်ခနဲထွက်လာသည့်သွေးတွေကို လက်ဖမိုးနှင့် ပွတ်သုတ်ပြီး ပုလဲနက် ပခုံးလေးကို ခပ်ဖွဖွ ဆုပ်ညှစ်ကာ နေနကွတ် ထရပ်လိုက်သည်။

ညာဏ်လင်းတို့ အံ့ကြိတ်တက်ခေါက်ကာ ရှေ့တိုးလာသော်လည်း နေနကွတ်က နှုတ်ခမ်းလေးလှုပ်ရုံ ပြုံးလိုက်ပြီး –

"ဘယ်လိုဖြစ်ကြတာလဲကွာ၊ ကိုယ့်ယောက်ဖလောင်းကို အဲလို မညှာမတာ လုပ်ရလား၊ မင်းတို့ တကယ်ယောက်ဖ မတော်ထိုက်တဲ့ကောင်တွေပဲ"

"ဟိတ်ကောင်၊ မင်း အပိုတွေ မပြောနဲ့၊ မင်း ဘယ်လိုအချိုးနဲ့ ငါ့အစ်မကို ချဉ်းကပ်နေတယ်ဆိုတာ သိတယ်၊ ပုလဲ လာစမ်းဒီကို"

"နင့်ကို ဒီကောင်အကြောင်း ပြောထားရဲ့နဲ့၊ နင်တို့က ကန်ပေါင်မှာ ချိန်းတွေ့တဲ့အဆင့်တောင် ရောက်သွားပြီလား၊ မိုက်လိုက်တာ ပုလဲရယ်၊ ငါတို့ ဒီလောက် တင်းတင်းကျပ်ကျပ် စောင့်ရှောက်နေတဲ့ကြားထဲက၊ နင့်ကို အိမ်ရောက်ရင် အသေသတ်ပစ်မယ်၊ သိလား"

"သတ်ချင်ရင် သတ်, လုပ်ချင်ရင် လုပ်ကြတော့၊ နင်တို့ မုန်





ပြီး ရန်စတွေ ရှိကြတိုင်း ငါက ချစ်သူမထားရတော့ဘူးလား၊ နေနကွတ်က နင်တို့ထင်သလို မဟုတ်ဘူး၊ ငါ့ကို တကယ်ချစ်တာ"

"ဘာ နင်ယုံတယ်ပေါ့၊ ဒီကောင်ပြောတာတွေ တကယ် မှတ်နေတယ်ပေါ့၊ အဲဒီကောင် လိမ်နေတာ ညာနေတာ၊ နင့်ကို တကယ်ယူမှာ မဟုတ်ဘူး၊ ကျောရရုံကြံမလို့"

ညာဏ်လင်းတို့စကားကို အဆုံးသတ်မခံဘဲ ခနိုးခနဲ့ ပြုံး၍လက်ကာတားလိုက်သည်။

"စကားလုံးကြမ်းကြမ်းကြီးတွေ မသုံးပါနဲ့ကွာ၊ မင်းတို့မှ ကြည်ဖြူမယ်ဆိုရင် ပုလဲကို ငါ အတည်ယူမှာပါ"

"ဟေ့ကောင် မင်းပါးစပ်ပိတ်၊ မင်း ဘာသောက်ချိုးနဲ့ ပြောနေတယ်ဆိုတာ ငါတို့မသိဘူး ထင်နေလား၊ မသက်ာလို့ နောက်က လိုက်ချောင်းနေတာတောင် ဘယ်လိုအကွက်ရသွားတယ် မသိဘူး၊ အေး-ငါ့အစ်မကို မင်း ဘယ်တော့မှ မပိုင်ဆိုင်စေရဘူး နေနကွတ်"

"ကဲ ဒီကောင်တွေကတော့ ပြောနေပြီ ပုလဲ၊ ကိုယ်ကတော့ ပုလဲဆုံးဖြတ်မှုက အဓိကပဲလို့ ထင်တယ်၊ ဒီတစ်ခါ ဒီကောင်တွေ စကားကိုယုံပြီး ပုလဲလိုက်သွားမယ်ဆိုရင် ကိုယ်တို့ နောက်တစ်ခါဆုံဖို့ မလွယ်တော့ဘူး၊ ကိုယ်လည်း ဆုံးဖြတ်ထားတယ်၊ ပုလဲကို အပင်ပန်းခံ လာမရှာတော့ဘူးလို့ ဟင်း ဟင်း၊ အတိုက်အခံလုပ် ပြဿနာများတဲ့အထိ မိန်းမတစ်ယောက်ကို အချိန်မပေးချင်တော့တာ"



www.burmeseclassic.com

www.burmeseclassic.com

"အာ ဒီကောင် မိုက်ရိုင်းလိုက်တာ၊ ဟိတ်ကောင်တွေ ချကွာ၊ အသေသတ်ပစ်"

"ဆော် အသေဆော်ပစ်၊ ဒီကောင် ညှာလို့မရဘူး"

"အောင်မယ်လေး မလုပ်ကြပါနဲ့ မလုပ်ကြပါနဲ့"

ဉာဏ်လင်းတို့က ခပ်လှမ်းလှမ်းမှာ အဆင်သင့်ရပ်နေကြသော သူငယ်ချင်းသုံးလေးယောက်ကိုပါ ခေါ်ပြီးချနိုင်းတာမို့ အများနှင့် တစ်ယောက်ဖြစ်ကာ နေနက္ခတ် မရှုမလှ ခံနေရသည်။

ပုလဲနက် ငယ်သံပါအောင် အော်နေလည်း လူရှင်းသော ကန်ပေါင်မှာ ကူကယ်မယ့်သူ မရှိသလို ဘယ်သူကမှလည်း အာရုံမစိုက်။

"ဟင် နု နက္ခတ်"

နေဝန်းနီ မျက်လုံးတွေ ပြာဝေသွားသည်။ နက္ခတ်နှင့်ပုလဲ မလာနိုင်လို့ ဘာတွေဖြစ်နေလဲ၊ ဘယ်နေရာတွေသွားနေလဲဆိုပြီး ထ လိုက်လာခဲ့တာ။

ပြေရှင်းဖို့ခက်ခဲနေလျှင် အဆင်ပြေအောင် တောင်းပန်ချင်လို့ပါ။ ခုတော့ –

"ဟိတ် နင်တို့ မတရားမလုပ်နဲ့"

ဂျင်းဘောင်းဘီအကျပ် ဝတ်လာတာမို့ ရန်ပွဲအတွင်း လွှားခနဲ ခုန်ဝင်၍ နက္ခတ်ဘက်က ကူဖိုက်ပေးလိုက်သည်။ ပုလဲနက် မယုံနိုင်အောင် မျက်လုံးပြူးသွားလည်း မတတ်နိုင်။





ပုလဲနက်မောင်တွေ ဘယ်လိုထင်တင် ဂရုမစိုက်။

ခုချိန်မှာ နေနက္ခတ် သွေးသံရဲရဲ မရှုမလှဖြစ်နေတာကို ဘယ်လိုမှ ဥပေက္ခာမပြုရက်။

ခြေတွေလက်တွေ ပညာကုန်ထုတ်သုံးလျက် တစ်ဖက်လူ လေးငါးယောက်ကို အလဲလဲအပြိုပြိုဖြစ်အောင် လုပ်ပစ်လိုက်၏။

မထူနိုင် မထနိုင်ဖြစ်နေသော နေနက္ခတ်ကို လုံးဝ အထိအပါးမခံတော့ဘဲ သူမ အစွမ်းကုန် အကာအကွယ်ပေးမိသည်။

"ဟိတ် ဟိတ်ကောင်တွေ ပြေးတော့"

"ပုလဲ လာစမ်း၊ အိမ်ရောက်ရင် နင်အသေပဲ၊ တွေ့လား နင့်သူငယ်ချင်းနေဝန်းနီက ဟိုကောင်ကို အကာအကွယ်ပေးနေတာ၊ တောက်"

ဉာဏ်လင်းတို့ မကျေမချမ်းဖြစ်ကြရင်း ပုလဲနက်ကို ဆွဲရန်းခေါ်သွားကြသည်။ ပုလဲနက်မှာ မယုံနိုင်သော၊ အံ့ဩနေသော၊ ကိုနောက်နာကြည်းသောမျက်ဝန်းများဖြင့် လည်ပြန်ကြည့်ရင်း ယက်ကန်ယက်ကန်ပါသွားရှာ၏။

"နု နက္ခတ် နင်အဆင်ပြေလား"

"ကျွတ် ဒီလောက်လဲကွဲပြီး သွေးတွေ ထွက်နေတာ အဆင်ပြေမလားဟာ"

ဖုတ်ဖက်ခါကာ လူးလဲထရင်း ယိုင်နဲ့သွားသည်မို့ နေဝန်းနီက



www.burmeseclassic.com

www.burmeseclassic.com



အလျှင်အမြန် ဖမ်းဆွဲထိန်းလိုက်၏။ နောက်မှ သတိရကာ နကွတ်ခေါင်းကို လက်တစ်ဖက်နှင့် ခပ်နာနာ ခေါက်ပစ်ကာ -

"ငါ ဝင်ကူလို့ ဒီလောက်လေးဖြစ်တာကို ကျေးဇူးတင်ရမှန်း မသိ၊ တော်လော်ကန့်လန့် ဖြေရလား။ အမြင်ကတ်ကတ်နဲ့ ငါခွဲပြလိုက်ရင် သေဦးမယ်"

"မလုပ်ပါနဲ့ဟာ၊ ကြိမ်းမောင်းနေတာနဲ့ ငါအသက်ထွက်သွားပါဦးမယ်၊ အား ကျွတ် ကျွတ်"

"အေး နင့်ရုပ်က စုတ်ပြတ်သတ်နေပြီ၊ ဆေးခန်းသွားမှ ဖြစ်မယ်"

"ဒီပုံစံနဲ့ စပ်လားဆေးလားတွေ လုပ်နေ့ရင်ပဲ၊ အိမ်ပဲ ပြန်မယ်။ ကြီးကြီးတော့ ပွမ်တော့မှာပဲဟာ၊ ပါပါးလည်း သူမပါလို့ ငါခံရတယ်ဆိုပြီး စိတ်မကောင်းဖြစ်နေမှာ"

"အဲဒါတွေ တွေးပူမနေနဲ့၊ ဒီအချိန် အန်တီကြီးတို့ ပြန်ရောက်သေးမှာ မဟုတ်ပါဘူး။ နင်တို့အိမ်မှာ ဆေးသေတ္တာရှိတယ် မဟုတ်လား။ ငါ ဆေးထည့်ပေးမယ်"

"အေး အဲလိုလုပ်တာပဲ ကောင်းပါတယ်"

နေဝန်းနီက်ိုမှီတွယ်ရင်း ကားရှိရာကို လာခဲ့ရသည်။ ခြေထောက်လည်း အနည်းငယ် နာသွားတာမို့ ကားမောင်းရတာ သိပ်တော့ အဆင်မပြေ။





ဒါပေမဲ့ သူ့ရင်ထဲမှာ နာကျင်မှုတွေ ရှိမနေ။ သူပျော်နေသည်၊ ကြည်နူးနေသည်။

သူ့ကို ဒီလောက်အထိ နေဝန်းနီ စွမ်းစွမ်းတမံ ကာကွယ်ပေးလိမ့်မည်မထင်မိ။ အသတ်အပုတ် ကျွမ်းကျင်တာ သိထားသော်လည်း လူလေးငါးယောက် ထွက်ပြေးသွားအောင် လုပ်နိုင်တာ သူ့ထက်သာသော အရည်အချင်းတွေ ပိုင်ဆိုင်ထားတာကြောင့် ဖြစ်သည်။

ဒီလိုမိန်းကလေးကိုမှ သူ့ရင်ထဲက အမှန်တကယ် တောင့်တနေမိခြင်းသည် -



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၁)

"ဘာ ပုလဲကို နင် ဘာတစ်ခုမှ ရှင်းမပြရသေးဘူးပေါ့"

"အေးလေ၊ ပြောဖို့လုပ်နေတုန်း သူ့မောင်တွေ ရောက်လာတာပါ ဆို၊ ဘယ်လို အနှံ့ခံလိုက်လာတာလဲတော့ မသိဘူး"

"ဟာ အဲဒါကြောင့် ပုလဲ အဲလိုမျက်လုံးတွေနဲ့ ကြည့်သွားတာ၊ ယောကျ်ားလေးဖြစ်ပြီး နှုတ်က အဲလောက်ပဲ ဆွံ့အနေရလား၊ အခု ပုလဲ ပိုပြီး အထင်လွဲစရာဖြစ်သွားတာပေါ့၊ ဘယ်လောက် အားနာစရာကောင်းလဲ နကွတ်ရယ်၊ နင်ကလေ ဇော်တော်ကို အသုံးမကျတာဘဲ၊ သူ့မောင်တွေကပါ ငါ့ကို ဘယ်လိုထင်သွားမလဲ"

ဆေးထည့်ပေးနေရင်းက ပေါက်ပေါက်ဖောက်နေတာမို့ နားလည်း မသက်သာ၊ ဒဏ်ရာတွေလည်း စိတ်လိုက်မာန်ပါ ဆောင့်ချခံနေ





ရတာမို့ မချိမဆံ့နာကျင်လို့။

"ကဲ ဟိုဘက်က လူတွေကို သွားစိတ်ပူမနေနဲ့၊ ဒီကလူက သေတော့မယ်၊ ဖြည်းဖြည်းလုပ်ပါဟ"

"နင်သေသွားလည်း ကောင်းတာပဲ နကွတ်၊ နင့်ချစ်သူ ဘယ်လိုဖြစ်သွားမလဲဆိုတာ နင်တွေးမပူမိဘူးလား၊ အဲလိုမှန်းသိ နင့်ကို မကူညီမိပါဘူးဟယ်၊ တကယ်ပြောတာ"

"ဘာလဲ နင်က ဟိုဘက်ကနေ ဝိုင်းကူချချင်သေးတာလား၊ ပုလဲမောင်တွေကို နင်ငြိနေပြီပေါ့"

"ငြိမှဖြင့် နင့်လိုကောင် သေပြီပေါ့ဟဲ့၊ နင် ရုပ်ပျက်ဆင်းပျက် ခံနေရတာမြင်လို့ ဝင်ကူခဲ့တာပဲ၊ ဒါပေမဲ့ ပုလဲကို နင်ရှင်းပြပြီးပြီလို့ ထင်နေတာ၊ အခု ဘယ်လိုလုပ်မလဲ နင်ပြော"

"ဘာမှ ပြောစရာမရှိဘူး၊ ပုလဲနဲ့ငါနဲ့ ပြတ်သွားပြီ၊ ဒါပဲ"

"ဟဲ့ အဲလိုတော့ မပြောနဲ့လေ၊ ပုလဲက နင့်ချစ်သူ၊ သူ့မောင်တွေကိစ္စနဲ့ ပုလဲကို နင် ဥပေက္ခာမပြုသင့်ဘူး၊ တကယ်ဆို မဖြစ်နိုင်ဘူးထင်ရင် ဘာလို့ ငါ့ကိုအောင်သွယ်ခိုင်းခဲ့သေးလဲ"

"ဒါကတော့"

"အကြောင်းပြချက်မနိုင်လို့ရင် နင် သေဒဏ်ပဲနော် နကွတ်"

"ငါ ပုလဲကို မချစ်ဘူး"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းနားပန်းကြီးကာ နေဝန်းနီ ဘာသံ တုန်ခါသွားသည်။ နေနကွတ်ကိုလည်း ဆတ်ခနဲ တွန်းကာ ထရပ်မိသည်။

နေနကွတ်က ဘယ်လိုယောကျ်ားမျိုးလဲ။

"နင် နင် ခုနကစကား ပြန်ပြောစမ်းပါဦး"

"ငါ ပုလဲကို မချစ်ဘူး"

"ဒါဆို နင် ဘာရည်ရွယ်ချက်နဲ့ ငါ့ကို အောင်သွယ်ခိုင်းခဲ့တာလဲ"

"သူ့မောင်တွေကို တစ်ခုခု လုပ်ပြချင်လို့"

"နင် ယောကျ်ားစစ်စစ်မှ ဟုတ်ရဲ့လား"

"ယောကျ်ားဖြစ်လို့ မနာကျင်ရတော့ဘူးလား။ အာဃာတ မထားရတော့ဘူးလား။ ကိုယ့်အရှက်နဲ့မာနအတွက် မတုံ့ပြန်ရတော့ဘူး လား"

"ဘယ်လောက်တောင် ကြီးမားတဲ့ ဒဏ်ရာရလို့ ဒီလိုလုပ်လိုက်ရ တာလဲ"

"ဒါတွေ ရှင်းပြပြီး နင့်ဆီက နားလည်မှုမယူချင်ဘူး နေဝန်းနီ။ ငါ လုပ်သင့်လုပ်ထိုက်လို့လုပ်တာ"

"အေး နင် ငါ့ကို ရှင်းမပြပေမယ့် ငါကတော့ ပုလဲကို ရှင်းပြရ လိမ့်မယ်၊ ဒီသင်တန်းကို ငါ ဘာကြောင့် လာတက်ရတယ်ဆိုတာကအစ ပေါ့၊ နင့်လို လူညစ်ပတ်ရဲ့ ရည်ရွယ်ချက်ကို ငါကြိုသိခဲ့ရင် ဒီလိုလုပ်ပေးမိမှာ





မဟုတ်ဘူး။ ငါအောင်သွယ်တယ်ဆိုတာက ချစ်တဲ့လူတွေကို ပေါင်းဖက် စေချင်လို့ နကွတ်ရဲ့၊ သိရဲ့လား"

"အဲဒီအတွက် နင် ဘာအကျိုးအမြတ်ရလို့လဲ၊ မပေါင်းဖက် တော့ရော နင် ဘာတွေ နစ်နာသွားလို့လဲ၊ လူတိုင်းရဲ့စိတ်တွေက တူ ညီနေတာ မဟုတ်ဘူး နေဝန်းနီ၊ နင်ဖြစ်စေချင်သလိုလည်း ဖြစ်ချင်မှ ဖြစ်မှာပေါ့"

"ထားပါတော့၊ နင့်ရဲ့ကောက်ကျစ်မှုတွေထဲမှာ ငါ အသုံးချခံ လိုက်ရတာ စိတ်မကောင်းဘူး၊ ငါ့ရဲ့လုပ်ရပ်တွေ အပြစ်ကင်းချင်မှ ကင်း လိမ့်မယ်၊ ဒါပေမဲ့ ငါ မယုတ်မာဘူး။ မကောက်ကျစ်ဘူး၊ မိန်းကလေး တစ်ယောက်ကို တကယ်မချစ်ဘဲ မားစာခံလုပ်ရက်တဲ့ နင့်ရဲ့စိတ်ကို ငါ အရမ်းရွံသွားပြီ နေနကွတ်"

"နီနီ နေဝန်းနီ"

ခေါ်သံကြားပေမယ့် တုံ့ပြန်လှည့်မကြည့်ခဲ့။ သူမအခန်းရှိရာ ပြေးတက်လာရင်း ဘာကိုဝမ်းနည်းမှန်းမသိ ရှိုက်ငိုပစ်လိုက်သည်။ နေ နကွတ်က ဒီလိုလူမျိုးတဲ့လား။ မိုက်ကန်းကန်းနေတတ်တာကို သိပေမယ့် ယုတ်မာမည့်သူမဟုတ်ဘူးဟုတော့ ယုံကြည်မိခဲ့သည်။

နေနကွတ် ဒီလိုလူမျိုးဖြစ်တာကို သူမ ဘာလို့ ဒီလောက်တောင် ဝမ်းနည်းမိရတာလဲ။

အကောင်းဆုံးဆင်ခြေတစ်ခု ပုလဲဆီက ကြားနိုင်မလား။ ဒီသင်



www.burmeseclassic.com

www.burmeseclassic.com



တန်းကို တက်စရာမလိုတော့ပေ။ ပုလဲနှင့်တွေ့ဖို့ သင်တန်းကို သွားရ ဖြစ်မည်။

နောက်တစ်နေ့မှာ သင်တန်းကို နာရီဝက်ခန့်စော၍ ထွက်လာခဲ့သည်။ သင်တန်းခန်းမထဲမှာ တစ်ယောက်တည်း ကြောင်တောင်တောင် ထိုင်ရင်း ပုလဲကို စောင့်နေမိ၏။ ကံကောင်းထောက်မ၍ ပုလဲလည်း သင်တန်းကို စောစီးစွာရောက်လာသည်။ ပုလဲက သူမကိုမြင်တော့ တင်းမာနေသော မျက်နှာလေးနှင့် ဆတ်ခနဲ လှည့်ဖယ်ကာ ပြန်ထွက်သွားဖို့ပြင်သည်။

"ပုလဲ"

ခပ်မြန်မြန်လိုက်၍ ကော်ရစ်ဒါထောင့်ချိုးမှာ ပုလဲလက်ကို ဆွဲထားလိုက်မိ၏။ ပုလဲက ဆတ်ခနဲ ပြန်ရုန်း၍ မျက်စောင်းတစ်ချက် ထိုးသည်။

"နင် တော်တော်မျက်နှာပြောင်သားပဲ နေဝန်းနီ၊ ငါသာဆို မျက်နှာချင်းဆိုင်ရဲတော့မယ် မထင်ဘူး"

"အဲဒါက မမှန်ကန်တာ, သစ္စာဖောက်မျက်တာတွေ လုပ်မိတဲ့ သူမျိုးမှ ဖြစ်ပါလိမ့်မယ်"

"ဩော် နင်က မှန်ကန်တယ်, သစ္စာရှိတယ်ပေါ့၊ အခုမှ ရည်းစားလုပ်ရတာလား, အရင်ကတည်းက ဖာတ်လမ်းရှိခဲ့ကြတာလား ပြောပြစမ်း မရတော့လို့ နည်းနည်းလောက်ရှင်းပြပါလား"



"ရှင်းပြဖို့ ငါရောက်လာခဲ့တာပါ ပုလဲ၊ ဒါပေမဲ့ နင်ထင်တာတွေတော့ တစ်ခုမှ မဟုတ်ဘူး"

"အကြောင်းပြချက်တွေ အစီစဉ်တကျ ဖန်တီးထားတယ် ဆိုလည်း စောစောက သတိပေးခဲ့ရောပေါ့"

"မခနဲ့ပါနဲ့ ပုလဲ၊ မင်းဆီက နားလည်မှုလိုချင်လို့ ရှင်းပြမှာတော့ မဟုတ်ပါဘူး။ ငါ့ စိတ်ရင်းအမှန်ကို သိစေချင်တာပါ၊ လွယ်လွယ်ပြောရရင် မင်းနဲ့နကွတ်ကို အောင်သွယ်ပေးဖို့အတွက် ငါ့ဒီသင်တန်းကို လာတက်တာ'

"ဘာ"

ပုလဲနက်ရဲ့ မယုံသင်္ကာမျက်ဝန်းများ၊ သူမဆီကို ရူးခနဲ ရောက်လာသည်။ ပုံပြင်တွေလို အောက်မေ့နေလား၊ မခိုင်လုံသည့်ဆင်ခြေတွေလို့ ထင်နေလားတော့ ပုလဲစိတ်ထဲမှာပဲ ခန့်မှန်းနေပေလိမ့်မည်။

"မင်း ယုံချင်မှ ယုံလိမ့်မယ်၊ ဒါပေမဲ့ ဒါ အမှန်တရားပါ၊ နေနကွတ်က အကူအညီတောင်းတယ်၊ ဘာလို့ အဲလောက်ထိ ရင်းနှီးရလဲဆိုတော့ ငါ့က သူတို့အိမ်မှာ နေတာမို့လို့ပဲ"

"ဟင်"

"အတွေးတွေ နက်မသွားပါနဲ့ဦး။ ငါ့ကို သူ့အဒေါ် ခေါ်လာခဲ့တာ၊ ဝါသနာအရ သီချင်းဆိုပြိုင်ပွဲတွေ ဘာတွေ လုပ်ချင်တာကြောင့်ပဲ၊ တခြားကိစ္စကတော့ ရွာမှာ အောင်သွယ်ကောင်းလို့ တချို့မိတ်ဆွေ မျက်

www.burmeseclassic.com

www.burmeseclassic.com



မုန်းကျိုးနေတာကြောင့်ပါ၊ အဲလိုနဲ့ တို့ ဒီကိုရောက်လာတယ်"

"အဲဒီလိုနဲ့ နေနကွတ်နဲ့ပတ်သက်ရင် အသက်ပေး ကူညီချင်လောက်တဲ့အထိ မေတ္တာစိတ်တွေ ညွတ်နူးခဲ့တယ်ဆိုပါတော့"

"တို့စကားကို ဆုံးအောင်နားထောင်ပေးပါလား ပုလဲ၊ တို့ အရိုးသားဆုံး ဝန်ခံတာ နေနကွတ်အပေါ် တို့ မရိုးမသား ဘာစိတ်မှ မရှိခဲ့ဘူး။ နေနကွတ်လည်း အဲဒီလိုပဲ"

ဘာမှမပြောပေမယ့် ပုလဲနက် နှုတ်ခမ်းအစုံ မြင်မကောင်းအောင် မဲ့ရွဲ့သွားသည်။ ဘာပြောချင်နေသလဲဆိုတာ စိတ်ထဲက သိနေသလိုလိုရှိပေမယ့် မသိချင်ယောင်ဆောင်ကာ နေဝန်းနီ ဆက်ရှင်းပြမိသည်။

"တို့ မင်းနဲ့ ခင်မင်ရင်းနှီးအောင် လုပ်ခဲ့တယ်၊ နကွတ်နဲ့ ဆုံစည်းအောင် ဖန်တီးပေးခဲ့တယ်၊ ချိန်းတွေ့တဲ့နေ့တွေမှာလည်း မင်းရဲ့ သူငယ်ချင်းအဖြစ်နဲ့ အဖော်လိုက်ပေးခဲ့တယ်၊ ဒါတွေကို ဘာလို့ ရှင်းမပြခဲ့တာလဲဆိုတော့ မိန်းမတွေက ဝန်တိုစိတ်များတယ်၊ တို့နဲ့နကွတ် တစ်အိမ်တည်းနေတာသိရင် သံသယစိတ်တွေနဲ့ မင်း ပင်ပန်းမှာစိုးလို့ပါ။ ဒါပေမဲ့ ဒီနေ့ နကွတ်ကို မင်းကိုရှင်းပြဖို့ တို့တောင်းဆိုလိုက်တယ်၊ အဲဒါကြောင့် မင်းကို မနေ့က တွေ့ဖို့ချိန်းလိုက်တာ"

"မင်းပြောစရာကုန်သွားပြီလား နေဝန်းနီ၊ မကုန်သေးလည်း တို့ ဖြတ်ပြောမယ်၊ အခု မင်းကိုယ်မင်း ရိုးသားပါတယ်လို့ ဝန်ခံတယ်၊





နေနကွတ်လည်း အဲဒီလိုပါပဲလို့ မင်း အာမခံတယ်၊ ဒါပေမဲ့ သူ့ အောင်သွယ်ပေးဖို့ ကူညီနိုင်းတာကို မင်း လက်ခံလိုက်ကတည်းက စမှားတာ"

"ဟင် ဘာ"

"မင်းလည်း တို့ပြောတဲ့စကားကို ဆုံးအောင်နားထောင်ပေး နေဝန်းနီ၊ နေနကွတ်က တို့ကို တကယ်ချစ်လို့ ချဉ်းကပ်ခဲ့တာ မဟုတ်လို့ပဲ"

"ပုလဲ"

ထိုစကားကို နေနကွတ်ဆီက အတိအကျကြားထားသော်လည်း ပုလဲသိနေမည် မထင်တာကြောင့် သူမ အထိတ်အလန့် ဖြစ်သွားမိသည်။ ဒါဆိုလျှင် အောင်သွယ်ပေးခဲ့သည့် သူမ,မှားတာလို့ ပုလဲစွပ်စွဲတာ အလွန်မှ မဟုတ်ဘဲ။

မျက်နှာလေးပြူးကျယ်အံ့အားသင့်သွားသော သူမကိုကြည့်၍ ပုလဲ ခနီးခနဲ့ပြုံးပြန်သည်။

"တကယ်ဆို အနီးကပ်ရင်းနှီးနေတဲ့ မင်းကို နေနကွတ် စိတ်ဝင်စားနေတာ"

"အာ မ မဖြစ်နိုင်တာ၊ တို့တွေ ရိုးရိုးသားသား"

"ဖွင့်ပြောဖို့ အကြောင်းအရာတွေ မတိုက်ဆိုင်တော့ မင်းပြောတာလည်း ဖြစ်ချင်ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ ဘာသာပြန်စရာမလိုတဲ့ ဒါတွေက အလိုလိုသိနိုင်ပါတယ်၊ ချစ်သူတစ်ယောက်အနေနဲ့ပို တို့က



www.burmeseclassic.com

ဖို့ပြီး ခံစားလို့ရတာပေါ့"

"ပု ပုလဲရယ်၊ ဒီကိစ္စ မင်းစွပ်စွဲပုံဟာတော့ လွန်တယ်ထင်တယ် တို့ ဝန်ခံတယ်၊ နေနကွတ်က မင်းကို တကယ်ချစ်တယ်ထင်လို့ တို့ အောင်သွယ်ပေးခဲ့တာ၊ မင်းတို့နောက်ကြောင်းရာဇဝင်တွေ ဘာတွေ ဖြစ် ခဲ့မှန်းမှ မသိဘဲ၊ တို့က ချစ်သူချင်းတွေ ပေါင်းဖက်ရစေချင်တာပါ ကျွန်တဲ့အရာတွေကို ဘာမှမသိ"

"ထင်ပါတယ်၊ မင်း ဘာမှ မသိလောက်ဘူးလို့၊ ဒါပေမဲ့ နေနကွတ်က မင်းကို တစ်ဖက်သတ် စိတ်ဝင်စားနေတယ်ဆိုတာတော့ ယုံခေါက်ခေါက်ပဲ"

"ဘာ မင်းက တို့ကို"

"အတိအကျမဟုတ်ပေမယ့် တို့ပေါက်ကွဲသင့်တာပဲလို့ မင်း ကိုယ်ချင်းစာမပေးနိုင်ဘူးလား၊ တို့က တကယ်ဆို မိုက်မဲခဲ့မိတာပါ၊ နကွတ်ပြောတာတွေကို ယုံမိတယ်၊ တကယ်ချစ်တယ်လို့လည်း ထင်မိ တယ်၊ မင်းက တို့နဲ့ အောင်သွယ်ပေးဖို့ သင်တန်းကို ရောက်လာတာလို့ လည်း သံသယမဝင်မိဘူး၊ ဒါပေမဲ့ လိုတာထက် ပိုနေတဲ့ မင်းတို့ အပြုအမူတွေကို တို့ မယုံသင်္ကာဖြစ်ခဲ့မိတာ အမှန်ပဲ"

"ပုလဲရယ်၊ တို့ တို့တောင်းပန်ပါတယ်"

ပုလဲနက်ကလေးကို ဆုပ်ကိုင်ကာ ပြောမိတော့ ပုလဲ နာကျင် စွာ ပြုံးရင်း သူမလက်ကို ဖြည်းဖြည်းဖယ်ချ၏။





ပုလဲ ဘာကို ခံရခက်နေသလဲ။

"မင်း တောင်းပန်စရာ မလိုဘူးနေဝန်းနီ၊ ယောက်ျားဆိုတာ မြင့်မြတ်မှာပဲလို့ ယုံကြည်ပြီး ချစ်ခဲ့မိတဲ့ တို့က မှားတာပါ၊ အပြိုးအတေး ကလဲ့စားချေတတ်တဲ့ ယောက်ျားတစ်ယောက်ရဲ့ အသုံးချခံလိုက်ရတာ တို့က မိုက်မဲလို့ပေါ့"

"အဲဒါကို နောင်တမရသင့်ဘူး ပုလဲ၊ နေနကွတ်ကို တစ်ခုခု တုံ့ပြန်ပေါ့"

တိုက်တွန်းမိတာ မိန်းမသားချင်း ကိုယ်ချင်းစာလို့ပဲ။ ပုလဲက သူမကို ဝေ့ခနဲ မျက်လုံးလှန်ကြည့်ကာ –

"နကွတ်ကို နစ်နာစေလိုတဲ့ ဆန္ဒရှိနေရင် မင်းဘက်က တကယ် ရိုးသားပါတယ်ဆိုတာ တို့ ယုံကြည်လိုက်ရတော့ မလိုပါလား၊ ဒါပေမဲ့ တို့အပေါ် နကွတ် အလေးအနက်မရှိတာတော့ မင်း သတိထားမိမှာပါ"

အင်းလို့ဖြေလိုက်ပျှင် ပုလဲ ဒီထက်ပိုပြီး ခံစားသွားရနိုင်သည်မို့ သူမ ငြိမ်သက်တိတ်ဆိတ်စွာပင် နေလိုက်မိ၏။

"တို့နဲ့ ချိန်းတွေ့တိုင်း မင်းအပြုအမူတွေကို အာရုံရောက်နေ တာ၊ မင်း သီချင်းဆိုပြိုင်ပွဲအတွက် အချိန်ကုန်ခံပြီး တို့ကို လျစ်လျူရှု ထားတာ၊ ပြီးတော့"

"အများကြီးရှင်းမပြနဲ့၊ ဒါဟာ ထင်ယောင်ထင်မှား သံသယ ဝင်တာလည်း ဖြစ်နိုင်တာပဲ၊ မင်းကို မင်းရဲ့မောင်တွေကြောင့် အလေး

www.burmeseclassic.com



အနက်မရှိတာ ဟုတ်နိုင်ပေမယ့် ငါ့ကို ချစ်နေလိမ့်မယ်ဆိုတာက ဘယ်လိုမှ မဖြစ်နိုင်ပါဘူး ပုလဲ၊ သူ အဲဒီနေ့က မင်းကိုရှင်းပြမယ်ဆိုပြီး ချိန်းလိုက်တာပါ''

''ထားပါတော့၊ ဘာအကြောင်းနဲ့ တို့ကို ရှင်းပြမယ်ပြောပြော တို့မောင်တွေရှေ့မှာ တို့ကို အပင်ပန်းခံ လာမရှာတော့ဘူး, အတိုက်အခံဖြစ် ပြဿနာတက်တဲ့အထိ မိန်းမတစ်ယောက်ကို အချိန်မပေးချင်တော့ဘူးလို့ ပြောထွက်တဲ့ ယောက်ျားအတွက် တို့ နောင်တရရုံ့ကလွဲလို့ ဘာမှ မခံစားချင်တော့ပါဘူး။ အားလုံး ပြီးသွားပါပြီ နှုတ်အတွက် အသက်ပေးဖို့ ဝန်မလေးဘဲ ရန်ပွဲထဲ ပြေးဝင်လာရဲတဲ့ မင်းစိတ်ထဲ ဘာတွေရှိနေလဲ တို့စိတ်မဝင်စားတော့ပါဘူး။ အေးဆေး အဆုံးသတ်သွားပြီလို့ သဘောထားလိုက်ပါတော့''

''ပုလဲ''

သူမ,ခေါ်တာကို ပုလဲ ဟစ်ချက်မှ စောင်းငဲ့ကြည့်မသွားပါ။ ဒီထက် ပေါက်ကွဲမသွားတာ ကျေးဇူးတင်ရမည်လား။

နေနှုတ်ကို တစ်ခုခု အပြစ်ပေးပြီး ဖြေသိမ့်နိုင်အောင် လုပ်သင့်တာပေါ့။

နောင်တရသွားပြီတဲ့လား။ ဝေဒနာအရပ်ရပ်နဲ့ တရားခံက ဘယ်သူလဲ၊

သူများကို အပြစ်ရှာရင်းနှင့် ကိုယ့်ကိုယ်တိုင်ပဲ မှားခဲ့သလား။





ဟင့်အင်း၊ မိန်းကလေးတစ်ယောက်အချစ်ကို အသုံးချလိုက်သည့် နေနှုတ် မှားတာ။

အချစ်က အရိုးစင်းဆုံးနှင့် အဖြူရောင်။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

"ဘာ နိုနိုက ပြန်တော့မလို့၊ ဘာဖြစ်လို့လဲ သမီးရယ်၊ အလောတကြီး ဆုံးဖြတ်တာက အန်တီကြီးတို့အိမ်မှာ နေရတာ မပျော်လို့လား"

"ဟင့်အင်း မဟုတ်ပါဘူး၊ သူစိမ်းတစ်ယောက်အိမ်မှာ ပျော်တိုင်း နေလို့မှမဖြစ်တာ၊ ဦးလေးနဲ့ဒေါ်လေးလည်း နိုကို လွမ်းနေကြမှာပဲ၊ အဲဒါကြောင့် နိုပြန်မှာပါ"

"ဩော် ဟိုနေ့ကတောင် အိ ဖုန်းဆက်တော့ နိုနို ဒီမှာရောက်နေတာ စိတ်ချမ်းသာတယ်တဲ့၊ ရွာမှာဆို သူ့အတွက်ပဲ ပူနေရတာတဲ့လေ၊ တစ်ခါတလေ လွမ်းပေမယ့် ဒီလို လိမ္မာတယ်ကြားတော့ ဝမ်းသာပါတယ်တဲ့၊ သူတို့တောင် ဒီလိုပြောသေးတာ၊ မပြန်ပါနဲ့လားကွယ်"





ဒေါ်ခင်ခင်ဆင့်က နေဝန်းနီပြန်မှာစိုး၍ ပိုပိုသာသာလေး ပြောလိုက်၏။ မအိတို့ ပြန်လာစေချင်သည့်ဆန္ဒရှိတာ ဖုံးကွယ်ထားလိုက်သည်။ ဒါပေမဲ့ နေဝန်းနီက ဖြည်းလေးစွာပင် ခေါင်းခါကာ –

"ဘယ်လိုပဲဖြစ်ဖြစ် နိုကတော့ ပြန်ဖို့ ဆုံးဖြတ်ထားတယ်၊ နိုနို ဒီမှာမနေချင်တော့ဘူး အန်တီကြီး"

"ဒီလို အပူတပြင်း ဖြစ်နေတာ ဘာအကြောင်းရှိလဲ၊ အန်တီကြီးကို ပြောပြပါလား၊ နိုနို ရွာကိုလွမ်းတယ်လို့ တစ်ခါမှ မပြောဖူးဘဲနဲ့ အခုမှ ကောက်ခါငင်ခါ တခြားအကြောင်းရှိလို့ မဟုတ်လား၊ နက္ခတ်နဲ့ တစ်ခုခုဖြစ်လို့ မဟုတ်လား"

"ဟုတ် ဟုတ်ကဲ့၊ ဒါပေမဲ့ ဘာကြောင့်ဆိုတာတော့ အန်တီကြီး မသိချင်ပါနဲ့"

"အေးပါကွယ်၊ မသိစေချင်ရင် မမေးတော့ပါဘူး၊ ဘာဖြစ်ဖြစ် အန်တီကြီးကတော့ နေရောင်ခြည်မင်္ဂလာဆွမ်းကျွေးပွဲပြီးမှ ပြန်စေချင်တယ်၊ နိုနို အောင်သွယ်ပေးလို့ အောင်မြင်သွားတဲ့ မင်္ဂလာပွဲကို နိုနို ချီးမြှောက်သင့်တာပေါ့ မဟုတ်ဘူးလား"

နေဝန်းနီ ဘာပြန်ပြောရမှန်းမသိတော့ပါ။ စိတ်ထွေ ကသိကအောက်နှင့် မနေချင်တော့တာ အမှန်ပင်။

ဖြစ်နိုင်လျှင် နေနက္ခတ်မျက်နှာကို မမြင်ချင်။

"ဒီနေ့ အန်တီကြီးနဲ့ နို ပွဲရုံလိုက်ခဲ့မယ်"

www.burmeseclassic.com



"ဟင် သင်တန်းမတက်ဘူးလား နီရဲ့"

"ဟင့်အင်း။ နီ သင်တန်းလည်း မတက်တော့ဘူး၊ အိမ်မှာလည်း မနေချင်ဘူး၊ အန်တီကြီးနဲ့ လိုက်ခဲ့မယ်နော်"

"ကဲ သဘောပါတော်၊ လိုက်မယ်ဆိုလည်း ကျုပ်က အကြိုက်ပါပဲ၊ ဟိုရောက်ရင် ချိုနဲ့ မင်္ဂလာကိစ္စ မေးမြန်းကြည့်ပေါ့"

"ဟုတ်ကဲ့ အန်တီကြီး"

သူမ ပွဲရုံလိုက်လာတော့ မမချိုက ပျော်နေသည်။ သူမကို ပွဲရုံအပြင်ဘက် အအေးဆိုင်လေးထဲ ဆွဲခေါ်သွားကာ –

"နီနီကို ကျေးဇူးတင်တယ် သိလား"

"ဘာဖြစ်လို့လဲ မမချိုရဲ့"

"မမချိုတို့ လက်ထပ်ဖြစ်တော့မယ်လေ၊ အဲဒါ နီနီကျေးဇူးကြောင့်ပေါ့၊ အမေကလည်း သူမသေခင် ကောင်းရွေးမွန်ရာလူနဲ့ မမချို လက်ထပ်ဖြစ်လို့ဆိုပြီး စိတ်ချလက်ချ ပျော်နေတာ"

"ကောင်းပါတယ် မမချိုရယ်၊ နီက နီအောင်သွယ်ပေးရတဲ့ လူတွေကို စိတ်ချမ်းသာစေချင်၊ ပျော်စေချင်ပါတယ်၊ အခုဆို အန်ကယ် လည်း အရမ်းပြောင်းလဲသွားတယ်နော်"

"အင်း ဒါပေမဲ့ သူ့သားအတွက်တော့ စိတ်မချနိုင်သေးဘူး ထင်တယ်၊ ဟိုနေ့က ရန်ဖြစ်သေးတယ်ဆို၊ နီနီသာ ဝင်မကူရင် အသေပဲ တဲ့၊ အဲဒါ ဘယ်လိုဖြစ်ကြတာလဲ"





"ဒီလိုပါပဲ နကွတ်က အရမ်းရန်များတယ်ထင်တယ်၊ နီကတော့ ကိုယ့်ရှေ့မှာ အမြင်မတော်လို့ ဝင်ကူတာပါ"

"ကိုရောင်ခြည်ကတော့ မမချိုကို ပွင့်ပွင့်လင်းလင်း ပြောတယ်၊ သားအနားမှာ နေဝန်းနီရှိနေလို့ မမချိုကို သူ စိတ်ဖြောင့်ဖြောင့်နဲ့ လက်ထပ်ဖြစ်တာတဲ့၊ နီ့ကို ကိုရောင်ခြည်က အားကိုးနေတာ"

"နီ ပြန်တော့မှာပါ"

"ဟင် ဘာဖြစ်လို့လဲ နီနီ"

"အင်း အကြောင်းရှိလို့ပါ၊ သူများအိမ်မှာ ဒီလောက်အကြာကြီး မနေချင်တော့ဘူး"

"ဟို မမချိုတို့ လက်ထပ်ပြီးတဲ့အထိတောင် မနေတော့ဘူးလားကွယ်၊ တော်ကြာ သူ့သားကို စိတ်မချဖြစ်ပြီး ကိုရောင်ခြည် စိတ်ပြောင်းသွားမှဖြင့်"

"အဲလိုမဖြစ်နိုင်ပါဘူး။ လက်ထပ်ဖို့ကတိပေးထားတဲ့ ယောက်ျားတစ်ယောက်က အဲလို လွယ်လွယ်နဲ့ ကိုယ့်အိမ်ထောင်ရေးကို အပျက်စီးခံပါ့မလား"

မမချို သက်ပြင်းတွေချပြီး နေဝန်းနီလက်ကလေးကို အားကိုးတကြီး ဆုပ်ကိုင်ကာ –

"မမဆင့်က ပြောတယ်၊ နီနီရောက်လာပြီး နကွတ်နဲ့ အဆင်ပြေနေလို့ ကိုရောင်ခြည်က စီးပွားရေးနဲ့ အိမ်ထောင်ရေးဘက်ကို စိတ်ဝင်



www.burmeseclassic.com

www.burmeseclassic.com



စားလာတာလို့ ပြောတယ်၊ မမချိုက ယောက်ျားတစ်ယောက်ကို အတင်းတွယ်ကပ်နေချင်လို့ မဟုတ်ပါဘူး။ ကိုယ့်အသက်အရွယ် ကိုယ့်ဘဝအခြေအနေအတွက် အားကိုးမိတာပါ''

''နီ နားလည်ပါတယ်၊ ဒါပေမဲ့''

''မမချိုတို့ လက်ထပ်ပြီးမှပဲ ပြန်ပါလားကွယ် နော်''

မျက်ရည်ဝဲကာ ပြောနေသော မမချိုကို သနား၍ နေဝန်းနီ စိတ်မပါ့တပါ ခေါင်းညိတ်လိုက်ရသည်။ ဒီကြားထဲမှာ ပြဿနာတစ်ခုခု မဖြစ်မှ မမချိုတို့အိမ်ထောင်ရေးက ခိုင်မြဲမှာမဟုတ်လား။ ဒါပေမဲ့ တစ်မိုးအောက်မှာ အတူနေရသော နေနက္ခတ်ကို သူမ အတတ်နိုင်ဆုံး ရှောင်နေခဲ့မိသည်။

ထိုသို့ ရှောင်ရင်း တိမ်းရင်းနှင့်ပင် –

✿ ✿ ✿



## အခန်း (၃၃)

''အဲဒီကောင်မလေးက ဘာဖြစ်နေတာလဲ''

''နေဝန်းနီကို ပြောတာလား''

''ဟုတ်တယ်၊ သား ထမင်းစားဖို့ ဝင်လာမှ ထွက်သွားရတာနဲ့ ဧည့်ခန်းထဲ လာထိုင်ရင်လည်း မသိချင်ယောင်ဆောင်တယ်၊ သင်တန်းမတက်ဘဲနဲ့လည်း ပွဲရုံကို လိုက်လိုက်သွားတယ်''

''မသိဘူးလေ၊ မင်းတို့နှစ်ယောက် ဘယ်လိုပြဿနာတွေ ဖြစ်နေတယ်ဆိုတာ၊ ဟိုနေ့ကဆို ချက်ချင်း ရွာပြန်တော့မယ် လုပ်နေတာ၊ ငါတို့အားလုံးက မင်းအဖေ မင်္ဂလာပွဲပြီးမှ ပြန်ပါလို့ ပြောထားရတာ''

''ဗျာ၊ နေ နေဝန်းနီက ရွာပြန်တော့မယ်၊ ဟုတ်လား''

သေချာကြားလိုက်ပါရဲ့နဲ့ အထိတ်တလန့်ပင် ပြန်မေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားမျိုး သူလက်ခံလို့ မရပါ။

သူ့အနားကနေ နေဝန်းနီ ပျောက်ကွယ်သွားလို့မဖြစ်။ မျက်စိအောက်မှာ မြင်နေရပြီး ရှောင်ဖယ်ချင်သလို ဖြစ်နေတာတောင် ဒီရင်က ခံနိုင်ရည် မရှိတာ။

နေနက္ခတ်က ကပျာကယာပင် နေဝန်းနီအခန်းတံခါးကို တဒုန်းဒုန်း သွားထုမိသည်။

"နေဝန်းနီ၊ ခဏထွက်လာစမ်း၊ နင်နဲ့ စကားပြောစရာရှိတယ်"

"မအားဘူး၊ ဒီမှာ စာအုပ်ဖတ်နေတာ"

"အဲဒါ ရေးကြီးခွင်ကျယ်လား၊ အရေးကြီးပါတယ်ဆို၊ နင်ထွက်မလာရင် ငါဝင်လာမှာနော်"

"ငါက တံခါးလော့ခ်ချထားတာ၊ ဝင်လို့ရရင် ဝင်ပေါ့"

အရွဲ့တိုက်ပုံက ဘာကိုမှ ဂရုမစိုက်သလို မထီမဲ့မြင်။ သူက စိန်ခေါ်မှ ကိုယ်က လျှော့ရမလား။

"အေး ဝင်လို့ရအောင် လုပ်ရမှာပေါ့"

"ဒုန်း ဒုန်း ဒုန်း"

"ချွမ် ချွမ် ခလွမ်း"

တံခါးပေါက်ကို အင်တိုက်အားတိုက် တဒုန်းဒုန်း ထုပစ်လိုက်၍ နံရံမှာချိတ်ဆွဲထားသည့် ပန်းချီကားမှန်ပေါင်တွေ၊ တခြားအရာဝတ္ထုတွေ ကျကွဲကုန်ပြီထင်သည်။



အောက်ထပ်က ကြီးကြီးနှင့်ပါပါး တက်လာလည်း အမှန်တိုင်း ရှင်းပြရုံပဲပေါ့။

သူမမှာ ဒီလိုလုပ်လျှင် ကိုယ်လည်း သူမထက်ပို၍ အရွဲ့တိုက်ရုံပင်။

"အဲဒါက ဘာဖြစ်နေတာလဲ"

အခန်းတံခါး ချပ်ခနဲပွင့်သွားကာ သူမအသံက သူ့နားနဲ့မဆံ့အောင် လျှံထွက်နေသည်။ မိန်းကလေးတန်မဲ့ ဒီလောက်ပဲ အာကျယ်ပါကျယ်နိုင်ရသလား။

"နင် အပြင်ထွက်လာဖို့ အခန်းတံခါးကို ပုဆိန်နဲ့ပေါက်ဖို့တောင် စဉ်းစားထားတာ လာခဲ့"

"ဟဲ့ လွှတ်စမ်းပါ၊ လက်ကြမ်းကြီးနဲ့"

သူမ့အော်လည်း ခပ်တင်းတင်းပင် သူမလက်ကို ဆုပ်ကိုင်၍ လေသာဆောင်ဘက် ဆွဲခေါ်လာခဲ့သည်။

ဒေါသတကြီး သူ့ကို ကိုင်မပေါက်ဘဲ ယက်ကန်ယက်ကန် တွန့်ဆုတ်ဆုတ် ပါလာတာပဲ ကံကောင်း။

"နင် ရှာပြန်မလို့ဆို"

"အဲဒါ ဘာဖြစ်လဲ"

"ဘာလို့ ပြန်မှာလဲ"

"ပြန်ချင်လို့ ပြန်မှာ၊ နင့်ကို ထုချေလွှာတင်ရဦးမှာလား၊ ငါ

www.burmeseclassic.com

www.burmeseclassic.com



စိတ်နဲ့ငါ့ကိုယ် ပြန်ချင်ပြန်မယ်, လာချင်လာမယ်''

''နှင်ပြောချင်သလို ပြောတတ်သလို အရှဲ့တိုက်ပြောမနေနဲ့ ပုလဲကိစ္စကြောင့် ငါ့ကို တင်းနေတာ မဟုတ်လား၊ အဲဒါက''

''ရှင်းမပြနဲ့ မကြားချင်ဘူး။ စိတ်ဓာတ်မပြည့်ဝဘဲ မိန်းကလေး တစ်ယောက်အချစ်ကို အလွဲသုံးစား အသုံးချသွားတဲ့ နှင့်လိုလူဆီက ငါ ဘာမှမကြားချင်ဘူး''

''မကြားချင်လည်း ပြောရမှာပဲ၊ ရည်ရွယ်ချက်နဲ့ လုပ်ခဲ့တာ ဆိုပေမယ့် ငါ့ကြောင့် ပုလဲ ဘာနစ်နာသွားတာရှိလဲ၊ လက်ကလေးတောင် မရိုးမသားစိတ်နဲ့ ငါမကိုင်ဖူးဘူး၊ သူနဲ့ချိန်းတွေ့ရင် နှင့်ကိုခေါ်တာ ဘာအခွင့်အရေးမှ မယူတာ သိစေချင်လို့''

''သိတော့ ဘာလုပ်ရမှာလဲ၊ မိန်းကလေးတစ်ယောက်အပေါ် အလေးအနက်မရှိတာ ဝမ်းသာစရာလား''

''ကျွတ် နီနီရာ ငါ ဘယ်လိုပြောရမှာလဲ''

''မပြောပါနဲ့ဆိုမှ၊ ဘယ်လိုပြောရမလဲ စဉ်းစားနေစရာလား''

ပြောစရာတွေက ဒီရင်ဘတ်ထဲမှာ အပြည့်ပါလို့ အော်ပစ်လိုက်ချင်သည်။ နေဝန်းနီ အလိုက်မသိတာ တော်တော်အခံရဆိုး၏။ သူ့ မျက်ဝန်းထဲက အချစ်ရဲ့အဓိပ္ပာယ်တွေကို နေဝန်းနီ ဘာသာမပြန်တတ် ဘူးလား''

လသာဆောင်လက်တန်းလေးကို အားလျော့စွာမှီချရင်း သူမ



မျက်ဝန်းလေးကို ဆွေးမြည့်စွာ ကြည့်မိ၏။

စူးလက်အားကောင်းနေတတ်သော သူမမျက်ဝန်းလေးတွေ လည်း ညှို့ရီနေသည်။ ထိုမျက်ဝန်းပိုင်ရှင်တွေက မချစ်တတ်တာတော့ မဟုတ်။ ကိုယ်ပိုင်ဆိုင်ထားသည့် အချစ်အပေါ်မှာ မာနကြီးတတ်ရုံလေး ပင်။

''နှင် ငါ့ကို နားလည်ပေးပါလား နေဝန်းနီ''

''ဘာကိုလဲ''

''ပုလဲကို မချစ်တာ''

''မချစ်တာကို နားမလည်တာ မဟုတ်ဘူး။ မချစ်ဘဲ အသုံးချ တာကို လက်ခံမပေးနိုင်တာ၊ ပတ်သက်မှုရှိအောင် အောင်သွယ်ပေးလိုက် ရတာကို မကျေနပ်တာ၊ တကယ်ဆို ယောက်ျားချင်း သူ့ရဲကောင်းဆန်ဆန် သူ့သေကိုယ်သေ ဖြေရှင်းကြပေါ့၊ ပုလဲမှာ ဘာအပြစ်ရှိလဲ၊ သူ့အဲ့ကိုတွေ့ မောင်တွေရှေ့မှာ ပုလဲကို တွဲပြရုံနဲ့ရော နှင့်အတွက် ဘာတွေ အကျိုး အမြတ်ရသွားလဲ''

''ဒါကတော့''

''ပုလဲမောင်တွေကို လက်တွဲပြန်ခွင့်ရတာ အမြတ်ပဲလို့ ပြော မလို့လား။ ယောက်ျားကောင်းဆိုတာ ဘယ်တော့မှ အောက်တန်းမကျဘူး နေနေကွတ်၊ ပုလဲ ဘယ်လိုခံစားသွားရမလဲ, နှင့်စိတ်ကို ဘယ်လောက် တောင် အထင်သေးရွံ့ရှာသွားမလဲ နှင်တွေးမိရဲ့လား''

www.burmeseclassic.com

www.burmeseclassic.com



"ပုလဲ ဘယ်လိုထင်ထင် ငါ ဂရုမစိုက်ဘူး၊ မှားပါတယ်လို့ တောင်းပန်လောက်အောင်လည်း ငါ မယုတ်မာခဲ့ဘူး။ ငါ့ကို အထင်သေး ရှုတ်ချမယ့်သူက နင်မဟုတ်ရင် ပြီးတာပဲ"

"ငါက"

သူမကိုယ်သူမ လက်မလေးနှင့်ထိုးပြီးမေးတော့ သူ ခပ်မြန်မြန် ခေါင်းညိတ်ပြလိုက်၏။ မိန်းမတစ်ယောက်ရဲ့ နူးညံ့မှုမျိုး မရှိသည့် သူမက ဆံပင်တွေကို နောက်လှန်ဆွဲသပ်ပြီး ဟက်ခနဲ ရယ်ကာ –

"ငါ နင့်ကို အထင်ကြီးလို့မရတော့တာ အမှန်ပဲ နကွတ်၊ ဒီ ကိစ္စကြောင့်တင် မဟုတ်ဘူး၊ တခြားအကြောင်းအရာနဲ့လည်း နင့်မှာ အထင်ကြီးစရာအရည်အချင်း တစ်ခုမှ မရှိပါဘူး"

"နေဝန်းနီ"

"ဘာလဲ၊ ငါပြောတာ ဘာမှားသွားလို့လဲ၊ ဒါနဲ့ ငါ အထင်သေး မှာ နင်က ဘာလို့ အရေးတယူဖြစ်နေတာလဲ"

"နင့်ကို ငါချစ်နေလို့ပေါ့ နေဝန်းနီ၊ ကိုယ်ချစ်တဲ့မိန်းမ တစ်ယောက် အထင်သေးတာကို ဘယ်ယောက်ျားမှ မခံချင်ကြပါဘူး"

"ဘာ"

ထိုအချစ်ဆိုတဲ့စကားကို ပုလဲဆီက ကြားဖူးပြီးပေမယ့် လက် တွေ့မှာ သူမ သွေးခုန်နှုန်းတွေ တဖျဉ်းဖျဉ်း ပွက်ပွက်ဆူသွား၏။

နားထင်ကြောတွေ တင်းကာ မျက်နှာတစ်ခုလုံး ပူထူနေပြီး





ရင်ဘတ်တွင်းက ကလီစာတွေ ကျွန်မြေမရ ပြောင်းဆန်နေသည်။ နကွတ် မျက်နှာကို မကြည့်ဝံ့သလိုနှင့် ခံစားမှုက ဘယ်လိုကြီးမှန်းမသိ။

"နင့်ဆီက အချစ်ကိုလည်း ငါ တောင့်တမိတယ် နေဝန်းနီ၊ ကျန်တာတွေ မေ့ထားပြီး ငါ့အချစ်ကို လက်ခံယုံကြည်ပေးပါ"

"ဟင့် ဟင့်အင်း၊ နင့်လိုလူအတွက် ငါ့မှာ အချစ်မရှိဘူး၊ နင်ကအချစ်ကို အလောင်းအစားနဲ့ ကစားစရာလောက် အောက်မေ့နေ တာ"

"မဟုတ်ဘူး၊ နင် ယုံကြည်လာအောင် သက်သေပြမှာပါ၊ ပုလဲကိစ္စနဲ့ ငါ့ဂုဏ်သိက္ခာတွေကို အောက်ဆုံးထိ ဆွဲမချလိုက်ပါနဲ့"

"မ မပြောနဲ့၊ နင့်ဆီက ဘာစကားမှ ငါမကြားချင်ဘူး၊ တခြား လူနဲ့ အဆင်ပြေအောင် အောင်သွယ်ပေးခဲ့ရတဲ့ ငါ့ကို နင် ဒီစကားပြော ရဲတာ အံ့ဩစရာပဲ၊ မိန်းမတွေရဲ့ရင်ထဲကို နင် ဘယ်တော့မှ မခန့်မှန်း တတ်ပါဘူး၊ အဲဒါကြောင့်လည်း အချစ်ဆိုတဲ့စကားလုံးကို နင် ဖောဖော သီသီ သုံးနေတာ၊ ပုလဲလို ငါ နောင်တမရချင်ဘူး နကွတ်၊ ငါ အောင် သွယ်ပေးခဲ့တဲ့ မှတ်တိုင်မှာ နင်က ကြောက်စရာ အကောင်းဆုံးပဲ"

"နီ နီနီ"

အနားက ထွက်မသွားအောင် ဆွဲရန်းတားဆီးလိုက်ချင်သော် လည်း သူ နေရာမှာတင် သက်မဲ့ကျောက်ရုပ်လို ခပ်တောင့်တောင့် ကျန်ရစ်ခဲ့သည်။

www.burmeseclassic.com



ဘဝမှာ ဆုံးရှုံးမှုဆိုတာကို ပထမဦးဆုံးအကြိမ်ခံစားမိလိုက်ခြင်း ပင်။

ဒီဝေဒနာ အမြစ်တွယ်သွားမှုပြင် –

✿ ✿ ✿

## အခန်း (၃၄)

ဆုံးဖြတ်ချက်တစ်ခုနှင့် ထွက်လာခဲ့သော်လည်း သူမရဲ့ခြေလှမ်း တွေက နှေးကွေးလေးလံ တုံ့ဆိုင်းနေသည်။ ဒီအရိပ်က ခွာရတာ ဘာ ကြောင့်များ ဒီလောက်တောင် ပင်ပန်းနေရတာလဲ။

လည်ပြန်မကြည့်မိအောင် ကြိုးစားရတာ ရင်တစ်ခုလုံး လစ် ဟာ နွမ်းချည့်နေသည်။ ဒါပေမဲ့ သူမ မစွန့်ခွာလို့မဖြစ်။ ကိုယ့်ကိုယ်ကိုယ် သာ သိတတ်သည့် နက္ခတ်ရဲ့အချစ်နွံထဲမှာ သူမ မနစ်မျောချင်။

တကယ်ချစ်လျှင် နက္ခတ် ပြောင်းလဲလာမှာပေါ့။ ထိုအချိန်မှာပဲ

"ဟယ် နီနီပြန်လာတယ် အစ်ကိုရေ၊ ထွက်ခဲ့ပါဦး အိမ်ရှေ့ကို ကိုယ်ရေတွေစစ်ပြီး လှလာလိုက်တာများ မြို့သူကြီးကျနေတာပဲ"

"အေး အေး၊ လာပြီအိရေ"

www.burmeseclassic.com

www.burmeseclassic.com



လင်မယားနှစ်ယောက်လုံး နေဝန်းနီကို အပြေးအလွှား ထွက်ကြိုကြသည်။ ဦးကျော်ခင်က အိတ်ကိုဆွဲပြီး မငြိမ်းက နေဝန်းနီကို ဖက်တွယ်၍ အိမ်ထဲခေါ်လာ၏။

နေဝန်းနီကတော့ အရင်လို သွက်လက်တက်ကြွမှုတွေ မရှိဘဲ အပြုံးယဲ့ယဲ့ဖြင့် ငြိမ်သက်လွန်းနေ၏။

"လာမယ်ဆို ဖုန်းကြိုဆက်ရောပေါ့ကွယ်၊ ဦးလေး ကားဂိတ်ကို လာကြိုမှာပေါ့၊ အခု ဆိုင်ကယ်တက္ကစီငှားပြန်လာတာ မဟုတ်လား။ ပင်ပန်းနေမှာပေါ့၊ ဟုတ်လား နီနီ"

"ဪ ဒီလောက်ကားစီးလာရတာ မပင်ပန်းဘဲ နေမလား။ လန်းသွားအောင် ရေချိုးလိုက် နီနီ၊ ဒေါ်လေးအိ ထမင်းပွဲပြင်ထားလိုက်မယ်"

"နီ ထမင်းမစားချင်ပါဘူး ဒေါ်လေးအိရယ်၊ နီ ရေချိုးပြီး နားလိုက်တော့မယ်နော်"

"ဟင် ဘာဖြစ်လို့လဲ၊ ဒီလောက်အစားမက်တဲ့ကလေးက မျက်နှာလည်း မကောင်းဘူး၊ နေမကောင်းတာလား၊ ခရီးပန်းလို့လား၊ ဒါမှ မဟုတ်"

"အေး ငြိမ်ချက်သားတော့ ကောင်းနေတယ်၊ မင်းတူမ ဟိုမှာ ဘာဖြစ်လာလဲ သေချာမေးကြည့်ဦး"

"ဟုတ်ပ၊ ဟိုမှာ ဘာပြဿနာတွေ ရှာခဲ့သေးလဲ၊ တစ်ခုခု





အကြောင်းကိစ္စရှိလို့ အကြောင်းမကြား ဘာမကြား ပြန်လာတာ မဟုတ်လား"

"မဟုတ်ပါဘူး ဒေါ်လေးရယ်၊ ပြဿနာဖြစ်ရင် အန်တီကြီးက ဒေါ်လေးတို့ကို ဖုန်းဆက်တိုင်မှာပေါ့၊ အခု နီမလာခင် ဒေါ်လေးတို့ကို ဘယ်သူမှ နီပြန်လာလားလို့ ဖုန်းဆက်မမေးဘူး မဟုတ်လား"

သူမ ထွက်သွားတာ သိသိချင်း စိုးရိမ်တကြီးနှင့် နေနကွတ် ဖုန်းဆက်မလားလို့ သူမ အစ်အောက်မေးလိုက်ခြင်းပါ။

ဒါကို ဒေါ်လေးတို့က အထိတ်တလန့် မျက်လုံးမျက်ဆန်ပြူးကာ

"ဟင် ဒီပြန်လာတာ ဘယ်သူမှ မသိကြဘူးပေါ့၊ ဘာလို့ မမဆင့်ကို မပြောမဆို ပြန်လာခဲ့တာလဲ၊ လူကြီးတွေ ကိုယ့်ကြောင့် စိတ်သောကရောက်အောင် လုပ်ခဲ့ရသလား၊ ငါ့နှယ်နော်၊ နေဝန်းနီတို့က တော့ ဒီမှာ ပြဿနာရှာတာ အားမရလို့ မမဆင့်တို့ကိုပါ မျက်နှာပူ အားနာအောင် လုပ်ခဲ့ပြီထင်တယ်"

"ဒေါ်လေးကလည်း ထင်သလို စွတ်ပြောနေတော့တာပဲ၊ နီက အန်တီကြီးတို့ကို ဘာပြဿနာ ရှာရမှာလဲ၊ အဆင်ပြေတယ်၊ အားလုံး အိုကေတယ်၊ ဘာမှမဖြစ်ဘူး"

"ညည်းကသာ အဲလိုပြောနေ၊ ညည်းပုံစံကြည့်ရတာ တော်တော်ထူးခြားနေတယ်နော်၊ အသွားတုန်းကလိုကို မဟုတ်ဘူး၊ ရန်ကုန် သွားတာ စိတ်တွေပါ ပြောင်းလဲလာခဲ့တာလား"

www.burmeseclassic.com

www.burmeseclassic.com



"အေးကွာ၊ မင်းတူမ မဟုတ်တော့ဘူးထင်တယ်၊ ဒီလောက် ငြိမ်နေတာ သူ့စရိုက်လည်း မဟုတ်တဲ့ ပူပူဆာဆာမလုပ်တဲ့ အေးဆေးသေချာ မေးကြည့်စမ်းပါ၊ ကိုယ့်စိတ်ထဲက တစ်မျိုးကြီးဖြစ်နေပြီ"

ဦးကျော်ခင်ရော မအိရော နေဝန်းနီ ငြိမ်သက်လွန်းနေတာကို စိုးရိမ်နေကြတသည်။ ဒီကလေးက ငြိမ်သက်တာနှင့် မလိုက်ဖက်ပါ။ လောက်လေးခွ တစ်ချောင်းကိုင်၊ ဆိုင်ကယ်ပတ်စီးပြီး ဟိုလူ့အောင်သွယ် ဒီလူ့အောင်သွယ်နှင့် တက်ကြွလန်းဆန်း၊ ကလေးဆန်ဆန် အပူအပင် ကင်းနေမှ ကြည့်ကောင်းတာ မဟုတ်လား။

"ဟိုမှာ ဘာတွေဖြစ်လာလို့လဲ၊ ပြောလေ နီနီရဲ့၊ ငါတို့ကို သေအောင်သတ်နေတာလား၊ ဒီမှာ ရင်တွေပူနေကြပြီ"

"ဘာမှ မဖြစ်ပါဘူးဆို၊ နီက ဘာပြောရမှာလဲ၊ အိမ်ရောက်လာ တာ အေးဆေးမနေရဘူး၊ နားကိုပူနေတာပဲ၊ တော်ပြီ ခြံထဲပဲ တစ် ယောက်တည်း သွားနေတော့မယ်"

"ဟဲ့ နီနီ နီနီ"

"ဩော် ဒီကလေးက ခက်တော့တာပဲ နီနီ"

နေဝန်းနီက ဘယ်သူမှ ဂရုမစိုက်တဲ့ သူမဆိုင်ကယ်ကို ယူတ်၍ ခြံဘက်ကို ထွက်သွားသည်။

တစ်ခုခုဖြစ်တာ သေချာပေမယ့် ဘာမှန်းမသိရတော့ ပိုပြီး စိုးရိမ်မိကြသည်။





"မမဆင့်ဆီ ဖုန်းဆက်ကြည့်လိုက်ရမလားဟင် အစ်ကို"

"နေပါဦးကွာ၊ ဝသ်ခုခုဆို သူ့ဘက်က ဖုန်းဆက်လာမှာပါ၊ အရင်ခါတွေ မမဆင့် ဖုန်းဆက်တုန်းကတောင် နီနီ မကောင်းကြောင်း တစ်ခွန်းမှ မပြောခဲ့တာ၊ သူ့မောင်လည်း နီနီကြောင့် လက်ထပ်ဖြစ်တော့ မယ်ဆိုတဲ့အကြောင်း၊ သူ အရမ်းစိတ်ချမ်းသာနေတယ်ဆိုတဲ့အကြောင်း တွေ ပြောခဲ့တာ မဟုတ်လား"

"ဒါတော့ဒါပေါ့၊ အခု နီနီပုံစံက"

"ရည်းစားတွေ ဘာတွေ ရှိလို့လားမှ မသိတာ၊ လူတစ်ယောက် ရဲ့ စိတ်နဲ့ဘဝကို အချစ်က ပြောင်းလဲနိုင်တာ၊ ကိုယ်တော့ အဲဒါပဲ တွေးလို့ရတယ်၊ အချိန်ခဏလောက် စောင့်ကြည့်လိုက်ပါ"

"အင်း အဲလိုဖြစ်တာဆိုရင်တော့ တော်သေးတာပေါ့၊ အရွယ် လည်း ရောက်နေပြီဆိုတော့ ကောင်းသောပြောင်းလဲခြင်း မဟုတ်လား၊ တခြားပြဿနာ အကြီးကြီးဖြစ်ခဲ့မှာသာ ကြောက်တာ"

"ကဲ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ ကိုယ့်ကလေး ရှောရှောရှူရှူနဲ့ ကိုယ့်မျက်စိအောက် ပြန်ရောက်နေပြီပဲ၊ ကျန်တာတွေ စိတ်အပင်ပန်းခံ တွေးမနေနဲ့၊ နီနီက ဉာဉ်ဆိုးလေးရှိပေမယ့် စိတ်ရင်းစေတနာ ကောင်း ပါတယ်၊ ဘာမှ ဆိုးဆိုးဝါးဝါး မဖြစ်နိုင်ပါဘူး"

"အိလည်း အဲလိုပဲ ဆုတောင်းနေတာပါ"

သက်ပြင်းတွေ ပြိုင်တူချရင်း တစ်ယောက်နှင့်တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ပြေသိမ့်နေရသည်။

ဟိုမှာ ဘာတွေဖြစ်ခဲ့လို့ ဒီကလေး ဒီလောက်တောင် ပြောင်းလဲသွားရတာလဲ။

ထိုပြောင်းလဲမှုက ဘယ်သူ့ကြောင့်ဆိုတာ။

✿ ✿ ✿



## အခန်း (၃၅)

"အဲဒါ မင်းကြောင့် မဟုတ်လား။ အစက နေရောင်ခြည်နဲ့ ချို လက်ထပ်ပွဲပြီးမှ ပြန်မှာလို့ ကတိပေးပြီးသား။ အခု နီနီက မင်းနဲ့ စကားပြောပြီးမှ ငါတို့ကိုတောင် အသိမပေးဘဲ ထွက်သွားတာ၊ မင်း ဘာတွေ ပြောလိုက်လို့လဲ"

"သူ့ကို ချစ်တယ်လို့ ပြောလိုက်တာ"

"ဘာ"

"သား မင်း"

ဦးနေရောင်ခြည်ရော ဒေါ်ခင်ခင်ဆင့်ရော မယုံနိုင်အောင် မျက်လုံးမျက်ဆန် ပြူးသွားကြသည်။ နေနကွတ်ကို နေဝန်းနီက တခြားတစ်ယောက်နှင့် အောင်သွယ်ပေးနေခဲ့တာ မဟုတ်ဘူးလား။



www.burmeseclassic.com

www.burmeseclassic.com



လူငယ်တွေစိတ်ကို ဘယ်လိုမှ မခန့်မှန်းနိုင်။

"မင်း အဲလိုပြောလို့ နေဝန်းနီ စိတ်ဆိုးသွားတာပေါ့၊ ဆိုးသည်ဆိုးချင်စရာပါပဲ၊ အစက တခြားကောင်မလေးကို ကြိုက်လို့ နေဝန်းနီကို အောင်သွယ်ခိုင်းခဲ့တာ မဟုတ်လား။ အဲလိုကိစ္စရှိမှ မင်းကို ဘယ်သူက ပြန်ကြိုက်မှာလဲ၊ အံ့ဩပါရဲ့တော်၊ အိတို့သာ ဒီအကြောင်းသိရင် ဘယ်လောက် အားနာစရာကောင်းလဲ"

"ဟုတ်သားပဲ သားရယ်၊ ပါပါး သဘောမတူပါဘူး ပြောနေတဲ့ကြားက ဟိုကောင်မလေးကို ငွေကုန်ကြေးကျခံ ဖွတ်အောင်သွယ်ခိုင်းပြီးမှ သူ့ကို ချစ်တယ်လို့သွားပြောတာ သားလွန်တာပေါ့၊ နီနီ့ကို ပေါ့ပျက်ပျက် အထင်သေးသလို ဖြစ်မသွားဘူးလား"

"ဟင့်အင်း မဟုတ်ပါဘူး၊ နီနီ့ကို သား အလေးအနက် တန်ဖိုးထားပြီးချစ်တာပါ၊ ပုလဲကို အောင်သွယ်ခိုင်းတာက ဉာဏ်လင်းတို့ကို မကျေနပ်လို့ဆိုတာ သူ့ကိုပြောပြခဲ့ပါတယ်၊ အဲဒါကို သူက လက်မခံတာ၊ အထင်ကြီးစရာအရည်အချင်း သားမှာ ဘာမှမရှိဘူးတဲ့"

ဦးနေရောင်ခြည်နှင့် ဒေါ်ခင်ခင်ဆင့် အကြည့်ချင်းဆုံကာ နက်နဲသော အဓိပ္ပာယ်တွေနှင့် မျက်ခုံးပင့်သွားကြ၏။ နေနက္ခတ် ကျွတ်တမ်းဝင်ချိန်တန်ပြီလား။

"သူ အထင်ကြီးစေချင်ရင် သူ တန်ဖိုးထားလောက်တဲ့ အရည်အချင်းမျိုးရှိမှ ဖြစ်မှာပေါ့၊ သား အခု ဘာလုပ်မှာလဲ၊ သူပြန်သွားပြီဆို





တော့ လက်လျှော့လိုက်မှာလား"

"ဟင့်အင်း၊ သား နီနီ့ကို ပိုင်ဆိုင်ချင်တယ် ပါပါး၊ အချစ်ကို အခုမှ သား တကယ်သိတာပါ"

"မင်း ဘယ်လောက်ထိ ပြောင်းလဲဖို့ စဉ်းစားထားလဲ"

ဒေါ်ခင်ခင်ဆင့် မေးခွန်းထုတ်တော့ နေနက္ခတ် အကြည့်ရှုံးရှုံးတွေ အရောင်လက်လာ၏။ မထီတရီ မဲ့ပြုံးများကို မတွေ့ရ။ သရော်လှောင်ပြောင်လိုသည့် အရောင်အဆင်းတွေ မရှိ။

"သားကို နားလည်ပေးမယ်ဆိုရင် ကြိုးစားကြည့်ချင်ပါတယ်၊ နီနီ အထင်ကြီးလေးစားလာအောင် အရည်အချင်းရှိတဲ့ ယောကျ်ားဖြစ်အောင် လုပ်မယ်၊ ကြီးကြီးယုံကြည်အောင် သား ခွန်အားတွေ အသုံးချမယ်"

"မင်း တကယ် နေဝန်းနီကို ချစ်သွားပြီလား"

သူ သွက်လက်စွာပင် ခေါင်းညိတ်ပြမိ၏။ ဒါက ရင်ထဲရှိတဲ့ အမှန်တရားတွေပါ။ မနက်ကတည်းက နေဝန်းနီကို မမြင်လို့ အသည်းအသန် ဘယ်သူမှမသိအောင် ကျိတ်ရှာနေခဲ့တာ။

ကြီးကြီးတို့ကတော့ ဟိုနားဒီနား သွားတယ်ထင်ပြီး ခပ်ပေါ့ပေါ့။

"ဈေးဘက်သွားပြီး သူစားချင်တာ သွားဝယ်တာနေမှာ၊ တို့နေ့ကလည်း ပွဲရုံကအပြန် ဈေးဝင်ဝယ်ပြီး သူကိုယ်တိုင် ချက်ပြုတ်နေတာ မတွေ့ဘူးလား၊ အခုတစ်လော ပွဲရုံလိုက်တာနဲ့ ချက်ပြုတ်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာလို့များ အလုပ်လုပ်ချင်စိတ်တွေ ပေါ်နေလဲမသိပါဘူး၊ မိန်းကလေး ဆိုတာလည်း အိမ်အလုပ်လုပ်နေရင် ဂုဏ်သိက္ခာရှိတာပဲ၊ ရုပ်မလှတောင် ကြည့်လို့ကောင်းတယ်''

နေဝန်းနီကိုဆို အကောင်းမြင်ဝါဒနှင့် ဖေးဖေးမမ တွေးပေးတတ်ကြသည်။ လျှစ်လျူမရှုဘဲ အရိပ်တကြည့်ကြည့်နှင့် နားလည်ပေးကြ၏။

သူ့ကိုတော့ ဘယ်လိုတွေ ပြောင်းလဲနေလဲ၊ ဘယ်လိုတွေ ခံစားနေလဲ ဂရုတစိုက် မရှိ။ ဒါကလည်း ဟိုအရင်ကတည်းက ကိုယ်နေတတ်သလို နေခဲ့လို့ ဖြစ်မှာပါ။

သူ့အပေါ် အရေးတယူ ဦးစားပေးနေခဲ့သော ဖေဖေတောင် မမချိုနှင့် လက်ထပ်တော့မှာမို့ သူ့အတွက် အချိန်မပေးနိုင်တော့ပါ။ ဒီအချိန်မှာ သူ့အနားမှာ နေဝန်းနီမရှိလို့ မဖြစ်။

သူလိုအပ်နေတာ၊ သူတောင့်တနေတာ နေဝန်းနီ။

''သား ဘာလုပ်ရမလဲ ကြီးကြီး၊ သား နီနီကို လက်ထပ်ချင်တယ်''

''ဟဲ့ အဆင့်တွေတောင် ကျော်လှဲ့ပါလား၊ ဟိုက မင်းကို အပြတ်ငြင်းသွားပြီဆို''

''ဟုတ်တော့ဟုတ်ပါတယ်၊ အဲ့ဒါနဲ့ သားက နောက်ဆုတ်လိုက်ရမှာလား။ သားကို ပြောင်းလဲစေချင်ရင် ကြီးကြီးနဲ့ပါပါးက အဆင်ပြေ





အောင် လုပ်ပေးပေါ့''

''ဗုဒ္ဓေါ၊ ကျုပ်တို့ကို အောင်သွယ်နိုင်းနေတာလား။ ကျုပ်တို့က နေဝန်းနီလို အောင်သွယ်ပညာ မကျွမ်းဘူးတော်''

''မခနဲ့ပါနဲ့ ကြီးကြီးရာ၊ လူကြီးတွေက အလိုက်တသိနဲ့ ညှိနှိုင်းပေးရင် ဘာမပြေလည်စရာရှိလဲ၊ သား အခုတစ်ခါတည်း ပြောလိုက်ပြီနော် နေဝန်းနီကို မရရင် သားဘာစ်ခုခု လုပ်ပစ်မှာ''

''အံမယ်၊ အကျင့်ဆိုးက ပေါ်လာပြီ၊ ကျုပ်တို့ကို အကျပ်ကိုင်တာပေါ့လေ၊ မင်းဘက်က ပြုပြင်ပြောင်းလဲမှုကို ငါတို့ စောင့်ကြည့်ပြီးမှ ကြည့်စီစဉ်တာပေါ့''

ဒေါ်ခင်ခင်ဆင့်ရဲ့ ဖျောင်းဖျမှုကို နေနက္ခတ် လက်ခံချင်ပုံမရပါ။ ခေါင်းကို တွင်တွင်ခါရမ်းရင်း ကော်ဖောခင်းပေါ် ဒူးထောက်ထိုင်ချကာ –

''သား အကောင်းဆုံး ကြိုးစားပြုပြင်နေထိုင်သွားပါ့မယ်၊ စောင့်ကြည့်ဖို့အထိတော့ အချိန်အကြာကြီး မပေးပါရစေနဲ့ နီ နီနီ့ရွာကို သား လိုက်သွားပါရစေ၊ သားကို လိပ်စာပေးပါ''

''ဘာကွဲ့၊ မင်း အဲလို ဖွတ်တရွတ်လုပ်လို့ဖြစ်မလား။ အိန္ဒိမောင်ကျော်ခင်ကရော ဘယ်လိုထင်သွားမလဲ၊ နီနီကလည်း လက်ခံတာ မဟုတ်သေးဘဲနဲ့ အားနာစရာကွယ်''

''မမရယ် သားက တကယ်ကို ပြောင်းလဲမယ်လို့ ပြောနေပြီ



www.burmeseclassic.com

www.burmeseclassic.com



ပဲ၊ မအိဆီကို အကျိုးအကြောင်းပြောပြီး အသိပေးလိုက်ပေါ့၊ လူကြီးချင်း စေ့စပ်ညှိနှိုင်းတာထက် သားလိုက်သွားပြီး လူငယ်ချင်း ဆွေးနွေးတိုင်ပင်တာလည်း အဆင်ပြေနိုင်ပါတယ်၊ သားဆန္ဒကို လိုက်လျောလိုက်ပါ မမရယ်''

''ဟော ဖအေက မြှောက်ပေးပြန်ပြီ၊ မင့်သားကို မင်း တာဝန်ယူသလား၊ ကဲ မင်းပြော''

''ယူတယ် မမရာ၊ ယူတယ်၊ သားက အချစ်အတွက်နဲ့ ပြုပြင်ပြောင်းလဲချင်လာတာ၊ ကျွန်တော်တို့က ဝမ်းသာအားရ ဂုဏ်ယူရမှာပေါ့၊ ဒါမှ ကျွန်တော်လည်း ချိုနဲ့လက်ထပ်ရမှာ နောက်ဆံမတင်းတော့ဘူးပေါ့''

''အေး ကောင်းပြီလေ၊ ငါ အိတ်ဆီ ဖုန်းလှမ်းဆက်လိုက်မယ် နက္ခတ် မနက်ဖြန် သွားချင်သွားပေါ့''

''ဟာ တကယ်ပြောတာနော် ကြီးကြီး၊ ဒါနဲ့ နီနီက သူ့ရွာ သူ မပြန်ဘဲ တခြားနေရာတွေ ထွက်သွားရင် ဘယ်လိုလုပ်မလဲ''

''သွားစရာလား၊ နေဝန်းနီက ဦးနှောက်မရှိ စိတ်ထင်ရာလုပ်လောက်အောင် မပေါ့ညံ့ပါဘူး၊ အခု ဖုန်းဆက်လိုက်တာနဲ့ နေဝန်းနီ ပြန်ရောက်,မရောက်သိရမှာပဲ၊ နေနက္ခတ် မင်း ယောကျ်ားကတိနော်၊ စိတ်ရောလူရော ပြုပြင်ပြီး နေဝန်းနီအပေါ် သစ္စာရှိရမယ်''

''ကတိဗျာ ကတိ၊ အခါတစ်ရာ, အခါတစ်ထောင် ကတိ''





ဝမ်းသာဂုဏ်ယူစွာပြုံးပြီး ဖုန်းနံပါတ်တွေ နှိပ်နေသည့် ကြီးကြီး လက်တွေကိုကြည့်ကာ နေနက္ခတ် ရင်ခုန်နှုန်းတွေ မြန်နေသည်။

ဟိုဘက်က ဘယ်လိုတုံ့ပြန်မလဲ၊ ဘာတွေဖြေလိုက်မလဲ၊ ဘာတွေ ကြားရမလဲ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၆)

"ရှင် ဟုတ် ဟုတ်ကဲ့ မမဆင့်၊ နီနီ ပြန်ရောက်ပါတယ်
အေးအေးဆေးဆေး ပြန်ရောက်ပေမယ့် တစ်ခုခု ဖြစ်လာတယ်လို့တော့
ထင်မိတယ်၊ အရင်ကနဲ့ မတူဘူး၊ အရမ်းကို ပြောင်းလဲလာလို့လေ"

"------"

"ရှင်၊ နကွတ်လေးနဲ့လား၊ ကောင်းတာပေါ့ မမဆင့်ရယ်၊ ဟင်
နီနီက လက်မခံချင်လို့ ပြန်လာတာလား၊ ဒါဆို ပျော်ပျော်ရွှင်ရွှင်တော့
ရှိရမှာပေါ့ မမဆင့်ရဲ့၊ အခုတော့ အေးတိအေးစက်နဲ့ ဘယ်သူနဲ့မှ စကား
မပြောချင်သလိုလို၊ မခေါ်ချင်တော့သလိုလို ဘာဖြစ်လာတာလဲလို့ မေ
မြန်းမရဘဲ ခြံထဲ တစ်ယောက်တည်း သွားနေလေရဲ့"

"----"





"ဟုတ်ကဲ့ ဟုတ်ကဲ့ စိတ်ချပါ၊ သူတို့အဆင်ပြေသွားဖို့ အရေးကြီးပါတယ်၊ လွှတ်လိုက်ပါ၊ ဟုတ်ကဲ့ မမဆင့်၊ အိတ္တိဘက်က ဘာမှ ပြောစရာမရှိပါဘူး၊ နောက်မှ အိ အကြောင်းပြန်လိုက်ပါ့မယ်"

"ဘာတွေပြောနေတာလဲကွာ၊ ကိုယ့်လည်း ပြောပါဦး"

မအိ ဖုန်းပြောပြီးချိန်မှာ ဦးကျော်ခင် သိချင်စိတ်ပြင်းပြစွာ အလောတကြီးပင် မေးလိုက်မိသည်။ မအိက ပြုံးပြုံးကြီးနှင့်ယောက်ျား အနား ဝင်ထိုင်လိုက်ပြီး –

"အစ်ကို့တူမက အစ်ကိုထင်သလိုပဲ အချစ်ကြောင့် ဒီပုံစံ ပေါက်သွားတာလေ၊ မမဆင့်တူ နေနကွတ်လေးနဲ့တဲ့၊ သူတို့ချင်း ချစ်သူ တွေတော့ မဖြစ်ကြသေးဘူး၊ နကွတ်က စိတ်ဝင်စားတဲ့အကြောင်း ပြော လိုက်လို့ စိတ်ဆိုးပြီး ပြန်လာတာ"

"ဩော် ဒါ စိတ်ဆိုးစရာလား၊ မချစ်နိုင်ရင် မချစ်နိုင်ဘူး ပြောလိုက် ပြီးတာပဲ"

"တကယ်မချစ်နိုင်ရင်တော့ အပြတ်ငြင်းလိုက်ရုံနဲ့ ပြီးချင်ပြီးမှာ ပေါ့၊ အခု သူ့ရင်ထဲမှာ တစ်ခုခုရှိနေလို့ ဒီလိုခံစားနေတာပေါ့၊ နကွတ် က သူ တကယ်မချစ်တဲ့ မိန်းကလေးတစ်ယောက်ကို နီနီ့ကို အောင်သွယ် နိုင်းသေးတယ်တဲ့လေ၊ အဲဒါကို သစ္စာမရှိ၊ တန်ဖိုးမထားတတ်တဲ့ ယောက်ျား ဆိုပြီး နာကြည်းလည်း နာကြည်းနေမှာပေါ့"

"အင်း အဲဒါလည်း ဟုတ်မှာပဲ၊ ဒါကို ကျိတ်ခံစားနေတာ နေ

www.burmeseclassic.com

www.burmeseclassic.com



မှာ၊ ဒါနဲ့ ဒီကိုလာမယ်ဆိုတာက''

''နက္ခတ်က ဒီကိုလိုက်လာပြီး နီနီ့ကို တောင်းပန်ချင်တယ်၊ ညှိနှိုင်းချင်တယ် ပြောလို့တဲ့ သူတို့ချင်း အဆင်ပြေသွားရင် လက်ထပ်ပေးချင်တယ်လို့ မမဆင့်က ပြောတာ၊ အဲ့လည်း သဘောတူတယ်လို့ ပြောလိုက်တယ်''

''မင်းဟာမက ခါးခါးသီးသီးဆို၊ ကိုယ်တို့ပြောပေးဖို့ မလွယ်ဘူးနော်၊ သူ့ဆန္ဒမပါဘဲလည်း ကိုယ်ကတော့ အတင်းအကျပ် မလုပ်ချင်ဘူး''

''အဲ့ကတော့ ပြောကြည့်ရဦးမှာပဲ၊ သူလည်း အိမ်ထောင်ပြုဖို့ အရွယ်ရောက်နေပြီ၊ တခြား မတော်တရော်နဲ့စာရင် မမဆင့်တို့က အဆင့်အတန်းရှိတဲ့သူတွေ၊ ပြီးတော့ နီနီ့စိတ်ထဲမှာ ခံစားမှုတစ်ခုခု ရှိနေတာ အဲ့သိတယ်''

''ဒါဆိုလည်း မင်းသဘောပဲ၊ ခြံထဲလိုက်သွားမှာလား၊ ဒီကိုခေါ်ပြောမှာလား၊ သူကတော့ ဂျစ်ကန်ကန်နဲ့ လာမယ်မထင်ဘူး၊ ကြိုပြောမထားရင်လည်း နက္ခတ်ရောက်လာရင် ပေါက်ကွဲနေဦးမယ်''

''အင်း အဲလိုဖြစ်မှာစိုးလို့ ခြံထဲလိုက်သွားရမှာပေါ့၊ အခုပဲ သွားလိုက်ရအောင်''

မအိက စိတ်မြန်လက်မြန် အလောတကြီး ဖြစ်နေသည်မို့ ဦးကျော်ခင် ဆိုင်ကယ်နှင့် ခြံထဲလိုက်ပို့ရသည်။ နေဝန်းနီက နားနေဆောင်မှာ အထင်သင့်မရှိပါ။ ခြံထဲက အလုပ်သမားတွေနှင့် အလုပ်တွေ





ပိုင်းကူလုပ်ကာ စိတ်ဖြေရာ ရှာနေဟန်တူသည်။

အလုပ်သမားတစ်ယောက်ကို သွားခေါ်ခိုင်းမှ ပေပေရေရေနှင့် ထလိုက်လာ၏။ ဦးကျော်ခင်က မအိ ပွင့်ပွင့်လင်းလင်းပြောလို့ရအောင် မသိမသာ ရှောင်ထွက်သွားသည်။

''အဲဒါ ဘာလုပ်နေတာလဲ''

''အလုပ်လုပ်နေတာပေါ့''

''အလုပ်လုပ်နေတာတော့ ငါမြင်တာပေါ့၊ အဲဒီအလုပ်တွေ ညည်းနဲ့ဘာဆိုင်လို့လဲ၊ အရင်ကဆို လုပ်ခိုင်းတာတောင် မလုပ်ဘူး၊ စိတ်ဝင်တစား လေ့လာစမ်းပါဟဲ့ဆိုတာလည်း အာပေါက်မတတ် ပြောရတယ်၊ ညည်း ဘယ်သူ့ကို မေ့အောင်ကြိုးစားနေတာလဲ''

''ဟင် အာ ဒေါ်လေးကလည်း အဲ အဲလိုမဟုတ်ပါဘူး''

''ငါ့ကို လိမ်ညာလှည့်ပတ်ဖို့ ဆင်ခြေပေးဖို့ မကြိုးစားနဲ့ နေဝန်းနီ၊ ငါတို့က သွေးမတော် သားမစပ်ဆိုပေမယ့် ညည်းကို အရိပ်တကြည့်ကြည့် ချစ်လာခဲ့တာပါ၊ ညည်း ဘာတွေဖြစ်နေတယ်, ညည်းရင်ထဲ ဘာတွေရှိနေတယ်ဆိုတာ ငါအကုန်သိပါတယ်၊ ညည်း တစ်ခုခုကို ဝန်ခံစမ်း နေဝန်းနီ''

''ဘာ ဘာကို ဝန်ခံရမှာလဲ၊ နီ ဒီလိုနေချင်လို့ နေနေတာပါ''

နေဝန်းနီကတော့ ပိုက်ဆံမပေးရတိုင်း အကြောက်အကန် ငြင်း



www.burmeseclassic.com

www.burmeseclassic.com



နေသည်။ ဘယ်တော့မှ သူမရင်ထဲ ဘာတွေဖြစ်နေတယ်ဆိုတာ ဝန်ခံမှာ မဟုတ်။

''ကဲ ဒါဆို ငါပြောတာနားထောင်၊ ညည်းကို ငါတို့ နေနက္ခတ်နဲ့ လက်ထပ်ပေးဖို့ စီစဉ်ထားတယ်''

''ဟာ အဲ အဲဒါ မဖြစ်ဘူးနော်၊ အဲဒီလူကို နီ မယူဘူး''

''အေး ငါတို့ကတော့ ညည်းကို လက်ထပ်ထိမ်းမြား အိမ်ထောင်ပြုပေးရမယ့် ဝတ္တရားရှိလို့ ကောင်းမယ်ထင်ပြီး စီစဉ်တာ၊ လက်မခံနိုင်ဘူးဆိုရင်တော့ ငါတို့လည်း ဒီကထွက်သွားရုံပဲ''

''ဟင် ဘာ ဘာလို့လဲ၊ ဘာလို့ ထွက်သွားရမှာလဲ''

''ညည်းမှ ငါတို့ကို မိဘအရာမထားတာ၊ ငါတို့ပြုစုစောင့်ရှောက်ဂရုစိုက်လာခဲ့ရတာတွေ အလကားပေါ့၊ ငါတို့က ညည်းအဖေထားခဲ့တဲ့ လုပ်ငန်းတွေကို မက်မောလို့ မဟုတ်ဘူး၊ ညည်းကို သမီးရင်းလေးလို သံယောဇဉ်ရှိလို့ သိရဲ့လား''

''သိပါတယ် ဒေါ်လေးရာ၊ ဒါပေမဲ့''

''ဒါပေမဲ့နဲ့၊ ညည်း သိတတ်နားလည်မယ်ဆိုရင် ငါတို့စကားနားထောင်ရမှာပေါ့၊ ရန်ကုန်က ပြန်လာပြီး ညည်းရင်ထဲ ဘာတွေပါလာတယ်ဆိုတာ ညည်းအပြုအမူတွေ မြင်တာနဲ့ ခန့်မှန်းမိတယ်''

''ဒေါ်လေးရာ၊ ဘာတွေလျှောက်ပြောနေမှန်း မသိဘူး''

''ညည်းဆုံးဖြတ်လေ၊ မနက်ဖြန် နေနက္ခတ်လာလို့ ညည်း



လက်မခံဘူးဆိုရင် ငါတို့လည်း ဒီမှာမရှိတော့ဘူးလို့ အောက်မေ့ထားလိုက်''

''ဟင် နေ နေနက္ခတ်က ဒီကိုလိုက်လာမယ် ဟုတ်လား ဒေါ်လေး''

သူမ အထိတ်တလန့်လေးမေးမိတော့ ဒေါ်လေးက ဆတ်ခနဲ ခေါင်းညိတ်ပြသည်။ သူမရင်ထဲ လှိုက်ဖိုအေးစက် တောင့်တင်းသွား၏။ ကြွေမြေပျက်လုလု သူမရဲ့ရင်ခုန်မှုတွေကို ဒေါ်လေးမသိအောင် ဘယ်လို ထိန်းချုပ်ရမလဲ။

''လူတိုင်း ခြောက်ပစ်ကင်း သဲလဲစင် အပြစ်ကင်းတဲ့သူဆိုတာ မရှိပါဘူး၊ နည်းနည်းများတဲ့သူနဲ့ များများများတဲ့သူ ဒါပဲကွာတယ်၊ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် အပြစ်ရှိတယ်လို့ အသိစိတ်ဝင်ပြီး ပြုပြင်တဲ့သူလည်း ရှားတယ်၊ နေနက္ခတ်ကတော့ သူ အားလုံးပြုပြင်ပြောင်းလဲပြီး ညည်းအပေါ် အနွံတာခံပါ့မယ်, သည်းခံပါ့မယ်လို့ ကတိပေးထားတယ်၊ ညည်းကြိုက်သလိုသာ ရွေးချယ်တော့''

အဆုံးသတ်စကားနှင့် ဒေါ်လေးအိ မျက်နှာလွှဲသွားသည်။ သူမ ရွေးချယ်ပါတဲ့။ ဘာကိုရွေးချယ်ရမှာလဲ။ သူမ ဆုံးဖြတ်ပါတဲ့၊ ဘာကို ဆုံးဖြတ်ရမှာလဲ။

ရင်ထဲမှာ လစ်ဟာနေတာလည်း မဟုတ်၊ ပြည့်ကျပ်နေတာလည်း မဟုတ်။ တစ်စုံတစ်ရာက အပိုင်သိမ်း ဆုပ်ကိုင်ထားသလို

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ လှုပ်လို့မရ။ အချစ်ရဲ့ ဖမ်းစားညှို့ငင်မှုကြောင့် ဝေဒနာတွေ တရှိန်ရှိန် တရိပ်ရိပ်တက်နေတာ။

သိုသိပ်ခြင်းတွေ ဖွင့်လှစ်လိုက်လျှင် နက္ခတ်ကိုချစ်သော အချစ်တွေ အပြည့်အသိပ် တွေ့ရပေလိမ့်မည်။

ဒါပေမဲ့ ထိုချစ်ခြင်းတရားဟာ –

✿ ✿ ✿



## အခန်း (၃၇)

အဝေးက လှမ်းမျှော်ကြည့်နေရသော သူမပုံရိပ်လေးကို နေနက္ခတ် မြတ်နိုးမဝ ဖြစ်နေမိသည်။ ဂျင်းဘောင်းဘီအပြာရောင် တစ်ပတ်နွမ်းလေးနှင့် ကြည်ပြာရောင် စပို့ရှပ်လေးက ဂျစ်ပစီဆန်လျက်။ အလုပ်သမားတွေနဲ့ တန်းတူ သစ်သီးတွေရှုးဆွတ်နေတာက မိန်းမတစ်ယောက်လို နုနုနွဲ့နွဲ့မဟုတ်။

သူ့ကိုမြင်ရဲ့နဲ့ မမြင်ချင်ယောင်ဆောင်ပြီး အလုပ်တွေ သိမ်းကျုံးလုပ်နေတာလည်း၊ အရွဲ့တိုက်နေသည်လို့ မခံစားရဘဲ ကြည်နူးနေမိသလိုပင်။ ဒါဟာ စိတ်ကောက်တတ်တဲ့ မိန်းမတစ်ယောက်ရဲ့ အပြုအမူပဲ မဟုတ်ပါလား။

"နေဝန်းနီ"



www.burmeseclassic.com

www.burmeseclassic.com



"သူ မနေနိုင်စွာ သူမအနား လျှောက်သွားပြီး တိုးသဲ့စွာ ခေါ်လိုက်၏။ ဂရုမစိုက်သလို လှည့်လည်းမကြည့်၊ ပြန်လည်းမထူးတာမို့ သူ အသည်းတယားယား အူပွလာသည်။

"နောက်တစ်ခွန်းခေါ်လို့မထူးရင် ဒီနေရာတင် ငါ ဖက်နမ်းပစ်မှာနော်၊ မယုံမရှိနဲ့"

"သောက်ကျင့်မယုတ်နဲ့နော် နကွတ်၊ လုပ်ရဲ လုပ်ကြည့်၊ ငါ ဆွဲထိုးပစ်မှာ"

"ဟား ဟား၊ ဒါမှ နေဝန်းနီစတိုင်လ်၊ နင် အရမ်းချစ်စရာကောင်းတာပဲ"

"လာပြီး ဖောရှောမထုနဲ့၊ နင် ဘာလို့ လိုက်လာတာလဲပြော"

"နင်နဲ့လက်ထပ်ဖို့ပေါ့"

"နင့်ကို ဘယ်သူက လက်ထပ်မယ်ပြောလို့လဲ"

"လူကြီးတွေက သဘောတူပြီးနေပြီ၊ နင်လက်ခံဖို့ပဲ လိုတော့တယ်"

"နင့်လိုကောင်ကို ငါ ဘယ်တော့မှ လက်မထပ်ဘူး၊ အလကားမချစ်တတ်တဲ့ကောင်၊ မိန်းမတစ်ယောက်အသည်းကို ငါ့ရှေ့မှာ အရှင်လတ်လတ် ခွဲထားတာ သိရဲ့နဲ့ ငါက လက်ခံလိုက်ရင် ငါ့လောက်မိုက်မဲတဲ့သူ ရှိပါဦးမလား"

"ပုလဲလား အသည်းကွဲမှာ၊ နောက်တစ်ယောက်နဲ့ လက်ထပ်





ဖို့တောင် စီစဉ်နေပြီ"

"ဘာ နင် မဟုတ်ကဟုတ်က မပြောနဲ့"

ဖရဲသီးတစ်လုံးကို မြေပေါ်ပစ်ချကာ မျက်နှာလေးကိုမော့လျက် သူ့ကို ရန်ထောင်၏။ စူထော်ထော် နှုတ်ခမ်းစိုစိုလေးကို ဖက်နမ်း၍သာ အပြစ်ပေးလိုက်ချင်သည်။

"နင် မယုံရင် အခု ပုလဲကို ဖုန်းဆက်မေးလို့ရတယ်၊ နောက်လထဲမှာ တကယ်လက်ထပ်တော့မှာ"

"နင့်ကို မခံချင်လို့ အရွဲ့တိုက်တာ နေမှာပေါ့"

"အချစ်စိတ်ရှိတဲ့သူက နောက်တစ်ယောက်နဲ့ ချက်ချင်း လက်ထပ်လောက်အောင် မသေးသိမ်ပါဘူးဟာ၊ ငါလည်း အဲဒါကြောင့် သူ့အတွက် ဘာမှမခံစားရတာ၊ နင့်ကိုကျ ငါ အဲလို မနေနိုင်ဘူး၊ မျက်စိအောက်ကကို အပျောက်မခံနိုင်တာ၊ ကြီးကြီးတို့ကို အပူကပ်ပြီး လိုက်လာတာပဲ ကြည့်ပါလား၊ နင့်အဒေါ်တွေကလည်း ခြံထဲမှာ နင်ရှိတယ် လိုက်သွားတဲ့၊ နင်ရော ငါလာမယ်ဆိုလို့ မျှော်နေတာ မဟုတ်လား"

"သေလိုက်ပါလား၊ အဲဒီမှာ လဲသေ၊ နင့်လိုလူမျိုးကို စိတ်ထဲကို မရှိတာ၊ အလကားအရှုး"

ရက်ရမ်းရမ်းတယ်ဆိုတာ ဒါကိုခေါ်တာလား မသိ၊ သူ့ရင်ဘတ်ကို ဘုန်းခနဲ ထုပြီး နေဝန်းနီ ချာခနဲ လှည့်ထွက်သွားသည်။

ဒီတစ်ခါ သူ အလွှတ်ပေးလို့မဖြစ်။ သူမလက်ကလေးကို ဖျတ်



www.burmeseclassic.com

www.burmeseclassic.com



ခနဲ ဆောင့်ဆွဲလိုက်သည်နှင့် သူ့ရင်ခွင် အိခနဲပြိုကျလာသည်။ တစ်လက်စတည်း သူမနှုတ်ခမ်းဖူးဖူးလေးကို ရှိက်ခနဲ နမ်းပစ်လိုက်၏။

"ဟာ ဘာလုပ်တာလဲ၊ အယုတ်တမာ၊ ဟိုဘက်က အလုပ်သမားတွေ မြင်သွားတော့ ဘယ်လိုလုပ်မလဲ၊ နင်နော် ငါလုပ်လိုက်ရင် သေတော့မယ်"

"အား သေပါပြီ"

သူမကလည်း ပါးစပ်က စကားလုံးထွက်တာထက် လက်က ပိုမြန်သည်။ သူမလက်သီးဆုပ်လေးက သေးညှောင်သော်လည်း သူ့မျက်လုံးထဲ ကြယ်တွေလတွေ မြင်လောက်အောင် ပြင်းထန်၏။

ဒီမိန်းကလေးကို မိန်းကလေးပီပီသသ အပိုးကျိုးအောင် သူ ဘယ်လိုလုပ်ရမလဲ၊ ချစ်တတ်လာအောင် သူ ဘယ်လိုသိမ်းသွင်း ဖြားယောင်းရမလဲ။

"နိုနို"

"ဘာလဲ"

သိမ်သိမ်မွေ့မွေ့ ခေါ်လိုက်တာတောင် ညင်ညင်သာသာ ပြန်မထူး။ ရူးရူတောက်ပနေသော သူမမျက်ဝန်းတည့်တည့် အချစ်ရည်တွေ ရွှန်းလဲ့ပျော်ဝင်စွာ ညို့ငင်၍ ရူးရူးနစ်နစ် စိုက်ကြည့်နေလိုက်သည်။ အရက်လွန်မျက်ဝန်းလေးတွေ ချာချာလည်သွားလျက် ပါးပြင်လေးတွေ ပန်းသွေးရောင် ဖြတ်ပြေးသွားသည်။





လည်တိုင်ကြောကြောက သွေးကြောမျှင်စိမ်းစိမ်းလေးတွေ သွေးခုန်နှုန်းမြန်စွာ တလှုပ်လှုပ် ဖြစ်နေတာကို သတိထားမိ၏။ ငုံ့လျှိုးသွားသော ဦးခေါင်းလေးပေါ်က ဆံနွယ်လေးတွေ ဖွာဖွာခါကာ လေအငွေ့မှာ ရှန်ပူရနံ့သင်းသင်းလေး နှာခေါင်းဝမှာ ငြိတွယ်၏။ သူ့ရဲ့ ဖြားယောင်းခြင်းတွေ အောင်မြင်လား မအောင်မြင်လား မသိပေမယ့် သူ့ရင်ထဲမှာတော့ အစာရေစာ ပြတ်တောက်နေသူလို တလှပ်လှပ် ရင်တုန်ပြောင်းဆန်နေသည်။

အားအင်ချည့်နဲ့သူလို တစ်စုံတစ်ရာကို မှီတွယ်ရာရှာလိုက်ချင်၏။ အချစ်မှာ အဓိပ္ပာယ်ဖွင့်ဆိုစရာတွေ များလွန်းပါလား။ ဒါပေမဲ့ ဘာသာပြန် အောင်လက်မှတ်တော့ ဘယ်နိုင်ငံကလူသားမှ ထုးချွန်မှု ရှိဟန်မတူ။

"နိုနို"

"ဘာဖြစ်လို့ ခဏခဏ ခေါ်နေတာလဲ၊ ဘာမှလည်း မပြောဘဲနဲ့"

"ပြောစရာတွေ ရင်ထဲပြည့်နေလို့ ဘယ်စကားလုံးကို အရင်ဆွဲထုတ်ရမလဲ စဉ်းစားနေတာ၊ ဒါပေမဲ့ အရေးကြီးဆုံးစကားတစ်ခွန်းကို ဖျစ်ညှစ်ပြီး ပြောလိုက်တော့မယ်"

"ဘာကိုလဲ"

"နင့်ကို ချစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သိသိကြီးနှင့် ထပ်နားထောင်ချင်လို့ မေးလိုက်တော့ နကွတ်က သူမနားနား တိုးကပ်ကာပြောသည်။ လုပ်ခနဲ ရင်ခုန်သွားခြင်းနှင့်အတူ သူမ ရှောင်ဖယ်ချင်စိတ် မရှိတော့။ ဒါကို နကွတ်က အတင့်ရဲစွာ ရှည်ကိုင်းလွန်းသော သူ့အရပ်ကြီးကို သူမမျက်နှာနား ငုံ့မိုးချလျက် -

"နင်ရော ငါ့ကို ချစ်တယ် မဟုတ်လား။ လိုအပ်ရင် ငါ့ဘက်က ကတိတွေထပ်ပေးဖို့ ရှိပါသေးတယ်၊ နင်ယုံစေချင်လို့တော့ မဟုတ်ဘူး။ ငါ့ရင်ထဲက ဖြစ်ပေါ်လာတဲ့ အချစ်အတွက် သစ္စာရှိချင်လို့"

"အဲလိုတွေ ပြောတတ်ရုံနဲ့ လုံလောက်ပြီလို့ထင်လား"

"သက်သေပြမှာပါ၊ သားသားမီးမီးတွေ ရတဲ့အထိ"

"နကွတ်နော်"

"ချစ်တယ်လို့မပြောရင် အခု သက်သေပြလို့လည်း ရတယ်"

"ဟင့်အင်း။ နကွတ် လူဆိုး"

"မပြောရင် မလွှတ်ဘူးနော်"

"အင်း အင်း ချစ်တယ်"

ရှန်းထွက်လို့မရအောင် သိမ်းကျုံးဖက်ထားတာမို့ ဗလုံးဗထွေးနှင့် ကြောက်လန့်တကြားလေး ဖြေ၏။ နေဝန်းနီဆိုသော ကောင်မလေး မိန်းမူးစေသော အနမ်းများကြောင့် မိန်းမပီပီသသ ရှက်လွန့်လွန့်လေး ရှန်းလျက်။

အားလုံးအတွက်

နတ်သမီး

www.burmeseclassic.com